www.burmeseclassic.com

## မြန်မာ့ရိုးရာအိမ်

# ဟောင်ယဉ့်လှိုင်းပျဉ်းမဖြိုင်

ပ ခု က္ကူ ဦး အုံး ဖ ဗ တ ဖ ပ ဆု ရ



လှုသစ်အောင်၊အင်းလျား

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၉ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေတာမှုဆု
ကျမ်းစာပေ ပထမဆုရ

# မြန်မာ့ရိုးရာအိမ်


ရေးသူ - မောင်ယဉ်လှိုင်း (ဖျဉ်းမမြိုင်)
အဖုံးဝန်းရံ - လှသစ်အောင်
တည်းဖြတ်သူ- ဦးညွှန့်ဖဲ (တာဝန်ခံစာတည်း)


စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ ပြည့်နှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး [redacted] ကျပ်

အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြမြက
မှတ်ပုံတင်အမှတ် ၄၁၆ (ယာယီ) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။
ကွန်ပျူတာစာစီ ......... ဗဟိုပုံနှိပ်စက်ရုံ

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

"မြန်မာ့ရိုးရာအိမ်" အကြောင်းကိုရေးဖို့ စတင်အကြံပေး တိုက်တွန်းခဲ့သူမှာ ဆရာ ဦးသာညွန့်ဖြစ်ပါသည်။ ဆရာ ဦးသာညွန့်မှာ တစ်ချိန်က စာပေဗိမာန်အယ်ဒီတာတစ်ဦးဖြစ်ပြီး နောက်ပိုင်း ပဲခူးတိုင်း၊ တိုင်းဥပဒေအရာရှိအဖြစ်၊ ပဲခူးမြို့တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ထို့ပြင် "စာပေလုပ်သားအဖွဲ့" ခေတ်က ပဲခူးမြို့နယ် စာပေ လုပ်သားအဖွဲ့ အမှုဆောင်တစ်ဦးအဖြစ်လည်း ဖြစ်ပါသည်။ သူနှင့် စာရေးသူ၊ ပဲခူးမှာဆုံရင်း "အိမ်" အကြောင်း ရေးဖို့ သူအကြံပေး တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။

"အိမ်နဲ့ ပတ်သက်ပြီး စာတစ်စောင်၊ ပေတစ်ဖွဲ့မရှိသေးဘူးဗျာ၊ မြန်မာစာပေလောကမှာ ရှိသင့်တဲ့အကြောင်းအရာတစ်ခု ရေးသင့်တယ်၊ ရေးဗျာ"

သူပြောခဲ့သော စကားများဖြစ်ပါသည်။

ထိုစဉ်ကတည်းက စာရေးသူလည်း "အိမ်"အကြောင်းရေးဖို့ စိတ်ဝင်စားခဲ့ပါသည်။ သို့သော် အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့ပါ။

ထိုကာလမှာပင် ချမ်းအေးမောင်၏ "နေအိမ်တစ်လုံးတော့ ဆောက်မယ်" စာအုပ်တစ်အုပ်ထွက်လာပါသည်။ စာပေဗိမာန်မှ ဆုရ စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်မှာ အိမ်ဆောက်လုပ်ခြင်း ပညာရပ်ဆိုင် ရာ အကြောင်းအရာများဖြစ်၍ ပညာရပ်ဆိုင်ရာ စာအုပ်ဟုဆိုသော် ရနိုင် ကောင်းပါသည်။ ဝင်းမြင့်ကလည်း "အိမ်ဆောက်နည်း လမ်းညွှန်"စာအုပ် တစ်အုပ်ရေးသားထုတ်ဝေခဲ့ပါသည်။ နာမည်ပေးထားသည့်အတိုင်း "အိမ်ဆောက်နည်းလမ်းညွှန်" များသာဖြစ်ပါသည်။

ဆရာဦးသာညွန့် တိုက်တွန်းသော အကြောင်းအရာမှာ ထိုအကြောင်းအရာမျိုးမဟုတ်ပါ။ မြန်မာ့ရိုးရာဓလေ့ထုံးစံများ၊ အယူအဆ များ၊ စည်းကမ်းများ၊ သတ်မှတ်ချက်များဖြင့် ဖြစ်ပေါ်လာသည့် ရှေးခေတ်

www.burmeseclassic.com

www.burmeseclassic.com

အိမ်များအကြောင်း ဖြစ်ပါသည်။ တစ်နည်းဆိုပါက မြန်မာမှု၊ မြန်မာဟန် ဖြင့် ဖြစ်ပေါ်ခဲ့သော အိမ်များအကြောင်းဖြစ်ပါသည်။

ယခု ဤစာအုပ်တွင် ထိုအကြောင်းများကို ရေးသားထားပါသည်။ စာအုပ်အမည်ကိုလည်း "မြန်မာ့ရိုးရာအိမ်" ဟု ပေးထားပါသည်။ အနောက်တိုင်းမှု၊ အနောက်တိုင်းဟန်များ လွှမ်းမိုးထားသော၊ မလွှမ်းမိုး သည့်တိုင်အောင် အငွေ့အသက်ထင်ဟပ်ထားသော ခေတ်သစ်အိမ်များ အကြောင်း မဟုတ်ဘဲ "မြန်မာအိမ်" စစ်စစ်အကြောင်းကို ရေးသားထားခြင်း ဖြစ်၍လည်း "မြန်မာရိုးရာအိမ်" ဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။

အိမ်နှင့်နေသူတိုင်း "မြန်မာရိုးရာအိမ်" ကို စိတ်ဝင်စားလိမ့်မည် ဟု ယုံကြည်ပါသည်။ စိတ်ဝင်စား၍ "မြန်မာရိုးရာအိမ်" ကို ဖတ်ကြည့် လျှင် စာရေးသူသည် ဤစာအုပ်ကို ရေးရကျိုးနပ်ပြီဟု ရေးသားတင်ပြ လိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကနဦးအကြံဉာဏ်ပေး တိုက်တွန်းခဲ့သော ဆရာဦးသာညွန့်၊ စာအုပ်များငှားရမ်း၍ လိုအပ်သော အကြံဉာဏ်များပေးသည့် စာရေးဆရာမောင်စေတနာ၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ သူရဇော်၊ မြန်စာမြေသိန်းလွင်တို့ကို အထူးကျေးဇူး တင်ရှိပါသည်။

မောင်ယဉ်လှိုင် (ပျဉ်းမမြိုင်)

## နိဒါန်း

ယနေ့လူသားတို့၏ ယဉ်ကျေးမှုသည် ထွန်းကားတိုးတက်လျက်ရှိနေ ပေပြီ။ ယဉ်ကျေးမှုထွန်းကားတိုးတက်နေသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက် ရှိနေသော သိပ္ပံနည်းပညာမျိုးနှင့်အတူ နေအိမ်အဆောက်အအုံများ ဆောက်လုပ် မှုမ်းမံသော ဗိသုကာပညာများလည်း များစွာ တိုးတက်လျက် ရှိနေပါသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဗိသုကာပညာက လူတို့၏ နေထိုင်ရာ အိမ်များကို ရာသီဥတုနှင့် သဟဇာတမျှတပြီး သင့်လျော်ရုံလောက်ဖြင့် ကျေနပ် အားရခြင်း မရှိတော့ပေ။ ခိုင်ခံ့ရမည်၊ လုံခြုံရမည်၊ လှပရမည်၊ ခေတ်မီရမည်၊ ဆန်းသစ်ရမည် စသည့် ကောင်းသည်ထက် ကောင်းအောင်၊ ခိုင်ခန့်သည်ထက် ခိုင်ခန့်အောင်၊ လှပသည်ထက် လှပအောင် စွမ်းဆောင်ပေးလျက်ရှိသည်။

သစ်အိမ်၊ ဝါးအိမ်တို့ နေရာတွင် ပို၍လုံခြုံသော၊ ပို၍ခိုင်ခန့်သော၊ ပို၍ လှပသော၊ အုတ်ခံအိမ်၊ တိုက်အိမ်များက နေရာယူနေကြပြီ။ ယခင်က အထပ် တစ်ထပ်သာပါသည့် လူနေအိမ်ကိုသာ ဆောက်လုပ်နိုင်ရာမှ ယခု အထပ်ပေါင်း များစွာပါသော မိုးပျံအဆောက်အအုံများကို ဆောက်လုပ်နိုင်ကြပြီ။ လှေကား တစ်ထစ်ချင်း ပင်ပန်းစွာ၊ ကြာမြင့်စွာ တက်နေရာမှ ခလုတ်တစ်ချက်နှိပ်လိုက်ရုံ နှင့် လိုသလို ဆင်းနိုင်၊ တက်နိုင်သော ဓာတ်လှေကားများ၊ ရွေ့လျားစက်လှေကား များ တပ်ဆင်နိုင်ကြပြီ။ လေပြင်းပြင်းတိုးလျှင် ဖရိုဖရဲ ပျက်စီးပြိုလဲနိုင်သော နေအိမ် အဆင့်မှ မြေငလျင် ပြင်းစွာလှုပ်သည့်တိုင်အောင် မပြိုလဲ၊ မပျက်စီးနိုင်သော သံကူ ကွန်ကရစ် နေအိမ်များ အစားထိုးနေကြပြီ။

ယနေ့ လူသားတို့သည် ဗိသုကာပညာ၏အစွမ်းကို ရင်သပ်ရှုမော ဖြစ်နေကြရပြီ၊ အံ့သြမကုန် ချီးကျူးမဆုံး ဖြစ်နေကြရပြီ၊ တိုးပွားများပြားလာ သော ကမ္ဘာ့လူဦးရေကြီးအတွက်လည်း အားကိုးအားထားပြုနေကြပြီ။

ထိုအခါ ရှေးခေတ် ဗိသုကာပညာသည် အလိုလို သိမ်ငယ်မှိန်မှိန်နေ သယောင် ဖြစ်နေတော့သည်။ ခေတ်တခေတ်၏ ယဉ်ကျေးမှုအခြေအနေ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို သဘောမပေါက်၊ မသိနားမလည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့က ထိုခေတ်၊ ထိုအချိန်၏ ဗိသုကာပညာအပေါ် အထင်သေး၊ အမြင်သေး ဖြစ်ချင်ကြသည်။ သေးငယ်သိမ်နုတ်သွားအောင် ပျက်ရယ်ပြုလိုကြသည်။

သို့သော် ရှေးခေတ်ကလည်း သူ့ခေတ်နှင့် သူ့အခါအလျောက် ဗိသုကာပညာရပ်တို့သည် အံ့မခန်း မြင့်မားခဲ့သည်သာ ဖြစ်သည်။ သူ့နည်းစနစ်၊ သူ့ပညာရပ်နှင့်သူ ခိုင်ခိုင်မာမာ ရှိခဲ့သည်သာ ဖြစ်ပါသည်။ ရှေးခေတ် အီဂျစ်ပိရမစ်များကို ယနေ့သိပ္ပံပညာရှင်များ၊ ဗိသုကာများ အံ့သြ၍ မကုန်၊ လေ့လာ၍မပြီး ဖြစ်နေသည်မှာ ထင်ရှားသော အထောက်အထားတစ်ခု ဖြစ်သည်။

ထိုအတူ မြန်မာနိုင်ငံ၏ အေဒီ ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ထွန်းကားခဲ့သော ပုဂံခေတ် ဗိသုကာပညာရှင်များ ဆောက်လုပ်ခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီစသည့် အုတ်ကျောက်၊ အဆောက်အအုံများကို နှောင်းလူများ၊ ဗိသုကာပညာရှင်များ အလေးထား လေ့လာနေရဆဲ ဖြစ်ပါသည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် မြန်မာမင်းများ ဆောက်လုပ်ခဲ့သည့် နန်းတော်ဆောင်များ၏ ဗိသုကာလက်ရာများမှာလည်း ယနေ့ခေတ် ဗိသုကာပညာရှင်များအတွက် အံ့သြ၍မဆုံး၊ လေ့လာ၍မဝနိုင်အောင် ရှိခဲ့ရသည်။

ပုဂံခေတ် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား စသော အုတ်အဆောက်အအုံမျိုး ကျွန်းတိုင်လုံးကြီး မြောက်မြားစွာကို အသုံးပြုပြီး ဘုံအဆင့်ဆင့် ပြာသာဒ်မြင့်မြင့်၊ ဖန်မှန်နန်းတော်ဆောင်မျိုးကို ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် မြန်မာမင်းများလက်ထက် ဆောက်လုပ်နိုင်ခဲ့ခြင်းများကို ထောက်ရှုခြင်းအားဖြင့် ရှေးခေတ်မြန်မာတို့၏ ဗိသုကာပညာ မည်မျှတိုးတက် ထွန်းကားမှု ရှိခဲ့သည်ကို မှန်းဆကြည့်နိုင်ပါသည်။ လူသာမန်တို့ နေထိုင်ရာ လူနေအိမ် ဆောက်လုပ်ခြင်း လုပ်ငန်း အတတ်မှာ စာဖွဲ့လောက်ဖွယ် မရှိဟု ဆိုနိုင်ပါသည်။

တစ်ပေခွဲ၊ နှစ်ပေ အချင်းရှိ ကျွန်းတိုင်လုံးချောကြီးများဖြင့် ထုပ်၊ လျောက်၊ ယက်မများကို သံမစွဲ၊ မှုလီမစုတ်ဘဲ ထွင်းဖောက်ထည့်သွင်းကာ ဆောက်လုပ်ထားသော ရှေးခေတ်ဘုန်းတော်ကြီးကျောင်းဟောင်းများ၏ ဗိသုကာလက်ရာများကိုကြည့်ပြီး ရှေးခေတ် မြန်မာတို့၏ အိမ်ဆောက်ဗိသုကာပညာအပေါ် မှန်းဆကြည့်မြင်နိုင်သည်။

အလားတူ ကုန်းဘောင်ခေတ်နှောင်း အိမ်များဖြစ်သော အလုံဝန်ဦးကောင်းအိမ်၊ ဦးကြင်ဥအိမ်၊ ဆားတော်အုပ် ဦးထွန်းအောင်အိမ်နှင့် မော်လမြိုင်ကတိုးရှိ တိုင်တစ်ရာ့အိမ်များကို တွေ့မြင်လေ့လာရခြင်းအားဖြင့် ကန့်သတ်ချက်၊ ခွင့်ပြုချက်ဘောင်အတွင်း ရှေးမြန်မာများသည် လူနေအိမ်များကို ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ဆောက်လုပ်ခဲ့ကြောင်း တွေ့ရပါသည်။ မင်းမှုထမ်း၊ အရာရှိများ အိမ်ဖြစ်၍ ခမ်းနားထည်ဝါခြင်း ဖြစ်သည်ဟု ဆိုချင်ဆိုနိုင်ပါသည်။ သာမန်ပြည်သူများကလည်း မိမိတို့ နေအိမ်ကို ကန့်သတ်ချက်ဘောင်များအတွင်းကပင် ထိုက်သင့်စွာ ခမ်းနားထည်ဝါအောင် ဆောက်လုပ်ကြမည်မှာ ယုံမှားဖွယ် မရှိပါပေ။

ယခုအခါ ရှေးခေတ်မြန်မာအိမ်များသည် လက်ညှိုးထိုးပြစရာ မရှိလောက်အောင် ရှားပါးပျောက်ကွယ်သွားပြီ ဖြစ်သည်။ ရှေးခေတ် အိမ်ဟောင်းများအစား အသွင်သဏ္ဍာန်သစ်၊ အနုစ်သာရအသစ်ဖြစ်သော အိမ်များက အစားထိုး နေရာယူကြပါပြီ။

သို့သော် အမျိုးသားယဉ်ကျေးမှုအမြင်ဖြင့် ကြည့်ပါက အသွင်သဏ္ဍာန်သစ်၊ အနှစ်သာရအသစ်ဖြင့် လူနေအိမ်သစ်များက မည်မျှအစားထိုး နေရာယူသည်ဖြစ်စေ၊ မြန်မာလူမျိုးတို့၏ နှလုံးသားဝယ် "မြန်မာ့ရိုးရာအိမ်" ကမူ နေရာယူထားဆဲဖြစ်သည်ဟု ဆိုချင်ပါသည်။ ခိုင်မာစွဲနှစ်စွာလည်း ယုံကြည်ထားသည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟူ၍ တည်ရှိနေသရွေ့ကာလပတ်လုံး "မြန်မာ့ရိုးရာအိမ်" သည် မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် တည်ရှိနေမည် ဖြစ်ပါသည်။

မြန်မာ့ရိုးရာအိမ်သည် ကန့်သတ်ချက်၊ သတ်မှတ်ချက်၊ ယုံကြည်မှုအစွဲအလမ်းများနှင့် ထုံးတမ်းဓလေ့ထုံးစံများကြားမှ ပေါက်ဖွားရသဖြင့် ယဉ်ကျေးမှုအရာ၌ တန်ဖိုးမြင့်မားသကဲ့သို့ သမိုင်း၏ တန်ဖိုးလည်း ကြီးမားလှပါသည်။

ယဉ်ကျေးမှုတန်ဖိုး၊ သမိုင်းတန်ဖိုး ကြီးမားလှသော "မြန်မာ့ရိုးရာအိမ်" အကြောင်း ကျယ်ပြန့်စွာ သိရှိခွင့်ရပါက မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် လွန်စွာ အကျိုးများဖွယ် ဖြစ်သောကြောင့် ဤ "မြန်မာ့ရိုးရာအိမ်" အကြောင်း ရေးသား ပြုစုရခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | အမှာစာ | | |
| | နိဒါန်း | | |
| ၁။ | အိမ်ဆိုသည်မှာ | ... | ၁ |
| ၂။ | မြန်မာအိမ်များ၏အစ | ... | ၁၁ |
| ၃။ | ရှေးခေတ်မြန်မာအိမ်များ | ... | ၁၆ |
| ၄။ | အိမ်နှင့်မျိုးရင်းတူ အဆောက်အအုံများ (သို့မဟုတ်) အိမ်မဟုတ်သော အိမ်များ | ... | ၂၂ |
| ၅။ | မြန်မာ့ရိုးရာအိမ် ဗိသုကာ | ... | ၅၇ |
| ၆။ | မြန်မာ့ရိုးရာအိမ်များ၏ ဖွဲ့စည်းပုံ | ... | ၇၉ |
| ၇။ | မြန်မာ့ရိုးရာ အိမ်ဆောက်ပစ္စည်းများ | ... | ၁၀၃ |
| ၈။ | မြန်မာ့ရိုးရာအိမ်တွင်ပါဝင်သော အစိတ်အပိုင်း အခေါ်အဝေါ်များ | ... | ၁၁၆ |
| ၉။ | မြန်မာ့ရိုးရာ အိမ်ဆောက်လုပ်ပုံ စနစ်များ | ... | ၁၃၄ |
| ၁၀။ | အိမ်ဆောက်လုပ်ခြင်း အဆင့်ဆင့် | ... | ၁၄၈ |

- နေကောင်းရက်သာရွေးခြင်း၊
- မြေခံကောင်း မကောင်းရွေးခြင်း၊
- မြေရွေးခြင်း၊
- မြေရာ သိမ်းပိုက်ခြင်း၊
- သစ်ကောင်းဝါးကောင်းရွေးခြင်း၊
- အိမ်ဆောက်ရန်ပြင်ဆင်ခြင်း၊
- ကြိုးဆွဲပန်းက်ရိုက်ခြင်း၊
- တွင်းဝန်တူးခြင်း၊
- တိုင်ထူခြင်း၊
- အပေါ်ထပ်ဆောက်လုပ်ခြင်း၊
- တံခါးပေါက်နှင့် ပြတင်းပေါက်များ၊
- လှေကားတပ်ဆင်ခြင်း၊


www.burmeseclassic.com

www.burmeseclassic.com


| ခန်း | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | အိမ်သစ်တက်မင်္ဂလာ | ... | ၂၇၅ |
| ၁၂။ | အိမ်နှင့်ပတ်သက်သော စကားပုံနှင့် ဆိုရိုးစကားများ | ... | ၂၈၆ |
| | နိဂုံး | ... | ၃၀၂ |
| | ကိုးကားသော စာအုပ်စာတမ်းများ | ... | ၃၀၆ |


BURMESE CLASSIC .com

## အခန်း (၁)
## အိမ်ဆိုသည်မှာ

လူတစ်ယောက်၏ ဘဝရပ်တည်ရှင်သန်ရေးအတွက် စားစရာ၊ နေထိုင်စရာလည်း လိုအပ်ပေသည်။ အစားအသောက်၊ အဝတ်အထည်နှင့် နေထိုင်စရာနေအိမ်များသည် လူသားများအတွက် မရှိမဖြစ် လိုအပ်ချက်များ ဖြစ်ပါသည်။

နေထိုင်ခိုလှုံဖို့ "အိမ်" မရှိဘဲနှင့် လူတစ်ယောက်၏ဘဝသည် ကြာရှည်မရပ်တည်နိုင်ကြောင်းကိုတော့ လက်ခံရပေလိမ့်မည်။ သက်ဆိုင်ရာ ဒေသ၏ ရာသီဥတုနှင့် သင့်လျော်၍ လုံခြုံမှုမရှိသော "အိမ်" မရှိပါက အနည်းဆုံး သဘာဝဘေးဒဏ်ကိုခံစားရပေလိမ့်မည်။ လေဒဏ်၊ မိုးဒဏ် စသော သဘာဝဘေးအန္တရာယ်များကို အကာအကွယ်မဲ့ အတားအဆီးမဲ့ ကြုံဆုံရဖန်များသည့်အခါ ထိုသူ၏ဘဝရပ်တည်ရှင်သန်ရေးသည် အာမခံချက်ရှိနိုင်တော့မည်မဟုတ်ပေ။


ထို့ကြောင့် လူတစ်ယောက်၏ ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် "အိမ်" သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဟု အခိုင်အမာဆိုကြခြင်း ဖြစ်ပါသည်။ မရှိမဖြစ်လိုအပ်၍လည်း ကမ္ဘာဦးလူသားတို့ခေတ်မှသည် ယနေ့မျက်မှောက်ကာလအထိ "အိမ်" ဟူ၍ ရှိလာခဲ့ခြင်းဖြစ်ပါသည်။ နောင်တွင်လည်း လူသားတွေရှိနေသ၍ "အိမ်" သည် ရှိနေဦးမည်သာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

“အိမ်” နှင့်ပတ်သက်၍ မြန်မာအဘိဓာန်ကဖွင့်ဆိုရာ၌ “နေရန် ဆောက်လုပ်ထားသော အဆောက်အအုံ” ဟူ၍သာ တိုတိုကျဉ်းကျဉ်း ဖွင့်ဆိုထားပါသည်။ အင်္ဂလိပ်အဘိဓာန်များကလည်း “လူများနေထိုင်ရန် အတွက် ဆောက်လုပ်ထားသော အဆောက်အအုံ” ဟူ၍သာ ဖွင့်ဆို ထားကြောင်း၊ အထူးသဖြင့် မိသားစု တစ်စုအသုံးပြုရန် ဖြစ်ကြောင်း ဖွင့်ဆို ထားသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် OXFORD ADVANCED LEARNER'S DICTIONARY OF CURRENT ENGLISH ၌ Building made for people to live in, use for one family (or a family and lodger's) ဟူ၍ တွေ့ရပါသည်။ ထို့ကြောင့် “အိမ်ဆိုသည်မှာ မိသားစုတစ်စု နေထိုင် ရန်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံ” ကို ခေါ်ကြောင်း သိနိုင်ပါသည်။

ပုံစံ (၁) အိမ်ပဆစ်တုပ်




အိမ်ပဆစ်တုပ်


ပုံစံ (၂) မဒရပ်အိမ်





ပုံစံ (၁) (က) ရှေ့တည့်တည့်မှ မြင်ပုံ



ဘေးတိုက်မြင်ပုံ

(အိမ်ပုဆစ်တုပ်) အဖြူထည်ပုံ

ဆောက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းအပေါ် မူတည်၍ “အိမ်” အမျိုးမျိုးကွဲပြားမှုရှိနိုင်ပါသည်။ အက်စကီမိုလူမျိုးများကဲ့သို့ ရေခဲဖြင့် အိမ်ဆောက်ပါက “ရေခဲအိမ်” ဖြစ်ပေမည်။ ရွှံ့ဖြင့်ဆောက်လုပ်ပါက “ရွှံ့အိမ်” ဖြစ်ပေမည်။ ဝါးဖြင့်ဆောက်လုပ်ပါက “ဝါးအိမ်” ဖြစ်မည်။ သစ်ဖြင့်ဆောက်လုပ်ပါက “သစ်သားအိမ်” ဖြစ်မည်။ အုတ်၊ ကျောက်တို့ နှင့်ဆောက်လုပ်ပါက “အုတ်အိမ်”၊ “တိုက်အိမ်” ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားတွင် "အိမ်ကြီးရခိုင်" ဟူသော စကားတစ်ခုရှိပါသည်။ "ကြီးမားခိုင်ခံ့ထည်ဝါသောအိမ်" ကို ဆိုလိုပါသည်။

## အိမ်ရှစ်မျိုး

ဆောက်လုပ်သော ပုံပန်းသဏ္ဌာန်ကိုလိုက်၍ အိမ်အမျိုးအစား ရှစ်မျိုး ကွဲပြားပါသည်။

ယင်းတို့မှာ–

(၁) တလိုင်းအိမ်

(၂) မဒရပ်အိမ်

(၃) အိမ်တော်ပုံအိမ်

(၄) တစ်ဖက်ရပ်အိမ်

(၅) ငှက်ကြီးတောင်အိမ်

(၆) အုန်းလေးဘက်အိမ်

(၇) စပယ်ထပ်အိမ်

(၈) လည်ပေါ်အိမ် တို့ဖြစ်ပါသည်။

ဤအိမ်အမျိုးအစားရှစ်မျိုးသည် အရပ်ဒေသကိုလိုက်၍ အမည် အခေါ်အဝေါ် မူကွဲများရှိနိုင်ပါသည်။

### ၁။ တလိုင်းအိမ်

အရှေ့ပိုင်းကအနိမ့် နောက်ပိုင်းကအမြင့် နှစ်ဆင့်ထားပြီး ဆောက်ထားသော အိမ်များကို ခေါ်ပါသည်။ ထိုအိမ်မျိုးတွင် အနိမ့်ဘက်သို့ ဆက်သွယ်ချထားသော အမိုးကို ခလောက်ဆွဲဟူ၍ ခေါ်သည်။ ထိုခလောက်ဆွဲအိမ်မျိုးကို "အိမ်ပုဆစ်တုပ်" ဟူ၍လည်းကောင်း၊ "တလိုင်းအိမ်" ဟူ၍လည်းကောင်း ဒေသန္တရအလိုက် တိုက်သက်ရာအခေါ်ကွဲသော်လည်း အိမ်ပုံစံမှာ တစ်မျိုးတည်းပင်ဖြစ်သည်။




အရှေ့ပိုင်းတွင်နိမ့်၍ အနောက်ပိုင်းတွင် မြင့်လျက်ဆောက်လုပ်ထားရသည့် သဏ္ဌာန်အဓိပ္ပာယ်သည် မင်း၊ မှူးမတ်၊ အရာရှိကြီးတို့အား အမြဲတစေ ဦးနှိမ့်ချလျက် ဂါရဝပြုနေသည့် ဟန်ကိုယူပြီး "အိမ်ပုဆစ်တုပ်"ဟု ခေါ်ဝေါ်ပညတ်ကြောင်းလည်းသိရပါသည်။

ယနေ့ထိ ကျေးလက်တောရွာများတွင် အများဆုံးတွေ့မြင်နိုင်သော အိမ်မျိုးမှာ ဤ "အိမ်ပုဆစ်တုပ်" သို့မဟုတ် "တလိုင်းအိမ်" မျိုးပင် ဖြစ်သည်။




ပုံစံ (၃) အိမ်တော်ပုံအိမ်




ပုံစံ (၅) ငှက်ကြီးတောင်အိမ်

ပုံစံ (၄)




တစ်ဖက်ရပ်ခေါင်အိမ် (ဝါ) တစ်ဖက်ရပ်အိမ်




ပုံစံ (၆) စပယ်ထပ်အိမ်

www.burmeseclassic.com

www.burmeseclassic.com

## ၂။ မဒရပ်အိမ်

သွပ်မိုး၊ ပျဉ်ထောင်ကာ၊ အောက်ဆင့်မပါသော ခြေတံရှည်အိမ်မျိုး ဖြစ်ပါသည်။ မဒရပ်အိမ်ခေါင်ပုံသည် ခေါင်မှအမိုး၊ စောက်၊ လေးဘက်ချ သော အိမ်ခေါင်မျိုးဖြစ်ပါသည်။

## ၃။ အိမ်တော်ပုံအိမ်

အိမ်ရှေ့မျက်နှာစာတွင် ဆင်ဝင်ပါသောအိမ်မျိုးကို အိမ်တော်ပုံအိမ် ဟုခေါ်ပြီး ရှေးမြန်မာမင်းများလက်ထက်က ဆင်ယှဉ်ဆင်ကပ်ပါသော အိမ်တော်များ၏ပုံကိုယူပြီး ဆောက်လုပ်သဖြင့် အိမ်တော်ပုံအိမ်ဟု ခေါ်ကြောင်းလည်း သိရပါသည်။

## ၄။ တစ်ဖက်ရပ်အိမ်

တစ်ဖက်ရပ် ခေါင်တပ်သောအိမ်ကို တစ်ဖက်ရပ်အိမ်ဟုခေါ် ပါသည်။ တစ်ဖက်ရပ်ခေါင်မှာ အမိုးတစ်ဖက်ရေဆင်း အမိုးမျိုးကို ဆိုလို ပါသည်။

## ၅။ ငှက်ကြီးတောင်အိမ်


ဝဲယာနှစ်ဆောင်ဖြာထွက်သော အိမ်မျိုးဖြစ်ပါသည်။ အိမ်ခေါင်နှစ်ခု တစ်တန်းတည်းရှိပြီး ရေဆင်းနှစ်ခုဆုံသောနေရာ၌ ရေတံလျှောက်စောင်း ထည့်တပ်ရသော အိမ်ခေါင်ပုံမျိုးဖြစ်ပါသည်။

## ၆။ စံပယ်ထပ်အိမ်


စံပယ်ထပ်အမိုးပါသော အိမ်မျိုးကို စံပယ်ထပ်အိမ်ဟုခေါ် ပါသည်။ စံပယ်ထပ်အမိုးဆိုသည်မှာ မူလခေါင်မိုးပေါ် တွင် ဒိုင်းဆင့်ကာအမိုးငယ် မိုးထားသော ခေါင်မိုးဖြစ်သည်။ ရှေးခေတ်အိမ်များတွင် မီးဖိုဆောင်နေရာ၌ စံပယ်ထပ်ခေါင်မိုးမျိုးကို များစွာတွေ့ရတတ်ပါသည်။ အိမ်မကြီး အမိုးများ ပေါ် တွင်လည်း ဒိုင်းအစွန်းထုတ်ပြီး အမိုးသေးသေးမိုးကာ ဤစံပယ်ထပ် ခေါင်မိုးပြုလုပ်တတ်ကြပါသည်။ စံပယ်ထပ်ခေါင်ကို အချို့က အိမ်ကြီး ၏ခေါင်ပြည့်ထပ်ကြပါသည်။ အချို့လည်း ခေါင်ပြည့်မယူဘဲ စံပယ်ထပ် ထပ်သည်ဆိုရုံလောက်သာ သဘောမျှတွေ့ရပါသည်။

မီးဖိုဆောင်မှ မီးခိုးများ ထွက်ပေါက်အဖြစ်လည်းကောင်း၊ အလင်း ရောင်ဝင်ပေါက်အနေဖြင့်လည်းကောင်း ဤစံပယ်ထပ်အမိုးမျိုးကို ပြုလုပ် ကြပါသည်။

စံပယ်ထပ်အမိုးကို ခေါင်မိုးပေါ် တွင်သာ သေးသေးအုပ်၍ မထားဘဲ နှစ်ဘက်ရေဆင်းအမိုးပြည့်ထပ်ပါက "ယွန်း" ဟုခေါ် ပါသည်။ "ယွန်း" အမိုးတပ်ပါက "ယွန်ဆောင်" ဟု ခေါ်ရာ "အမိုးနှစ်ထပ်ကပ်လျက် ဆောက်လုပ်သော ရှည်လျားသော အဆောင်" ဟု အဓိပ္ပာယ်ရပါသည်။



ပုံစံ (၇) အုန်းလေးဘက်ခေါင်အိမ်



ပုံစံ (၈) လည်ဒေါ် အိမ်

## ၇။ အုန်းလေးဘက်အိမ်

အမိုးလေးဘက်ချခေါင် (သို့မဟုတ်) အဆောင်အအုံ၏မျက်နှာ လေးဘက်တွင် အုန်းလက်ချထားသော ခေါင်မိုးပါသောအိမ်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



အုန်းလေးဘက်အိမ်ဟုခေါ်ပါသည်။ အုန်းလေးဘက်အညီချ အမိုးများကို ရှေးခေတ်က "စကြော" ဟူ၍ ခေါ်ပါသည်။ အမိုးထိပ်အလယ်ခေါင်မှ စု၍ လေးဘက်ဖြာဆင်းသောကြောင့် အရပ်အခေါ်အရ "စုထိုးခေါင်" ဟူ၍လည်း ခေါ်ကြသေးသည်။

**၈။ လည်ပေါ်အိမ်**

လည်ပေါ်ခေါင်ပါသောအိမ်ကို လည်ပေါ်အိမ်ဟုခေါ်ပါသည်။ လည်ပေါ်ခေါင်ဆိုသည်မှာ အမိုး၏အလယ်တွင် လည်ပင်းသဖွယ်မြင့်ပြီး အမိုးတစ်ထပ်ပြန်တင်ထားသည့် ခေါင်မျိုးကိုခေါ်ခြင်း ဖြစ်ပါသည်။ ဤလည်ပေါ်ခေါင်မျိုးကို ယခုအခါ ဘုန်းကြီးကျောင်းများ၊ တန်ဆောင်းများ၊ ဇရပ်များတွင်သာ တွေ့မြင်နိုင်တော့သည်။ ရှေးမြန်မာမင်းများခေတ်က လည်ပေါ်ခေါင်မျိုးကို မင်းညီမင်းသားနှင့် သက်ဆိုင်သော အဆောက်အအုံများတွင် တွေ့ရပါသည်။

လည်ပေါ်အမိုးပါရှိသော အဆောင်ကိုလိုက်၍ စပယ်ထပ်ဆောင်ပုံ၊ စကြောဆောင်ပုံ၊ သုံးထပ်ဆောင်ပုံ၊ လေးထပ်ဆောင်ပုံ စသည်ဖြင့် ကွဲပြားမှု ရှိပါသည်။

လည်ပေါ်ကွာခြားသည်နှင့်အမျှ မြင့်မြတ်မှုအရလည်း ကွာခြားသွားပါသည်။ ဥပမာအားဖြင့် နှစ်ထပ်လည်ပေါ်ဆောင်ထက် သုံးထပ်လည်ပေါ်ဆောင်က ပို၍မြတ်ပါသည်။

သုံးထပ်လည်ပေါ်ဆောင်ပုံဟူသမျှမှာ ကျောင်းဖြစ်စေ၊ အိမ်ဖြစ်စေ၊ နန်းဖြစ်စေ "ဇေတဝန်ဆောင်" ဟူ၍ ခေါ်လေ့ရှိပါသည်။ နှစ်ထပ်မှစ၍ လေးထပ်ထိဆောင်ပုံများတွင် စမြင်ခံအမိုး တစ်ထပ်ထိုး၍ထည့်လျှင် နှစ်ထပ်သည်သုံးထပ်ယောင်၊ သုံးထပ်လိုလို ထိုနည်းအားဖြင့် လေးထပ်သည် ငါးထပ်ယောင်ယောင်၊ ငါးထပ်ကဲ့သို့ထင်ရအောင် ဆောင်ပုံများ လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။

သုံးထပ်လည်ပေါ် ခေါင်အိမ်မျိုးမှာ မြန်မာရှင်ဘုရင်များလက်ထက်က ရှင်ဘုရင်၏ ချီးမြှင့်ခြင်းခံရမှသာ သာမန်လူများဆောက်လုပ်နေထိုင်ခွင့်ရှိပါသည်။ နှစ်ထပ်လည်ပေါ်ဆောင်မျိုးကိုမူ "ဒယ်ဆောင်"



ဟူ၍ ခေါ်ပါသည်။ မြန်မာမင်းများလက်ထက်က နန်းတော်များတွင် "ဒယ်ဆောင်"ဟူ၍ သီးသန့်ရှိခဲ့ပါသည်။ သက္ကရာဇ် ၉၁၂ ခုနှစ်၌ ဟံသာဝတီတွင် နန်းတက်တော်မူသော ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး လက်ထက်ဒဝယ်ကိုအောင်မြင်၍ ဒဝယ်မြို့ပါ သူကောင်းသားမြေတို့ကို ရွေးချယ်ပြီး ဘုရင်မင်းမြတ်၏ အနီးအပါးတွင် စေပါးထမ်းရွက်စေခဲ့ရာ ထိုဒဝယ်သားသူကောင်းတို့မြဲစွဲနေထိုင်ရာ အဆောင်ဖြစ်၍ "ဒဝယ်ဆောင်" ဟုခေါ်ခြင်းဖြစ်ကြောင်းလည်း မှတ်သားရပါသည်။

ဒဝယ်မြို့တွင် ဇရပ်ကျောင်းကန်ဆောက်လုပ်သမျှ နှစ်ထပ်သာ အဆောက်အလုပ်များ၍ နှစ်ထပ်လည်ပေါ်ဖြင့် ဆောက်လုပ်သည်ကို ဒဝယ်ဟုခေါ်ကြောင်း ရှေးစာဟောင်းများတွင်လည်း "ဒဝယ်ကို ရပ်လျှိုကျောင်းဆင်" ဟူ၍လည်းကောင်း "ဒဝယ်လည်ကို ကြည့်လိုမငြီး ကွန်းစင်ဆီးလျက်" ဟူ၍လည်းကောင်း စပ်ဆိုခဲ့သည်များလည်း တွေ့ရပါသည်။

**အခြားအိမ် လေးမျိုး**

"အိမ်" ဟူ၍ အမည်မထွက်သော်လည်း အိမ်အမျိုးအစားစာရင်းတွင် ပါဝင်သော အခြားအဆောက်အအုံများလည်းပါသေးသည်။ နေထိုင်သော ပုဂ္ဂိုလ်၏ရာထူး၊ အဆင့်အတန်းမြင့်မြတ်မှုအပေါ် မူတည်၍ အမည်လေးမျိုး ခေါ်ဝေါ်သမုတ်ထားပါသည်။ ယင်းတို့မှာ – နန်းတော်၊ အိမ်တော်၊ ဟော်၊ ကျောင်း ဟူ၍ဖြစ်သည်။

ပြည့်ရှင်ဧကရာဇ်မင်းများနေသော အဆောက်အအုံကို "နန်း" ဟုခေါ်ပါသည်။ ကြီးကျယ်ခမ်းနားမှု မြင့်မြတ်မှုအပေါ် အထွတ်တင်ပြီး "တော်" တပ်က "နန်းတော်" ဟုခေါ်ပါသည်။ မင်းညီမင်းသား၊ မင်းမြေမှူးမတ်၊ အရာရှိများ နေသောအဆောက်အအုံကိုမူ "အိမ်တော်" ဟူ၍ ခေါ်ပါသည်။ ပဒေသရာဇ်စော်ဘွားများ နေသောအဆောက်အအုံကိုမူ "ဟော်" ဟူ၍ခေါ်ပါသည်။ သာသနာ့ဘောင်မှ ရဟန်းသံဃာတော် များ

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းမများနေသော အဆောင်အအုံကိုမူ "ကျောင်း" ဟူ၍ ခေါ်ပါသည်။ အခေါ်အဝေါ်ကွဲသော်လည်း အနှစ်သာရသဘောကတော့ "အိမ်" ပင် ဖြစ်ပါသည်။

အခေါ်အဝေါ်များကွဲပြားသကဲ့သို့ ထိုအဆောက်အအုံများ၏ ဖွဲ့စည်းပုံများလည်း ကွာခြားကာ ခမ်းနားကြီးကျယ်မှုအရာလည်းကွဲပြားသွားပါသည်။ အိမ်မျိုးရင်းဝင်အဆောက်အအုံတကာတို့တွင် ပြည့်ရှင်မင်းဧကရာဇ် များနေသော "နန်းတော်" သည်အသာလွန်ဆုံး၊ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံးဖြစ်ပါသည်။

ထိုမှ ဘုရင့်သားတော်၊ သမီးတော်များ၊ မင်းညီမင်းသားများ၊ မင်းမှူးမတ်၊ အရာရှိများနေသော "အိမ်တော်" များသည် အဆင့်ဆင့်ခမ်းနားကြီးကျယ်မှုအရာကွာခြားသွားပါသည်။ ပဒေသရာဇ်စော်ဘွားများနေသော "ဟော်" ဆိုလျှင်လည်း "နန်းတော်အသေးစား" အဆောက်အအုံဟူ၍ ပြောနိုင်ပါသည်။

နန်းတော်၊ အိမ်တော်၊ ဟော်များနှင့် တစ်ဘာသာကွဲပြားပြီး ကြီးကျယ်ခမ်းနားသော အဆောက်အအုံမှာ ဘုန်းတော်ကြီး "ကျောင်း" များ ဖြစ်ပါသည်။ ထိုအဆောက်အအုံ လေးမျိုးစလုံးသည် စုလစ်မွန်းချွန်အပြောက်အမွမ်းများဖြင့် အသီးသီးလုပထည်ဝါကြပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ (ဘုန်းတော်ကြီးများ) နေသော "ကျောင်း" မှ လွဲ၍ကြီးကျယ်ခမ်းနားမှု၊ မြင့်မြတ်မှုအရာတွင် နန်းတော်၊ အိမ်တော်၊ ဟော်များ၏ နောက်၌ပြည့်ရှင်မင်းထံမှ အခွင့်ရသူ၊ သူဌေးသူကြွယ်များနေသော "သူဌေးသူကြွယ်အိမ်" အခွင့်မရသူ သာမန်သူဌေးသူကြွယ်များနေသော "သူဌေးသူကြွယ်အိမ်"၊ သာမန်လူများနေသော "လူသာမန်အိမ်" ဆင်းရဲသားများနေသော "တဲကုပ်၊ အိမ်စုတ်" စသည်ဖြင့် အဆင့်ဆင့် ကွာခြားသွားပါသည်။

## အခန်း (၂)

## မြန်မာအိမ်များ၏ အစ

"အိမ် "ဟူသည် မည်သည့်ခေတ်၊ မည်သည့်ကာလမှ စတင်၍ ပေါ်ပေါက်လာသည်ဟု တိတိကျကျ မဆိုနိုင်သော်လည်း ကမ္ဘာဦးလူဟူ၍ ပေါ်ဦးစကပင် "အိမ်" သည်လည်း ပေါ်ပေါက်လာခဲ့သည် ဟု ပညာရှင်တို့က ဆိုကြပါသည်။

ကမ္ဘာဦးလူသားတို့ ရှေးဦးနေထိုင်ရာ "အိမ်" သည် ယခုခေတ်တွင် တွေ့မြင်ရသော စနစ်တကျဖွဲ့သည် ဆောက်လုပ်ထားသည့် အဆောက်အအုံမျိုး မဟုတ်သေးပါ၊ သစ်ပင်၊ သစ်ခေါင်းလှိုဏ်ဂူ စသော သဘာဝအဆောက်အအုံများသာ ဖြစ်ပါသည်။

ကမ္ဘာဦးလူသားတို့သည်၊ ရှေးဦးစွာ မြေကြီးပေါ်တွင်သာ နေခဲ့ကြပေလိမ့်မည်။ ထိုအခါ သဘာဝမြေကြီးပေါ် အကာအကွယ်မဲ့၊ အတားအဆီးမဲ့ နေထိုင်ခြင်းဖြင့် မိမိတို့၏ အသက်အန္တရာယ် မလုံခြုံသည်ကို သိလာကြပေလိမ့်မည်။ ရာသီဥတုဒဏ်နှင့် သားရဲ တိရစ္ဆာန်တို့၏ အန္တရာယ်ကို မကြာခဏ ကြုံဖူးကြပေလိမ့်မည်။

ထိုအခါမှ စ၍ မိမိတို့အသက်အန္တရာယ် လုံခြုံရာ နေရာကိုရှာပေလိမ့်မည်၊ သားရဲတိရစ္ဆာန်တို့အန္တရာယ်မပြုနိုင်အောင် အချို့ကသစ်ပင်ပေါ်တက်၍ နေကြပေလိမ့်မည်။ အချို့ကသစ်ပင်များ၏ သစ်ခေါင်းများအတွင်း ဝင်၍ နေကြပေလိမ့်မည်။ အချို့ကလည်းသဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ခေါင်းများ၊ လှိုဏ်ဂူများတွင် နေကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

လူဦးရေက ဆုတ်ယုတ်ခြင်းမရှိဘဲ တိုးပွားများပြားလာသည့်အခါ လူတို့ပုန်းအောင်းနေထိုင်ရာ၊ သဘာဝအဆောက်အဦးများနှင့် လူဦးရေ မမျှမတ ဖြစ်လာသည်ကို ကြုံကြပေလိမ့်မည်။ ထိုအခက်အခဲကို ဖြေရှင်းဖို့ ကြံစည်ရာမှစပြီး၊ လူလုပ်နေအိမ် အဆောက်အအုံများ ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်စရာ ရှိပါသည်။

ကမ္ဘာဦးလူသားတို့၏ ရှေးဦး လူလုပ်နေအိမ်များသည် ကျောက်ခေါင်း အတု၊ လိုဏ်ဂူအတု၊ သစ်ခေါင်းအတုများသာ ဖြစ်ကြပေလိမ့်မည်။ အချို့က ကျောက်တုံး၊ ကျောက်ခဲများကို ဂူသဖွယ် ပြုလုပ်၍နေကြပေ လိမ့်မည်။ အချို့က တောင်ကုန်းမြေမြင့်များကိုတူး၍ လိုဏ်ခေါင်းပြုကာ နေကြပေလိမ့်မည်။ အချို့ကဆွဲများဖြင့် ဂူအိမ်ဆောက်ပြီး နေကြပေလိမ့် မည်။ အချို့ကသစ်ပင်ကြီးများကို ခုတ်လှဲဖြတ်တောက်ပြီး၊ သစ်လုံးကာ၊ သစ်လုံး အမိုးမိုးသော သစ်လုံးအိမ် ပြုလုပ်ကြပေလိမ့်မည်။

သည့်နောက် လူတို့ယဉ်ကျေးမှုတိုးတက်လာသည့် အလျောက် သဘာဝဘေးအန္တရာယ် ရာသီဥတုနှင့် သားရဲတိရစ္ဆာန်တို့အတွက် သင့်လျော် လုံခြုံသော နေအိမ်အဆောက်အအုံများကို ဆောက်လုပ်ကာ နေထိုင်လာခဲ့ ကြပေလိမ့်မည်။

ထို့ကြောင့် ကမ္ဘာဦးလူသားတို့၏ ရှေးဦး လူလုပ်နေအိမ် များသည် ယနေ့ လူသားတို့၏ နေအိမ်အစ ဟုဆိုသော် ရကောင်းပါသည်။

ဤသို့ဆိုပါက မြန်မာတို့၏ အိမ်များအစကို မြန်မာနိုင်ငံတွင် ရှေးဦးမြန်မာများစတင် နေထိုင်သည့် အချိန်အခါကတ ည်းက စခဲ့သည်ဟု ဆိုနိုင်ပါသည်။

သုတေသီများက မြန်မာနိုင်ငံတွင် ရှေးဦးလူသားများသည် ကျောက် ခေတ်၊ သံခေတ်၊ ကြေးခေတ်၊ တစ်လျှောက်စဉ်ဆက်မပြတ် နေထိုင်ခဲ့ ကြသည်ဟု ဆိုကြပါသည်။ မြန်မာနိုင်ငံ၏ ပုံတောင်ပုံညာဒေသမှတွေ့ရှိ



ရသော ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများကို သုတေသနပြုကြသည့် အခါ လွန်ခဲ့သည့်နှစ်သန်းပေါင်း (၄၀)ကတည်းက မြန်မာနိုင်ငံတွင် လူသား မျိုးနွယ်စုများ စတင်ရှိနေပြီ ဖြစ်ကြောင်း သုတေသီများက ကောက်ချက်ချ နေကြပြီ ဖြစ်ပါသည်။

ရှေးဟောင်းသုတေသန၏ အစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် ပျူခေတ်ရှေးဟောင်းမြို့များ သည် အေဒီ- ၁ ရာစုမှကိုးရာစုခန့်အတွင်း ထွန်းကားခဲ့သည်ဟု သိရပါသည်။ဗိဿနိုးမြို့ဟောင်းသည် အစောဆုံးပျူ မြို့ဖြစ်၍ ထိုနောက်မှဟန်လင်းနှင့် သရေခေတ္တရာမြို့ဟော င်း များထွန်းကား လာကြောင်း ဗိဿနိုးမြို့ထွန်းကားသော ကာလမှ အေဒီ-၁ ရာစုမှ နောက် အကျဆုံး ၄ ရာစု၊ ၅ ရာစုဟု အသိမှတ်ယူသင့်ကြောင်း သုတေသီတို့က ဆိုကြပါသည်။

ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမောစသော ရှေးဟောင်းပျူမြို့ပြ နိုင်ငံများခေတ်ကပျူခေတ်အုပ်ချပ်ကြီးများကိုမြေပေါ်၊ မြေအောက်မှ အများအပြား တွေ့ရှိရပါသည်။ထိုပျူခေတ် အုပ်ချပ်ကြီးများသည် အရွယ် အစားအားဖြင့် ထူးထူးခြားခြားကြီးမားလှပါသည်။ပျမ်းမျှ အရွယ် အစားမှာ အလျား ၁၈ လက်မအနံ ၉ လက်မ၊ ထု ၂- လက်မခန့် ဖြစ်ပါသည်။

ထိုအုတ်များကို ပျူခေတ်နန်းတော်ရာ၊ ကျောင်းတော်ရာ၊ စေတီပုထိုးများ၊ မြို့ရိုးကျုံးတာများနှင့် အခြားအုတ်အဆောက်အအုံများ၏ အုတ်မြစ် အုတ်နံရံများမှ တွေ့ရှိရခြင်းဖြင့် ပျူခေတ်တွင် လူတို့နေထိုင်ရန် ဆောက်လုပ်သော အဆောက်အအုံများ ထွန်းကားနေပြီဖြစ်ကြောင်းနှင့် အုတ်အဆောက်အအုံ ဆောက်လုပ်သော ဗိသုကာပညာများလည်း ထွန်းကားနေပြီဖြစ်ကြောင်း သိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းအချက်ကို ထောက်ခံသောအားဖြင့် ရှေးဟောင်းပညာရှင် အောင်သော်၏ "ဗိဿနိုးမြို့ဟောင်း" တူးဖော်မှုအစီရင်ခံစာတွင် "အမှတ် (၁) ကုန်း၊ အမှတ် (၅) ကုန်း၊ အမှတ် (၇) ကုန်း၊ အမှတ် (၁၇) ကုန်းများ တူးဖော်ရာ၌ တွေ့ရှိရသည့် အုတ်အဆောက်အအုံများသည် လူနေအဆောက်အအုံများဖြစ်နိုင်ကြောင်း သုံးသပ်ဖော်ပြထားသည်ကို တွေ့ရပါသည်။

သစ်ဝါးတို့ဖြင့်ဆောက်လုပ်သော လူနေအိမ် အဆောက်အအုံများကို ပျူခေတ်မြို့ဟောင်းများ တူးဖော်ရေးအစီရင်ခံရာ၌ မတွေ့ရပါ။ သို့သော် သစ်ဝါးတို့ဖြင့် ဆောက်လုပ်သော လူနေအိမ်များသည် ပျူခေတ်မှာလည်း ရှိနိုင်သည်ဟု မှန်းဆ၍ ရပါသည်။

အလားတူ အေဒီ–၁၁ ရာစုမှ ၁၃ ရာစုအထိ ထွန်းကားခဲ့သော ပုဂံမင်းနေပြည်တော်တည်ရှိခဲ့ရာ ရှေးဟောင်း၊ ပုဂံ–ညောင်ဦးဒေသတွင်လည်း သစ်၊ ဝါးနှင့်ဆောက်လုပ်သော ရှေးခေတ်လူနေအိမ်များ၏ အထောက်အထား အစအနများကို မတွေ့ရပါ။ အုတ်ဖြင့် ဆောက်လုပ်ထားသော ဘုရားပုထိုး၊ ဂူကျောင်းစေတီ စသည့် သာသနာအဆောက်အဦးများကိုသာ ရှေးဟောင်းအမွေအနှစ်လက်ကျန်အနေဖြင့် များပြားစွာ တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

ရှေးခေတ်ပုဂံဒေသသည် သစ်ဝါးပေါများသော ဒေသတစ်ခုဖြစ်ကြောင်း သုတေသီတို့က ဆိုကြပါသည်။ သစ်၊ ဝါးပေါများသည့် ဒေသဖြစ်သည့် အားလျော်စွာ လူနေအိမ်များကို သစ်ဖြင့် ဝါးဖြင့် ဆောက်လုပ်ခဲ့ကြမည်သာဖြစ်ပါသည်။ သာမန်လူနေအိမ်များနှင့် ကွဲပြားခြားနားသွားစေရန်၊ ဘာသာသာသနာနှင့် ပတ်သက်သော အဆောက်အအုံများကို အုတ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟုလည်း မှတ်သားရပါသည်။ သဘာဝဘေး ဒဏ်၊ ရာသီဥတု ဒဏ်တို့ကြောင့် အပျက်အစီး လွယ်သဖြင့်



သာ သစ်၊ ဝါး အဆောက်အအုံ၊ အကြွင်းအကျန် အထောက်အထား များကို ယနေ့တိုင် မကျန်ရှိ၊ မတွေ့မြင်နိုင်ခြင်း ဖြစ်ရကြောင်းလည်း ယူဆ၍ ရပါသည်။

ပုဂံခေတ် နေအိမ်ကို အဆောက်အအုံ အကြွင်းအကျန်အဖြစ် လက်ညှိုးထိုးပြနိုင်လောက်အောင် မတွေ့ရှိနိုင်တော့သော်လည်း ပုဂံခေတ်လူတို့၏ အိမ်ဆောက်ဓလေ့ ခမ်းနားကြီးကျယ်စွာ ရှိနေကြောင်းကိုမူ ပုဂံခေတ် ကျန်စစ်သားမင်း၏ နန်းတည်မွန်ကျောက်စာက မှတ်တမ်းမှတ်ရာ အထောက်အထားတစ်ခုအဖြစ် ပြနေပါသည်။ ယင်းနန်းတည်မွန်ကျောက်စာကို အထောက်အထားပြုပြီး ပုဂံခေတ်မတိုင်မီ ရှေးမဆွကတည်းက မြန်မာတို့၏ အိမ်ဆောက်ဓလေ့ အိမ်ဆောက်ဗိသုကာပညာသည် ခမ်းနားခိုင်မာစွာ ရှိနေပြီဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။ ထိုကာလကို မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ သမိုင်းဦးပျူခေတ်ကာလကတည်းက စခဲ့သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## ရှေးခေတ် မြန်မာအိမ်များ

ရှေးခေတ်မြန်မာအိမ်များနှင့်ပတ်သက်၍ တောင်ငူမင်းကြီးညိုမှ စ၍ နန္ဒဘုရင်ထိဖြစ်သော တောင်ငူခေတ် (အေဒီ ၁၄၈၅–၁၅၉၉ ခုနှစ်အတွင်း) ဘုရင့်နောင်မင်းတရား၏ ဟံသာဝတီရွှေမြို့တော်အတွင်းသို့ လာရောက်ခဲ့ဖူးသည့် ဆီဇာဖရက်ဒရစ်၏ မှတ်တမ်းတွင် –

ဟံသာဝတီရွှေမြို့တော်ကြီးတွင် ဖောက်လုပ်ထားသော လမ်းမကြီးများမှာလည်း ဖြောင့်တန်း၍ လူဆယ်ဦး (သို့မဟုတ်) ဆယ့်နှစ်ဦးခန့် ရင်ပေါင်တန်း၍ မြင်းစီးသွားနိုင်လောက်အောင် ကျယ်သည် ဟုဆိုသည်။ လမ်းတစ်ဘက်တစ်ချက်ရှိ အိမ်များ၏ရှေ့တွင် အုန်းပင်နှင့်ထန်းပင်များ စိုက်ထားသဖြင့် အရိပ်အာဝါသ ရှိကြောင်း အိမ်များကို သစ်ဖြင့်ဆောက်၍ အုပ်ကြွပ်မိုးထားကြောင်း စသည်ဖြင့် တွေ့ရပါသည်။

မြန်မာမင်းများလက်ထက် မြန်မာနိုင်ငံတွင် လာရောက်နေထိုင်ခဲ့ဖူးသူ အီတလီဘုန်းတော်ကြီး "ဆန်ဂျာမာနို" က သူ၏ မြန်မာ့အင်ပါယာအမည်ရှိ ကိုယ်တွေ့မှတ်တမ်းစာအုပ်တွင် –

မြန်မာတို့သည် အိမ်ပုံစံနှင့် အနေအထားကို လွန်စွာဂရုစိုက်၍ ဆောက်လုပ်ကြလေသည်။ အကယ်၍ မင်းညီမင်းသားတို့နှင့်သာ စပ်ဆိုင်သော အိမ်ပုံစံမျိုးကို ဆောက်လုပ်မိလျှင်သော်လည်းကောင်း၊ မင်းညီမင်းသားတို့၏ အိမ်၌သာသုတ်ရသော အဖြူရောင်ကို





အသုံးပြုမိလျှင်သော်လည်းကောင်း သေဒဏ်ပေးခံရမည်မှာ သေချာလေသည်ဟူ၍ မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရပါသည်။

မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း၊ ဒုတိယပိုင်း၌ "ထိုသူကြွယ်များသည် စကြောအိမ်၊ သင်ပုန်းခေါင်းတပ်အိမ်၊ နေရောင်ကာပါသောအိမ်၊ မျက်နှာကျက်ပါသောအိမ်၊ ကမွတ်ကြီး၊ ကမွတ်သေးသတ်သောအိမ်၊ ပြတင်းဝိုင်းပါသော အိမ်မနေရ၊ ဝင်းထရံမှာ ကြက်ခြေခတ်မပါရ၊ ဝင်းပိတ်တုံး ပိတ်မထားရ၊ အိမ်တိုင်များတွင် တိုင်ဖုံးမထည့်ရ" ဟူ၍ ပါရှိရာ မြန်မာမင်းများလက်ထက်က ကြွယ်ဝသူပင်လျှင် သူကောင်းပြုခံရသော ကြွယ်ဝသူနှင့် သာမန်ကြွယ်ဝသူ အခွင့်အရေးချင်း မတူကြောင်း တွေ့ရပါသည်။ သာမန်ကြွယ်ဝသူများသည် ငွေကြေးချမ်းသာ၍ ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်နိုင်၊ ပြင်ဆင်မွမ်းမံနိုင်သည့်တိုင်အောင် သူကောင်းပြုခံရသော သူကြွယ်မျိုးကဲ့သို့ ဆောက်လုပ်နေထိုင်ခွင့် ပြင်ဆင်မွမ်းမံခွင့် မရကြပါ။ ကန့်သတ်ချက် ခွဲခြားသတ်မှတ်ချက်များက တိကျသေချာလှပါသည်။ အလေးထားပြီး လိုက်နာကြရပါသည်။

အိမ်ရှေ့မင်းသားနှင့်တကွ မင်းညီမင်းသားများ၊ မိဖုရားနှင့်မောင်းမမိဿံများ၊ မင်းမှုမတ်အရာရှိများ၊ သူကောင်းပြုခံရသော သူဌေးသူကြွယ်များပင်လျှင် ကန့်သတ်ချက်၊ သတ်မှတ်ချက်ဖြင့် အဆင့်ဆင့် ခွဲခြားဆောက်လုပ်နေထိုင်ကြရာ သာမန်လူများ အိမ်အတွက်မူ ဆိုဖွယ်မရှိပါ။

ဤသို့သတ်မှတ်ချက်၊ ကန့်သတ်ချက်များအတွင်းက ဆောက်လုပ်ကြရခြင်းကြောင့်လည်း အဆောက်အအုံတစ်ခုကို ကြည့်လိုက်မြင်လိုက်ရုံဖြင့် ရတနာသုံးပါးနှင့်ဆိုင်သော အဆောက်အအုံ၊ ထီးနန်းနှင့်ဆိုင်သော အဆောက်အအုံ၊ မှူးမတ်အရာရှိများနှင့်ဆိုင်သောအဆောက်အအုံ၊

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဘုရင်က ပြုလုပ်လှူဒါန်းသောအဆောက်အအုံ၊ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်တို့က ပြုလုပ်လှူဒါန်းသော အဆောက်အအုံ၊ လူသာမန်တို့ ဆောက်လုပ်သောအဆောက်အအုံဟူ၍ အလွယ်တကူခွဲခြား သိရှိနိုင်ပါသည်။

ထိုသို့ ခွဲခြားသိရှိနိုင်ခြင်းသည် အဆောက်အအုံပေါ်တွင် တင်သော "အပြောက်" များပေါ်တွင် မူတည်ပါသည်။ အဆောက်အအုံပေါ်တွင် တင်သော အပြောက်အစိတ်အကျဲ အနည်းအများ အယုတ်အမြတ်သည် ရာထူးဌာနန္တရအဆင့်အတန်း အနိမ့်အမြင့်ပေါ် ကွဲပြားသွားပါသည်။ လူသာမန်တို့အိမ်မှာမူ အပြောက်လုံးဝတင်ခွင့်မရှိခြင်းကြောင့် လုပမူ၊ ထည် ဝါမှု၊ ခမ်းနားမှုအရာတွင် အယုတ်နိမ့်ဆုံးဖြစ်ပါသည်။

ဤတွင်အဆောက်အအုံများပေါ်တွင် တင်သော "အပြောက်" ဟူသည့် ဝေါဟာရကို ရှင်းလင်းရန်လိုအပ်ပါသည်။

## အပြောက်ဆိုသည်မှာ

မြန်မာ့ရိုးရာ အဆောက်အအုံများတွင် အမွှမ်းပါသော အဆောက်အအုံနှင့် အမွှမ်းမပါသော အဆောက်အအုံဟူ၍ နှစ်မျိုးကွဲပါသည်။ အမွှမ်း မှာ "မည်သည့်ဝတ္ထုမှာအဆို လိုရာဌာနတွင် လုပအောင်ဌာနန္တရ အတန်း အဆင့်အလျောက်၊ အပြောက်ခြယ်လှယ်ထည့်တတ်သည်"ကို ဆိုလိုပါသည်။

သို့ဆိုလျှင် "အပြောက်" သည် အမွှမ်းပါသောအဆောက်အအုံများတွင် ခြယ်လှယ်တတ်ဆင်သည့် အရာဖြစ်ကြောင်း သိနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုပါက ဗိသုကာဆိုင်ရာ အဆောက်အအုံတစ်ခုကို အလင်္ကာတန်ဆာဆင်ပေးသည့် အရာဖြစ်ပါသည်။ အပြောက်ခေါ် ခြယ်လှယ်သည့် အရာမပါသောဝတ္ထုကိုမူ "အဖြူထည်" ဟုခေါ်ပါသည်။



အပြောက်ကိုပင် "ကျီးရန်" "ကိုရန်" "စုလစ်မွမ်းချွန်" "စုလစ်မွှန်ခေါင်း" ဟူ၍ အမျိုးမျိုး ခေါ်ကြပါသေးသည်။

"လေသွန်မုတ်ကပ်၊ မွှန်ချွန်တပ်သည်"

"မင်းဇေကရာဇ်လျော်ရာဖြစ်၍၊ စုလစ်မွှန်ခေါင်း၊ ဆောင်းရရောင်းနှင့် ဥဒေါင်းလည်ငြိတ်၊ ကရဝိက်လည်ပြန်"

"အဆန်းအဆန်း ရွှေကျီးရန်းလည်း မကန်းခံတွင်း၊ ခြသေ့်နှင်းလျက်" ဟူ၍ လည်းကောင်း

"အဆန်း အဆန်း ရွှေကျီး ရန်း မကန်းအထွေထွေ" ဟူ၍ ပျို့ကဗျာ အလင်္ကာများတွင် တွေ့ရပါသည်။

"အဆော်" သည်လည်း "အပြောက်" တစ်မျိုးပင်ဖြစ်ပါသည်။ အဆော်တွင် (၁) နတ်ဆော် (၂) ငှက်ဆော် (၃) ပန်းဆော် ဟူ၍ သုံးမျိုး ရှိပါသည်။ "အဆော်" ဟူသည် "အချွန်" ဟူသောစကားနှင့် သဘောသွား အတူတူပင်ဖြစ်ပါသည်။ "နတ်ဆော်" ဆိုသည်မှာ နတ်ရုပ် မတ်ရပ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ ရှိခိုးနေဟန် အရုပ်များကို ခေါ်ခြင်းဖြစ်ပါသည်။

"နတ်ဆော်" များသည် "တော်" နှင့် သာသက်ဆိုင်ပါသည်။ သို့သော် ခွင့်ပြုချက်ရလျှင်မူ တော်နှင့်မသက်ဆိုင်သူများ ပြုလုပ်သော အဆောက်အအုံများတွင် နတ်ဆော်ထည့်နိုင်ပါသည်။

"ငှက်ဆော်" မှာ ငှက်ရုပ်အမျိုးမျိုးကို ဆိုလိုပါသည်။

"ပန်းဆော်" မှာ ကြာပွင့်၊ နေကြာပွင့်နှင့် နှင်းဆီစသောအပွင့်ရိုင်း အမျိုးမျိုးကို ဆိုလိုပါသည်။ ငှက်ဆော်နှင့် ပန်းဆော်များကို မည်သူမဆို အလိုရှိရာ ထည့်လုပ်နိုင်ပါသည်။

အပြောက်မျိုးတွင် အထောက် သုံးမျိုးလည်းပါပါသည်။ အထောက် သုံးမျိုးမှာ (၁) အရုပ်ထောက် (၂) ပွတ်ထောက် (၃) ပန်းထောက်တို့ ဖြစ်ပါ သည်။ "အရုပ်ထောက်" တွင် "နဂါးထောက်" "နရူးထောက်"

www.burmeseclassic.com

www.burmeseclassic.com

"တိုးနရားထောက်" "မကန်းထောက်" ဟူ၍ လေးမျိုးရှိပါသည်။ ဤအထောက် သုံးမျိုးမှာလည်း "နတ်ဆော်" ကဲ့သို့ပင် "တော်" နှင့်သာ သက်ဆိုင်ပါ သည်။ တော်နှင့် မသက်ဆိုင်သူများက အခွင့်ရမှ လုပ်နိုင်ပါသည်။

အရုပ်ခံ၊ ပန်းခံ၊ သင်ကြောခံဟူ၍ အခံသုံးမျိုးလည်းရှိပါသေးသည်။ အရုပ်ခံတွင် ပင်လယ်ရွှေဖားခံ၊ နဂါးခံ၊ နရားခံများမှာ နတ်ဆော်ကဲ့သို့ပင် "တော်" နှင့်သာ သက်ဆိုင်ပါသည်။ အခွင့်ရမှသာ လုပ်နိုင်ပါသည်။

မိုးရေခံ ကြိမ်းပြင်တိုင်များတွင် ဖုံးအုပ်သော ကျောက်ဖုံး၊ စဉ့်ဖုံး၊ သစ်သားဖုံး စသည့်အဖုံး သုံးမျိုးမှာလည်း ဆင်းရဲသားအိမ်များတွင် အခွင့် မရဘဲထည့်ခွင့်မရှိပါချေ။ အခွင့်ရမှသာ ထည့်လုပ်ရပါသည်။

လှေကားဘောင်ပေါ်တင်သည့် "အတင်" မှာလည်း သုံးမျိုးရှိပါ သည်။ အရုပ်တင်၊ အပြောက်တင်၊ သင်ကြောတင်တို့ ဖြစ်ပါသည်။ အရုပ် တင်တွင် နဂါးရုပ်တင်၊ မကန်းရုပ်တင်များမှာ "တော်" နှင့်သာ သက်ဆိုင်ပါသည်။ "တော်" နှင့် မသက်ဆိုင်သူများမှာ အခွင့်ရမှလုပ်ခွင့် ရှိပါသည်။

ယင်းသို့ ခွဲခြားသတ်မှတ်မှုများကို ကြည့်ခြင်းဖြင့် မင်းညီ၊ မင်းသား၊ မင်းဆွေမင်းမျိုး၊ အမှူးအမတ်၊ အရာရှိအရာခံများ ဆောက်လုပ်နေထိုင် သောအိမ်နှင့် သာမန်ဆင်းရဲသားတို့ နေထိုင်သောအိမ်များ မတူ ကွဲပြားနိုင် ကြောင်း သိနိုင်ပါသည်။

"အခွင့်ရသည်" ဆိုသည့်အရာမှာ ရှင်ဘုရင်များက တရားဝင်အမိန့် စာလွှာများဖြင့် ချီးမြှင့်ခွင့်ပြုခြင်းကို ဆိုလိုပါသည်။ ထီး၊ စည်၊ ယာဉ် စသော အဆောင်အရွက်များသည် မင်းဧကရာဇ်မှ ချီးမြှင့်မှသာ ခံစားရပိုင်ခွင့်ရှိပါ သည်။ မင်းများကလည်း အဆောင်အရွက်များ ချီးမြှင့်သည့်အခါ တရားဝင် အမိန့်တော်များ ထုတ်ပြန်၍ စနစ်တကျချီးမြှင့်လေ့ရှိပါသည်။ သူကောင်း



ပြုခြင်းအတွက် အဆောင်အရွက်များကို စနစ်တကျ ချီးမြှင့်လေ့ရှိသကဲ့သို့ နေအိမ် အဆောက်အအုံများအတွက် အဆောင်အယောင်ပြုခွင့် လုပ်ပိုင် ခွင့်များကိုလည်း ရှေးမြန်မာမင်းများသည် အမိန့်တော်များ ထုတ်ပြန်၍ ချီးမြှင့်လေ့ရှိပါသည်။ ယင်းအမိန့်တော်များအတိုင်းသာ နေအိမ်များကို ဆောက်လုပ် နေထိုင်ကြပါသည်။

ချုပ်၍ဆိုရပါက ရှေးခေတ်မြန်မာအိမ်မှာ နှစ်မျိုးနှစ်စားသာ ရှိပါသည်။ တစ်မျိုးမှာ သာမန်ဆင်းရဲသားအိမ်များ၊ ဘုရင်မင်းမြတ်များ၏ ချီးမြှင့်မြှောက်စားခြင်း မခံရသော သာမန်သူဋ္ဌေးသူကြွယ် အိမ်များဖြစ် ပါသည်။ နောက်တစ်မျိုးမှာ မင်းညီမင်းသား၊ မင်းမြေး၊ အိမ်ရှေ့မင်းများ၏ အိမ်များ၊ မင်းမှူးမတ်အရာရှိများ၊ မင်း၏ ချီးမြှောက်ခြင်းကို ခံရသော သူဋ္ဌေး သူကြွယ်များ၏ အိမ်များဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုပါက "တော်" နှင့်စပ်သော အိမ်များဖြစ်ပါသည်။

"တော်" နှင့်စပ်သောအိမ်များက အပြောက်အမွမ်း အဆင်တန်ဆာ များ ပါရှိပြီး "တော်" နှင့်မစပ်သောအိမ်များက အပြောက်အမွမ်း အဆင် တန်ဆာများမပါရှိပါ။ ရှေးခေတ်မြန်မာအိမ်များကို အုပ်စုခွဲ၍ကြည့်ပါက ဤနှစ်မျိုးသာရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# အိမ်နှင့်မျိုးရင်းတူ အဆောက်အအုံများ (သို့မဟုတ်) အိမ်မဟုတ်သောအိမ်များ

မြန်မာ့ရိုးရာဗိသုကာတို့၏ လက်မှထွက်သောအဆောက်အအုံများတွင် အနှစ်သာရသဘောအရမူ အိမ်ဖြစ်သော်လည်း အခေါ်အဝေါ်အရ အနေမူ အိမ်အမည်မပေါက်သော အဆောက်အအုံများရှိပါသည်။ ယင်းတို့မှာ – နန်းတော်၊ အိမ်တော်၊ တော်အိမ်၊ ဟော်၊ ကျောင်း စသည်တို့ ဖြစ်ပါသည်။ ယင်းအဆောက်အအုံငါးမျိုးစလုံးမှာ လူ့ဘောင်၊ လူ့လောက၊ လူ့နယ်ပယ်တွင် အမြင့်နေရာ၊ အမြတ်နေရာ တွင်သတ်မှတ်ခံထားရသူများ နေထိုင်သောအိမ်များဖြစ်ပါသည်။ ဝေါဟာရအသစ်ဖြင့် အမည်ပေါက်သော်လည်း အနက်အဓိပ္ပာယ်သဘော၊ အနှစ်သာရသဘောမှာမူ "အိမ်" များသာဖြစ်သည်။ မြင့်မြတ်မှုကို မြင့်မြတ်သည့်အခေါ်အဝေါ်သစ်ဖြင့် အမည်ပြောင်း ပညတ်ထားခြင်းသာဖြစ်သည်။ ယင်းအဆောက်အအုံငါးမျိုး စလုံးသည် သာမန် "အိမ်"များနှင့် အခေါ်အဝေါ်ကွဲပြားသည်နှင့်အညီ ဖွဲ့စည်းပုံနှင့် ခမ်းနားကြီးကျယ်မှုမှာလည်း များစွာကွဲပြားခြားနားပါသည်။ မြင့်မြတ်ကြီးကျယ်သည့် လူများနေထိုင်ရာ အဆောက်အအုံများဖြစ်သည့်အတွက် အဆောက်အအုံ၏ ဖွဲ့စည်းပုံမှာ ကြီးမားလှပါသည်။ လူသာမန်တို့နေသော အိမ်ထက်သာလွန်မြင့်မြတ်ကြောင်း အမြင်သဘောဖြင့် သတ်မှတ်နိုင်လောက်အောင်လည်း ထူးခြားဆန်းပြား ခမ်းနားလှပါသည်။ အလှအပ သဘောအရာတွင်လည်း သာလွန်ထူးကဲလှပါသည်။





ယင်းတို့အနက် အသာလွန်ဆုံး၊ အထူးကဲဆုံး၊ အခမ်းနားဆုံး၊ အလှအပဆုံး အဆောက်အအုံကိုပြပါဆိုလျှင် နန်းတော်များကိုသာ ပြရပါမည်။

### နန်းတော်

နန်းတော်မှာ မင်းနှင့်မိဖုရားတို့နေထိုင်ရာအဆောက်အအုံဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါသည်။ လူ့လောက၊ လူ့အသိုင်းအဝန်းတွင် မင်း၊ မိဖုရား ဟူသည် အမြင့်ဆုံး၊ အမြတ်ဆုံးလူများ ဖြစ်ပါသည်။ မြင့်မြတ်သော ဂုဏ်နှင့် လျော်ညီစွာ ယင်းတို့နေထိုင်သော အဆောက်အအုံကိုလည်း ကြီးမားစွာ၊ ခမ်းနားစွာ၊ ထည်ဝါစွာ ဆောက်လုပ်ကြပါသည်။

ဆရာ ဒေါက်တာသန်းထွန်း၏ အဆိုအရ ပုဂံခေတ်က ရွာ၏ အကြီးအကဲကို "မင်း" ဟု ခေါ်လေ့ရှိပြီး မင်းနေပြည်က ရှင်ဘုရင်ကို "မင်းကြီး" ခေါ်ကြောင်း "မင်းကြီး" နေသည့် အဆောက်အအုံကို "အိမ်တော်" [၁] ဟူ၍ ခေါ်ကြောင်း သိရပါသည်။ ယင်းအိမ်တော်ကို နောက်ပိုင်းကာလများ၌ "နန်းတော်" ဟူ၍သာ ခေါ်ကြောင်းလည်း မှတ်သားရပါသည်။

အီတလီဘုန်းတော်ကြီး ဆန်ဂျာမာနို၏မှတ်တမ်းတွင် "နန်းတော်" သည် ဘုရင့်နေပြည်တော်တွင် ခံတပ်သဖွယ်လည်းဖြစ်သည်။ နန်းတော်ရှေ့တွင် အမြောက်လက်နက်ကြီးများကိုလည်း ပြင်ဆင်ထားရှိသည်။ နန်းတော် ထဲတွင် လက်နက်ရုံများလည်းရှိသည်။ ထို့ကြောင့် နန်းတော်ကို ရန်သူ သိမ်း ပိုက်ခြင်းသည် နိုင်ငံတော်တစ်ခုလုံးကို သိမ်းမိသည်နှင့် အတူတူပင်ဖြစ် တော့သည်ဟူ၍ မှတ်ချက်ပြုရလောက်အောင် မြင်သမျှလူခံ့ညားရ လောက်အောင် ဖွဲ့စည်းပုံက "အား" ကောင်းလှသည်။

၁။ ဒေါက်တာ သန်းထွန်း၏ "ပုဂံခေတ်အိမ်" ဆောင်းပါး၊ စပယ်ဖြူမဂ္ဂဇင်း၊ အမှတ် (၇၂) ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (နောင်တွင်ညွှန်းရန်ရှိပါက "ပုဂံခေတ်အိမ်"ဟူ၍သာ ညွှန်းပါမည်။)

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတစ်ခုလုံးကို ရှင်ဘုရင်က နန်းတော်မှနေပြီး အုပ်ချုပ်စီမံ ကွပ်ကဲရသည်။ နန်းတော်မှာပင် မှူးမတ်ဗိုလ်ပါများနှင့် ညီလာခံကျင်းပသည်။ တိုင်းရေးပြည်ရေး ဆွေးနွေးသည်။ နိုင်ငံခြား သံတမန်တွေကို လက်ခံ တွေ့ဆုံသည်။ လက်အောက်ခံ မြို့စား၊ နယ်စား၊ စော်ဘွားများ၏ အကန်တော့ ခံယူသည်။ အခွန်တော်ဆက်သရာကို ခံယူသည်။ မှူးမတ်ဗိုလ်ပါများကို ချီးမြှင့်ခြင်း၊ နှိမ့်ချခြင်း ကိုလည်းပြုသည်။ ဆင်သိမ်းခြင်း၊ မြင်းသိမ်းခြင်း အမှုကိုလည်း နန်းတော်မှာသာပြုသည်။ မိဖုရားနှင့် မောင်းမမိဿံ အခြွေအရံ များစွာရှိသည့်အတွက် သူတို့နှင့်ထိုက်သင့်ရာ အဆောင်ဆောင် အခန်းခန်းကိုလည်း နန်းတော် အနောက်ပိုင်းမှာ ထားသည်။

ဤသို့ဖြင့် နန်းတော်သည် ဖွဲ့စည်းပုံအရ အခြားသော သာမန်လူနေအိမ်တကာတို့ထက် မင်းညီမင်းသား၊ မှူးမတ်ဗိုလ်ပါတို့၏အိမ်ထက် အရွယ်အစားများစွာ ကြီးမားသည်။ ထိုကဲ့သို့အရွယ်အစားကြီးမားပြီး ခမ်းနားထည်ဝါသော မင်းနှင့်မိဖုရားတို့နေထိုင်ရာအဆောက်အအုံ (သို့မဟုတ်) နန်းတော်ကို မြန်မာတို့၏ သမိုင်းဦးအစကပင် ဆောက်လုပ်နေထိုင်ခဲ့ကြကြောင်း ရာဇဝင်ကျမ်းများက ဆိုထားပါသည်။

ထင်ရှားသော စာပေအထောက်အထားတစ်ခုမှာ ပုဂံခေတ် "ကျန်စစ်သားမင်း၏ နန်းတည်မွန်ကျောက်စာ" ဖြစ်ပါသည်။ သမိုင်းတစ်ခေတ်၏ ပထမဆုံး နန်းတော်တည်ဆောက်ခြင်းမှတ်တမ်းဖြစ်ပါသည်။ ကျန်စစ်သားနန်းတော် တည်ဆောက်သည်မှာ ရှင်ဘုရင်ဖြစ်ပြီး တစ်ဆယ့်ခုနစ်နှစ်အကြာမှာ ဖြစ်ပါသည်။ ခရစ်သက္ကရာဇ်အားဖြင့် ၁၁၀၁ ခုနှစ် နှစ်ဦးပိုင်းက စသည်ဟုဆိုပါသည်။ "ဓေယျာဘုမ်" ဟုသမုတ်ပြီး ၁၁၀၂ ခုနှစ် အလယ်ပိုင်းတွင် ပြီးသည်ဟု မှတ်သားရပါသည်။

"နန်းတော်"ကို ကျွန်းဖြင့်ဆောက်လုပ်ခြင်းဖြစ်သည်။ မူလနန်းတော်ရာမှာပင် ဆောက်လုပ်သည့်အတွက် ကျန်စစ်သားမင်း မတိုင်မီကလည်း နန်းတော်ရှိခဲ့သည်မှာ ငြင်းဖွယ်ရာမရှိပါ။ ရှေးခေတ်မြန်မာ



ဘုရင်များ နန်းတော်အသစ်ဆောက်လုပ်ခြင်းမှာ ဗေဒင်ကိန်းခန်းများအရ နန်းသစ်၊ မြို့သစ်မှာ နေလိုခြင်း၊ လက်ရှိနန်းတော်ဟောင်းမှာ ဆက်လက်နေထိုင်လိုသော ဆန္ဒတော်မရှိတော့ခြင်း၊ လက်ရှိနန်းတော်ဟောင်းက ဆက်လက်နေထိုင်၍ မရလောက်အောင် ဟောင်းခြင်း၊ ဆွေးမြေ့နေပြီဖြစ်ခြင်း၊ မီးဘေး၊ ရန်သူဘေးကြောင့် နန်းတော်မီးလောင်ပျက်စီး၍ နေထိုင်ရန် နန်းတော်မရှိခြင်း စသောအချက်များကြောင့် ဖြစ်ပါသည်။

နန်းတော်ကို ကျွန်းသစ်ဖြင့် ဆောက်လုပ်ကြရာ ကျွန်းသစ်ဖြင့် ဆောက်လုပ်သော နန်းတော်တစ်ခု၏ သက်တမ်းသည်အများဆုံး နှစ် (၁၀၀) သာရှိမည်ဖြစ်ပါသည်။ နှစ် (၆၀) ခန့်ဆိုလျှင် နန်းတော်အဆောက်အအုံသည် လွန်စွာဟောင်းနွမ်းနေပြီဖြစ်ပါသည်။ ပုဂံခေတ်သည် အေဒီ ၁၁ ရာစုမှ အေဒီ ၁၃ ရာစုအထိ ကြာမြင့်ခဲ့ကြရာ ထိုကာလအတွင်း နန်းတော်များကို သုံးကြိမ်မက လေးကြိမ်မျှဆောက်ခဲ့ရလိမ့်မည်ဟု ဒေါက်တာ သန်းထွန်းက သူ၏ ပုဂံခေတ်အိမ် ဆောင်းပါးဖြင့် ထောက်ပြထားသည်။

အင်းဝခေတ်တွင် အင်းဝရွှေမြို့တော်နှင့် နန်းတော်ကိုတည်သူမှာ သတိုးမင်းဖျား ဖြစ်ပါသည်။ မဏိရတနာပုံကျမ်းတွင် သက္ကရာဇ် ၇၂၅ ခု တပေါင်းလ ထီးလှိုင်ရှင်ကုန်းတွင် ရတနာပူရရွှေဝမြို့မည်ကို သမုတ်၍ တပ်ကြီး တည်သည်။ သက္ကရာဇ် ၇၂၆ ခု တပေါင်းလဆန်း (၆) ရက် အင်္ဂါနေ့ မြို့တည်သည်။ သက္ကရာဇ် ၇၂၈ ခု နှစ်တွင် ရွှေနန်းတည်၍ အဝကို သတိုးမင်းဖျားစံနေသည် ဟု လာရှိပါသည်။

သတိုးမင်းဖျား ပထမအင်းဝမြို့ကိုတည်ပြီးနောက် နှစ်ပေါင်း (၂၃၃) အကြာဖြစ်သော (၉၅၉) ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီးက ဒုတိယ အင်းဝမြို့ကိုလည်းကောင်း၊ ထို့နောက် ညောင်ရမ်းမင်းလက်ထက်မှ (၁၆၆) နှစ် အကြာဖြစ်သော (၁၁၂၅) ခုနှစ်တွင် အလောင်းဘုရား၏ ဒုတိယ သားတော်

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူရှင်က တတိယ အင်းဝမြို့တော်ကိုလည်းကောင်း၊ ထိုနှစ်မှ (၅၈) နှစ်အကွာ (၁၁၈၃) ခုနှစ်တွင် ဘကြီးတော်က စတုတ္ထ အင်းဝမြို့ကို လည်းကောင်း အသီးသီး တည်ဆောက်ခဲ့ကြပါသည်။

အင်းဝခေတ် နန်းတော်များနှင့် ပတ်သက်၍ မျက်မြင်သက်သေပြစရာ အထောက်အထားများ မကျန်ရစ်တော့သော်လည်း ထိုခေတ် နန်းတော်များကို ကြုံခဲ့ ဆုံခဲ့ တွေ့ခဲ့ သိခဲ့ ရင်းနှီး ကျွမ်းဝင်ခဲ့သော ပုဂ္ဂိုလ်များ မှတ်တမ်းတင်ခဲ့သော စာပေအထောက်အထားများတော့ ရှိပါသည်။

ယင်းတို့တွင် သျှင်အရိယာဝံသအာဒိစ္စရံသိဘွဲ့တော်ချီသော မုံရွေးဆရာတော်ဘုရားကြီး၏ စာပေမှတ်တမ်းများလည်း ပါပါသည်။ မုံရွေးဆရာတော်ဘုရားကြီးက ထီးလှိုင်ရှင်ဘုရားကုန်းတော်ပေါ် မှ အပေါ် စီးမြင်ရသည့် ဘကြီးတော်ခေတ်၊ အင်းဝရွှေနန်းတော်များကို ရွှေရောင်၊ မှန်ရောင်တို့ နေရောင်ရောယှက်ကာ လင်းလက်ပြိုးပြက်သာယာ တင့်ရှန်းပုံကို မြင်တော်မူပြီး၊

"ထီးလှိုင်ရှင်ကို ဦးတင်သောအခါ သိင်္ဂါပြီးပြောင်နန်းရွှေဆောင်က အရောင်ရိုးရဲ နေရောင်ထဲမှာ ကြဲသောအခါ စိတ်တွယ်တာ၍"
ဟူ၍ ရေးသားခဲ့ဖူးပါသည်။

တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီရာဇဌာနီကြီး၌ မြန်မာသက္ကရာဇ်(၉၂၆) ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက်၊ အေဒီ (၁၅၆၇)တွင် မြို့၏ အလယ်ချက်၌ အဝန်းတာ (၆၀၀)ရှိ ကမ္ဘောဇသာဒီနန်းတော်ကြီးကို တည်ဆောက်ခဲ့သည်။

နန်းမြို့တွင်း အဆောက်အအုံများနှင့် ပတ်သက်၍ ဥဿရော အမတ်ကြီး၏ မှတ်တမ်းတွင်–

မြို့အလယ်ချက်၌ ရွှေနန်းတော်ကား ပြာသာဒ်ဆောင် ခြောက်သောင်း၊ မြေမှပေါက်သကဲ့သို့ ဆောက်တော်မူ၏။ အလယ် ရွှေနန်း



တော်ကား ငါးဆက်သည်မြောက်ကသည်လည်း ရွှေနန်းတော်၊ ကွမ်းဆေးတော်၊ တောင်ကလည်းရွှေအိမ်တော် ဆောက်တော်မူ၏။ ရွှေအိမ်တော်လည်း ပြာသာဒ်တစ်ဆောင်၊ ဥပုသ်ဆောင်တည်ရာလည်း ပြာသာဒ်တစ်ဆောင်၊ တောင်ကားပြာသာဒ်ကား သုဓိတာ၊ မြောက်က ပြာသာဒ်ကား သုရာမ၊ အလယ်ပြာသာဒ်ကား ဝေဇယန္တာ ဟူသော မဟာပါကာရတွင် လေသာတံခါးတွင် ခြသေ့ံခံသော ဥကင်သ၌ ထီးဖြူတစ်ဘက်လေးစင်း စိုက်စေရာ ရွှေခုံနှင့်တကွ ထားတော်မူ၏။ တောင်စွန်ပြာသာဒ်နှင့် ဆီတည့်တည့်တွင်လည်း အုတ်ဖြင့်စီ၍ အင်္ဂတေဖြင့်ကျန်သော ရွှေဖြင့်ပြီးသော သုံးထပ်ပြင် အလျားလကျော်သော လက်ဝဲသမုတ် ဦးတ (န်) ဆောင် ဆောက်၏။ မြောက်စွန် ပြာသာဒ်နှင့်တည့်တည့်တွင်လည်း အုတ်ဖြင့်စီ၍ အင်္ဂတေဖြင့် ကျန်သော ရွှေဖြင့်ပြီးသော သုံးထပ်ပြင် အလျားဆောက်သော လက်ဝဲသမုတ်ဦးတ (န်) ဆောင် ဆောက်၏။ ထိုနန်းဆောင်သမုတ်တော်တွင် ရွှေတိုင် ဟူသမျှသည်ကား အပြည့်ပြည့်ထောင်သော မင်းတို့ဆက်ရသည်။ ရွှေတိုင်များတွင် ကမ္ပည်းအက္ခရာ ထားသည်ကား "ကေတုမတီ သစ်၊ သရေခေတ္တရာသစ်၊ အရိမဒ္ဒနာသစ်၊ သာယာဝတီသစ်၊ မိုးမိတ်သစ်" ဟူ၍ ဖော်ပြပါရှိသည်။ ကမ္ဘောဇသာဒီ နန်းတော်ကြီးနှင့်ပတ်သက်၍ ဆီဇာဖရက်ဒရစ်၏ မှတ်တမ်း၌ "နန်းတော်ကြီး၌ အဆောင်ပေါင်း များစွာရှိသည်။ ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားပြီး ရွှေအတိ ချထားသည်။ ကျက်သရေရှိလှသော ပြာသာဒ်များက အဆောင်များအပေါ် မိုးနေသည့် တန်ခိုးများစွာ ကုန်ကျသော အဆောင်များ ဖြစ်သည်။ ရွှေပြားများနှင့် မွမ်းမံထားသည်။ ဘုရင့်နန်းတော် မီပါပေသည်။" ဟု တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှသမိုင်းဆရာ ဒီဂျီအီးဟာဗေကလည်း သူ၏ မြန်မာ့သမိုင်းကျမ်း၌ "သာမန်မြို့တစ်မြို့နီးပါး ကြီးမားသော ရွှေနန်းတော်တစ်ခုကို (ဘုရင့်နောင်တည်ဆောက်ထားသည်) အညွှန့်ဆုံးနေရာမှာ ရွှေပိန်းချထားပြီး လှပသောပန်းချီဆေးတို့ဖြင့် မွမ်းမံခြယ်လှယ်ထားသည်။ အချို့နန်းဆောင်တို့၏ အမိုးကို ရွှေပြားများဖြင့် မိုးထားသည်" စသည်ဖြင့် ကမ္ဘောဇသာဒီနန်းတော်ကြီး၏ ခမ်းနားကြီးကျယ်မှု၊ ကြွယ်ဝချမ်းသာမှု၊ ဘုန်းတန်ခိုးအာဏာကြီးမှု တို့ကို အံ့မခန်း ဖော်ပြထားသည်။

ကုန်းဘောင်ခေတ်၏ ပထမဆုံးမင်းဖြစ်သော အလောင်းမင်းတရားဦးအောင်ဇေယျသည် သက္ကရာဇ် (၁၁၁၅) ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၆) ရက် ကြာသပတေးနေ့တွင် ရတနာသိမ်မြို့ကို တည်လုပ်တော်မူပါသည်။ မြို့တော်နှင့်အတူ "ရွှေပုံမင်္ဂလာ" နန်းတော်ကိုလည်း တစ်ပါတည်း တည်လုပ်ခဲ့ပါသည်။

အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၄ ခု တပို့တွဲလဆန်း (၇) ရက်၊ အင်္ဂါနေ့ ထီးပေါင်းအား အရပ်တွင် မြို့ပြထီးနန်းတည်တော်မူခဲ့ပါသည်။ ရွှေမြို့တော်ကို "အမရပူရ" နန်းမြို့တော်ကို "မြနန်းဘုံစံ" ရွှေနန်းတော်ကို "အောင်နန်းစံရာ" သမုတ်တော် မူခဲ့သည်။

အလောင်းမင်းတရားကြီး ဘုရား၏ မြစ်တော် အမရပူရ ဒုတိယမြို့တည် နန်းတည်ရွှေဘိုမင်းတရားကြီး၏သားတော်မင်းတုန်းမင်းတရားကြီးသည် ကုန်ဘောင် (၁၁) ဆက်တွင် ဆယ်ဆက်မြောက်၌ ရွှေနန်းတက်၍ မင်းဖြစ်တော်မူပြီးနောက် သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် (၆) ရက် ညဉ့်သုံးချက်တီးကျော် ခုနစ်ရက် တနင်္လာနေ့သို့အဝင်၌ မန္တလေးအရပ်တွင် မြို့ပြထီးနန်း တည်တော်မူ၍ ရွှေမြို့တော်ကို "ရတနာပုံ" နန်းမြို့တော်ကို "လေးကျွန်းအောင်မြေ" ရွှေနန်းတော်ကို "မြနန်းစံကျော်" သမုတ်တော်မူခဲ့သည်။



မြန်မာမင်းအဆက်ဆက်တို့ ဆောက်လုပ်သော နန်းတော်များတွင် ဘုံခုနစ်ဆင့်ရှိ မြေနန်းပြာသာဒ်ဆောင်တော်ကြီးနှင့်အတူ ပြာသာဒ် အဆောင်များ ဘုံအဆင့်ဆင့်ရှိ အဆောင်များ ပါဝင်ရာ လွန်စွာခမ်းနား ထည်ဝါလှပါသည်။ ထို့ကြောင့်လည်း သက္ကရာဇ် ၈၇၁ ခုနှစ်တွင် လက်ရှိ ရွှေနန်းတော် ဟောင်းနွမ်းသောကြောင့် ရွှေနန်းအသစ် တည်တော်မူသော အင်းဝဘုရင် နရပတိက သူ၏ နန်းတော်သစ်သည် အလုပ်အဆောင် ချောမောပြေပြစ်ကျစ်လျစ်ထူးဆန်းလှသောကြောင့် "ရွှေနန်းကြော့ရှင်" ဟူသော ဘွဲ့ကိုပါ ခံယူတော်မူခဲ့သည်ဟု ဆိုပါသည်။

## အိမ်တော်

မင်းညီ၊ မင်းသား၊ မင်းမြေး၊ အိမ်ရှေ့မင်းများနေသောအိမ်ကို "အိမ်တော်"ဟုခေါ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ရွှေနန်းသုံးအဘိဓာန်ကလည်း "အိမ်ရှေ့မင်း၊ မင်းသား၊ မင်းသမီးတို့ စံနေတော်မူသည့် အိမ်ကိုသာ "အိမ်တော်" ဟုခေါ်ဝေါ်ရေးသားမြဲဖြစ် ကြောင်း" ဖွင့်ဆိုထားပါသည်။

မြန်မာမင်းများက မင်းသား၊ မင်းသမီး၊ အိမ်ရှေ့မင်းတို့ကို "အိမ်တော်" ပေးသနားရာ၌ ကန့်သတ်ချက်၊ သတ်မှတ်ချက်များရှိပါသည်။

မာန်အောင်ရတနာ ဘုရားဒါယကာမင်းတရားလက်ထက် ညီတော်ရှင်နန်းဆက်ကိုချီးမြှင့်သောအိမ်ရှေ့အိမ်တော်မှာ "အိမ်ရှေ့အိမ်ရာတွင် အိမ်ရှေ့ဆင်ကဲ့သို့ ဆောက်လုပ်၍ အုပ်ကြွပ်မိုးသည် အမွှမ်းခြင်ပိတ်၊ တိုင်ဘုံး၊ ကမ္ဘကြီးငယ်ကို အနီသုတ်သည်" ဟူ၍ တွေ့ရပါသည်။

မိဖုရားများတွင် မြင်သောမင်းသားများမှာ အရွယ်မရောက်မီသာ အတွင်းတော်မှာနေရပြီး၊ အရွယ်ရောက်သည့်အခါ ပြင်အိမ်တော်မှာသာ နေရပါသည်။ ယင်းတို့အတွက် အိမ်မှာ "အမွှမ်းခြင်ပိတ်၊ ပင်းချော တူရင်းပြားတတ်သည် အိမ်ခြံကိုမြင်းခြံကပ်ကာ၍ မာရမင်သန်းသည်

www.burmeseclassic.com

www.burmeseclassic.com

ခြံတခါး၊ရှက်နှစ်ဖက်နှင့် ရက်ဖောက်သုံး တန်လျှိုသည့်" အိမ်တော်မျိုး ဖြစ်ပါသည်။

မြင်းမှူးနေရာရသည့်အရွယ်ရောက်မင်းသားများမှာ "အိမ်ဆင်ဝင်တိုက်၊ ဗုန္ဓုဘက်ကန့်၊ အိမ်ခြံကပ်စိပ်ချွန်၊ ရက်ဖောက်လျှို ကြက်ခြေတန်းကာသည့်" အိမ်ဖြင့်နေရပါသည်။ ယင်းမင်းသား၊ မင်းသမီးတို့နေရသောအိမ်မှာ ရွှေနန်းတော်၏ မြောက်ဘက်ဝင်းမှာ ဖြစ်ပါသည်။

သက္ကရာဇ် (၉၁၁)ခုနှစ်တွင် ရွှေနန်းတော်တက်တော်မူသော ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်၊ သမီးတော်ကို လက်ထပ်ပြီးနောက် ရွှေနန်းတော်မြောက်ဘက်တွင် ဝင်းအိမ်နေရာ ဆောက်လုပ်ထား တော်မူသည်။ သည်ကိုရည်၍ သားတော်၊ ချွေးမတော်၊ သမက်တော်များကို မြောက်သားတော်ချည်းတွင်ခြင်းဖြစ်သည် ဟု ဆိုထားပါသည်။

အိမ်ရှေ့မင်းသားများ၏ "အိမ်တော်" မှာလည်း နန်းတော်၏ မြောက်ဘက်မှာသာ ရှိပါသည်။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၌ "ထီးနန်း အဆက်ဆက်က အိမ်ရှေ့အိမ်တော်မှာ ရွှေနန်းတော်မြောက်ဘက်မှာ ရှိမြဲ ဖြစ်၍ ဌာနူပစာသဒ္ဒါနည်းအားဖြင့် ယင်းသည့်အိမ်ရှေ့ အိမ်တော်ကို "မြောက်အိမ်တော်"ဟူ၍လည်း ခေါ်ဝေါ်ပါသည်။ ထို့ကြောင့် အိမ်ရှေ့ ထိပ်ထား ရေးသားသော စိန်ခြူးကြာညောင်အစ ချီသည့် ဘောလည်သီချင်းတွင် "မြောက်အိမ်တော် စံရိပ်က လွမ်းစိတ်နှင့် ဆွေး" ဟူ၍ ဖွဲ့ဆိုခြင်းဖြစ်သည်"ဟူသော ရေးသားထားပါသည်။

လောကဗျူဟာအင်ရုံစာတမ်း၌လည်း

"အိမ်ရှေ့အိမ်တော်ဆောက်လတ်မည့်အရာမှာ ရွှေနန်းတော် မြောက်လက်ဝဲ ဝင်းတံခါးအတွက် လမ်းကသည် မြောက်မြို့နား ရောက်လမ်းမ လွှတ်ထား၍ လမ်းမအနောက် မြေပြင်တွင်



အိမ်တော်ရာ မှတ်သည်။ တောင်မှာလည်း နန်းတော်မြောက်တန်း အိမ်စည်လက်တွင်းတန်းအိမ်စည်သည်။ မြောက်တတာခွာ၍ လမ်းမထားရသည်။ လမ်းမမြောက်နားကို အိမ်ရှေ့ကိုယ်ရံတန်း ဆောက်သာအောင် ချန်ထား၍သည်တောင်မြေလပ်ကို အိမ်တော် ရာမှတ်သည်" ဟူ၍ တွေ့ရပါသည်။

အိမ်ရှေ့မင်းအိမ်တော် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ လောကဗျူဟာ (အင်ရုံ) စာတမ်းတွင်—

"အိမ်တော်ဆောက်ရာမှာ ၁၁ ထုပ်စအဆက်၊ အရှေ့အဆက်မှာ လျောင်းတော်ဦးဆောင်၊ အလယ်ဆက်မှာ အမဆောင်၊ အနောက်ဆက်မှာ အနောက်ဆောင်၊ အရှေ့လျောင်းတော်ဦးဆောင်၊ အနောက်ဆောင်ကို ပုန္ဓုကန့်သည်၊ အဆောင်ပတ်လည်ကို ကြမ်းပြင်လည်၍ လျောင်းတော်ဦးဆက်၊ အရှေ့မျက်နှာကြမ်းတွင် လှေကားတည်သည်၊ အမဆောင်တွင် မာရဘင်ပျဉ်ထောင်ကာ သန်း၍ အလယ်ချက်ကို ဝိတင်းကြီးထားသည်။ ဝိတင်းကြီး လက်ကွင်းတို့ကို ဘဏ္ဍိုင်ဖြူတည်၍ မျက်နှာကြက်ခါသာကို ကြာယပ် တစ်ဆင့်ထုနှင့် မျက်နှာကြက်ဆွဲသည်။ အမဆောင် လက်ဝဲလက်ယာ ကြမ်းပြင်လက်ပြင်က ဒဝယ်ဆောင်နှစ်ဆောင် စီရင်သည်။ လက်ဝဲက အရှေ့စွန်းဒဝယ်ဆောင်မှာ လေသာ တစ်ဆောင်အတွင်း ဝန်တို့နေသည်၊ လက်ယာဘက်က အရှေ့စွန် ဒဝယ်ဆောင်မှာ ဥပုသ်တော်စောင့်အဆောင်၊ အနောက်တောင် အနောက်ကြမ်းပြင် လက်ပြင်က ဒဝယ်ဆောင်လျား တစ်ဆောင် ဆောက်လုပ်သည်။ အိမ်ဆောင်မှာ ထုပ်စွပ်လျောက်စွပ်ရနယ်ခံ၍ ရိုင်နှစ်ထပ်မိုးသည်။ ရိုင်းပေါ်တွင် သက်ငယ်မိုး၍ ကြ[illegible]နင်း မျက်ကွက် မ ကပ်တင်သည်၊ အမွမ်းခြင်းပိတ်ကိုသပိုး ပျဉ်ကိုလုပ်၍

www.burmeseclassic.com

www.burmeseclassic.com

ကြိုးငင်လိုက်သည်၊ တူရင်လုံးထည့်သည်၊ စိန်ဖူးမတပ်ရ၊ အမွမ်းခြင်ပိတ်ကိုအနီ မသုတ်ရ၊ အတွင်းရိပ်နေ ပျဉ်ထောင်မှစ၍ ရနယ်ထုပ်လျောက်ဝန်း မျက်နှာကြက်များမှာ မြေဖြူသုတ်၍ ကမွတ်ကြီးငယ်ကို အနီသုတ်သည်။ ဝိတင်းကြီးမာရဘင်ကိုလည်း မြေဖြူသုတ်၍ ကမွတ်ကြီးငယ်ကိုလည်း အနီသုတ်သည်" ဟူ၍ တွေ့ရပါသည်။

ရှေးအင်းဝမင်းတို့မှစ၍ ရမည်းသင်းမင်းတရားတိုင်အောင်သားတော်ညီတော်တို့ကို အိမ်ရှေ့အရာ ပေးရာတွင် အိမ်ရှေ့အိမ်ကို အိမ်ဖြူဆောက်လုပ်ကြောင်းနှင့် မာန်အောင်ရတနာ ဘုရားဒါယကာ မင်းတရားလက်ထက် ညီတော်ရှင်နန်းဆက်ကို အိမ်ရှေ့အရာပေးသည့်အခါ အထက်ဖော်ပြပါအိမ်အတိုင်း ဆောက်လုပ်ပြီး အင်ရုံစာတမ်းတွင် အမိုးအုပ်ကြွပ်နှင့် အမွမ်းခြင်ပိတ်တုရင်နှင့် အင်္ဂါများကို အနီသုတ်ကြောင်း မှတ်သားရပါသည်။

အိမ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများနှင့်ပတ်သက်၍လည်း "ဝင်း ၄ မျက်နှာမှာ မြင်းကြမ်းကပ်ကာသည်။ အထက်ကိုပျဉ်ကမွတ်ကြီးသတ်သည်။ လျှောင်တော်ဦး လှေကားဆီတည့်တွင်ဝင်းတံခါးအနောက်မျက်နှာကသည်၊ အလယ်ချက်တွင် နောက်ဝင်းတံခါး ၁။ ဝင်းတံခါး ၁၂ ဆူထားသည်။ အတွင်းတွင် လက်ဝဲကအိမ် ၄။ လက်ယာအိမ်က ၄ ဆောင် ပေါင်း (၈) ဆောင် အိမ်ဆောင်ဆောက်သည်၊ သည်အတွင်းကို မာရဘင်ကပ်ကာသန်း၍ အတွင်းကဝင်းတံခါး ၅ ထားသည်။ ဝင်းတော်ပြင်က ရှေ့ဝင်းတံခါး ၁။ ပြင်လက်ယာဘက်ကရုံးမ ၁။ လက်ဝဲဘက်ကရုံးငယ် ၁။ အနောက်တံခါး လက်ယာဘက်ကအနောက်ရုံး ၁။ ဒဝယ်လည်ပေါ်အမွမ်းခြင်ပိတ်တူရင်ပြားထည့်သည်၊ ဝင်းအတွင်းက လေသာဆောင်



မြောက် မာရဘင်အတွင်းတွင် သေနတ်ဆောင် ၂ ဆောင်၊ လျှောင်တော်ဦး လက်ဝဲလက်ယာမာရတင်းနားတွင်ကိုယ်ရံနေတန်း ၂ ဆောင်စီ၊ လျှောင်တော်ဦးလက်ဝဲဘက်ဝင်းနားတွင် သေနတ်တန်းဆောင် ၁။ သည် မြောက်ကိုကိုယ်ရံနေ ၂ ဆောင်၊ လက်ယာဘက်ကလည်း သည်နည်းဆောက်လုပ်သည်။ လျှောင်တော်ဦး လက်ဝဲဘက်မြောက်ဝင်းအနားတွင်ကို လက်ဆောင်ယူတိုက်၊ သည်အနောက်ကို မြင်းဇောင်းတော်၊ လက်ယာဘက်ကလည်း ဆင် ၃ စီးချည်တင်းကုပ်၊ သည်အနောက်ကို စည်တော်တိုက် ဆောက်လုပ်သည် ဝင်း ၄ မျက်နှာ ပတ်လည်ပြင်ဝင်းနားတွင် လက်ဝဲဘက်ကကိုယ်ရံ နေတန်း (၁၀) ဆောင်၊ လက်ယာဘက်က ကိုယ်ရံနေတန်း (၁၀) ဆောင်၊ ရှေ့ဝင်း တံခါးပြင် လက်ဝဲဘက်ဝင်းနားတွင် ကောင်ဟန်နေတန်း ၃၊ လက်ယာဘက်က ကောင်ဟန်နေတန်း ၃။ အနောက်တံခါးပြင် ကလည်း ဒီနည်းတူဆောက်လုပ်သည်" ဟူ၍ ပါရှိပါသည်။

"အိမ်တော်" အဆောင်အရွက်များနှင့် ပတ်သက်၍ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးလက်ထက် ညီတော်အဝမင်းကို ပေးသည့် အဆောင်အရွက်၌ "အဝမှာ စကြော သုံးထပ်ကြမ်းပြတ် အဖြူမိုး နေရသည်" ဟူ၍ တွေ့ရပါသည်။ မြို့စားမင်းသားတို့နေရန်ပေးသော အိမ်မှာလည်း "စကြောနှစ်ထပ်အိမ်ဖြူ" "စကြောသုံးထပ်အိမ်ဖြူ" များ ဖြစ်ပါသည်။ မိဖုရားများကို ပေးသောအိမ်မှာ "စကြောကြမ်းပြတ် လေသာစနု" "စကြောသုံးထပ်အိမ်ဖြူလေသာ" ဖြစ်ပါသည်။

မင်းတရားရွှေထီးလက်ထက် တောင်ငူဘုရင်မင်းရဲသင်္ဂသူကို ပေးသောအိမ်မှာ "အိမ်ဖြူ ဒဝယ်သုံးဆောင်" ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်းလက်ထက် မယ်တော်လောင်းရှည် မိဖုရား သီရိမဟာမင်္ဂလာသူပဘာ ဒေဝီစံတော်မူရန် အိမ်မှာ "အိမ်ဖြူတော်" ဖြစ်ပါသည်။ ထိုအိမ်ဆောက်ရန်အတွက် သက္ကရာဇ် ၁၂၄၁ ခုနှစ်၊ တပို့တွဲလဆန်း (၅) ရက်နေ့တွင် မင်းတရားကြီးက ခန်းပတ်ဝန်ကြီး သတိုးမင်းကြီး မင်းလှဥဇနာ နှင့် စိုလေးဆယ်ဒိုင်းဝန် ပုဂံမြို့စားတို့ကို ငွေတော် အမြောက်အမြား ထုတ်ပေးတော်မူကြောင်း၊ ကဆုန်လဆန်း (၇) ရက်နေ့ပြီးစီး၍ အိမ်တော်တက်မင်္ဂလာအခမ်းအနားဖြင့် ကျွန်တော်မျိုးအပေါင်း ခြံရံလျက် ထီးဖြူအုပ်မိုး၍ ဝေါတော်နှင့် အိမ်ဖြူတော်ကို လက်ယာရစ်လှည့်ပြီးလျှင် တက်သိမ်းတော် မူကြောင်း "ရတနာသိင်္ခမဟာရာဇဝင်" မှာ လာပါသည်။

ဘုရင်မင်းမြတ်များနေသောအိမ်ကိုလည်း "အိမ်တော်" "ရွှေအိမ်" ဟူ၍ မြန်မာရာဇဝင်များ၌ ရေးသားသည်ကို တွေ့ရပါသည်။ မဟာရာဇဝင်သစ် (တောင်ငူဆက်) ဒုတိယတွဲ စာမျက်နှာ ၁၁၆ ၌ "ရွှေနန်းတော်တောင် ဝင်းတွင် ရွှေအိမ်ဆောက်၍ ထိုနှစ်တပေါင်းလ အိမ်တက်သည်" ဟူ၍ တွေ့ရပါသည်။ ဘုရင့်နောင်မင်းတရားကြီး၏စံအိမ်ဖြစ်ပါသည်။ အလားတူ စာမျက်နှာ (၁၂) ၌လည်း "ဝါဆိုလဆန်း ၅ ရက်နေ့ ဝင်းတော်ဟောင်းတွင် အိမ်တော်ဆောက်သည်။ တစ်ဆဲ့လေးရက်နေ့ အိမ်တော်တက်သည်' ဟူ၍ တွေ့ရပါသည်။ နန်းတော် မဆောက်လုပ်ရသေးမီ ယာယီနေထိုင်တော်မူသော အိမ်၊ နန်းတော်မရှိသောအရပ်၌ ဆောက်လုပ်နေထိုင်သော ယာယီ စံအိမ်တော်များကို ခေါ်ကြောင်း နားလည်ရပါသည်။

## တော်အိမ်

"တော်အိမ်" မှာ "တော်" နှင့်စပ်သော မင်း မှူးမတ် အရာရှိများ၏ နေအိမ်ကို စုဖွဲ့၍ အမည်တပ်လိုက်ခြင်း ဖြစ်ပါသည်။ မြန်မာမင်းများခေတ်က မှူးတော်၊ မတ်တော်တို့ နေထိုင်သည့်အိမ်ကို မည်သည့် ဝန်ကြီးအိမ်၊



မည်သည့် အတွင်းဝန်အိမ်၊ မည်သည့် ဝန်ထောက်အိမ်ဟူ၍ **ခေါ်ဝေါ်** ရေးသားခဲ့ ဖြစ်ပါသည်။

လောကဗျူဟာကျမ်း (အင်ရုံစာတမ်း) ၌ မှူးတော် မတ်တော်များမှာ အိမ်ဆင်ဝင်ပါ တိုက်နှာယောင် ဗုဒ္ဓနှစ်ဘက်ကနှဲ၊ အကာ ပျဉ်ထောင်ကပတ်ကြီး၊ ကပတ်ယယ်သတ်သည် အိမ်ခြံကို ဝါးစိတ်အဖျားချွန်ရက်ဖောက်လျှို၍ ကြက်ခြေကန်၍ ရက်သည့်ကပ်ကို ကာသည့် အိမ်တွင်နေရကြောင်း။

တော်နေရာတို့အိမ်မှာ "အိမ်လံဘူးလည်၊ အမွှမ်းဘုရင်ဖျား သင်းကြောတပ်သည်၊ အိမ်ခြံ မြင်းခြံ ကပ်ကာသည်၊ ခြံတံခါး ရှက်နှစ်ဖက်ရက်ဖောက်သုံးတန်လျှိုသည့်" အိမ်မှာနေရကြောင်း ပါရှိပါသည်။

ဘိုးတော်မင်းတရား (ဗဒုံမင်း) လက်ထက်တွင် သင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုရှိသောအိမ်မှာ "ယွန်းသုံးဆက်အိမ်" ဖြစ်ကြောင်း သိရပါသည်။

မွန်တို့ဒေသ ရာမညနယ် တိုက်ကုလားမြို့တွင် သူရဲကောင်းလဂွန်းအိမ်ကို မွန်ဘုရင် ရာဇာဓိရာဇ် ချီးမြှင့်သောအိမ်မှာ "ခေါင်ဆယ့်ငါးဆက်ရှိသောအိမ်" ကြီးဖြစ်ပါသည်။

ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၌ "တိုက်ကုလားသို့ရောက်တော်မူလျှင် ခေါင်းငါးဆက်ရှိသော အိမ်ကြီးတစ်ဆောင်ကို အဆောတလျင်ဆောက်စေ၏။ အိမ်ကပြင်နှင့်တံစက်မြိတ်များကို ကျယ်ဝန်းစွာပြုလုပ်စေ၏။ သူ့ရှင်၏ ယာယီအိမ်နန်းပြုမည်ဟု မိန့်၏။ သမိန်ဗြာဇ္ဇနှင့် စစ်သည်တပ်သားများလည်း သူ့ရှင်၏အမိန့်အတိုင်း သစ်ဝါးများကို စုဆောင်းကာ အိမ်ကြီးကို ဆောက်လုပ်ကြ၏။ ဆောက်လုပ်ပြီးစီးသောအခါ တင့်တယ်စွာ ခင်းကျင်းမွှမ်းမံစေ၏။ ကန့်လန့်ကာများကာရံစေ၍ ခုတင်ထွေရာ၊ ခေါင်းအုံး မွေ့ရာ၊ ဖျာ၊ ကော်ဇောတို့ဖြင့် ပြည့်စုံအောင်ပြုပြင်ထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မင်း၏အိမ်နှင့် တူလှပေသည်” ဟူ၍ ဆိုထားသည်။ ထိုမင်းအိမ်နှင့်တူသော အိမ်ကို လင်္ကာမ်းအိမ်အား ဥပါယ်တမြည်ပြုပြီး ပေးခြင်းဖြစ်သည်။

## ဟော်

စော်ဘွားများနေထိုင်သောအိမ်ကို “ဟော်”ဟူ၍ ခေါ်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ မြန်မာအဘိဓာန်တွင်လည်း “ရှမ်းစော်ဘွား နေထိုင်ရာ စံအိမ်” ဟူ၍ ဖွင့်ဆိုထားပါသည်။ “ဟော်” ဆိုသည်မှာ ရှမ်းစကားဖြစ်ပြီး စော်ဘွား သို့မဟုတ် မင်းညီမင်းသားတို့နေထိုင်သည့် အိမ်တော်ဖြစ်ပါသည်။ ပြည်နယ် သို့မဟုတ် မြို့နယ်တစ်ခု၏ နန်းတော်ဟူ၍လည်း ဆိုနိုင်ပါသည်။ ဟော်နန်းတွင် စော်ဘွား၏ညီများ၊ ဆွေမျိုးရင်းချာများ နေကြပါသည်။

သူတို့သည် မြန်မာဘုရင်ကို ပဏ္ဏာဆက်ရသည့်လက်အောက်ခံဖြစ်ပါသည်။ သို့သော်လည်း သူတို့ပြည်နယ်များတွင်ကား ပဒေသရာဇ် (ပဒေသရာဇ် – မင်းငယ်) များဖြစ်ပြီး သက်ဦးဆံပိုင် အုပ်ချုပ်ပါသည်။ မြန်မာမင်းတို့ အစဉ်အလာအတိုင်း ဟော်နန်း (နန်းတော်)၊ ရာဇပလ္လင် စသည့် အဆောင်အယောင်များကို ပဒေသရာဇ်တို့ လက်ခံကျင့်သုံးပါသည်။ မဟာဒေဝီ ဟူသော မိဖုရားခေါင်ကြီးအပြင် ဒေဝီငယ်များ နှစ်ဦး၊ သုံးဦး ပေါင်းဖက် စံမြန်းပါသည်။

စော်ဘွားများက မြန်မာဘုရင်ထံ သမီးတော်ဆက်ရသည်။ မြန်မာဘုရင်က သမီးတော်ကို နန်းတော်မှာထားပါသည်။ လက်အောက်ခံမင်းငယ်တစ်ပါးအနေဖြင့် မြန်မာဘုရင်က စော်ဘွားများကို နန်းတော်ငယ် (ဟော်) နှင့် ရာဇပလ္လင် စသည့် အဆောင်အယောင်များကို ပေးသနားပါသည်။ မြန်မာဘုရင်သနားတော်မူသည့် “ဟော်နန်း” ဆောက်လုပ်ရာ၌ ကန့်သတ်ချက်များတော့ရှိပါသည်။



၁၂၂၀ ပြည့်နှစ် မိုးနဲစော်ဘွားကို သနားတော်မူသောအစီအရင် အဆောင်အရွက်ပေး အမိန့်တော်တွင် –

“အိမ်ဟော်ကွန်း ၅ စည်ခေါင်ယွန်း ဆက်လည်ပေါ်ဟော်ရှေ့ဆောင် ဦးယွန်း ၉ စည်လည်ပေါ်ဆောင်မရှေ့လက်ဝဲ၊ လက်ယာမြားစိုက် လည်ပေါ်ဟော်ဆောင်မ လက်ဝဲလက်ယာ ၄ နောက်ဆောင် ၄ လည်ပေါ် ဟော်အိမ်ဖြူချည်တပ်အမွမ်းထုပြောက်ခြင်းပိတ်၊ ပန်းဆွဲတုရင်တပ် အမွမ်း ရွှေဇဝါ၊ ခါးပန်းအနီသုတ်၊ ရွှေပွင့်ရေမှုတ်ရိုး၊ အပြောက်အရိုးအနီ သုတ်၊ အုတ်ကြွပ်အင်္ဂတေခေါင်ပေါ်တွင် ပြာသာဒ်ငယ်ရွှေချ၊ ငှက်မြတ်နား စိုက်၊ ကွန်းစည်ရွှေပိန်းမာရဘင် ဟင်္သာရုပ် ၄ ရွှေရေးပြတင်း၊ ရွှေချလူရုပ် မားထမ်းတံခါးရင်ဖုံး အပြောက်ထုရွှေချ၊ ငှက်မြတ်နားစိုက်၊ စည်းလည် ရွှေညောင်ရွက်ပါထုတ်စုခေါင်းလောင်းဆွဲ၊ မျက်နှာကြက်ရွှေချ၊ ဖတိုင် ရွှေရေး၊ ဟော်ဦးရာဇပလ္လင်အမြင့် ၃ တောင်၊ အကျယ် ၄ တောင်သားရိုး ပြောက်ရွှေချ” ဟူ၍ “ဟော်” နှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံနှင့်တကွ အဆင်တန်ဆာများကို တိကျသေချာစွာ သတ်မှတ်ဖော်ပြထားသည်။

ရုံးနှင့်ပတ်သက်၍လည်း “ရုံးနှစ်ထပ်လည်ပေါ်ယွန်းဆက် အမိုးအုတ်ကြွပ်၊ အင်္ဂတေ၊ အတွင်းသရွေး အနီသုတ်၊ မာရဘင်ဆီး ရာဇပလ္လင် အမြင့် သုံးတောင်အကျယ်၊ လေးတောင်အင်္ဂတေ အနီသုတ် မိုးနဲမြို့တံခါး၁၀ မှာ အုတ်စီ၍ သစ်တပ်တည်လုပ်စေ၊ ဟော်ဝင်းအုတ်စီအမြင့် ၅ တောင် တာဝန်း ၁၅၀ တာ၊ တာတံခါးလေးမျက်နှာမှာ ဟော်အိမ်ခြေ အုတ်အင်္ဂတေ မွမ်းမံလုပ်ဆောင်စေ” ဟူ၍တွေ့ရသည်။

ယင်း “ဟော်” ၏ ဖွဲ့စည်းပုံကို ကြည့်ပါက စော်ဘွားများနေသော “ဟော်” တွင် ထီးအစား၊ ငှက်မြတ်နားသာထည့်ရကြောင်း တွေ့ရမည်ဖြစ်ပါသည်။ အလားတူ ထီးအောက်က အရာဝတ္ထုသည် ထုပိကာဖြစ်ပါသည်။ ထုပိကာကိုလည်း မှန်စီခွင့် လူတိုင်းမရကြကြောင်း ရွှေချခွင့်သာရကြောင်း မှတ်သားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်စော်ဘွားတစ်ဦးမှာမူ ပြာသာဒ်၊ ထုပိကာမှာ ထီးစိုက်ခွင့်ရဖူးသည်။ ဗန်းမော်စော်ဘွားကို ထီးစိုက်ခွင့်ပေးသည်မှာ ဗန်းမော်စော်ဘွားကို အကြောင်းပြု၍ အခြားစော်ဘွားများက ကျွန်တော်မျိုး ခဲ့သည့်အတွက် အထူးသူကောင်းပြုခြင်း ဖြစ်ပါသည်။

အင်္ဂလိပ် – မြန်မာ တတိယစစ်ပွဲ (၁၈၈၅) ခုနှစ် ပြီးဆုံးသည့်နောက် မြန်မာနိုင်ငံတစ်ခုလုံးသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ကျရောက်သွားသည့်အခါ ရှမ်းပြည်နယ်မှ စော်ဘွားများသည်လည်း အင်္ဂလိပ်လက်အောက်ခံ ဖြစ်သွားကြပါသည်။ အင်္ဂလိပ်လက်အောက်ခံ ဘဝတွင်လည်း ပဒေသရာဇ်စော်ဘွားအဖြစ် ဆက်လက်ရပ်တည်ခဲ့ရာ အင်္ဂလိပ်ခေတ်ကုန်သည်အထိ ဖြစ်ပါသည်။

စော်ဘွားများသည် မြန်မာမင်းများခေတ်ကကဲ့သို့ပင် ပဒေသရာဇ်စော်ဘွားများ၏ အခွင့်အရေးကို ရခဲ့ကြပါသည်။ မျိုးရိုးစဉ်ဆက်အလိုက် ရာထူးများဆက်ခံပိုင်ခွင့် ရရှိခဲ့ကြပါသည်။ တရားစီရင်ပိုင်ခွင့်နှင့် အခွန်တော်ကောက်ခံခွင့် စော်ဘွားများရရှိကြပါသည်။ ဆိုရပါက စော်ဘွားများသည် ဗြိတိသျှကေရာဇ်၏ လက်အောက်မှ မင်းငယ်များပင် ဖြစ်ပါသည်။ မင်းငယ်များဖြစ်သည်နှင့်အညီ မင်းငယ်များ၏ အဆောင်အယောင်အပြည့်ခံစားခွင့်ရကြပါသည်။ ယင်းအဆောင် အယောင်များတွင် "ဟော်နန်း" နှင့် ရာဇပလ္လင်များလည်းပါသည်။

၁၉၃၈ ခုနှစ်ခန့်က ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး ဝန်ထမ်းဖြစ်သည့် အိန္ဒိယ ပင်ညာဉ်ခံ ဝန်ထမ်း (Indian Civil Service = ICS) တစ်ယောက်ဖြစ်သော မောရစ်ကောလစ် (MAURICE COLLIS) သည် မြန်မာနိုင်ငံ ရှမ်းပြည် စော်ဘွားများရှိရာသို့ လာရောက်လေ့လာခဲ့ဖူးပါသည်။ လေ့လာတွေ့ရှိချက်များကို သူ၏ (LORDS OF THE SUN-SET) စာအုပ်တွင် ကျယ်ကျယ် ပြန့်ပြန့် ရေးသားခဲ့ပါသည်။



မောရစ်ကောလစ်က သူ၏စာအုပ်တွင် ရှမ်းစော်ဘွားများ၏ ဟော်နန်းနှင့်ပတ်သက်၍ "ရှမ်းဟော်နန်းများကို အတန်းအစားအမျိုးမျိုး ခွဲခြားနိုင်သည်။ ပထမ မန္တလေးပုံစံစစ်စစ်၊ ဒုတိယစနစ်ပုံမှာ မန္တလေးပုံစံနှင့်တူပြီး ဥရောပအစိတ်အပိုင်းများဖြင့် မွမ်းမံထားခြင်းဖြစ်သည်။ အကောင်းဆုံးနမူနာအဖြစ် မိုးမိတ်ဟော်နန်းကို ပြနိုင်သည်။ ထို့နောက်စိတ်ကူးယဉ်ပြီး အဆင်တန်ဆာအမျိုးမျိုး မွမ်းမံထားသည့် ဟော်နန်းမှာ မိုင်းနောင်ဟော်နန်းဖြစ်သည်။ စော်ဘွားက ရှမ်းလူနေမှုဘဝနှင့် ကိုက်ညီသည့် ရဲတိုက်ကြီးတစ်ခု တည်ဆောက်ထားခြင်းဖြစ်သည်။ နောက်ဆုံးမှာ ခေတ်မီအင်္ဂလိပ်ကျေးလက်အပန်းဖြေစံအိမ်ပုံစံအတိုင်း ဆောက်လုပ်ကြသည့် ဟော်နန်းများဖြစ်သည်" ဟူ၍ ဖော်ပြထားပါသည်။

မောရစ်ကောလစ်က ရှမ်းပြည်နယ်ရှိ ဟော်နန်းအားလုံးကို မတွေ့ဘူးကြောင်း ဝန်ခံထားပြီး တွေ့ဖူးသမျှထဲတွင် မန္တလေးခေတ် မကုန်ဆုံးမီဆောက်သည့်ဟော်များမှာ အနုပညာမြောက်ကြောင်း ဖော်ပြထားပါသည်။ "ရှမ်းပြည်မြောက်ပိုင်းတွင် သီပေါ ဟော်နန်းပြီးလျှင် သိန္နီဟော်နန်းသည် စိတ်ဝင်စားစရာ ကောင်းသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ယင်းကို ဆောက်လုပ်သည့်အချိန်မှ မန္တလေး ရတနာပုံခေတ်ကဖြစ်ပြီး လက်ရာမှာ ရတနာပုံခေတ် လက်ရာကောင်း ဖြစ်ကြောင်း" လည်း ဆိုထားသည်။

တောင်ကြီးတွင် စော်ဘွားများ၏ "ဟော်" များစွာ ရှိပါသည်။ ပြည်နယ်ကောင်စီအစည်းအဝေးတက်ရန် လာသည့်အခါ တည်းခိုနေထိုင်ရန်အတွက် စော်ဘွားများ၊ မြို့စားနယ်စားများ ဆောက်လုပ်ထားသည့် အိမ်များဖြစ်ပါသည်။ အလည်အပတ်လာသည့်အခါများတွင်လည်း ယင်းဟော်များတွင်လည်း တည်းခိုနေထိုင်ကြသည်။ ဟော်နန်းဆိုသော်လည်း သစ်သားဘန်ဂလိုများသာ ဖြစ်သည်။ အသင့်အတင့် ကျယ်ဝန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေကြီးမှာ ခြောက်ပေအမြင့်ရှိပြီး အဝင်တံခါးဆီသို့ အုတ်လှေကားမှာ တက်ရသည် ဟူ၍ ပါရှိပါသည်။

မောရစ်ကောလစ်၏ မှတ်တမ်းတွင် "ပင်းတယမြို့လည်၌ ဘုံဆောင် ပြာသာဒ်နှင့် ဟော်နန်းတစ်ခုရှိကြောင်း၊ ဟော်နန်းမှာ နှစ်ထပ် သစ်သားအိမ်မြင့် တစ်ခုဖြစ်ပြီး ပထမထပ်တွင် တိုင်များဝိုင်းရံထားသည့် ခန်းမကြီးတစ်ခုရှိကြောင်း၊ ယင်းခေါင်မိုးပေါ်တွင် ဘုံဆောင်များဆင့် နေသော ပြာသာဒ်တစ်ခု မိုးဆီသို့ တိုးတက်နေကြောင်း၊ ဘုံငါးဆင့်ရှိပြီး ထုပိကာတင်ကာ ယင်းပေါ်၌ ရွှေထီးအထွတ်တင်ထားကြောင်း မန္တလေးနန်းတော်ပုံစံငယ်ကလေးတစ်ခု ဖြစ်ကြောင်း " ရေးသားတင်ပြထားသည်ကိုလည်း တွေ့ရ ပါသည်။

လဲချားစော်ဘွား၏ ဟော်နန်းမှာ "သစ်သားဝါးတို့ဖြင့် ဆောက်လုပ်ထားသည်။ အပေါ်ထပ်တွင် ညီလာခံ ခန်းမရှိသည့် ဟောင်းနွမ်းနေသည့် နန်းတော်အိုကြီး တစ်ခုဖြစ်သည်" ဟူ၍ ဆိုထားပါသည်။ အပေါ်ဆီသို့ ယိမ်းယိုင်နေသော လှေကားတစ်ခုမှ တက်ရကြောင်းလည်း ရေးသားထားပါသည်။

မိုင်းနောင်မြို့စား၏ ဟော်နှင့် ပတ်သက်၍

"ဟော်နန်း၏ ပုံစံမှာ ရှမ်းပုံစံဖြစ်ပြီး ခေတ်မီအောင် ပြုပြင်ထားသည်။ ခေတ်ဟောင်းနှင့် ခေတ်သစ်တို့ ပေါင်းစပ်ထားသည့် ပုံစံဖြစ်သည်။ နောင်အခါ မြောက်ပိုင်းသို့ ရောက်သွားလျှင် စော်ဘွားများသည် အင်္ဂလိပ်ပုံစံအတိုင်း အပန်းဖြေစံအိမ်များနှင့် တူသည့် ဟော်နန်းများ ဆောက်လုပ်နေထိုင်ကြသည်ကို တွေ့ရသည်" ဟူ၍ ဆိုထားသည်။

သီပေါဟော်နှင့်ပတ်သက်၍ "ဟော်နန်းအဟောင်းဖြစ်သည်။ ညီလာခံ အခမ်းအနားတွင်သာ အသုံးပြုသည့် အဆောက်အအုံဖြစ်သည်။



ဟော်ထဲတွင် စော်ဘွား၏ မိသားစု နေထိုင်ကြသည်။ စော်ဘွားမှာ တစ်ဦးတည်း သီးသန့်ဟော်နန်းကြီးတွင်နေသည်။ ယင်းမှာ ဟော်နန်းဟောင်းနှင့် ကပ်လျက်အဆောက်အအုံ ဖြစ်သည်" ဟော်နန်းတစ်ခုလုံးသည် အကွက်အတွင်း ကျပြီး သူနေရာနှင့်သူ အစီအစဉ်ကျကျနန ဖွဲ့စည်းတည်ဆောက်ထားသည်။ အလယ်အလတ် အင်္ဂလိပ်တောရပ် အပန်းဖြေရိပ်သာတစ်ခုနှင့် တူသည်" ဟူ၍ မှတ်ချက်ချထားသည်။

နမ့်ဆမ်ဟော်နှင့် ပတ်သက်၍လည်း

တွေ့ဖူးသမျှတို့နှင့် ကွဲပြားသည့် အဆောက်အအုံ တစ်ခုဖြစ်သည်။ မကြာသေးမီကမှ ဆောက်လုပ်ပြီးစီးသည်။ ခေတ်မီအိမ်တစ်ခုကို ရှမ်းဟော်နန်းအဆောင်အယောင်များနှင့် ပေါင်းစပ်ကာ တောင်ပိုင်းစော်ဘွားဆောက်လုပ်ထားခြင်းဖြစ်သည်။ ဟော်နန်းသည် ရှည်လျားပြီး တစ်ထပ်ဖြစ်သည်။ ရာဇပလ္လင်သည် ပြာသာဒ်ဆောင်တွင် တည်ရှိသည်။ အဆောင်လက်တက် နှစ်ခုတွင် အိပ်ခန်းများ၊ စာကြည့်ခန်းများ၊ ဧည့်ခန်းများနှင့် ထမင်းစားခန်းတစ်ခု ပါရှိသည်။ လျှပ်စစ်မီးတပ်ထားဆင်ထားသည်။ အင်္ဂလိပ်တို့အသုံးပြုသည့် ရေချိုးခန်းရှိပြီး အခြားလိုအပ်သည့် အသုံးအဆောင်များဖြည့်စွက်ထားသည်။

ဝေးလံသည့်အရပ်သို့ ရေပိုက်၊ မီးလှာပိုက်တပ်ဆင်မှုလုပ်ငန်းအတတ် ပညာရောက်လာသည်။ နမ့်ဆမ်သည် အဦးဆုံးရထားလမ်းဘူတာနှင့် မိုင် ခုနစ်ဆယ်ဝေးပြီး လန်ဒန်နှင့် မိုင်ခုနစ်ထောင်ဝေးသည်။ အရှေ့တိုင်း နန်းတော်တစ်ခုတွင် ခေတ်မီရေပိုက်များရှိနိုင်သော်လည်း အရှေ့တိုင်းအငွေ့ အသက်ကိုမူ ထိန်းထားနိုင်သည်။ သို့သော်လည်း တောင်ပိုင်း၏ဟော်နန်း သည် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် တည်ရှိသော်လည်း အရှေ့ပိုင်း အငွေ့အသက်ကင်းနေသည် ဟူ၍ ဝေဖန်ရေးသားထားသည်ကိုတွေ့ရ သည်။

www.burmeseclassic.com

www.burmeseclassic.com

မောရစ်ကောလစ်၏မှတ်တမ်းအရ ရှမ်းစော်ဘွားများ၏ ဟော်နန်းများသည် မြန်မာ့ရနံ့လွှမ်းသောဟော်နန်းများရှိသကဲ့သို့ ဥရောပရနံ့များ ထိုးဖောက်စိမ့်ဝင်နေသော ဟော်နန်းများလည်းရှိနေကြောင်း သိရသည်။ အထူးသဖြင့် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့လက်အောက်သို့ကျရောက်ပြီးသည့်နောက် ဆောက်လုပ်သည့်ဟော်များသည် ဥရောပရနံ့များ လွှမ်းနေကြောင်း တွေ့ရမည်ဖြစ်သည်။

မြန်မာမင်းများလက်ထက် စော်ဘွားများနေသော ဟော်သည် ထီးတပ်ဆင်ခွင့်မရ၊ ငှက်မြတ်နားသာတပ်ဆင်ခွင့်ရသော်လည်း ဗြိတိသျှကိုလိုနီခေတ်တွင် ထိုကန့်သတ်ချက်များ လျော့လျဲလာကြောင်း တွေ့ရပါသည်။

ဦးမျိုးမြင့်စိန်နှင့်အပေါင်းအပါများလေ့လာမှတ်တမ်းတင်ခဲ့သော ညောင်ရွှေဟော်မှာ ညောင်ရွှေစော်ဘွားကြီး၏ ဟော်နန်းဖြစ်ပြီး ခရစ်သက္ကရာဇ် (၁၉၁၃) ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင် တည်ဆောက်ခဲ့သော "ဟော်"ဖြစ်ပါသည်။ ယခင် "ဟော်" ဟောင်းကြီးက ၁၉၀၈ ခုနှစ် ညောင်ရွှေတစ်မြို့လုံးကို မီးလောင်ကျွမ်းရာ တွင် ပါသွားခဲ့သဖြင့် စော်ဘွားကြီးဆာစဝ်မောင်က ဤ"ဟော်" ကြီးကို မောက်မယ် စော်ဘွားဟောင်း စဝ်ခမ်းလျှိုင်ကပုံစံထုတ်ပြီး ညောင်ရွှေ အင်းတကျော် မှ ရှမ်းအင်း အမျိုးသားလက်မှုပညာသည်များဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ လက်သမားဆရာချုပ်မှာ ဦးငိုဖြစ်ပြီး နောင်တွင် ဦးထွန်းအောင်ဟု အမည် ပြောင်းပေးထားသည်ဟု သိရပါသည်။


ဟော်ကြီးကို ၁၉၁၃ ခု၊ တပေါင်းလဆန်း (၁၄) ရက်၊ စက် (၆) နာရီတွင် ပန္နက်ချ၍ စတင်ဆောက်လုပ်ခဲ့ရာ ၁၉၂၃ ခုနှစ်တွင်မှ ပြီးစီးခဲ့သည်ဟု မှတ်သားရပါသည်။



ပုံစံထုတ်လုပ်သော စဝ်ခမ်းလျှိုင်သည် ဟော်နန်းမဆောက်လုပ်မီ မန္တလေးမြို့သို့သွားရောက်၍ မန္တလေးမြို့ရှိ နန်းတော်ဟောင်းကို လေ့လာပြီး ရွှေနန်းတွင်းတွင် အမှုထမ်းခဲ့ဖူးသော ရှေးလူကြီးများထံမှ အကြံဉာဏ်နှင့် ထုံးတမ်းစဉ်လာများကို မေးမြန်းစုံစမ်းကာ ရှမ်းစော်ဘွားတို့၏ ဟော်နန်းနှင့် ကိုက်ညီသောပုံစံကို ထုတ်လုပ်ရေးဆွဲခဲ့သည်ဟု ဆိုပါသည်။

ညောင်ရွှေဟော်နန်းဆောက်လုပ်ချိန်သည် မြန်မာနိုင်ငံ၌ အနောက်နိုင်ငံမှ အဆောက်အအုံပုံစံများအနှံ့အပြား ဆောက်လုပ်နေပြီဖြစ်ရာ ဟော်နန်းမှာလည်း အနောက်နိုင်ငံပုံစံများ လွှမ်းမိုးထားသည်။

ထို့ကြောင့် ပင်မညီလာခံဆောင်၊ ကန်တော့ခံဆောင်၊ အတွင်းညီလာခံဆောင်များမှအပ အခြားမိဖုရားဆောင်၊ စော်ဘွားကြီးဆောင်၊



လဲချားဟော်နန်း

www.burmeseclassic.com

www.burmeseclassic.com






မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် (ခရစ် ၁၉၁၃) က တည်ဆောက်ခဲ့သော
ကျောင်းရွှေတော် အနောက်ဘက်က မြင်ရသောပုံ




မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် (ခရစ် ၁၉၁၃) က တည်ဆောက်ခဲ့သော
ကျောင်းရွှေတော် အနောက်မြောက်ထောင့်က မြင်ရသောပုံ





ပုံစံ (၉) ကျောင်းရွှေတော် အောက်ထပ်ပနှုတ်ပုံ



ပုံစံ (၁၀) ကျောင်းရွှေတော် အထက်ထပ်ပနှုတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



သားတော်ဆောင်များ၌ အနောက်တိုင်းပုံလွှမ်းမိုးမှုများတွေ့ရပါသည်။ ညီလာခံဆောင်၊ ကန်တော့ဆောင်နှင့် အတွင်းညီလာခံဆောင်များမှာ ရိုးရာ ဆန်ပါသည်။ ပြာသာဒ်အချို့မှာ မန္တလေးနန်းပြာသာဒ်ကိုမီသော်လည်း အချို့မှာမူ ရှေးရှမ်းဟော်အချို့ကို ယူ၍ဆောက်ထားသည်။

ညောင်ရွှေဟော်သည် နှစ်ထပ်ဖြစ်ပါသည်။ အကြမ်းအားဖြင့် အလယ်ပင်မဆောင်နှင့်ဖြာထွက်သော အဆောင်ငယ်များရှိသည်။ အလယ် ပင်မဆောင်၏အပေါ်ထပ်တွင် စော်ဘွားကန်တော့ခံခန်း ညီလာခံဆောင်၊ အတွင်းညီလာခံဆောင်နှင့် စားဖိုဆောင်များပါဝင်သည်။ အောက်ထပ်တွင် စော်ဘွားရုံးခန်းများရှိပါသည်။ တောင်ဘက်သို့ ဖြာထွက်သော အဆောင်များ မှာ မယ်တော်ဆောင်၊ မိဖုရားဆောင် (တောင်ထားဝယ်ဆောင်) ဖြစ်ပြီး၊ မြောက်ဘက်သို့ဖြာထွက်အဆောင်များမှာ စော်ဘွားကြီးဆောင် (မြောက် ထားဝယ်ဆောင်) နှင့် သားတော်ဆောင်များ ပါဝင်ပါသည်။ ဟော်ကြီးသည် အရှေ့ဘက်သို့ မျက်နှာပြု၍ မင်္ဂလာလှေကားကြီးသည် အရှေ့ဖက်၌တည် ရှိပါသည်။

ညောင်ရွှေဟော်သည် ညောင်ရွှေမြို့တွင် အကြီးဆုံးသော အဆောက်အအုံဖြစ်ပါသည်။ အခန်းများကကျယ်သည်။ ထုကောင်းသည်။ လေ့လာနိုင်ရန်အတွက် ပန္နက်ပုံနှင့်တကွ ဖွဲ့စည်းပုံကို ရေးဆွဲဖော်ပြထားပါသည်။

## ကျောင်း

သာသနာ့ဘောင်မှ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ နေထိုင်သတင်းသုံးသော အဆောက်အအုံကို "ကျောင်း" (သို့မဟုတ်) "ဘုန်းကြီးကျောင်း" "ဘုန်းတော်ကြီးကျောင်း" စသည်ဖြင့် ခေါ်ကြပါသည်။

ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော မြန်မာ့သမိုင်းစဉ်တစ်လျှောက် မင်းပြုခဲ့သော မြန်မာမင်းအဆက်ဆက်သည် မိမိတို့ ယုံကြည်ကိုးကွယ်တော်မူသော ဆရာတော်၊ သံဃာတော်များကို "ဘုန်းကြီး ကျောင်း" ကျောင်းများ ဆောက်လုပ်ပြီး တင်လှူပူဇော်ခဲ့ကြောင်း မြန်မာ ရာဇဝင်ကျမ်း အစောင်စောင်၌ များစွာတွေ့ရပါသည်။

မင်းသာမက မင်းနှင့်စပ်သောမိဖုရားခေါင်ကြီးနှင့် မိဖုရားများ၊ မင်းညီမင်းသား၊ မင်းမြေး၊ အိမ်ရှေ့မင်းများ၊ သမီးတော်များ၊ မှူးတော်၊ မတ်တော်များ၊ သူကောင်းပြုခံရသော သူဌေးသူကြွယ်များကလည်း သဒ္ဓါစိတ်အလျောက် ကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း တွေ့ရပါသည်။

ဘုန်းကြီးကျောင်းများ ဆောက်လုပ်သည့်အခါ များသောအားဖြင့် ကျွန်းတိုင်၊ ကျွန်းသစ်များဖြင့်သာ ဆောက်လုပ်လေ့ရှိပါသည်။ ကျွန်းတိုင်၊ ကျွန်းသစ်များဖြင့် ဆောက်လုပ်သည့်အတွက် အပြောက်အမွမ်းအဆင်တန်ဆာများကို လုပခမ်းနားစွာ ဆင်ယင်လုပ်ဆောင်နိုင်ပါသည်။ မှတ်သားရသလောက် သာသနိကအဆောက်အအုံနှင့် လူတို့၏ နေအိမ်အဆောက်အအုံများ ကွဲပြားစေရန် ရှေးအခါက ကျောင်းများတွင် အပြောက်များ စိပ်စိပ် တင်တတ်ကြပါသည်။

အပြောက်စိပ်စိပ်တင်ရာ၌ပင် မိဖုရားတို့ တင်လှူသော ကျောင်းနှင့် မှူးမတ်အရာရှိများ တင်လှူသောကျောင်း မတူနိုင်ပါ။ စေတနာသဒ္ဓါရှိ၍ ကျောင်းဆောက်လုပ်လှူဒါန်းရာ၌ပင် ရာထူးအဆင့် အနိမ့်အမြင့်အလိုက် ကန့်သတ်ချက် သတ်မှတ်ချက်များရှိပါသည်။

"မင်းသားများ ကျောင်းဆောက်လုပ်လှူဒါန်းသည့်အခါ ထားဝယ် နှစ်ထပ်ဖြစ်စေ၊ ဇေတဝန်သုံးထပ်ဖြစ်စေ ဆောက်၍ မုခ်လုပ်သည်။ အမွမ်းခြင်ပိတ်တူရင်ကို ရွှေပြည့်ထည့်သည့်၊ အရိုပ် နေပြင် ပတ်လည်တွင် ကပတ်ကြီး၊ ကပတ်ငယ်အတွင်း အမိုးနှင့် ဖိနပ်ဘောင် ပန်းလှ ဆင်ကပ် ပန်းလည်ခွဲ၊ ဘောင် ပန်းဆွဲထည့်၍



www.burmeseclassic.com

www.burmeseclassic.com

အုတ်လှေကားသုံးဆူ ထည့်သည့်အတွင်း အရိပ်နေ နှင့် မာရဘင်ကို ရွှေခြယ်၍ထည့်သည်။ တိုင်ကိုရွှေရေးတစ်ဖက်စည်း၍ ရွှေပြည့်ထည့်ရသည်။ အရိပ် နေပြင်ပတ်လည်တွင် ကပတ်ကြီး၊ ကပတ်ငယ် ပိတင်းအိမ်၊ တံခါးကျည်းကွေးများကို ရွှေခြယ်၍ထည့်သည်။ ဥကင် သမထည့်ရ၊ မှန်ကင်းမစိုက်ရ၊ အမိန့်တော်ရှိမှ စိုက်ရ ထည့်ရကြောင်း”

မှူးတော်မတ်တော်တို့ ကျောင်းဆောက်လုပ်လှူဒါန်းသည့်အခါ ထားဝယ်နှစ်ထပ်ဖြစ်စေ၊ ဇေတဝန်သုံးထပ်ဖြစ်စေ၊ ဆင်ကပ်သုံးမျက်နှာ လှေကားတစ်ဆူနှင့်ဆောက်၍ ကျောင်းဦးအရိပ်နေကို ရွှေပြောက်ထည့်၍ စိန်ဖူး၊ ရွှေပိန်းထည့်တပ်၍ ကောင်းမှုပြုကြကြောင်း

နေရာသုံးသွယ် နေတို့ဆောက်လုပ်လျှင် “ကျောင်းကိုဆင်ကပ်လည်၍လှေကားနှစ်ဆူထည့်သည်၊ စိန်ဖူးကို ရွှေပန်းထည့်၍ စိုက်ကပ်သည်၊ ကျောင်းဦးအရိပ်နေကို ရွှေတစ်ခုအနီတစ်ခုထည့်၍ ကောင်းမှုပြုကြောင်း”

တော်နေရာတို့ ကျောင်းဆောက်လျှင် မုခ်ထုတ်၍ အမွမ်းခြင်ပိတ် တူရင်ခေါင်သန်းကြက်မောက်ကို ရွှေနှစ်စု၊ အနီတစ်စုထည့်သည်။ စိန်ဖူးတပ်သည်။ အတွင်းအရိပ် နေခုံပန်းဘောင်လှုပြင်၊ ဆင်ကပ် ပတ်လည်ခုံပန်း အောင်လှထည့်၍ အုတ်လှေကားသုံးဆူထည့်သည်။ အတွင်းရိပ်နေမာရဘင်ကို ရွှေနှစ်စုအနီတစ်စုတိုင်ကိုကမွတ်စည်း၍ ရွှေပိန်းထည့်ကြောင်း လောကဗျူဟာ (အင်ရုံစာတမ်း) ကျမ်းမှာ လာရှိပါသည်။

အပြောက်တင်ခြင်းနှင့် လှေကားတပ်ခြင်းတို့က ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း ကွဲပြားစေသော အစီအချက်များဖြစ်ပါသည်။ ထိုကွဲပြား



ချက်များအပေါ် မူတည်၍ ရှင်ဘုရင်လှူဒါန်းသော ကျောင်း၊ မင်းညီမင်းသားလှူဒါန်းသောကျောင်း၊ မှူးမတ်တော်များလှူဒါန်းသောကျောင်းဟူ၍ သိခြားကွဲပြားသွားစေပါသည်။

ဘုန်းကြီးကျောင်းများတွင် ပြာသာဒ်ဆောင်၊ စနုဆောင်၊ မာရဘင်ဆောင်၊ ဘောဂဆောင် စသည့် ဆောင်မကြီး လေးခုဖြင့်သာဖွဲ့စည်းပါသည်။ ယင်းလေးဆောင်ကို ထားရာ၌လည်း အရှေ့အနောက်ဝင်ရိုးတန်းတလျှောက် ဆက်စပ်ထားရှိခြင်းဖြစ်ပါသည်။

အရှေ့ဘက်ဆုံး၌ “ပြာသာဒ်ဆောင်” ထားသည်။ ပြာသာဒ်ဆောင်မှာ ဗုဒ္ဓရုပ်ပွားတော် ပူဇော်ထားရာအဆောင်ဖြစ်သည်။ များသောအားဖြင့် ပြာသာဒ်သည် ဘုံခုနစ်ဆင့် ပြာသာဒ်များဖြစ်ပါသည်။

မာရဘင်ဆောင်ကို ဆောင်မကြီးဟူ၍လည်း ခေါ်ပါသေးသည်။ ဆောင်မကြီးနှင့် ပြာသာဒ်ဆောင်ကို ဆက်စပ်ထားသော အဆောင်မှာ စနု ဆောင်ဖြစ်ပါသည်။ စနုဆောင်သည် ကျောင်းထိုင်ဘုန်းကြီးသတင်းသုံးရာ အဆောင်ဖြစ်ပါသည်။ မာရဘင်ဆောင် (ဆောင်မကြီး) ကို အရှေ့၊ အနောက်ဟူ၍ နှစ်ပိုင်းခွဲထားပါသည်။ ယင်းမာရဘင်ဆောင်မှာ နေ့အချိန်များတွင် လှူပရိသတ်အား ဧည့်ခံသော ခန်းမအဖြစ် အသုံးပြုပြီး ညအချိန်များတွင် ရဟန်းသံဃာတော်တို့ ကျိန်းစက်ရာအဆောင်ဖြစ်သည်။

ဆောင်မကြီးနှင့် ဘောဂဆောင်ကို ခုံးဆောင်ဖြင့်ဆက်စပ်ထားလေ့ရှိပါသည်။ များသောအားဖြင့် ခုံးဆောင်သည်နံရံကာခြင်းမရှိဘဲ ဒိုးယိုပေါက် ဖွင့်ထားပါသည်။ ဘောဂဆောင်သည် လှူဖွယ်ပစ္စည်းတို့နှင့် ရဟန်းအသုံး အဆောင်ပစ္စည်းတို့ ထားသိုရာအခန်းဖြစ်ပါသည်။

ယင်းအဆောင်တို့ကို ရံလျက်လေးဖက်စလုံးတွင် ကြမ်းခင်းစင်္ကြံလမ်း ပြုလုပ်ထားပါသည်။ စင်္ကြံလမ်းဘေးပတ်လည်တလျှောက်တွင် အမွမ်းပန်းဆိုဖြင့်ပြီးသော သစ်သားနံရံကို တပ်ဆင်ကာရံလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့၌ မြေပြင်မှသည် ကျောင်းပေါ်သို့ တက်ရန်အုတ်လှေကားများတပ်ဆင်ထားပါသည်။

ယင်းကဲ့သို့ဖွဲ့စည်းပုံမျိုးရှိသော ဘုန်းတော်ကြီးကျောင်းများကို မန္တလေးမြို့ရှိ "ရွှေနန်းတော်ကျောင်း" "ဒုတိယရွှေအင်ပင်ကျောင်း" အင်းဝမြို့ရှိ "ဗားဂရာကျောင်းတော်ကြီး"ပခုက္ကူပခန်းကြီးဒေသရှိ "ပခန်းကြီးကျောင်း တော်ကြီး" မြင်းခြံမြို့ဆိမ်းခုံရှိ "ယွန်းကျောင်းတော်ကြီး" များအဖြစ် ယခုတိုင် တွေ့မြင်နိုင်ပါသေးသည်။

ရွှေနန်းတော်ကျောင်းကြီးမှာ မင်းတုန်းမင်းကြီး စိုးစံစဉ်က နေထိုင်ခဲ့သည့် မင်းစံအိမ်အဆောက်အအုံကြီးကို ဖြုတ်ယူ၍ သီပေါမင်းလက်ထက် ပြန်လည်တပ်ဆင်ပြီး လှူဒါန်းခဲ့သောကြောင့် "ရွှေနန်းတော်ကျောင်း" ဟု အမည်တွင်ခြင်းဖြစ်သည်။

အရှေ့အနောက်တိုင် ၁၅ လုံး၊ တောင်မြောက် ၁၀ လုံးစီ စုစုပေါင်း ကျွန်းတိုင်လုံး ၁၅၀ ဖြင့် တည်ဆောက်ထားသော ကျောင်းတော်ကြီးဖြစ်ပါသည်။ ကျောင်းတော်ကြီး၏ ကြမ်းခင်းပြင်ကို နရားကောင်ရုပ်တု(၅၄) ခုဖြင့် မြေမှာထောက်၍ ထမ်းမထားဟန်ဖော်ထားပါသည်။ သာမန်မြေ အပြင်မှာမထားဘဲ နတ်နဂါးတို့ပင့်ထမ်းချီမ၍ထားရလောက်အောင် မြင့် မြတ်သောအဆောက်အအုံဟု နိမိတ်ဖော်ထားခြင်းဖြစ်ပါသည်။

ဘုံဆောင်ဖွဲ့ပုံမှာ လည်ပေါ်နှစ်ဆင့် ဘုံသုံးဆင့်ဖြစ်ပါသည်။ ဇေတဝန်ဆောင်ပုံဟုခေါ်သော ဆောင်ဖွဲ့ပုံဖြစ်ပါသည်။ အောက်ဘုံ တံစက်မြိတ် ပတ်လည်တွင် စမြင် ခံထားပါသည်။ စမြင်ဟူသည် အောက်ဘုံ၏တံစက်မြိတ် ကို ကပ်လျက်တပ်ဆင်ထားသော အမိုးကိုခေါ် ပါသည်။ စမြင်၏ တံစက်မြိတ်ဘက်တွင် ထောက်ထားသောတိုင်များ သည် မြေစိုက်မဟုတ်ဘဲ ကပြင်ပေါက်၊ ကြမ်းထောက်တိုင်များဖြစ် ပါသည်။



ကျောင်းတော်ကြီး၏ လေးဘက်လေးတန်၌ရှိသော တံခါး ပေါက်ကြီးများသည် ချူးပန်းကြာပွင့်၊ အပြောက်လက်ရာတို့ဖြင့် ရှမ်းငြိမ်း ခွယ်တင့်တယ်လှပပါသည်။

ပခန်းကျောင်းတော်ကြီးမှာ သာယာဝတီမင်းလက်ထက် ကျိုဝန် သက်တော်ရှည်နှင့် မှန်ကင်းဝန်သုံးမည်ရ ဦးဘိုးတုတ် (ခေါ်) ဦးတုတ်က ဒါယကာအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ကြီးဖြစ်ပြီး ၁၂၂၆ ခုနှစ်တွင် ပြီးသည်။ ပခန်းသားတို့ကမူ "ဝန်မင်းကျောင်းတော်ကြီး" ဟုခေါ်ပါသည်။


အရှေ့အနောက် (၂၄) ပင်၊ တောင်မြောက် (၁၂) ပင်ဖြင့် "တိုင်ပေါင်းတွက်ကျောက်မျက်ရွဲ" ဟူသော သင်္ကေတအတိုင်း တိုင်အရေ အတွက် ၂၅၄ လုံးဖြင့် ဆောက်ထားသည့်ကျောင်းကြီးမဟာဖြစ်ပါသည်။ မင်းမှုထမ်း "ဝန်"လှူဒါန်းသော ကျောင်းဖြစ်၍ ယွန်းဆင့်ဘုံဆင့်ကျောင်း တော်ကြီးဖြစ်ပြီး အပြောက်အမွမ်း၊ ချူးပန်း ကြာပန်းများဖြင့် လှပတင့် တယ်ပါသည်။ (ယခုပခန်းကြီးဒေသ ဘွင် တွေ့ရသည်မှာ နိုင်ငံတော် အစိုးရမှ ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။)

အင်းဝရှိ ဗားဂရာကျောင်းတော်ကြီး၊ မန္တလေးရှိ ရွှေအင်ပင်ကျောင်း တော်ကြီးမှာ မူလကလက်ရာအတိုင်း အသားပန်းပုလက်ရာ အမွမ်း တန်ဆာများဖြင့် မြန်မာရိုးရာ ဗိသုကာ၏ အစွမ်းကိုပြသလျက်ရှိနေပါ သေးသည်။


မန္တလေးရွှေမြို့တော် လေးပြင်လေးရပ်၌ ဘုရင်မင်းမြတ်နှင့်တကွ၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးတော်မတ်တော်များ စေတနာသဒ္ဓါ ထက်သန် စွာဖြင့် ကျောင်းတိုက်ကြီးများစွာလှူဒါန်းခဲ့သည်ဟု သိရပါသည်။ ဆရာဦး မောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ အဆိုအရ ကျောင်းတိုက်ပေါင်း (၆၀) ကျော်ရှိကြောင်း မှတ်သားရပါသည်။

www.burmeseclassic.com


www.burmeseclassic.com

ပုံစံ (၁၁) ရွှေအင်ပင်ကျောင်း (မန္တလေး) ပန္နက်ပုံ



ပုံစံ (၁၂) ဘားကရာကျောင်းမြေပြင်ညီပန္နက်ပုံ



ပုံစံ (၁၃) ဘားကရာကျောင်းပထမထပ်ပန္နက်ပုံ

ယင်းကျောင်းတိုက်များမှာ "မှန်ကျောင်းစိန်တုံးတိုက်၊ မတ္တရာတိုက်၊ သက်ပန်းတိုက်၊ မောင်းထောင်တိုက်၊ ခင်မကန်တိုက်၊ ရွှေဂူတိုက်၊ တကောင်းတိုက်၊ အင်းခန်းတိုက်၊ စလင်းတိုက်၊ ဝိစိတ္တာရာမမာန်အောင်တိုက်၊ ဆင်တဲတိုက်၊ လယ်ကိုင်းတိုက်၊ မက္ခရာတိုက်၊ ငန်းဇွန်တိုက်၊ စည်ပုတ္တရာတိုက်၊ မဟာဝိဇိတာရာမတိုက်၊ အဘယာရာမတိုက်၊ မန္တလာရာမတိုက်၊ မိုးထိတိုက်၊ စလင်းအရှေ့တိုက်၊ ယောမင်းတိုက်၊ မှန်ရင်တိုက်၊ မတ္တရာအရှေ့တိုက်၊ ညောင်ရမ်းတိုက်၊ နေထွက်ဂူတိုက်၊ လင်္ကာရမတိုက်၊ ရွှေလုံတိုက်၊ လက်နက်ဝန်ကျောင်းတိုက်၊ ရွှေပြည် (အတ္တုပတ်မြင်းဝန်) တိုက်၊ ဒုတိလှမ်းတိုက်၊ ခင်မကန်အနောက်တိုက်၊ ငွေးရှိုတိုက်၊ မြို့ဝန်မင်းတိုက်၊ မိုးကောင်းတိုက်၊ စကုတိုက်၊ မေယုရတီ (တောင်သမန်) တိုက်၊ ထီးလင်းတိုက်၊ အကောက်ဝန်မင်းတိုက်၊ တောင်ခွင်မင်းကြီးကျေးတိုက်၊

www.burmeseclassic.com

ပေါင်းလဲတိုက်၊ မြင်းဝန်တိုက်၊ မြို့သစ်အတွင်းဝန်မင်း (ရွှေရေးဆောင်) တိုက်၊ အာသောကရာမတိုက်၊ ဆင်တဲတောင်တိုက်၊ မာန်အောင်တိုက်၊ ဒက္ခိဏာရာမတိုက်၊ အောင်မြေရွှေဘုံတိုက်၊ ဘုံကျော်တိုက်၊ ညောင်ကန်တိုက်၊ ကုသိန္နာရုံတိုက်၊ မနက်ပလာဝန်ကျောင်းတိုက်၊ မိုးထားဝန်ထောက်ကျောင်းတိုက်၊ ပေါက်မြန်တိုက်၊ စံကျောင်းတိုက်၊ တိုက်တော်" စသည်တို့ဖြစ်သည်။

အချို့သောကျောင်းတိုက်များမှာ ဗြိတိသျှတို့အထက် မြန်မာနိုင်ငံကို သိမ်းပိုက်သည့်အချိန်တွင် ပျက်စီးခဲ့ရပြီး ကျန် ကျောင်းတော်ကြီးများမှာ ဒုတိယကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့် မြောက်မြားစွာ မီးလောင်ပျက်စီးသွားခဲ့သည်ဟု သိရသည်။

ထိုကျောင်းတိုက်ကြီးများသည် ကျောင်းဦးပြာသာဒ်၊ စနုဆောင်၊ ဘောဂဆောင်၊ ဆောင်မကြီး စသောအဆောင်များနှင့်တကွ သုံးထပ်၊ လေးထပ် လည်ပေါ်စမြင့်ခံ၊ ဘုံငါးဆင့်ကျောင်းများ၊ အရံကျောင်းများဖြင့် ကြီးကျယ်ခမ်းနားခဲ့သည်ဟု ဆိုပါသည်။ ရွှေရောင်၊ မှန်ရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းထိန်လျက် ကျက်သရေရှိလှသည်ဟု မြင်ဖူးကြုံဖူးသူများက ဆိုဖူးကြပါသည်။ သို့သော်လည်း ယင်းကျောင်းတော်ကြီးများ၏ ဗိသုကာမှုဟန်သည် ရှေးဟောင်းစာပေမှတ်တမ်းများတွင်သာ ကျန်နေပါတော့သည်။

ယင်းတို့အနက် မြန်မာ့ဗိသုကာမှုအရ ထင်ရှားသောကျောင်းတော်ကြီးတစ်ခုမှာ မဟာအတုလဝေယံဘုံသာ အတုမရှိကျောင်းဖြစ်ပါသည်။ ထိုကျောင်းတော်ကြီးကို သက္ကရာဇ် ၁၂၂၁ ခုနှစ်၌ မန္တလေးမြို့အရှေ့မြောက်အရပ်တွင် မဟာရံနှစ်ထပ်နှင့် မဟာအတုလဝိဇယာမတိုက်၊ မဟာအတုလဝေယံကျောင်းဟု ကမ္ပည်းထိုးတပ်၍ မင်းတုန်းမင်းကြီး ဆောက်လုပ်တော်မူ ခဲ့ရာ ၁၂၃၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ တိုင်ပေါင်း ၂၄၆ တိုင်ရှိ၍ ကွန်းစည် တိုင်အမြင့်မှာ ၆၇ တောင်ရှိပါသည်။ ဘုံငါးဆင့်



အတွင်း ရွှေပိန်းချအပြင် ကျောက်အင်္ဂတေအဖြူ သုတ်လိမ်းထားပါသည်။ ကျောင်းတော်ကြီးသည် အသားကျောင်းကြီးဖြစ်၍ ဘေးကအုတ်များ ဝတ်ခြုံလျက် လှပတင့်တယ်စွာ ဆောက်ထားပါသည်။ ၁၂၄၀ ပြည့်နှစ် မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီး နောက် ဝတ်လဲတော်များကို ပြာချပြီး (၁၈) တောင် မံဆင်းတုတော်ပြု၍ ကျောင်းတော်မှာ လှူဒါန်းထားပါသည်။ သက္ကရာဇ် ၁၂၅၂ ခု၊ ၁၈၉၀ ပြည့် တွင် ကျောင်းကြီးမီးလောင် ပြာကျသွားခဲ့ပါသည်။

ကျောင်းတော်ကြီး၏ ပုံစံမှာ လှပဆန်းကြယ်ပြီး အတုမရှိသော မြန်မာလက်ရာဟန်တစ်ခုဖြစ်သဖြင့် နိုင်ငံတော်မှ ပြန်လည်ဖော်ထုတ်တည်ဆောက်ထားပြီး မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဗိသုကာအစွမ်းကို ပြသလျက်ရှိသည်။

ကုန်းဘောင်ခေတ်နှောင်း ဘုန်းတော်ကြီးကျောင်း ဗိသုကာများကို ကြည့်ပါက မြန်မာ့မှုဟန်တွင် ဥရောပဟန်များလွှမ်းမိုးလာကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ကင်းဝန်မင်းကြီး၏ သာကီဝန်ကျောင်း၊ မန္တလေးတောင်ခြေ မြင်းပြိုင်ကွင်းဟောင်းအနောက်သူရဲတပ် အရှေ့ဖက်ယောအတွင်းဝန် မင်းအုတ်ကျောင်း၊ မန္တလေးအနောက်ပြင်ရွှေပြည်ရပ်အက္ကပတ်မြို့ဝန်မင်း တိုက်အုတ်ကျောင်း၊ မဟာမုနိဘုရားကြီးအနောက်ဘက် အတွင်းဝန်ဦးဘိုး၏ ရွှေရေးဆောင်အုတ်ကျောင်းကြီးများဖြစ်ပါသည်။

ထိုကဲ့သို့ မြန်မာ့မှုဟန်တွင် ဥရောပမှုဟန်လွှမ်းမိုးနေခြင်းမှာ ထိုခေတ် က မြန်မာဗိသုကာများအပြင် နိုင်ငံခြားဗိသုကာဆရာများလည်း အမှုထမ်း ဆောင်လျက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ သာဓကအားဖြင့် ဂျာမန်လူမျိုး မေဂျာစတိုးဝါး၊ အီတာလျံလူမျိုး ပက်ပီနီး၊ ပြင်သစ်လူမျိုး ဘလန်တို့သည် သီပေါမင်းလက်ထက်တော်၌ အင်္ဂလိပ်တို့နှင့်ရန်

www.burmeseclassic.com

 www.burmeseclassic.com

နောက်ဆုံး နည်းလမ်းအရ အဝခံတပ်၊ စစ်ကိုင်းခံတပ်နှင့် အမရပူရ သပြေတန်းခံတပ် ခံတပ်သုံးခုကို ဆောက်လုပ်ခဲ့ကြကြောင်း မဟာသကျ သီဟဘုရား ဂန္ဓကုဋိတိုက်နှင့်ပလ္လင်ကိုလည်း ပြင်သစ်စက်ဆရာ ဘုံဘီလန်းနှင့် လက်ထောက်စက်ဆရာဘလန်းတို့ တိုင်းထွာကြပ်မတ် လုပ်ဆောင်ကြ ကြောင်း ခရုပတ်လှေကားနှင့် နန်းမြင့်ကိုလည်း ပြင်သစ်စက်ဆရာများနှင့် ဆောက်လုပ်ကြောင်း ထိုစဉ်ကမြန်မာဗိသုကာ ဆရာမှာ မောင်းထောင်ရှာ စားနေမျိုးပညာသိဒ္ဓိဖြစ်ကြောင်း မှတ်တမ်းများ မှာ လာရှိသည်။

တစ်ခုဆိုရန်ရှိသည်မှာ မြန်မာဘုန်းတော်ကြီးကျောင်းများကို များ သောအားဖြင့် ကျွန်းတိုင်၊ ကျွန်းသစ်စသော အသားများဖြင့်သာ ဆောက် လုပ်သော်လည်း အုတ်များဖြင့် ဆောက်လုပ်သောကျောင်းတော်ကြီးများ လည်းရှိပါသည်။ ယင်းတို့အနက် ထင်ရှားသည်မှာ ဘကြီးတော်မင်းလက် ထက် မိဖုရားခေါင်ကြီး (နန်းမတော်မယ်နု) ဆောက်လုပ်ပြီး ညောင်ကန် ဆရာတော်ကို တင်လှူသည့်အင်းဝမြို့ဟောင်းမှ မယ်နုအုတ်ကျောင်းတော် ကြီးဖြစ်ပါသည်။ မြန်မာ့ရိုးရာ ပန်းတော့လက်ရာစစ်စစ်နှင့် မြန်မာရိုးရာ ဗိသုကာဟန်စစ်စစ်ကို ယခုတိုင်လေ့လာနိုင်ပေသည်။

## အခန်း (၅)
## မြန်မာ့ရိုးရာအိမ်၏ ဗိသုကာ

မြန်မာ့ရိုးရာအိမ်များကို ဆောက်လုပ်သူများသည် ဗိသုကာများဖြစ် ပါသည်။ မြန်မာရိုးရာ အိမ်ဆောက်လုပ်သော အတတ်ပညာရပ်သည် ဗိသုကာအတတ်၊ ဗိသုကာပညာရပ်ဖြစ်ပါသည်။

"ဗိသုကာ" ဟူသောဝေါဟာရတွင် "ဗိ" "သု" "ကာ" ဟူသော ပါဠိအက္ခရာ သုံးလုံးပါဝင်ရာ "ဗိ" ဟူသည် "ဗိမာန်" ဟူ၍ အဓိပ္ပာယ်ရပါ သည်။ "သု"မှာ "တင့်တယ်ခြင်း၊ ကောင်းခြင်း၊ ချမ်းသာခြင်း၊"ဟု အဓိပ္ပာယ်ရပါသည်။ "ကာ"မှာ ကာရအတတ် ပြုတတ်သောသူဟူ၍ ပါဠိဝေါဟာရမှာလာသောကြောင့် ပြုတတ်သောအတတ် (ပညာ) သည်" ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤသို့ဖြင့် ပါဠိအက္ခရာသုံးလုံးကို ပေါင်းစပ် ခေါ်ဝေါ် အဓိပ္ပာယ်ဖော်ပါက "တင့်တယ်ခြင်း ဗိမာန်ပြုကတ်သော အတတ်သည်" ဟုဆိုနိုင်ပါသည်။

ဦးထွန်းမြင့်ပြုစုသည့် ပါဠိအဘိဓာန်၌ ဗိသုကာကို အဆောက်အအုံ ဆောက်လုပ်သူဆရာ၊ လက်သမားဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။

သို့သော် ဗိသုကာဟူသောပညာရှင်နှင့် "လက်သမား" ဟူသော အတတ်ပညာရှင်မှာ ကွာခြားပါသည်။ လက်သမားက အဆောက်အအုံတို့ ကို ဆောက်ရုံဆောက်တတ်သူဖြစ်ပါသည်။ လုပတင့်တယ်စေရန်ကား ရှေ့မ်းပါချေ။ ဗိသုကာ (အနုပညာတီထွင်ဖန်တီးရှင်)၏ ညွှန်ကြား ချက်အတိုင်းသာ ပြုလုပ်တတ်သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာသည် မိမိကြီးကြပ်ဆောက်လုပ်မည့် အဆောက်အအုံ ပုံသဏ္ဍာန်ကို ဦးစွာစိတ်ကူးကြံစည်ရသည်။ ဆောက်လုပ်မည့် အဆောက်အအုံ၏ ထုသွင်ပမာဏကို မိမိအာရုံမျက်စိတွင်ပေါ်လွင်လာစေရသည်။ ထိုပုံသဏ္ဍာန်ကို ပေ၊ ပုရပိုက်ကဲ့သို့သောအချပ်အလွှာပေါ်တွင် စနစ်တကျ စကေးကိုက်ရေးဆွဲရသည်။

ရေးဆွဲသည့် အဆောက်အအုံ၏ တင့်တယ်ဆန်းကျယ်ခြင်းသည် ကျမ်းဂန်အဖုံဖုံတို့နှင့် ကိုက်ညီပုံ၊ လိုက်လျောပုံ စသည်ဖြင့် အဆောက်အအုံ ပိုင်ရှင်အား တင်ပြဆွေးနွေးရသည်။ ရှင်းလင်းပြတ်သတ်စွာ ဥာဏ်ကရိုင်းကျစွာ တင်ပြတတ်သော အရည်အချင်းများဗိသုကာ၌ရှိရသည်။

အကယ်၍ ပိုင်ရှင်က မနှစ်သက်သည့်အချက်ပါခဲ့မူ ပြင်သင်ကပြင်ပေးရန် ဗိသုကာမှာသဘောထားကြီးမားစွာထားရသည်။ မပြင်သင့်ပါက အဘယ်ကြောင့်မပြင်သင့်ကြောင်း ကျမ်းကိုနိပါတ် (ကြောင်းကျိုးပြ၍) ကျေနပ်လက်ခံလာအောင် ဟောပြောတတ်စွမ်းလည်းရှိရသည်။ မင်းဧကရာဇ်တို့၏ တော်ဝင်အဆောက်အအုံများဖြစ်ပါက လုပ်ငန်းဆောင်တာ စီစဉ်ရာ၌ အထူးဂရုပြုရပေသည်။

အဆောက်အအုံပိုင်ရှင်နှင့် ဗိသုကာဆရာတို့ အလုပ်သဘောညှိနှိုင်းသဘောတူပြီးသည့်အခါ စာချုပ်ချုပ်၍အလုပ်လုပ်ကြရသည်။ စာချုပ်တွင် အဆောက်အအုံပိုင်ရှင်က ဗိသုကာနှင့်ညှိနှိုင်းစဉ် သဘောတူညီမှုရရှိထားသည့်ပုံစံ၊ အစိတ်အပိုင်းအားလုံး ပါဝင်စေရန် စာချုပ်ထဲရေးမှတ် ထည့်ချုပ် လေ့ရှိကြပါသည်။

သာဓကအားဖြင့် ပုဂံမြို့နန္ဒာကျောင်းတိုက် ဘုန်းတော်ကြီး ဦးမေဓာကျောင်းစာချုပ်ကို ပြလိုပါသည်။

“ကောဇာသက္ကရာဇ် ၁၂၃၆ ခု၊ တော်သလင်းလဆန်းသုံးရက် တနင်္လာနေ့တွင် ထုတ်ခင်း ၁၂၊ တစ်ဆယ့်နှစ်တောင်၊ သုံးထပ်




ဆောင် စမြင့်ခံ၊ ဝန်းရံပတ်လည်၊ ဆင်ကပ်ထိကြမ်းပြင်း ဆောက်နှစ်စည် ရှေ့ခန်း ကျန်သုံးရပ်ကြမ်းပြင်ထောက် တဝဉ်စိုက် လုပ်၍ နှရောင်မုခ် လေးခု၊ ယဉ်ကျေးနုအဖြူထည်၊ ယင်းပြီး သည်နောက် အထက်အောက် အမွမ်းမှာ ထောင့်လေးဖြာ ဂဠုန်ဖြေ၊ ဖောင်အနေကလပ်၊ ပန်းဆွဲထပ်ခေါင်းစီး ခံထုလုပ်ရန် ပန်းအပြောက် တံခါးပေါက် ယင်းအထွက်တံခါး၌ နတ်မာဃရုပ ဟန်လုကိန္နရာ၊ ကြေးစေမှာ သင့်လျော်စွာ၊ တိုက်ခန်းမှာ ကြေးပြာသာဒ် သိကြားနတ်ရုပ်အမှူး ကူမုခ်ဝအတွင်း၊ ပျဉ်ထောင်ခင်းမာရဘင်၊ ပြာသာဒ်စင်ပွတ်သေးသတ်လည်တွင်ရုပ် ငုံးနည်း၊ ဆိုသည်လည်း အောက်အနေ၊ ဇွန်းမြီးပြေမြဲနှောင်းထုပ်ပေါင်နှင့် မီးကျောင်း၊ ပွတ်သေးလောင်းဖြေသတ် ဒိုင်းကျားရင်မကျန်တက် ပိတန် မျက်နှာကြက်၊ ကြာပွင့်ချက်အတွ ရိုပ်တွင်းမူတိုင်ရုပ်၊ တိုင်ကြာစွပ် လုပ်ထား ကြမ်းနိမ့်မှာ မောင်းမလည် နုရင့်၊ တင့်သည့်ထုပြောက်၊ ကွန်းစင်ရောက်ခါပန်း ထောင့်သန် နှစ်တိုင်မှာ၊ ပြေပြစ်စွာလုပ်မူ တိုင်ကာ။ ဟုမကျန်စေ၊ အတွင်းနေပြ မြောက်။ အထက်ရောက်အမွမ်းမှာ၊ ထောင့်လေးဖြာစမြင်ပုံငုံ ဂဠုန်ထောင့်အဆော်၊ ကျောင်းမပေါ်ထောင့်ရှစ်၊ ဥဒေါင်းစစ်ကာ သဏ္ဍာန်၊ တုရင်ပျံစိုက်ထူ၊ အဖြေမူခြေကြွ၊ သင့်လျော်လ သရက်ကင်း၊ မုတ်လေးကွင်း သကြားဆို၊ နံပါးတို့ဝေယန်မှာ ပဒုမ္မာကြာပွင့်ထပ်၊ လယ်စပတ် ပုစွန်ထုပ်၊ ထုလုပ်၍ ကောင်းမွန်စွာ များစွဲမှာ သင့်တင်အောင်၊ ယင်းအဆောင်လုပ်ငန်းတွင် ရေရွက်လေ သမျှ နိမ္မာန်ပစ္စယာ ဆောက်လုပ်လိုပါသည်ဆိုလျှင် ငုံးအဆို အတိုင်း (၃၅၀) သုံးရာ ငါးဆယ်ငွေပေးသနား၍ စားစရိတ်ခုပါလျှင် ဆောက်ပါမည်ဆို၍ ပခုက္ကူမြို့ လက်သမားဆရာဦးခက်ကြီး တပည့်အစုတို့နှင့် ပုဂံမြို့နယ် မြင်းကပါးသုံးရွာစား ဖုရားမိဖွေ့တော် အသျှင်တို့နှစ်ဦးသဘောတူ စာချုပ်ထားကြသည်။

www.burmeseclassic.com


www.burmeseclassic.com

ဘုရားမိထွေးတော်ဆိုသည်မှာ ရှင်ဘုရင်မိထွေးတော်ကိုဆိုလိုသည်။ ပုဂံမြို့ဆိုင်ရာ ဝန်ထောက်မင်းဦးဖိုး၊ ပုဂံဝန်အရာနှင့် ထမ်းရွက်စဉ် ရေးသားစာချုပ်ဖြစ်သည်ဟု မှတ်သားရပါသည်။



လက်သမားသုံးကိရိယာ ပစ္စည်းများ






လက်သမားသုံးကိရိယာ ပစ္စည်းများ

www.burmeseclassic.com


www.burmeseclassic.com




လက်သမားသုံးကိရိယာ ပစ္စည်းများ




ပန်းရန်သုံးကိရိယာပစ္စည်းများ။




လက်သမားသုံးကိရိယာ ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com






နှစ်ဦးနှစ်ဖက်လက်ခံကြေနပ်ပြီးသည်နှင့် ဗိသုကာသည် လက်တွေ့ဆောက်လုပ်ရမည့် လုပ်ငန်းခွင်၌ လက်တွေ့အလုပ်စရတော့သည်။ ဗိသုကာတစ်ယောက်သည် အဆောက်အအုံဆောက်လုပ်မည့်နေ့ကောင်းရက်သာ အချိန်ကောင်း၊ အခါကောင်းကိုလည်း ရွေးတွက်ရသည်။ အဆောက်အအုံ ပိုင်ရှင်၏ နေ့သင့်နံသင့်အခါနှင့် နက္ခတ်တာရာတို့၏ အနေအထားတို့ တွက်ချက်ရွေးချယ်တတ်ရသည်။

ရှေးမြန်မာကြီးများသည် ကမ္ဘာကြီးကို နေ၊ ဂြိုဟ်၊ လ တို့က ဝန်းရံလှည့်ပတ်နေကြကြောင်း ထိုဂြိုဟ်တို့သည် ကမ္ဘာမြေကြီးပေါ်ရှိ လူသားတို့ အပေါ်ပြုပြင်၊ စီမံခြင်း ရှိနေကြောင်း ထို့အတူ ကမ္ဘာမြေပေါ်ရှိ သက်ရှိ သက်မဲ့တို့အပေါ် ယင်းတို့၏အာနိသင်များက ပြုပြင်စီမံလွှမ်းမိုးနေသဖြင့် ဂြိုဟ်ကြီးတို့၏ အနေအထားနှင့် လိုက်လျောညီထွေ စီမံလုပ်ကိုင်ပါမှ လူတို့အတွက် အစစအရာရာလွယ်ကူပြေလည်စေကြောင်း ယုံကြည်ခံယူထား ကြသည်။ ထိုသို့ လုပ်ငန်းချောမောပြေပြစ်စေရန် တွက်ချက်စီမံပေးရသည် မှာ ဗိသုကာတို့၏ တာဝန်ဟူ၍လည်း ယုံကြည်လက်ခံထားကြသည်။

ထို့ကြောင့် အဆောက်အအုံ ဆောက်လုပ်မည့်အရပ်၊ ဒေသ၊ နေရာသည် ဘူမိနက်သန်မှန်၍ အပြစ်အနာကင်းရန် ပန္နက်ချရမည့် နေ့ရက်လတို့မှစ၍ အဆောက်အအုံပြီးဆုံး၍ အဆောက်အအုံတက် မင်္ဂလာကျင်းပသည့်နေ့တိုင်အောင် ဗိသုကာတို့မှာ ကြပ်မတ်တာဝန်ယူကြရသည်။

ဗိသုကာတစ်ယောက်အနေဖြင့် ဗိသုကာတို့တတ်အပ်၊ သိအပ်၊ နားလည်အပ်သော ပညာရပ်တို့မှာ ဗေဒင်၊ နက္ခတ်အတတ်၊ ပုံထုတ်ရေးဆွဲခြင်း အတတ်၊ အဆောက်အအုံဆောက်လုပ်ရာတွင် အဆင့်ဆင့်လိုအပ်သော ဂါထာမန္တရားတို့ကို ရွတ်ဖတ်ရခြင်းအတတ်၊ သစ်သားအမျိုးမျိုးတို့၏

www.burmeseclassic.com

www.burmeseclassic.com

သဘောသဘာဝကို နားလည်ရခြင်းအတတ်၊ အင်္ဂတေ၊ သရွတ်တို့ကို ဖော်စပ်ပြုလုပ်၍ စနစ်တကျ နားလည်ရခြင်းအတတ် စသောအတတ်မျိုးများကို နားလည်တတ်ကျွမ်းမှသာလျှင် မိမိနှင့်ပူးတွဲလုပ်ကိုင်ရသော လက်သမား၊ ပန်းရံ၊ ပန်းပု၊ ပန်းပဲအစရှိသည့်သူတို့နှင့် တွဲဖက်လုပ်ကိုင်ရာတွင် လိုသလို ကြီးကြပ်ညွှန်ကြားနိုင်မည်ဖြစ်ပါသည်။ သို့မှလည်း မိမိတာဝန်ယူ ဆောက်လုပ်ရသောလုပ်ငန်းကြီး ချောမောပြေပြစ်စွာ ပြီးဆုံးနိုင်မည်ဖြစ်သည်။

ရှေးခေတ် မြန်မာဗိသုကာများတွင် ထူးခြားသော ဝိသေသ တစ်ခုရှိပါသည်။ ယင်းမှာ ဗိသုကာအတတ်ပညာကို စာသင်ကျောင်းများ၊ ဌာနများမှာ သင်အံလေ့လာ၍ တတ်မြောက်ကြခြင်းမဟုတ်ဟူသော အချက်ဖြစ်ပါသည်။ မိရိုးဖလာ လက်ထပ်သင်နည်းအရ အဖ၊ အဘိုးတို့မှ ဆင်းသက် လုပ်ကိုင်လာကြရသော ရိုးရာလုပ်ငန်းပညာဖြစ်ပါသည်။ အကယ်၍ အဆက်အနွယ်များတွင် ဤပညာအမွေကို ခံယူမည့်သူမရှိပါမူ နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟတို့၏ သားမြေးတို့အား သင်ပြလေ့လာစေခြင်းဖြင့် ဤပညာရပ်ကို ပွားများ စေကြပါသည်။

မြန်မာဗိသုကာလက်သမားတို့ အသုံးပြုသော လက်နက်ကိရိယာ ပစ္စည်းများမှာ –

(၁) ခေါက်ပေတံ (၂) ကျင်တွယ် (၃) ရဲတင်း (၄) သံတူ (၅) သစ် သားတူ (၆) ပဲကွပ် (၇) ရွေပေါ် (၈) ရွေပေါ်အိမ်ရှည် (၉) ရွေပေါ်အိမ် တို (၁၀) စောင်းရွေပေါ် (၁၁) ရှာရွေပေါ် (၁၂) ရှာကျင်တွယ် (၁၃) သံနှုတ် (၁၄) လွန်ကောက် (၁၅) လွန်သွား (၁၆) ရိုးရိုးဆောက်ပြား (၁၇) စောင်းသိမ်းဆောက်ပြား (၁၈) ဝက်အူလှည့် (၁၉) စူး (၂၀) ချိန်သီး (၂၁) ကြက်မီးလွှ (၂၂) ပိုးလွှကြီး (၂၃) စေ့ကောက်လွှ (၂၄) ပိုးလွှအလပ် (၂၅) ဒိုင်းလွှ



(၂၆) လက်ထိုးလွှကြီး (၂၇) ရေချိန် (၂၈) မျဉ်းကြိုး (၂၉) သံလတ် (၃၀) အုတ်ခုတ်တူ (၃၁) ပေကြိုး (၃၂) မျဉ်းတံ (၃၃) ပွိုင်တင်ဆွဲ သံကောက်ခေါ် နှာသတ်ကိရိယာ (၃၄) လက်ပွတ် (၃၅) တံမြက်စည်း (၃၆) သရွတ်ဒယ်အိုး စသည်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရေမြေအနေအထားကလည်း တောတောင်မြေ ထူထပ်သဖြင့် သစ်ဝါးများပေါများသည်။ ရာသီဥတုကလည်း ယေဘုယျ အားဖြင့် ပူအိုက်စွတ်စိုပြီး မိုးများသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဤရာသီဥတုမျိုးတွင် လူတို့နေထိုင်ရန်အကောင်းဆုံးအိမ်မှာ သစ်အိမ်၊ ဝါးအိမ်များဖြစ်သည်။

ထို့ကြောင့် သမိုင်းတင်ခေတ်မှစပြီး ယနေ့ထိ မြန်မာနိုင်ငံတွင် ဆောက်လုပ်နေထိုင်သောအိမ်များသည် များသောအားဖြင့် သစ်အိမ်၊ ဝါးအိမ်များသာဖြစ်ပါသည်။ ရှေးခေတ်မြန်မာမင်းများနေထိုင်သော နန်းတော်၊ အိမ်တော်၊ မင်းညီမင်းသားများနေထိုင်သော အိမ်တော်၊ မှူးတော်မတ်တော်များ၊ သူဌေးသူကြွယ်များ၊ သာမန်ဆင်းရဲသားများ စသည်တို့နေထိုင်သော အိမ်များသည် သစ်အိမ်၊ ဝါးအိမ်များသာဖြစ်ပါသည်။

သစ်အိမ်၊ ဝါးအိမ်များဆောက်လုပ်ရန်အတွက် ဖော်ပြပါဗိသုကာ လက်သမားသုံးလက်နက်ကိရိယာများဖြင့် လုံလောက်ပါသည်။

သို့သော် သာမန်ဆင်းရဲသားနေသော အိမ်တစ်လုံးအတွက် လက်သမားလုပ်ငန်း၊ လက်သမားဆရာများဖြင့် ပြီးနိုင်သော်လည်း၊ ဘုရင့် အမှုထမ်းများ၊ အရာထမ်းများ၊ မှူးတော်မတ်တော်များ၊ မင်းညီမင်းသားများ၊ ရှင်ဘုရင်များနေသောအိမ်တော်၊ နန်းတော်များ ဆောက်လုပ်ရာ၌မူ ဗိသုကာလုပ်ငန်းအောက်တွင် လက်သမားလုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ပန်းရန် လုပ်ငန်း၊ ပန်းပွတ်လုပ်ငန်း၊ ပန်းချီလုပ်ငန်း စသည့် မြန်မာ့ရိုးရာ ပန်းပညာခေါ် လက်မှုအနုပညာလုပ်ငန်းများ ပါဝင်လာမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလက်မှုအနုပညာရပ်များတွင် "ပန်းပု" ပညာက အဓိကကျပြီး အရေးပါလှပါသည်။ အထူးသဖြင့် "တော်"နှင့်စပ်သမျှသော အိမ်များ ဆောက်လုပ်မွမ်းမံရာ၌ ဗိသုကာဆရာတွက်ချက်ရေးဆွဲထားသော အမွှမ်းအမံ အဆင်တန်ဆာများကို အချိုးလည်းကျစေ၊ လှပခြင်းလည်း ရှိစေ၊ အနုစိတ် လက်ရာလည်းမြောက်စေရန်အတွက် သစ်သားပန်း အလှများကို ထွင်းထု တန်ဆာဆင်ပေးရပါသည်။ ပန်းပုလုပ်ငန်းတွင် ရုပ်ကြွလည်း ပါမည်။ ရုပ်ခုံးလည်း ပါမည်။ ရုပ်ခွက်လည်းပါမည်။ အရုပ်တွေလည်း ပါမည်။ ပန်းတွေလည်းပါမည်။

အရုပ်များတွင် လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ နေလစသော သဘာဝ အဆင်းတန်ဆာရုပ်များ၊ တိရစ္ဆာန်ရုပ်များ ပါဝင်ရသလို ပန်းများတွင်လည်း ပန်းဖူး၊ ပန်းပွင့်၊ ပန်းခက်၊ ပန်းလက်၊ ပန်းနွယ်စသည့် ကနုတ်ပန်း၊ ခြူးပန်း၊ ခြူးနွယ်ပန်းများပါဝင်ရမည် ဖြစ်ပါသည်။ ထိုပန်းများ အရုပ်များထည့်သွင်း ထုလုပ်တပ်ဆင်ခြင်းသည် လေးနက်သောအနက်အဓိပ္ပာယ်သဘောနှင့် ထည့်သွင်းထုလုပ်သဖြင့် ထိုအနက်သဘောထင်ပေါ်အောင်လည်း သရုပ်ဖော်ထုလုပ်ကြရပါသည်။ အချွန်အတက်များထုလုပ်ရသကဲ့သို့ အကွေး၊ အကော့၊ အကောက်၊ အလုံး၊ အဝိုင်း၊ အဝန်းများလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ထုလုပ်ပေးရပါသည်။

အပြောက်အမွှမ်း အဆင်းတန်ဆာ ထည့်တပ်ခွင့်မရှိသည့် သာမန်လူများ၊ ဆင်းရဲသားများ၏ နေအိမ်မှအပ မင်းမှုထမ်းများတွင် အဆင့်အတန်း ရာထူးအားဖြင့် အငယ်ဆုံးသောမင်းမှုထမ်းများမှ အဆင့်အတန်း အဆင့်ဆင့်မြင့်သွားသော မှူးတော်မတ်တော်များ၊ မင်းညီမင်းသား၊ အိမ်ရှေ့မင်း၊ နောက်ဆုံးမင်းဧကရာဇ်ထိတိုင်အောင် နေထိုင်သောအိမ်များတွင် ပန်းအပြောက်များကို ပို၍ပို၍ခန်းနား၊ ပို၍ပို၍ကြီးကျယ်၊ ပို၍ပို၍အနုစိတ် လှပပြီး ပို၍ပို၍များပြားစွာ ထုလုပ်တပ်ဆင်ရသဖြင့် ပို၍ပို၍ စွမ်းရည်



ထက်မြက်ပြီး လက်ရာကောင်းသော ပန်းပုအကျော်အမော်များ များစွာ လိုအပ်ကြောင်း သိသာနိုင်သည်။

မင်းမိဖုရားများနေထိုင်သော အဆောက်အအုံမှာ မင်းများ၊ ညီလာခံ ရန်၊ အကန်တော့ခံရန်၊ နိုင်ငံခြားသံတမန်များအားလက်ခံတွေ့ဆုံရန် မင်းမှုထမ်းများအား ချီးမြှင့်ခြင်းပြုရန်၊ မင်းမိဖုရားများနေထိုင်ရန် အဆောင် ဆောင် အခန်းခန်း မြေနန်းပြာသဒ်တော်ကြီးနှင့်တကွ ဘုံအဆင့်ဆင့်ပါ သော အဆောင်ဆောင်များကို အမွှမ်းအမံအဆင်းတန်ဆာများနှင့်တကွ လုပ်ဆောင်ရသဖြင့် ဗိသုကာ၏ အခန်းကဏ္ဍသည် အထွက်အထိပ် ဖြစ်သည်။

အလားတူ မင်းမိဖုရား၊ မင်းညီမင်းသားတို့ သဒ္ဓါ၍ ဆောက်လုပ် လှူဒါန်းသော ဘုန်းတော်ကြီးကျောင်းများမှာလည်း "ကျောင်းပြောက်"များ ကို ခပ်စိပ်စိပ်ခြယ်လှယ်လုပ်ဆောင်ရရာ ဗိသုကာတို့၏ စွမ်းရည်သည် အမြင့်မားဆုံးဟုဆိုနိုင်ပါသည်။ တည်ထွင်ဉာဏ်ဆန်းသစ်သည့်အမြင်၊ မွမ်းမံမှုရသဖြင့် အနက်သဘောဖော်ဆောင်မှုအနုပညာလက်ရာတို့သည် လက်ကုန်ထုတ်ရသောအနေအထားမျိုးရှိပါသည်။

ထိုအောက်နိမ့်သော မင်းညီမင်းသားတို့၏ နေအိမ်များ၊ မှူးမတ် အရာရှိများ၏ နေအိမ်များတွင်မူ ဗိသုကာပညာရပ်သည် စွမ်းရည်ရှိ သလောက် အသုံးချခွင့်မရသည့်တိုင်အောင် သူ့ရာထူးအဆင့်အတန်းနှင့် ထိုက်တန်လျော်ညီစွာသော အစီအမံ အဆင်အယင်များကို လိုသလို ထည့်တပ်နိုင်ခြင်းကား ဗိသုကာအကျော်အမော်တို့သာ တတ်နိုင် ကောင်းသော အရာဖြစ်ပါသည်။

မြန်မာမင်းများခေတ်က နန်းတော်အတွင်း၌ ပန်းပုအမှုထမ်းများ ခန့်ထားခြင်းရှိကြောင်း၊ ပန်းပုအမှုထမ်း ၂၀ တို့မှာ တလစ်လျှင် လစာငွေ တော် ၂၁၀ ကျပ် သနားတော်မြတ်ခံရကြောင်း၊ ပန်းပုခေါင်းမှာ မောင်ပန်းအောင်ဖြစ်ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းပန်းပုအမှုထမ်းများသည် (၁) ရင်းဖျား (၂) ရွှဲကြီး (၃) ပုစွန်တုပ်ကွေး (၄) လက်သား (၅) ခြီး (၆) မန်ကြီးရွက်ကြီး (၇) မှော်တန်းဦး (၈) ဘနွဲ (၉) နားတောင်းကြိုး (၁၀) ဘဝါး (၁၁) ရွှေကြိုးရွှေနွယ် (၁၂) တော်ရနောင် (၁၃) တန်း (၁၄) အမြေ (၁၅) သရက်ကင်း (၁၆) ညောင်ရွက် (၁၇) နောက်လိုက်ပြားနှင့်မန်ကျည်းရွက်ကြီး (၁၈) မှော် (၁၉) ထောင့်ဖုံးငှက် (၂၀) ထောင့်တုရင် (၂၁) အဆော် (၂၂) ခြင်ပိတ် (၂၃) ပန်းဆွဲ (၂၄) ရင်ရပ် (၂၅) ကြီးကွေးတုံး (၂၆) အဆော် (၂၇) ထောင့်ဖုံး (၂၈) ကြီးကွေး (၂၉) စိန်ပုံ (၃၀) ဝေယံပုံ စသည့် နန်းတော်၊ အိမ်တော်များ၌ ထုလုပ်ရသည့် "နန်းပြောက်" ခေါ် အပြောက်မျိုးကိုသာ ထုလုပ်ကြရပါသည်။

ပန်းပုဆရာတို့အသုံးပြုသော လက်နက်ကိရိယာများ သီးခြားရှိပါသည်။ ယင်းတို့မှာ ခေါက်မျဉ်းတံတို ၊ မျဉ်းတံရှည်၊ ကျင်တွယ်၊ ကွန်ပါ၊ ခဲတံ၊ မြေဖြူခဲ စသည့်တိုင်းထွာရသောကိရိယာများ၊ ဆောက်ခုံးအရွယ်အစားအမျိုးမျိုး၊ ဆောက်ခွက်အရွယ်အစားအမျိုးမျိုး၊ ဆောက်ပက်အရွယ်အစားအမျိုးမျိုး၊ ဆောက်ပြားအရွယ်အစားအမျိုးမျိုး၊ လက်ရိုက်အကြီး၊ အလတ်၊ အသေး (အလုံး) လက်ရိုက်ကြီး၊ အလတ်၊ အသေး (လေးထောင့်) တူ စသည့် လက်ရိုက်များ၊ လွန်အမျိုးမျိုး၊ စူးကောက်နှင့်အသွားအမျိုးမျိုး၊ လက်ပွတ်စူးစသည့် ဖောက်ထွင်းကိရိယာများ၊ မန်းဆွယ်လွှ၊ လက်ထိုးလွှကြီးများ၊ လက်ထိုးလွှငယ်များ၊ စေ့ကောက်လွှ၊ လက်ယှက်လွှ၊ ဒိုင်းလွှ၊ ကြွက်မြီးလွှ၊ ဓားမ၊ ဓားမောက်၊ ပုဆိန် (သို့မဟုတ်) ရဲတင်း၊ ပက်ခွက်စသည့် ဖြတ်တောက်ခြင်းကိရိယာများ၊ အကြမ်းထိုး ရွှေပေါ်များ၊ အချောထိုး ရွှေပေါ်များ၊ ပန်းအလှ (သို့မဟုတ်) မျှော့ကြောင်းထိုးရွှေပေါ်၊ ကိုက်ရွှေပေါ် စသည့် လွှာခြင်းကိရိယာများ ရွှေပေါ်နှင့် လွှတိုက်ရန် မြင်းခုံ၊ ဓားသွေးကျောက်ကြမ်း၊ ဓားသွေးကျောက်ချော၊



တံစည်းများ၊ တံစဉ်းများ၊ ပြွတ်တူ၊ သံနှုတ်၊ သံစို၊ ဝက်အူလှည့်၊ ကော်ဘူး သစ်သား ကော်ဖတ်အမျိုးမျိုး စသည် တို့ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်က နန်းတော်များဆောက်လုပ်သော အခန်းအနားနှင့်ရှင်ဘုရင်များ နန်းတော်တက်သိမ်းမင်္ဂလာအခမ်းအနားများ တွင် ဗိသုကာအကြီးတို့သည် "ဖောင်းကြီးညွှန့်သွယ်ပေါင်းလျက် ဖြူစင်စွာသောအဝတ်တို့ကို ဝတ်လျက်" ပါဝင်ရသည်ကို ထောက်ခြင်းဖြင့် မြန်မာ့ဗိသုကာတို့၏ အခန်းကဏ္ဍသည် ရှေးအခါက လွန်စွာမြင့်မားခဲ့သည်ဟု ဆိုနိုင်ခဲ့ပါသည်။

လက်သမားများလည်း နန်းတော်အတွင်း၌ လစာရိက္ခာများရကြောင်း ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၌ –

"ရွှေတိုက်ဝန်စုပါအမှုထမ်းလက်သမား (၂၁) ယောက်တို့မှာ ဘဏ္ဍာတော်နှင့် စပ်လျဉ်းသည့်အသုံးအဆောင်တော်များကို လုပ်ဆောင်ထမ်းရွက်ရသည်။ တစ်လလျှင် လစာတော်ငွေ ၄၉၀ ကျပ် သနားတော်မြတ်ခံရသည်" ဟူ၍ ပါရှိသည်။

ထို့ပြင် ရွှေတိုက်ဝန်စုပါအမှုထမ်း၊ သစ်ပျဉ်နှင့်စပ်လျဉ်း၍ လုပ်ဆောင် ရန်ရှိလျှင် အခြားလက်သမားများထက် နားလည်တတ်မြောက်သည်ဖြစ်၍ အမိန့်တော်မြတ်နှင့် သီးခြားဖြစ်စေ၊ လွှတ်တော် အတွင်းတော်များက ဆင့်ဆိုရာဖြစ်စေ လုပ်ဆောင်ထမ်းရွက်ရသည့် ခေါင်းအကြီးပါလူ (၃၃) တို့အား တစ်လလျှင် လစာတော်ငွေ ၁၀၃၀ ကျပ် ပေး သနား တော် မြတ်ခံရသည်ဟူ၍လည်း ပါရှိပါသည်။

ယင်းကဲ့သို့ နန်းတွင်းလစာ ရိက္ခာစာအဖြစ် ခန့်ထားသည်ကို ထောက်ခြင်းဖြင့် ရှေးခေတ်ကလက်သမား ဆရာများ၏ အခန်းကဏ္ဍက လည်း မသေးလှကြောင်း သတိပြုဆင်ခြင်ကြည့်နိုင်ပါသည်။

ဆိုရပါက သာမန်ငွေကြေးတတ်နိုင်သူ သူဌေးသူကြွယ်တို့၏ နေအိမ်မှအစ အိမ်တော်များ၊ နန်းတော်များ၊ ဘုန်းကြီးကျောင်းများတွင်

www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်ရှေးအခါက အသုံးပြုသောသစ်သားထည်များသည် ထုကြီး၊ ထည်ကြီးများဖြစ်သဖြင့် ထိုသစ်များကို မတင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ထူမတ်ခြင်း၊ စရွေးကိုက်၍ တပ်ဆင်ခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်ရာ၌ များစွာ အခက်အခဲရှိပါသည်။ ခဲရာခဲစစ်များကြားက လုပ်ကိုင်ဆောင်ရွက်ရကြောင်း မှန်းဆသိမြင်နိုင်ပါသည်။ ယင်းသို့ မှန်းဆကြည့်ရုံ နှင့်ပင် မြန်မာဗိသုကာ လက်သမားဆရာတို့၏ ကျွမ်းကျင်မှုနှင့် စွမ်းရည် သည် လေးစားလောက်ဖွယ်ဖြစ်ပါသည်။

"လက်သမားလက်ရာ မြောက်သည်မမြောက်သည်မှာ တံခါးမများတွင် စရွေးဖောက်၍တပ်ထားသောအဖုံးအပိတ်တံခါးရွက်နှစ်ရွက်ကို ဖွင့်လိုက်ပိတ်လိုက်သည့်အခါ "ဖိုသံ"သို့မဟုတ် "မသံ"ဟူ၍ ခွဲခြားပြီး ထွက်ပေါ်လာတတ်ရာ ထိုအသံသာသည်နှင့်အမျှ လက်သမားဆရာ၏ အတတ်ပညာ ကျွမ်းကျင်မှုကိုသိသာနိုင်သည်ဟူ၍ လက်သမားဆရာ၏ အရည်အချင်းကို အကဲဖြတ်သော ရှေးဆရာမြတ်တို့၏ အဆိုတစ်ခုကို ဆရာစဉ်သမားဆက် ကြားနာရဖူးပါသည်။

မြန်မာ့ရိုးရာ အိမ်ဆောက်ဗိသုကာ လုပ်ငန်းတွင် ဗိသုကာလုပ်ငန်း၏ အခြေအရံဖြစ်သော "ပန်းပဲ" "ဆေးသုတ်သမား" များသည်လည်း မြန်မာမင်းများလက်ထက်က နန်းတော်ဟွင်း လစာရိက္ခာများ သနားတော်မြတ်ခံရကြောင်း ရွှေနန်းသုံးဝေါဟာရအဘိဓာန်၌ –

"ပန်းပဲအမှုထမ်း ၂၅၃ တို့မှာ စပါးတော် ၅၅၈၂ တင်း သနားတော်မြတ်ခံရကြောင်း ဖိုသူကြီးကား မောင်တာရဲဖြစ်ကြောင်း" ဟူ၍ ပါရှိသလို –

"ရွှေနန်းတော်ပေါ်တွင် မိဖုရား ကလေးတို့နေရသည့်အဆောင်တန်းလျားဆောင်များ၏ အတွင်းက အဖြူရောင်ဆေးသုတ်သည်



ဖြစ်၍ ၎င်းဆေးရောင်များပေါင်းများရှိသည့်အခါ နန်းကဲကျွေးဝန်ဆင့်ဆိုရာ နာခံ၍ အနောက်ဝန်စာရေးတို့လိုက်ပါ ကြပ်မတ်လျက် ဆေးအဖြူရောင်ကို သုတ်ရသည့် ဆေးသုတ်ကုလားအမှုထမ်း ၃ ယောက်တို့မှာ တစ်လလျှင် စပါးတော် ၄၀ တင်း သနားတော်မြတ်ခံသည်" ဟူ၍လည်း ပါရှိပါသည်။

မှတ်တမ်းတစ်ခု၌လည်း မင်းတုန်းမင်းတရားကြီးလက်ထက်စံနန်းတော်တိုင်ထူရာ၌ ကဲကျွေးဝန်မင်းကျော်သူကြီးကြပ်ပြီး ဗိသုကာကြီးဦးဖြူ၊ ဗိသုကာကြီး ဦးဆန်း၊ လက်သမား (၁၅)ဦး တို့လုပ်ဆောင်ခဲ့ပြီး စံနန်းတော်အပြောက်အမွမ်းတင်ရာ၌ နန်းကဲကျွေးဝန် ဗိသုကာကြီးနှင့် ငန်းပုခေါင်း ဦးရန်ကင်းတို့ ဦးစီးလုပ်ကိုင်ကြောင်းတွေ့ရရာ ထိုကဲ့သို့ နန်းတော်ဆိုင်ရာ အဆောက်အအုံများတွင် တာဝန်ပေးခြင်း၊ နန်းတွင်းရိက္ခာ လစာပေးအဖြစ် ချီးမြှောက်ခြင်းများကသည်ပင်လျှင် သမိုင်းတန်ဖိုးကြီးပြီး ယဉ်ကျေးမှုတန်ဖိုးမြင့်သော "မြန်မာ့ရိုးရာအိမ်ဆောက်ဗိသုကာ" ဟူ၍ ကမ္ဘာ့အလယ်တွင် မော် ကြွားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

---

၁။ ရွှေနန်းသုံး (ညွှန်းပြီး) စာ –၁၄၅။

၂။ ရွှေမြန်မာအိမ် (ညွှန်းပြီး) စာ –၅၀၁။

၃။ ရွှေနန်းသုံး (ညွှန်းပြီး) စာ –၁၈၃။

၄။ ရွှေနန်းသုံး (ညွှန်းပြီး) စာ –၁၆၃။

၅။ ဗိသုကာအစွမ်း (ညွှန်းပြီး) စာ –၇၄။


www.burmeseclassic.com

www.burmeseclassic.com





ဦးကြင်ဥအိမ် (မြန်မာ–၁၂၀၀၊ ခရစ် ၁၈၃၈) (တောင်ဘက်မှမြင်ရသောပုံ)



ဦးကြင်ဥအိမ်ကို (အရှေ့တောင်ထောင့်မှမြင်ရသောပုံ)





ဦးကြင်ဥအိမ်အား (မြောက်ဘက်မှ မြင်ရပုံ)




ဦးကြင်ဥ၏ ကျီကို (မြောက်ဘက်မှမြင်ရပုံ)

www.burmeseclassic.com

www.burmeseclassic.com






ပုံစံ ၁၄– ဦးကြင်ဥအိမ်၊ ဓနှက်ပုံ



အလုံဝန် ဦးကောင်းအိမ်၊ (မြန်မာ ၁၂၂၃၊ ခရစ် ၁၈၆၁)
အရှေ့ဘက်မှမြင်ရသောပုံ




အလုံဝန် ဦးကောင်းအိမ်
အရှေ့မြောက်ထောင့်မှ မြင်ရသောပုံ




အလုံဝန် ဦးကောင်းအိမ်
အနောက်တောင်ထောင့်က မြင်ရသောပုံ

www.burmeseclassic.com

www.burmeseclassic.com



ပုံစံ ၁၅– ကြမ်းပြင်ပန္နက်ပုံ



ပုံစံ ၁၆ – သားတော်အုပ်ဦးထွန်းအောင်အိမ်ပန္နက်ပုံ

## အခန်း (၆)

## မြန်မာရိုးရာအိမ်များ၏ ဖွဲ့စည်းပုံ

အီတလီဘုန်းတော်ကြီး ဆာဂျာမာနိုက "မြန်မာတို့၏ နေအိမ်များမှာ တစ်ထပ်အိမ်များဖြစ်သည်။ အိမ်သားဦးရေကိုလိုက်၍ အိမ်အကြီး အသေး ကွာသည်။ မှူးမတ်များ၊ ချမ်းသာကြွယ်ဝသူများသည် ကျွန်းတိုင်၊ ကျွန်းသားဖြင့် အိမ်ဆောက်ကြသည်။ အိမ်အတွင်းပိုင်းတွင် အခန်းများပိုင်းခြားဖွဲ့စည်းထားသည်။ အိမ်မိုးရန်အတွက် လေးထောင့် အုတ်ကြွပ်ပြားများကို သုံးသည်။ အိမ်ရှင်၏ရာထူးအဆင့်အတန်းကို လိုက်၍ နေအိမ်အမိုးပြုလုပ်ပုံလည်း ကွာခြားသည်။ မင်းမှူးထမ်းတို့၏ နေအိမ်သည် သာမန်လူများ၏ နေအိမ်ပုံစံနှင့်မတူ ထူးခြားသည်" ဟု မှတ်တမ်း ရေးသားခဲ့သည်။

မောရစ်ကောလစ်ကလည်း သူ၏ နေဝင်ဘုရင်များ (LORD OF THE SUNSET) စာအုပ်တွင် ရှမ်းလူမျိုးတို့အိမ်များမှာ အလယ်တွင် အခန်းကျယ်ကြီးတစ်ခုရှိပြီး အိပ်ခန်းများဆီသို့ ထိုအခန်းကျယ်ကြီးမှတစ်ဆင့် ဝင်ရသည်။ အလယ်ခန်းမမှာ တစ်ခါတစ်ရံ အလွန်ကျယ်ပြီး အမိုးအထိ တက်သွားသည့်တိုင်များရှိသည် စသဖြင့် မြန်မာပြည်မှ ရှမ်းတိုင်းရင်းသားတို့၏အိမ်ကို မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ခဲ့သည်။

ယင်းနိုင်ငံခြားသားများ၏ မှတ်တမ်းများသည် မြန်မာ့ရိုးရာအိမ်၏ ဖွဲ့စည်းပုံကို တစ်စိတ်တစ်ပိုင်း ထင်ဟပ်ပြနေခြင်းဖြစ်ပါသည်။


www.burmeseclassic.com

 www.burmeseclassic.com

အရပ်လက်သမားဖြစ်စေ၊ ဗိသုကာဖြစ်စေ၊ ဆောက်လုပ်သမျှ သော မြန်မာ့ရိုးရာအိမ်များသည် ခြေရပ်၊ ကြောရပ်၊ ဆောင်ပုံအချိုးညီသဖြင့် မျက်မြင်အရကြည့်၍ကောင်းသည်။ အီတလီဘုန်းတော်ကြီး ဆန်ဂျာမာနိုကပင် "သစ်ဖြင့်ဖြစ်စေ၊ ဝါးဖြင့်ဖြစ်စေ ဆောက်သော မြန်မာတို့၏ အိမ်သည် အပြင်မှကြည့်လျှင် နှစ်သက်စဖွယ်ဖြစ်သည်" ဟုဆိုထားပါသည်။

မင်း၊ မှူးမတ်၊ အရာရှိများ၏ နေအိမ်သည် "လှေကားဦးတိုက်" ဆောက်လုပ်ကြရပါသည်။ သာမန်ဆင်းရဲသားပြည်သူတို့မှာ လှေကားဦးတိုက်ဆောက်ခွင့်မရှိပါချေ။ လှေကားဆောက်လုပ်ထားပုံကိုကြည့်ရုံနှင့် မင်းမှူးထမ်းအိမ်၊ သာမန်ဆင်းရဲသား၊ ပြည်သူအိမ်ခွဲခြားနိုင်ပါသည်။ နှစ်ထပ်ဆောက်ပုံ၊ သုံးထပ်ဆောက်ပုံစသည်ဖြင့် မင်းမှူးထမ်းများပင်လျှင် မိမိတို့၏ ရာထူးအဆင့်အတန်းနှင့်လျော်ညီစွာ ဆောက်လုပ်ကြရာ သာမန်လူများ၏ အိမ်ထက် မင်းမှူးထမ်း၊ သူဌေးသူကြွယ်များ၏အိမ်၊ ယင်းတို့ထက် အတွင်းဝန်၊ ဝန်ကြီးများ၏အိမ်၊ ယင်းတို့ထက်မင်းညီမင်းသား အိမ်ရှေ့မင်းတို့အိမ်က ပို၍ လှပခန့်ညားမည်မှာ မှန်းဆကြည့်ရုံနှင့်ပင် သိနိုင်ပါသည်။ ဘုရင်မင်းမြတ်များနေသော နန်းတော်ဆိုလျှင် ဘုံအဆင့်ဆင့်ရှိသော အဆောင်များ၊ ပြာသာဒ်များဖြင့် ပို၍တင့်တယ်လှပပြီး "နတ်ဘုံနတ်နန်းလော" ဟူ၍ပင် ထင်ယောင်ထင်မှားဖြစ်စရာရှိပါသည်။

မြန်မာရိုးရာအိမ်ဆောက်ဗိသုကာတို့သည် အိမ်မဆောက်လုပ်မီ ထိုအိမ်တွင် နေထိုင်မည့်မိသားစု လူဦးရေအနည်းအများ၊ ထိုအိမ်တွင် နေထိုင်မည့်လူ၏ ရာထူးဂုဏ်အဆင့်အတန်းကိုလိုက်၍ အိမ်၏အကျယ်အဝန်း၊ အကြီးအသေးခြေရပ်၊ ကြောအုပ်ဆောင်ပုံစသည်တို့ကို အချိုးချပြီးမှ ဆောက်လုပ်ခြင်းဖြစ်သည်။

သာမန်လူအိမ်၊ ဆင်းရဲသားအိမ်ဖြစ်ပါက အိမ်သေးမည်။ အခန်းဖွဲ့ပုံနည်းမည်။ "တော်" နှင့်စပ်သောအိမ်များဆိုပါက အိမ်ကြီးမည်။ ကျယ်မည်။



အခန်းဖွဲ့ပုံများမည်။ ပြင်ပအမြင်အားဖြင့်လည်း လှပခံ့ညားမည်ဖြစ်ပါသည်။ ရာထူးအဆင့်ကြီးလျှင် ကြီးသလောက်၊ မြင့်မြတ်မှုအရာသာလွန်လျှင် သာလွန်သလောက် သူတို့နေသော "အိမ်တော်"များလည်း ကြီးမည်။ ကျယ် မည်။ အခန်းဖွဲ့ပုံများမည်။ စုလစ်မွန်းချွန်များဖြင့် တင့်တယ်လှပပြီး ခမ်းနားမည်ဟု နားလည်နိုင်ပါသည်။

သာမန်အိမ်တစ်အိမ်၏ ဖွဲ့စည်းပုံမှာ များစွာမရှိပါ။ အိမ်မ ရှိမည်။ အိမ်ခန်း (၁) ခန်းရှိမည်။ မီးဖိုဆောင်သီးခြားရှိမည်။ ဝရန်တာပါမည်။ ထိုထက်အနည်းငယ်ကြီးလာပါက မိန်းမများချိုရစ်ဗိုင်းငင်လုပ်သော ဇလင်းဆောင်ပါရှိမည်။ ထိုထက်အနည်းငယ်ပိုပါက မိန်းမများ မီးနေသော "မီးနေခန်း" များရှိမည်။ မြန်မာရိုးရာအိမ်များတွင် ဥရောပအိမ်များကဲ့သို့ "ဧည့်ခန်း" ဟူ၍ သီးသန့်မရှိပေ။ "အိမ်မကြီး"ကိုပင်ဧည့်ခန်းအဖြစ် အသုံးပြုကြပါသည်။



လွန်ခဲ့သောအနှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သော ရန်ကုန်မြို့လယ်ရှိ ရှေးရိုးမြန်မာအိမ်ကြီးတစ်အိမ်အား အရှေ့တည့်တည့်မှ မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com




လွန်ခဲ့သောအနှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သော ရန်ကုန်မြို့လယ်ရှိ
ရှေးရိုးအိမ်ကြီးအား အနောက်တောင်ထောင့်မှ မြင်ကွင်းပုံ



လွန်ခဲ့သောအနှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သော ရန်ကုန်မြို့လယ်ရှိ
ရှေးရိုးအိမ်ကြီးတစ်အိမ်ကို မပြုမပြင်ဘဲ ရှေးမူမပျက်တွေ့ရပုံ



လွန်ခဲ့သော ၇၅ နှစ်ကျော်က ဆောက်လုပ်ခဲ့သည့် ရှေးရိုးမြန်မာအိမ်ကြီးမူမပျက်
ပြုပြင်ရှိထားပုံ




တောင်ကြီး အရေးပိုင်အိမ်

www.burmeseclassic.com

www.burmeseclassic.com



သစ်တောကုမ္ပဏီ အိမ်– မော်လမြိုင် (မြန်မာသက္ကရာဇ် ၁၂၅၂၊ ခရစ် ၁၈၉၀ ခန့်)



မော်လမြိုင်ကဝတိုးရှိတိုင်တစ်လုံးအိမ် (မြန်မာ–၁၂၅၂၊ ခရစ် ၁၈၉၀ ခန့်)
အရှေ့ဘက်မှ မြင်ရသောပုံ



အိမ်မနေရာသည်ပင် နေ့အခါဧည့်သည်များကိုဧည့်ခံရာဖြစ်၍ ညအခါ မိသားစုအိပ်ရာနေရာအဖြစ် အသုံးပြုကြပါသည်။

သက္ကရာဇ် ၁၂၀၀ ခန့်က ဦးကြင်ဥ ဆောက်လုပ်ခဲ့သော မုံရွာခရိုင် မုံရွာမြို့ကြေး မုံရွာမှရှေးမြန်မာအိမ်၏ အခန်းဖွဲ့စည်းပုံ လေ့လာသည်အခါ–

(၁) ဧည့်ခန်းဆောင် (ပွဲကြည့်ဆောင်)
(၂) မိသားစုခန်း
(၃) ဘဏ္ဍာခန်း
(၄) မီးဖွားခန်း
(၅) အိပ်ခန်း (အိမ်ရှင်)
(၆) မီးဖိုဆောင်
(၇) ပစ္စည်းထားခန်းနှင့်အစေခံခန်း
(၈) ရေသွန်ချောင်
(၉) ကပြင် (ဖိနပ်ချွတ်) လှေကား
(၁၀) မြင်းဇောင်း ဟူ၍ တွေ့ရှိရပါသည်။

လှေကားဦးတိုက်မဟုတ်သည့်အတွက် မင်းမှုထမ်း၏ အိမ်တော့တ် သော်လည်း ကျွန်းတိုင်၊ ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားသော အိမ်ဖြစ် ပါသည်။ အဆောင်များကို သတ်မှတ်ခွဲဆောက်ထားပါသည်။ ဧည့်ခန်း ဆောင် (ပွဲကြည့်ဆောင်)၊ မီးဖိုဆောင်နှင့် အိမ်မတို့ကို ခွဲထားပါသည်။ မိန်းမ များအတွက် အထူးအရေးကြီးသော မီးနေခန်းကို အဓိကထား၍ အိမ်၏ နောက်ဘက်တွင်ထားပါသည်။

ထိုအိမ်တွင် အပြောက်အမွမ်းများမရှိပါ။ ကပြင်၊ နံရံများကို လေသိပ်ခြင်း၊ ပြတင်းပေါက်၊ တံခါးပေါက်၊ ကဲလားပေါက်များကို

www.burmeseclassic.com

www.burmeseclassic.com

ဇလီသပ်ခြင်းသာ ရှိပါသည်။ အပြောက်အမွမ်းမပါသော်လည်း အမြင်အရ အလွန်ခံ့ညားပါသည်။

အိမ်ဆောင်များကို ကပြင်ပေါ်တစ်ဆောင်စီ ဆောက်ထားသော်လည်း တစ်ဆောင်စီဟူ၍မမြင်ဘဲ အိမ်ကြီးတစ်လုံးဟူ၍သာမြင်ခြင်းမှာ ဗိသုကာ၏ နေရာပမာဏ ကစားတတ်မှုစွမ်းရည် ဖြစ်ပါသည်။

ကင်းဝန်မင်းကြီးဦးကောင်း၊ အလုံဝန်ဖြစ်စဉ် မြန်မာသက္ကရာဇ် ၁၂၂၃– ၁၂၂၆ ခုနှစ်က အလုံမုံရွေးတွင် ဆောက်လုပ်ခဲ့သော အိမ်ကို ကြည့် ပါကလည်း အခန်းဖွဲ့ပုံကို အောက်ပါအတိုင်း တွေ့နိုင်ပါသည် –

ဧည့်ခန်းဆောင် (ပွဲကြည့်ဆောင်)၊ မိသားစုဆောင်၊ နတ်ခန်း (သို့မဟုတ်) ပွတ်လုံးခန်း၊ ဘဏ္ဍာခန်း၊ မီးဖွားခန်း၊ အိပ်ခန်း (အိမ်ရှင်)၊ မီးဖိုဆောင်၊ ပစ္စည်းထားခန်းနှင့် အစေခံခန်း၊ ရေသွန်ချောင်၊ ကပြင် (ဖိနပ်ချွတ်)၊ လှေကားတို့ ဖြစ်ပါသည်။

မင်းမှုထမ်းအိမ်ဖြစ်သည့်အတွက် အပြောက်အမွမ်းများ တပ်ဆင်ထားပါသည်။ အထူးသဖြင့် ပြတင်းပေါက်များနှင့် တံခါးပေါက်များ ပတ်လည်တွင် တွေ့ရသည်။ မူလက လှေကားနှစ်စင်းတပ် ကိုးဆောင်ပြိုင် အိမ်ဖြစ်သည်ဟု သိရသည်။

ကျွန်းတိုင်၊ ကျွန်းသစ်၊ အုတ်ကြွပ်မိုး အိမ်ဖြစ်သည်နှင့် အညီ “တူသစ်” ကို အသုံးပြုကာ “စရွေးထွင်း” ဆက်စနစ်ကို အသုံးပြုပါသည်။ “အမိုးဆောင်ပုံ” ကို အသုံးပြုပြီး ဆောင်ပုံတွင် ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ မြားကျားမော့၊ မိချောင်းတို့ပါဝင်ပါသည်။

ဦးကြင်ဥအိမ်မှာကဲ့သို့ ဧည့်ခန်းဆောင်၊ အိမ်မနှင့်မီးဖိုချောင်တို့ကို သီးခြားခွဲ၍ဆောက်လုပ်ထားပါသည်။ မိန်းမဆောင်ကို မီးနေခန်းအဖြစ် အဓိကထား၍ စနေထောင့်တွင်ထားပါသည်။ ပြတင်းပေါက်မထားဘဲ



ဝင်ပေါက်ထွက်ပေါက်တစ်ပေါက်တည်းသာရှိပါသည်။ အထူးသဖြင့် ယောကျ်ားများအလွယ်တကူ မဝင်နိုင်ရန်ဖြစ်ပါသည်။ ယင်းသည်ပင် မြန်မာ့ရိုးရာအိမ်၏ သင်္ကေတစစ်စစ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကဲလားများ ကြမ်းပြင်နှင့် တစ်ပြေးတည်းဖောက်ထားသော သေးငယ်သည့် ပြတင်းပေါက်များက နေအိမ်အတွင်း အလင်းရောင် ထိမ်းချုပ်မှုကို ပေးနိုင်စွမ်းရှိရာ ဗိသုကာ၏လက်ရာမြောက်ကြောင်း ထောက်ခံသကဲ့သို့ ရှိနေပါသည်။ ရွှေဘိုဟန်လင်းရွာမှ ဆားတော်အုပ် ဦးထွန်းအောင်အိမ်မှာလည်း အဆောက်အအုံဖွဲ့စည်း တည်ဆောက်မှုစနစ်အရ တိုင်၊ တန်း၊ ဒိုင်းခွေး၊ အုတ်ကြွပ်တန်း၊ သစ်သားကန့်လန့်၊ သစ်သားပတ္တာ၊ ဝါး၊ အုတ်ကြွပ်တန်း၊ ပျဉ်ထောင်ပျဉ်ခင်းဖြစ်ပြီး သံလည်းရိုက်သည်။ စရွေးလည်း သုံးသည်။

အခန်းဖွဲ့ထားပုံမှာ ဧည့်ခန်း၊အိမ်ဦးခန်း၊ ဧည့်သည်အိပ်ခန်း၊ အိမ်ရှင်အိပ်ခန်း၊ ပစ္စည်းထားခန်း၊ မီးဖိုခန်း၊ ကပြင်၊ ဖိနပ်ချွတ် စသည်ဖြင့် အကွက်ချဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။ ကပြင်ပေါ်မှာ အဆောင်များ သီးသန့်ဆောက်လုပ်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ဗိသုကာအဆင့်မြင့်လှပါသည်။ မင်းမှုထမ်းအိမ်ဖြစ်သည်နှင့်အညီ အပြောက်အမွမ်းများတပ်ဆင်ထားသည်။

မင်းမှုထမ်းချင်းတူသော်လည်း အလုံဝန်ဦးကောင်းအိမ်၊ ဆားတော်အုပ် ဦးထွန်းအောင်အိမ်များထက်စာလျှင် စော်ဘွားများ၏ အိမ်ကပို၍ကြီးကျယ်ခံ့ညားကြောင်း ညောင်ရွှေစော်ဘွားကြီး၏ ဟော်နန်းက ပြသနေပါသည်။

ညောင်ရွှေ “ဟော်”ကို အပြင်ပန်းအမြင်ကပင် ဘုံခုနစ်ဆင့် ပြာသာဒ်နှင့် ထုပိကာတပ် ထီးတံ့ထားသဖြင့် အဆင့်မြင့်ဂုဏ်ထူး၊

www.burmeseclassic.com

www.burmeseclassic.com

အဆင့်အတန်း နေထိုင်ရာ အဆောက်အအုံမှန်း သိသာစေနိုင်ပါသည်။ ပြာသာဒ်ဆောင်ကို ဗဟိုထား၍ တောင်ဖက်သို့ဖြာထွက်သောအဆောင်၊ မြောက်ဖက်သို့ဖြာထွက်သောအဆောင်များဖြင့် "ဟော်" ကြီးမှာ ခံ့ညားကြီးမားလှပါသည်။ နှစ်ထပ်အဆောက်အအုံဖြစ်သဖြင့်လည်း ပို၍တင့်တယ်ထယ်ဝါနေသည်ဟု ထင်ရပါသည်။ မန္တလေးရှိ "မြနန်းစံကျော်" ရွှေနန်းတော်မှ ပြာသာဒ်ချိုးစနစ်များ အပါအဝင် မြန်မာမှု မြန်မာဟန်များဖြင့် ဆောက်လုပ်ထားသော်လည်း အနောက်တိုင်း ဗိသုကာဟန်လည်း လွှမ်းမိုးထားကြောင်း သိနိုင်ပါသည်။

အခန်းဖွဲ့စည်းပုံကလည်း ပလ္လင်ခန်းမဆောင်၊ ညီလာခံဆောင်၊ အတွင်းညီလာခံဆောင်၊ စဖိုဆောင်တို့ကို လှေကားဦးတိုက်ဆောင် တလျှောက်ဆန့်၍ ထားရှိပုံမှာ ဆက်စပ်မှုသိပ်သည်းကျစ်လျစ်လှပါသည်။ ထိုပင်မအဆောင်မှ လက်ဝဲဘက်ဖြာထွက်ဆောင်၌ သားတော်ဆောင်၊ စော်ဘွားကြီးဆောင်၊ စော်ဘွားကြီးအိပ်ခန်း လက်ယာဘက်ဖြာထွက်ဆောင်၌ မယ်တော်ဆောင်၊ တောင်ထားဝယ်ဆောင်၊ အိပ်ခန်းတို့ကို ထားရှိရာ မိသားစုများခြင်း၊ အခြွေအရံများခြင်းသဘောသည် အလိုလိုပါဝင်သွားပြီး ဖြစ်ပါသည်။

"ဟော်" ကြီးသည် လွန်စွာကြီးမားသော အဆောက်အအုံဖြစ်သော်လည်း တိုင်များမှာ မြေမြှုပ်တိုင်စနစ်မဟုတ်ဘဲ အုတ်ခုံပေါ်တွင် တင်၍ ဆောက်ထားခြင်းဖြစ်ပါသည်။ အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်မှု စနစ်က တိုင်၊ တန်း၊ ဒိုင်းခွေ၊ မြားများကို ကျွန်းတိုင်၊ ကျွန်းသား၊ သံ၊ ကြေးမတ္တာ၊ အုတ်ကြွပ်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

နေအိမ်အဆောက်အအုံတစ်ခုအတွက် လေဝင်လေထွက်ကောင်းရန် အလင်းရောင်ရရှိရန်လည်း လိုအပ်ရာ ဩောင်ရွှေဟော်၌ အဆောက်အအုံအနေဖြင့် ကြီးမားသော်လည်း သီးခြားအဆောင်များခွဲခြား ဆောက်



လုပ်ထားခြင်း စနုဆောင်များကျယ်ခြင်းက လေဝင်လေထွက်ကို ကောင်းအောင်တွက်ချက်တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဗိသုကာ၏ ကျွမ်းကျင်မှုကို ခန့်မှန်း၍ရပါသည်။

"ဟော်နန်း" ထက်ပို၍ ကြီးမားကျယ်ပြန့်ပြီး ခန့်ညားသော အဆောက်အအုံမှာ မြန်မာမင်းများနေသော "နန်းတော်"များသာဖြစ်ပါသည်။ ယင်းသဘောကို မန္တလေးမြို့ရှိ နန်းမြို့အတွင်းမှ "မြနန်းစံကျော်" ရွှေနန်းတော်က သက်သေထူလျက်ရှိနေပါသည်။

ရွှေနန်းတော်ကြီး၏ နန်းခုံသည် အရှေ့အနောက် ၁၀၀၄ ပေ၊ တောင် မြောက် ၅၇၄ ပေ ကျယ်ဝန်းပြီး နန်းခုံပေါ်တွင် အဆောင်ပေါင်း ၁၁၄ ဆောင်ကို ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

ရှေ့ပိုင်းတွင် မင်းခမ်းဆောင်တော် ၁၂ ဆောင်၊ အနောက်ပိုင်း မင်းခမ်းတော်ဆောင် ၄ ဆောင်၊ အနောက်ပိုင်း မိဖုရားဆောင်တော်ကြီးငယ် နှင့် တန်းလျား ၇၈ ဆောင်၊ စုစုပေါင်း ၁၁၄ ဆောင်ဖြစ်ပါသည်။

နန်းခုံကြီး၏ ရှေ့တွင် (အရှေ့ဘက်မျက်နှာစာတွင်) မင်းတက်လှေကားရှိသည်။ နန်းခုံပေါ်သို့ ဘုရင်မင်းမြတ်ဝင်ထွက်ဆင်းတက်မြန်းရန် မင်းသုံးလှေကားဖြစ်ပါသည်။

မင်းတက်လှေကားထိပ်မှ အဆောင်ကြီးသည် ရှေ့စမုတ်ဆောင်ကြီးဖြစ်ပါသည်။ မင်းကို့ဝင်ထွက်ရာအရပ်သို့ မုခ်မျက်နှာလှည့်ထားရာ အဆောင်ဟုခေါ်သည်။ ညီလာခံသဘင်ကျင်းပသည့်အခါ မင်းသားကြီး၊ မင်းသားလတ်၊ မင်းမှူး မင်းသားငယ်များ၊ နာခံတော် သံတော်ဆင့်၊ နာရီတော်မှူးနှင့် သွေးသောက်ကြီးတို့ ခစားကြသည့်အဆောင် ဖြစ်ပါသည်။

အရှေ့စမုခ်ဆောင်ကြီးနှင့် မြေနန်းပြာသာဒ်တော်ကြီး၏အကြား "မြေနန်းစနုဆောင်"ရှိသည်။ ရှေးအခါက လက်ယာရစ်ခရုသင်းထားသော အဆောင်ဖြစ်ပါသည်။ ညီလာခံသဘင်ကျင်းပသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီးနှင့် စော်ဘွားကြီးများ ခစားရသော အဆောင်ဖြစ် ပါသည်။

အရှေ့စမုခ်ဆောင်နှင့်တစ်ဆက်တည်းတွင် လက်ဝဲမြေနန်း ပွဲတက်ဆောင်နှင့် လက်ယာမြေနန်းပွဲတက်ဆောင်များရှိပါသည်။ ညီလာခံကျင်းပ သည့်အခါ လက်ဝဲဆောင်တွင် စော်ဘွားကြီးနောက်နေအမှုထမ်း၊ ထော်ချွန်၊ ယိုးဒယားမင်းသားသူဌေးသူကြွယ်နှင့် နေရာငါးသွယ်နေအမှုထမ်းများ၊ မွန် ယိုးဒယားနှင့် ရှမ်းမြို့စားအမတ်များခစားကြရသော အဆောင်ဖြစ်ပါသည်။ လက်ယာဆောင်တွင် လက်ဝဲဆောင်နည်းတူ သက်ဆိုင်ရာအမှုထမ်းများ ခစားကြရပါသည်။

မြေနန်းစနုဆောင်နှင့် အနောက်ဘက်ကပ်လျက်အဆောင်မှာ မြေနန်းပြာသာဒ်တော်ကြီးဖြစ်ပါသည်။ အမိုး ဘုံခုနစ်ဆင့်ရှိပါသည်။ နန်းဆောင်များအားလုံးတွင် အမြင့်ဆုံး၊ အကြီးမားဆုံး၊ အခမ်းအနားဆုံး၊ အထည်အဝါဆုံး၊ တန်ဖိုးအမြင့်ဆုံး အဆောင်ကြီးဖြစ်ပါသည်။ မြေနန်းပြာသာဒ်တော်ကြီး၏ အလယ်တွင်သီဟာသနပလ္လင်တော်ကြီးရှိပါသည်။ တစ်ဆောင်လုံးကို ရွှေပိန်းချထားပြီး ဘုရင်မင်းမြတ်စံစားရာ အဆောင်တော်ကြီးဖြစ်ပါသည်။ တစ်နှစ်လျှင်သုံးကြိမ် စုစုပေါင်းငါးရက်အကန့်တော့ခံ လက်ဆောင်တော်ဆက် မင်းပွဲသဘင်ကျင်းပသည့်နေရာဖြစ်ပြီး မင်းမိဖုရားနှစ်ပါး ထွက်စံရာအဆောင်ဖြစ်သည်။

ပလ္လင်တော်ကြီး၏နောက်ဘက်ကြမ်းမြင့်တွင် မိဖုရားကြီးများခစားကြရပြီး ကြမ်းနိမ့်တွင် ကိုယ်လုပ်တော် မောင်းမမိဿာများခစားကြရပါသည်။ မြေနန်းပြာသာဒ်တော်ကြီးအပါအဝင် မြေနန်းစနုဆောင်၊ အရှေ့စမုခ်ဆောင်၊ ဝဲယာပွဲတက်ဆောင်ကြီး ငါးဆောင်တို့သည် မင်းခန်းမင်းနားကျင်းပရာ အဆောင်စုဖြစ်ပြီး နန်းခုံတော်ကြီးပေါ်တွင်ရှိပါသည်။

မြေနန်းပြာသာဒ်တော်ကြီးနှင့် နောက်ခနုခြားလျက်ရှိသည့်



အဆောင်မှာ ဇေတဝန်ဆောင်ဖြစ်ပါသည်။ ဇေတဝန်ဆောင်၏ မြောက်ဘက်တွင် မြဲတိုက်ဆောင်ရှိသည်။ ဇေတဝန်ဆောင်၏ တောင်ဘက်တွင် လေသာဆောင်ရှိသည်။ ကွမ်းရေစက်ဆောင်ဟုလည်း ခေါ်ပါသည်။ ထိုအတူ ပရိတ်နာဆက်ဆောင်ဟုလည်း အမည်တွင်ခဲ့ပါသေးသည်။

ဇေတဝန်ဆောင်ကြီး၏အနောက် ကပ်လျက်ရှိသည့် အဆောင်မှာ "ဗောင်းတော်စနုဆောင်" ဖြစ်သည်။ တောင်ဘက်မင်းတက်လှေကားအနီးမှ အဆောင်မှာ "တောင်စမုခ်ဆောင်" ဖြစ်ပါသည်။[၁]


ဇေတဝန်ဆောင်ကြီး၏ အလယ်ဗဟိုတွင်မှ နန်းတော်ကြီးရှိပါသည်။ မြေနန်းပြာသာဒ်ကြီးမှအပ အကြီးဆုံး၊ အကျယ်ဝန်းဆုံးနှင့် အမြင့်ဆုံး အဆောင်ဖြစ်ပါသည်။ အနောက်စမုခ်ဆောင်၏ အရှေ့ဘက်တွင် အနောက်ဇေတဝန်ဆောင်ရှိပါသည်။

အဆောင်တော်များ၏ အမည်ထူးခြားသကဲ့သို့ ယင်းအဆောင်တော် များတွင်ထားရှိသည့်ပလ္လင်ရှစ်ခန်း၏ အမျိုးအစားပုံပန်းသဏ္ဌာန်နှင့် အသုံး ပြုပုံများကလည်း ကွာခြားပါသည်။ မင်းခမ်းမင်းနားကြီးကျယ်ခမ်းနားသည် နှင့်အမျှ အဆောင်တော်များတွင် မွမ်းမံထားပုံများကလည်း ကွဲပြားခြားနားသည်။ ရာထူးကြီးငယ်အလိုက် ဝတ်စားဆင်ယင်မှုကွဲပြားသလို နေမှု၊ ထိုင်မှု လည်း ကွဲပြားခြားနားသည့် အတွက် အဆောင်များ၏ အကြီးအသေးအရွယ် အစားကွဲပြားခြားနားခြင်းလည်းရှိပါသည်။

ယင်းသို့အဆောင်ဆောင်အခန်းခန်းဖြင့် ခန်းနားသိက်မြိုက်ခဲ့သော မင်းတုန်းမင်းလက်ထက် ၁၂၂၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် နန်းတော်သည် စစ်ဘေးစစ်ဒဏ်များခဲ့ရပြီး အလုံးစုံပျက်စီးသွားခဲ့ပါသည်။ ခရစ်နှစ် ၁၉၈၉ ခုနှစ်ကျမှ ရှေးက ပေ၊ ပုရပိုက်မှတ်တမ်းများ၊ အင်္ဂလိပ်၊ မြန်မာမှတ်တမ်းများ၊ သမိုင်းအထောက်အထားများနှင့် ညှိနှိုင်းပြီး


www.burmeseclassic.com

 www.burmeseclassic.com



သထုံမနုဟာမင်းနန်းပုံ






သက္ကရာဇ် ၉၆၃ ခု၊ ညောင်ရမ်းမင်းတရားတည်တော်မူသည့်
နန်းတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com






ပုံစံ ၁၉

၉၉၆ ခု၊ သာလွန်မင်းတရားနန်းတော်ပုံ



နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တွင် ရှိခဲ့သည့် အနေအထားအတိုင်း ပြန်လည်တည်ဆောက်ခဲ့၍သာ ရှေးမြန်မာမင်းများ ဆောက်လုပ်နေထိုင်ခဲ့သော နန်းတော်အဆောက်အအုံကို တွေ့မြင်နိုင်ကြရခြင်းဖြစ်ပါသည်။

သို့သော် ရှေးဟောင်း ပေ၊ ပုရပိုက်မှတ်တမ်းများတွင်ပါသည့် ရှေးမြန်မာမင်းအဆက်ဆက်တည်လုပ်ခဲ့သော နန်းတော်များ၏ပန္နက်ပုံများ မှတ်တမ်းများကို ကြည့်ပါကလည်း မြန်မာမင်းများ၏နန်းတော်ဖွဲ့စည်းပုံကို သိမြင်နိုင်ပါသည်။

ပုဂံခေတ် ကျန်စစ်သားမင်း၏ နန်းတည်မှွန်ကျောက်စာအရ ကျန်စစ်သားမင်းကြီး တည်လုပ်ခဲ့သော အဆောက်အအုံပေါင်းမှာ –

| | | | |
|---|---|---|---|
| (၁) | ပြာသာဒ်ကြီး | ၁ | ဆောင် |
| (၂) | ပြာသာဒ်ငယ် | ၄ | ဆောင် |
| (၃) | ရေချိုးဆောင် | ၁ | ဆောင် |
| (၄) | ပလ္လင်ဆောင် | ၁ | ဆောင် |
| (၅) | ဇေတဝန်ဆောင် | ၁ | ဆောင် |
| (၆) | ဝင်းဝတ်ခါးဆောင် | ၄ | ဆောင် |
| (၇) | အသည်တိုင် | ၅ | ဆောင် |
| | စုစုပေါင်း | ၁၇ | ဆောင်ဖြစ်ပါသည်။[၁] |


၁။ ပုဂံခေတ်အိမ် (ညွှန်းပြီး)

www.burmeseclassic.com

www.burmeseclassic.com


ယင်းနန်းတည်အဆောက်အအုံပေါင်းကို ကြည့်ခြင်းဖြင့် ပုဂံခေတ်နန်းတော်များသည် လွန်စွာ ခန်းနား ကြီးကျယ်နေပြီဖြစ်ကြောင်း သိနိုင်ပါသည်။

ပုံ (၁၇) တွင်ပြထားသည်မှာ သထုံမနူဟာမင်း၏ နန်းတော်ပန္နက်ပုံ ဖြစ်ပါသည်။ ပုံ (၁၈) မှာ သက္ကရာဇ် ၉၆၃ ခု၊ ညောင်ရမ်းမင်းတရားတည်တော်မူသည့် နန်းတော်ပန္နက်ပုံဖြစ်ပါသည်။ အဆောင်ပေါင်း (ခနပါ) (၂၆) ဆောင် ရှိပါသည်။ ပုံ (၁၉) မှာ သက္ကရာဇ် ၉၉၆ ခုနှစ်၊ သာလွန်မင်းတရားကြီး တည်လုပ်ခဲ့သော နန်းတော်ပန္နက်ပုံဖြစ်ပါသည်။ အဆောင်ပေါင်း (၂၇) ဆောင်ရှိပါသည်။ အသုံးပြုထားသည့် သစ်မှာ –



ပုံစံ ၂၀၊ သက္ကရာဇ် ၁၁၁၅ ခုတွင် ရတနာသိင်္ဃမြို့တည်ဘောတော် အလောင်းမင်းတရား တည်လုပ်တော်မူသည့် နန်းတော်ပုံ







ပုံစံ ၂၁


သက္ကရာဇ် ၁၁၂၇ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့တွင် သိရီသုဝဏ္ဏ မဟာရာဇ်နွှာ ဓိပတိရာဇာတံဆိပ်နာမံတော်ရှိသော ဘိုးတော်လတ်ဆင်ဖြူရှင်မင်းတရားကြီး ဘုရားတည်တော်မူသည့် နန်းတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com


ပုံစံ ၂၂၊ အမရပူရမြို့တည်ဆဲ့ ဒုနှန်ဆင်မင်းသခင် ဘိုးတော်မင်းတရားကြီး ဘုရား
မင်းကွန်းအရပ်တွင် စံတော်မူသည့် နန်းတော်ပုံဆောင်ဝေါင်းဝဲ ပါ ၅၅



ပုံစံ ၂၃၊ ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီးလက်ထက်
အဝမြို့သံလျှက်ကွန်းမှာ ဆောက်လုပ်စံနေတော်မူသည့်
ရေနန်းတော်သွင်းရင်းပုံ

www.burmeseclassic.com

www.burmeseclassic.com

(၁) ကွန်းသစ် ၂၃၈
(၂) လက်ခံသစ် ၅၈၆
(၃) ကြမ်းပြင်သစ် ၁၁၈
(၄) ထောက်သစ် ၁၁

လေးမျိုးစုစုပေါင်း ၉၅၃ လုံး အသုံးပြုခဲ့ကြောင်း မှတ်ထားရပါသည်။ အိမ်သာပေါင်း (၅) လုံးလည်းပါဝင်ကြောင်းတွေ့ရပါသည်။ ၁

ပုံ (၂၀) မှာ သက္ကရာဇ် ၁၁၁၅ ခုနှစ်၊ ရတနာသိင်္ဃမြို့တည် အလောင်းမင်းတရားကြီးတည်လုပ်တော်မူသည့် နန်းတော်ပန္နက်ပုံဖြစ်ပါသည်။ အဆောင်ရေ (၁၈) ဆောင်ရှိပြီး အသုံးထားသောသစ်မှာ –

(၁) ကွန်းသစ် ၁၇၀
(၂) လက်ခံသစ် ၃၅၆
(၃) ကြမ်းပြင်သစ ၇၈
(၄) ထောက်သစ် ၇၄

စုစုပေါင်း ၆၇၈ အသုံးထားကြောင်း သိရသည်။ အိမ်သာပေါင်း သုံးလုံးလည်း ပါဝင်သေးသည်။

ပုံ (၂၁) မှာ သက္ကရာဇ် ၁၁၂၇ ခု၊ ဝါဆိုလပြည့်ကျော် (၁၂) ရက် စနေနေ့တွင် ဆင်ဖြူရှင်မင်းတရားကြီးတည်လုပ်တော်မူခဲ့သည့် နန်းတော်ပန္နက်ပုံဖြစ်သည်။ အဆောင်ပေါင်းမှာ မနေသုံးဆောင်အပါအဝင် ၄၈ ဆောင်ဖြစ်သည်။

အသုံးပြုထားသောသစ်မှာ ကွန်းသစ် ၃၃၈၊ လက်ခံသစ် ၉၃၈၊ ကြမ်းပြင် ၄၇၄၊ ထောက်သစ် ၃၅၂ စုစုပေါင်း ၂၁၀၂ ဖြစ်ကြောင်းတွေ့ရသည်။ အိမ်သာလေးခုလည်း ပါဝင်သည်။

၁။ ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ 'မြန်မာ့ရှေးခေတ်မြို့နန်းတည်ပုံစံစနစ် အတွဲ (၁) မြန်မာဗိမာန်စာပေဟာဏ်၊ လက်ရေးမူ (နောင်တွင်ညွှန်းရန်ရှိပါက' "နန်းတည်ပုံ" ဟုသာညွှန်းပါမည်။)



အမရပူရမြို့တည်သည့် ဆဒ္ဒန်ဆင်မင်းသခင် ဘိုးတော်မင်းတရားကြီး ၏ကွန်းအရပ်တွင် စံတော်မူသည့် နန်းတော်ပန္နက်ပုံဖြစ်သည်။ အဆောင် ဆောင်း (၅၅) ခုရှိပါသည်။ အသုံးပြုသောသစ်မှာ –

(၁) ကွန်းသစ် ၁၃၆
(၂) လက်ခံသစ် ၉၂၉
(၃) ကြမ်းပြင်သစ် ၆၁၂
(၄) ထောက်သစ် ၂၃၀

စုစုပေါင်း ၁၉၀၇ ရှိကြောင်း သိရပါသည်။ အိမ်သာ ပေါင်း (၁၁) လုံး ပါဝင်သည်။

အဝရတနာပူရစတုတ္ထမြို့တည် မင်းတရားကြီးလက်ထက် အဝမြို့ သန်လျက်စွန်းမှာ ဆောက်လုပ်စံနေတော်မူသည့် ရေနန်းတော်ပန္နက်ပုံဖြစ် ပါသည်။ ပါဝင်သော အဆောင်များမှာ –

(၁) ပြာသာဒ်တော်ရှေ့စမုန် ၁
(၂) ပြာသာဒ်တော် ၁
(၃) မြေနန်းဝဲ လည်ပေါ်ဆောင် ၁
(၄) မြေနန်းယာ လည်ပေါ်ဆောင် ၁
(၅) တောင်ဖြဲတိုက် လည်ပေါ်ဆောင် ၁
(၆) မြောက်ဖြဲတိုက် လည်ပေါ်ဆောင် ၁
(၇) တောင်ထားဝယ် လည်ပေါ်ဆောင် ၁
(၈) မြောက်ထားဝယ် လည်ပေါ်ဆောင် ၁
(၉) မှန်နန်းတော်ရှေ့စနေမြာစိုက် လည်ပေါ် ၁
(၁၀) မှန်နန်းတော်စမြင်ပါ (၃) ထက်လည်ပေါ် ၁
(၁၁) တောင်နန်းတော်မြာစိုက်ပါ လည်ပေါ် ၂
(၁၂) မြောက်နန်းတော်မြာစိုက်ပါ လည်ပေါ် ၂

www.burmeseclassic.com

www.burmeseclassic.com



(၁၃) မှန်နန်းတော်အနောက်စနေးကူး လည်ပေါ် ၁
(၁၄) တောင်ဆောင်တော် လည်ပေါ် ၁
(၁၅) မြောက်ဆောင်တော် လည်ပေါ် ၁
(၁၆) အနောက်တောင်ဆောင် လည်ပေါ် ၁
(၁၇) အနောက်မြောက်ဆောင် လည်ပေါ် ၁
(၁၈) အနောက်တန်းလျားမြာစိုက်ပါ လည်ပေါ် ၂

စုစုပေါင်း (၂၁) ဆောင်ဖြစ်ပါသည်။ ယင်း (၂၁) ဆောင်အတွက် အသုံးပြုသော သစ်မှာ –

(၁) ကွန်းသစ် ၁၀၆
(၂) လက်ခဲသစ် ၂၅၆
(၃) ကြမ်းပြင်သစ် ၂၉၄
(၄) ထောက်သစ် ၂၈၉

စုစုပေါင်း ... ၉၄၅ လုံး အသုံးပြုခဲ့ကြောင်း မှတ်သားရပါသည်။

ဖော်ပြပါ နန်းတော်ပန္နက်ပုံများကို ကြည့်ပါက ရှေးမြန်မာမင်းများသည် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် ဆက်လက်စိုးစံနိုင်မည့် ရာသက်ပန်တည်မည့် နန်းတော်ကြီးများကို အဆောင်ပေါင်းများစွာနှင့် တည်ဆောက်သကဲ့သို့ ယာယီစံမြန်းမည့် ယာယီစံနန်းတော်များတိုင်ပင် အဆောင်ပေါင်းများစွာဖြင့် ခမ်းနားဆန်းပြားစွာ ဆောက်လုပ်နေထိုင်ခဲ့ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

ယင်းကဲ့သို့ လှပတင့်တယ် ရှုမညီးဖွယ် ဆန်းပြားခမ်းနားသော အဆောင်ဆောင် အခန်းခန်းတို့ဖြင့် ဖွဲ့စည်းထားသည့် အဆောက်အအုံ၊ နန်းတော်အိမ်တော် စသည်တို့ကြောင့် မြန်မာ့ရိုးရာဗိသုကာဟူ၍ မြန်မာ့ယဉ်ကျေးမှုတံခွန်ကို အလူလူလွင့်အောင် ထူနိုင်ခြင်းဖြစ်ပါသည်။

## အခန်း (၇)

## မြန်မာ့ရိုးရာ အိမ်ဆောက်ပစ္စည်းများ

ကုန်းဘောင်ခေတ်မြန်မာပြည်၊ မြန်မာလူမျိုးဆိုင်ရာ အကြောင်းအရာများကို လေ့လာရေးသားမှတ်တမ်းတင်ခဲ့သူ အီတလီဘုန်းတော်ကြီး ဆန်ဂျာမာနိုက သူ၏မှတ်တမ်းတင်မြန်မာ့ရိုးရာအိမ်များနှင့်ပတ်သတ်၍ အောက်ပါအတိုင်းရေးသားခဲ့ပါသည်။

"ရန်ကုန်မြို့တွင် နေထိုင်ကြသော နိုင်ငံခြားကုန်သည်များကိုကား ၎င်းတို့နှစ်သက်ရာပုံစံနှင့် ဆောက်ခွင့်ပြုလေသည်။ ကိုရိုမန်ဒယ်ကမ်းခြေနှင့် ဘင်္ဂလားနယ်တွင် ဆောက်လုပ်ကြသကဲ့သို့ အုတ်တိုက်များပင် ဆောက်လုပ်ခွင့်ပြုလေသည်။ မြန်မာလူမျိုးများကိုကား အုတ်တိုက်ဆောက်လုပ်ခွင့်မရပေ၊ သို့သော်နိုင်ငံခြားသားများသည် အုတ်နှင့်ထုံးရရှိရန် အခက်အခဲရှိသောကြောင့် ကျွန်းသစ်နှင့်ပင် ဆောက်လုပ်နေထိုင်ကြလေသည်။ ကျွန်းသစ်ဖြင့် ဆောက်လုပ်သော နေအိမ်များသည် မြန်မာပြည်၏ရာသီဥတုနှင့်လည်း ကိုက်ညီလေသည်။ အုတ်ဖြင့်ဆောက်လုပ်သော အဆောက်အအုံ အချို့ကို ကုန်လှောင်ရုံအဖြစ် အသုံးပြုရန်အတွက်သာ ဆောက်လုပ်ကြလေသည်။"

ယင်းမှတ်တမ်းက မြန်မာပြည်ရာသီဥတုနှင့် အကိုက်ညီဆုံးနေအိမ်မှာ သစ်သားအိမ်ဖြစ်ကြောင်းဖော်ပြသကဲ့သို့ မြန်မာတို့၏ အဓိကအိမ်ဆောက်ပစ္စည်းမှာ "ကျွန်းသစ်" ဖြစ်ကြောင်းပြဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအပြင် "ဆင်းရဲသားများသည် ဝါးတိုင်၊ သက်ကယ်အမိုးနှင့် ကြိမ်တို့ကို အသုံးပြုဆောက်လုပ်သည်" ဟူ၍လည်း ဖော်ပြထားသည်။

ဆန်ဂျာမာနိုတွေ့မြင်ပြီး မှတ်တမ်းတင်ခဲ့သည့်အတိုင်း မြန်မာလူမျိုးများ၏ အဓိကအိမ်ဆောက်ပစ္စည်းမှာ ကျွန်းတိုင်၊ ကျွန်းသစ်များသာ ဖြစ်ပါသည်။

ကျွန်းတိုင်၊ ကျွန်းသစ်များကို အသုံးပြုသည်ဆိုရာ၌လည်း (၁၂၂၃-၁၂၂၆) ခုနှစ်အတွင်းက ဆောက်လုပ်ခဲ့သော အလုံဝန်ဦးကောင်း၏ နေအိမ်တွင် အသုံးပြုထားသော သစ်များကို ကြည့်ပါက အောက်ပါအတိုင်း တွေ့ရပါသည်။

တိုင်၊ ထောက်တို့ ထောက်စက (စက်ဝိုင်းပုံဖြတ်ပိုင်း) ၁၂လက်မ အချင်း

| | |
|---|---|
| တန်း | ၂လက်မ × ၈လက်မ |
| ကြမ်းခင်းဆင့် | ၃လက်မ × ၃လက်မ |
| ကြမ်းခင်း | ၃လက်မ × ၆လက်မ |
| ခါးပန်း | ၁၀လက်မ × ၁၃လက်မ |
| ကပြင် | ၆လက်မ မှ ၈လက်မ × ၃လက်မ |
| ကျွဲနံ့ (သို့မဟုတ်) ကြွက်လျှောက် | ၁၃လက်မ × ၈လက်မ |
| ဒိုင်းအပြားလိုက် | ၁လက်မ × ၄လက်မ |
| မြားတန်း | ၁၃လက်မ× လက်မ |
| ချင်ပိတ်ပန်းဆွဲနှင့် မြင်းနား | ၁လက်မ × ၁၀ လက်မ |

ကျွန်းသစ်ကို အဓိက အိမ်ဆောက်ပစ္စည်းအဖြစ် အသုံးပြုပါသည်။ အထည်ကိုယ်အစိတ်အပိုင်း စုနစ်၌ ကျွန်းကိုသုံးသည်။ နံရံများ၊ အကာများ၊ ကြမ်းများ၊ တံခါး၊ ပြတင်းပေါက်၊ အမွမ်း၊ အတွင်းခန်းများ၌ ပျဉ်ကာ အပေါ်မှ ယိုင်နုထရံဖုံး၍ ဇလီသတ်ပါသည်။ အမိုးကို အုတ်ကြွပ်ပြားဖြင့် မိုးသည်။ ပတ္တာများမှာ သံနှင့် ကြေးတို့ဖြစ်ပါသည်။ လိပြာပတ္တာများဖြစ်



ပါသည်။ တိုင်လုံးများမှ လွဲ၍ ကျန်အစိတ်အပိုင်းများမှာ စတုဂံပုံစံဖြတ်ပိုင်းများသာဖြစ်ပါသည်။

ထိုအိမ်တွင်သံကို ရှောင်နိုင်သမျှရှောင်ပါသည်။ အဆက်များတွင် ငွေးအများဆုံးသုံးပါသည်။ ရေတံလျှောက်ကို သစ်သားဖြင့်ပြုလုပ်သည်ကို တွေ့ရပါသည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ခန့်က ဦးကြင်ဥဆောက်ခဲ့သော အိမ်ကို လေ့လာသည့် အခါလည်း "ကျွန်းသစ်သည် အဓိကအိမ်ဆောက်ပစ္စည်း ဖြစ်ကြောင်း၊ အဖြူထည်အစိတ်အပိုင်းများ၊ နံရံများ၊ အကာများ၊ ကြမ်းခင်းများ၊ တံခါးများ၊ ပြတင်းပေါက်များ စသည်တို့ကို ကျွန်းဖြင့်အသုံးပြုထားကြောင်း" တွေ့ရပါသည်။ တိုင်များက ကျွန်းတိုင်လုံးများဖြစ်ပါသည်။ ကျန်အဖြူထည် အစိတ်အပိုင်းများမှာ စတုဂံပုံစံဖြတ်ပိုင်းများသာဖြစ်ပါသည်။

တိုင်၊ ထောက်တို၊ ထောက်စကတို့၏ စက်ဝိုင်းပုံစံဖြတ်ပိုင်းသည် အချင်း ၁၂လက်မမှ ၁၅ လက်မအထိရှိပါသည်။ တန်း၊ ကြမ်းခင်းအဆင့်၊ ကြမ်းခင်း၊ ခါးပန်း၊ ကပြင်၊ ကျွဲနံ့ (သို့မဟုတ်) ကြွက်လျှောက်၊ ဒိုင်းအပြားလိုက်၊ မြားတန်း၊ ချင်ပိတ်၊ ပန်းဆွဲနှင့် မြင်းနားတို့မှာ ကျွန်းသားများဖြင့်သာ ပြုလုပ်ထားပါသည်။

သံပတ္တာများကို ကဲလားများတွင်အသုံးပြုပါသည်။ ပုံသဏ္ဌာန်မှာ လိပ်ပြာတောင်နှင့် လေးထောင့်ပုံများဖြစ်သည်။ အမိုးကို အုတ်ကြွပ်ပြားများဖြင့်မိုးသည်။

မင်းတုန်းမင်းလက်ထက်မှသည် သီပေါမင်းလက်ထက်တိုင်အောင် ဆားတော်အုပ်အဖြစ် အမှုထမ်းခဲ့သော ဆားတော်အုပ်မင်း ဦးထွန်းအောင်သည် "၁၂၀၂ ခုနှစ်တွင် ရွှေဘိုမြို့မှ ရေးဗိသုကာဆရာဖြစ်သူ လှကောင်ကြီး တစ်ဦးကိုခေါ်၍ ၎င်းအားပိုးသားခေါင်းပေါင်း၊ ပဝါတပိုင်း ပိုးသား

www.burmeseclassic.com

www.burmeseclassic.com

အကျီတစ်ထည်၊ ပိုးသားတောင်ရှည်ပုဆိုးတစ်ထည်၊ ငွေသားငါးဆယ်ကျပ် ပေး၍ နေမျိုးနွယ်ဖြစ်သော ရှေးမင်းတို့ ဆောက်လုပ်ကိုးကွယ်သည့် ကျောင်းပုံစံနှစ်ကို ပြသစေသည်။ ထိုနောက်မှ လွှတိုက်ဆရာ၊ ပန်းပဲဆရာ၊ ဗိသုကာဆရာ၊ အပြောက်ထုပန်းပုဆရာ၊ မှန်စီရွှေချပန်းချီဆရာ၊ ပန်းရန် ဆရာတည်း ဟူသောပညာသည် ခြောက်ဦးပါဝင်သည့် အင်အားဖြင့် ပြာသာဒ်ကျောင်းကို စတင်တည်ဆောက်လှူဒါန်းရန် စီမံပါသည်။ ၎င်းကျောင်းတွင်လေးခန်း၊ ငါးခန်း၊ သုံးထပ်လည်ပေါ်ယွန်း၊ ဓနုဆောင် ပြာသာဒ်၊ အားလုံးလေးမျက်နှာ နှစ်ခမ်းပတ်လည်၊ မိုးရေခံလက်ရန်း ပွတ်လုံးတပ်ဘောဂဆောင်များ ပါဝင်စေလျက် ခြောက်ဖက်မျက်နှာ၌ အုတ်လှေကားနှစ်စင်း တပ်ဆင်စေသည် ။ ထိုမှသုံးထပ်လည်ပေါ်ယွန်း ယွန်းဆောင်မကြီး၌လည်း တိုင်ထိပ်ကြာခံမျက်နှာကြက် ပါဝင်စေသည်။"

အတွင်းဖက်တွင်လည်း ဂဠုန်ပန်းဆွဲ၊ ဆင်နားရွက်၊ တံခါးတိုင်ခွဲ၊ နတ်ရုပ်များပါ၍၊ တံခါး၏ အထက်၌လည်း စိုင်ဘောင်ကြီးခွေ၊ နတ်ဆော် ဒုရင်နှင့်တကွ၊ အတွင်းဖက်တွင် လှပတင့်တယ်အောင်ခြယ်သပါသည်။ ကျောင်းဦးပြာသာဒ် စနူဆောင်တို့တွင်လည်း ပန်းပုလက်ရာ၊ ဒုရင်၊ မှန်ကန်၊ နတ်ဆော်၊ ကြိုးကွေး၊ စိုင်ပေါင်တို့ဖြင့် လှပစွာ တည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောက်လုပ်ပြီးသောအခါ ပြာသာဒ်လှဟု အမည်တွင်စေလျက် ဟန်လင်းဇာတိဖြစ်သော ဂိုဏ်းထောက်ဆရာတော်ဘုရား ဦးဖော်အား ရေစက်သွန်းချလှူဒါန်းခဲ့သည်။

၁၂၀၂ ခုနှစ်တွင်ပင် ဆားတော်အုပ်မင်းဦးထွန်းအောင်သည် သူ၏ နေအိမ်ကို ဆောက်လုပ်ခဲ့ပါသည်။ ၎င်းအိမ်သည် နှစ်ဆောင်တွဲ အုပ်ကြွပ်မိုး အတွင်းပွတ်လုံးတပ်၊ အပြင်ပွတ်လုံးတပ် အိမ်ဖြစ်ပါသည်။ နေမျိုး မင်းမျိုးတို့၏ ရာထူးအလိုက် ဆောက်လုပ်နေထိုင်ရာ အရှေ့ဘက်လှေကား ဦးတိုက်၊ လက်ရုံးပွတ်လုံးတပ်ဖြစ်ပါသည်။



အဆောက်အအုံတစ်ခုလုံးကို သစ်သားဖြင့် ဆောက်လုပ်ထားပြီး အမိုးကို အုပ်ကြွပ်မိုးထားပါသည်။ အခင်းအကာ၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ များ စသည်တို့ကိုသစ်သား (ကျွန်း) ဖြင့် ဆောက်လုပ်ထားပါသည်။ ပြတင်း တိုင်များကိုကား သံတိုင်များအသုံးပြုထားပြီး သစ်ထည်အဆက်များကို သံရိုက်၍ ဆက်ထားကြောင်း တွေ့ရပါသည်။

ရေတံလျှောက်ကိုလည်း သစ်သားဖြင့်သာ ပြုလုပ်ထားပါသည်။

အိမ်နှင့် ကျောင်းဆောက်လုပ်သော နေ့၊ လ၊ ရက်၊ ခုနှစ်များကို အိမ်ကျောင်းဆောက်စဉ်ကပင် အိမ်၏ ခေါင်းရင်းတိုင်၌ သစ်ထွင်းရေးသား ခဲ့ပါသည်။ ယင်းမှတ်တမ်းအရ "၁၂၀၂ ခုနှစ် ၊ တပေါင်းလဆန်း (၉) ရက်နေ့၊ ကျောင်းဆောက်လုပ်သည်၊ ၎င်းနှစ် ကဆုန်လပြည့်ကျော် (၃) ရက်နေ့ အိမ်ဆောက်သည်" ဟူ၍ တွေ့ရပါသည်။

၁၂၂၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည့် ပခုက္ကူမြို့နယ်၊ ပခန်းကြီး ကျောင်းတော်၌ အသုံးပြုထားသော ကျွန်းတိုင်မှာလုံးပတ် ၆ပေ၊ ၄ လက်မ မှ ၇ ပေ၊ ၂လက်မထိရှိကြောင်း၊ အလယ်ခေါင်ရှိ ကွန်းစင်တိုင်ကြီးများမှာ အမြင့်ပေ (၅၀) ကျော်ခန့်ရှိကြောင်း ထိုကဲ့သို့တိုင် မျိုးအလုံးပေါင်း ၂၅၄လုံး ဖြင့်ဆောက်လုပ်ထားကြောင်း လေ့လာသိရှိရသကဲ့သို့၊ ၁၂၂၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော ပခန်းငယ်ကျောင်းတော်၌လည်း လုံးပတ် ၆ပေ၊ ၄ လက်မမှ ၆ပေ၊ ၈ လက်မထိရှိပြီး အမြင့်ပေ ၂၀မှ ပေ ၆၀ထိရှည်သော ကျွန်းတိုင်ပေါင်း ၃၃၂ လုံးရှိကြောင်း လေ့လာသိရှိရရာ၊ အဆက်မပါ လုံးချောစင်းလုံးချောတိုင်များကို စိတ်ကြိုက်ရွေးပြီး အသုံးပြုတတ်ကြောင်း သိနိုင်သည်။

အိမ်တိုင်၊ ကျောင်းတိုင်၊ နန်းတော်တိုင်များကို အလုံးလိုက်အသုံးပြု တတ်ကြပြီး အဖြူထည်အတွက် လိုအပ်သော ယက်မ၊ ဆင့်၊ ထုပ်၊ လျှောက် တို့ကိုမူ လေးထောင့် ထုသစ် (စတုဂံသစ်) အဖြစ်အသုံးပြုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယက်မနှင့် ထုပ်၊ လျှောက်တိုကို တိုင်တွင်ကပ်ပြီးရိုက်ခြင်းမဟုတ်ဘဲ၊ တိုင်တွင်ထွင်းဖောက်၍ ထည့်တပ်လေ့ရှိကြရာ ကြီးမားသောတိုင်လုံးနှင့် လိုက်ဖက်မှုတမှုရှိစေရန်အတွက် အရွယ်အစားကြီးမားသော သစ်များကိုသာ အသုံးပြုကြလေသည်။ ပခန်းကြီးကျောင်းတွင်သုံးသော ထုပ်၊ လျှောက်ကြီးများမှာ ထု(၈) လက်မ၊ ဖြက် (နှစ်ပေ) ရှိသည်ဟု မှတ်သားရသကဲ့သို့ ပခန်းငယ်ကျောင်းတော်၏ ကြမ်းခင်းပျဉ်သည်လည်း ထု (တစ်) လက်မခွဲ၊ ဖြက် (၁၂) လက်မရှိကြောင်းမှတ်သားရပါသည်။

ယင်းအထောက်အထားများအရ ရှေးခေတ်က ကျွန်းသစ်ကို အသုံးပြုရာ၌ "ထုသစ်" ကိုသာ အသုံးများကြောင်းသိနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုပါက သစ်လုံးဖြစ်စေ၊ "သစ်ခွဲသား" ဖြစ်စေ၊ အရွယ်အစားကြီးများကိုသာ အသုံးပြုဆောက်လုပ်ကြောင်း တွေ့ရသည်။

ကျွန်းသစ်သည် ရှေးအခါက အဓိက အိမ်ဆောက်ပစ္စည်းဖြစ်ပေရာ အဖြူထည်အစိတ် အပိုင်းများ၌ ကျွန်းကိုအသုံးပြု သကဲ့သို့ အခင်း၊ အကာ၊ ခပန်း၊ ကျွဲနံ (ကွက်လျှောက်) ဒိုင်းမြှား၊ တန်း၊ ချင်ပိတ်၊ ပန်းဆွဲတံခါး၊ ပြတင်း၊ အပြောက်အမွမ်းစသည် တို့တွင်လည်း ကျွန်းသစ်ကိုသာ အသုံးပြုကြပါသည်။ အမိုး အတွက်အုတ်ကြွပ်ပြားများကို အသုံးပြုသလိုကျွန်းသစ်များကိုလည်း အုတ်ကြွပ်ပြားအရွယ် ဖြတ်တောက်ပြီး ပျဉ်အုပ်ကြွပ်မိုးတတ်ကြပါသေးသည်။

တံခါးနှင့် ပြတင်းပေါက်များတွင် အဖွင့် အပိတ်ပြုနိုင်ရန်အတွက် ပတ္တာများကို အသုံးပြုကြရာ၊ ရှေးအခါကသစ်သား ပတ္တာများအသုံးပြုခဲ့ကြောင်းမှတ်သားရဘူးပါသည်။ သစ်သား၏ပတ္တာအပြင်၊ သံပတ္တာ၊ ကြေးပတ္တာများကိုလည်း အသုံးပြုခဲ့ကြောင်း၊ သံပတ္တာနှင့် ကြေးပတ္တာများကို ခေါက်တံခါးများ၊ ကဲလားများတွင် အသုံးပြုလေ့ရှိကြောင်းလည်း သိရပါသည်။ ပုံသဏ္ဌာန်မှာ လိပ်ပြာတောင်နှင့် လေးထောင့်ပုံများ ဖြစ်ပါသည်။



သစ်သားအထည်တစ်ခုနှင့် တစ်ခုဆက်ရာတွင် စဗွေးထွင်း၍ ဆက်သကဲ့သို့ သံရိုက်၍ လည်းဆက်ကြပါသည်။ ပခန်းငယ်ကျောင်းတော် ကြမ်းခင်းရာ၌ အသုံးပြုသောသံမှိုမယ်နပွင့်ကြီးမှာ ၆လက်မ စက်ဝိုင်းရှိပါသည်။ ထိုသံမျိုးကို အဆောက်အအုံဆောက်လုပ်သည့် နေရာတွင်သာ ဖြတ်တောက်ပြုလုပ်ကြောင်း သိရပါသည်။

ကျွန်းသစ်သည်ရှေးခေတ်အိမ်များအတွက် အဓိက ဆောက်လုပ်ရေး ပစ္စည်းဖြစ်သော်လည်း မင်းမိဖုရားတို့ နေထိုင်ရာနန်းတော်များ၊ အဆောင်တော်များ မင်းညီမင်းသားများ၏ အိမ်တော်များ၊ မင်းမှူးမတ်၊ ဝန်ကြီး၊ ဝန်ကလေး စသော မင်းမှုထမ်း အရာရှိများ၏ နေအိမ်များ၊ မင်းများ၏ သူကောင်းပြုခြင်းခံရသော သူဌေးသူကြွယ်များ၊ မင်းမိဖုရားမှစပြီး၊ မင်းညီမင်းသား၊ မှူးမတ် အရာရှိများ၊ သဒ္ဓါအလျောက် ဆောက်လုပ်လှူဒါန်းသော ဘုန်းတော်ကြီးကျောင်းများ အတွက်သာမှန်ပေသည်။ သာမန်ပြည်သူ ဆင်းရဲသားများကမူ ဝါးတိုင်၊ သက်ကယ်အမိုးများ ဆောက်လုပ်နေထိုင်ကြရသောကြောင့် မြန်မာ့ရိုးရာအိမ်၏ အိမ်ဆောက်ပစ္စည်းများတွင် ဝါး၊ သက်ကယ်၊ ကြိမ် စသည်တို့ကို ထည့်သွင်းရပေမည်။

ယခုခေတ်တွင်လည်း သာမန်ဆင်းရဲသား ပြည်သူများအတွက် အဓိကအိမ်ဆောက်ပစ္စည်းများမှာ ဝါး၊ သက်ကယ်၊ တောင်ထန်း၊ ဓနိ၊ ဓနုံး၊ ဆင်ဖက်၊ ကြိမ်၊ နွယ်၊ ဝါးကပ်၊ ဝါးထရံ၊ ကျူထရံ စသည်တို့ဖြစ်ကြပါသည်။ သစ်ကိုသုံးရသည်ဆိုလျှင်ပင် "မျောတိုင်" မျှသာသုံးကြပါသည်။


ရှေးခေတ်က "ထုသစ်" (အရွယ်အစား၊ ထုထည်ကြီးမားသောသစ်) များကို အသုံးပြုသည်ဆိုသော်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်းခေတ်လောက်သာအသုံးပြုကြပါသည်။ ကိုလိုနီခေတ်နှောက်ပိုင်းမှ စပြီးယနေ့တိုင်အောင် "ထုသစ်"များအသုံးပြုမှုနည်းပါးသွားပါသည်။ အုန်းပင်လုံး၊ ထန်းပင်လုံး၊ ပမာဏမှုရှိသော ကျွန်းတိုင်လုံးကြီးများ အစား ၆လက်မ

www.burmeseclassic.com

www.burmeseclassic.com

ဖလက်မ အရွယ်ရှိသော စတုရန်းဖြတ်ပိုင်းပုံ တိုင်များကိုသာ အကြီးစားထား ပြီးအသုံးပြုလာခဲ့ကြပါသည်။ ထုပ်၊ လျှောက်၊ ယက်မ၊ ဆင့် စသောအဖြူ ထည် "တန်း" များကိုလည်း ထုကြီးထည်ကြီးအဆင့်မှ လျှော့ချပြီး ဖလက်မ ပတ်လည်ရှိတိုင် နှင့် လိုက်လျောညီစွာသော ခွဲသားများရယူပြု လုပ်ထားကြပါသည်။


အလားတူ အမိုးအတွက်လည်း မြေအုပ်ကြွပ်၊ ပျဉ်အုပ်ကြွပ်၊ သွပ်၊ ဘိလပ်မြေ အမိုးပြားများ အလှအပအတွက်မှန်များ၊ ကြွေပြားများ၊ အုတ်ခံ အိမ်များအတွက် ဘိလပ်မြေ၊ သဲ၊ ကျောက်၊ အုပ်၊ ထုံး၊ သံတိုင်များ သံချောင်းလုံး၊ သံပြား၊ ကြေးနန်းကြိုး၊ သွပ်နန်းကြိုးစသည့် ပေါများစွာ ဝယ်ယူရနိုင်သည့် ခေတ်သုံးပစ္စည်းများကို အသုံးပြုလာကြပါသည်။ ဤသို့ဖြင့် ခေတ်ကာလအလျောက် ရနိုင်သော ရုပ်ဝတ္ထုပစ္စည်းနှင့် လူ့ယဉ်ကျေးမှု အပေါ် အခြေခံ၍ ခေတ်နှင့်သဟဇာတဖြစ်အောင် ထိန်းသိမ်းထားနိုင်ခြင်း သည်ပင် မြန်မာ့ရိုးရာအိမ်များ ဖြစ်သည်ဟုဆိုနိုင်သည်။



၁။ ခေါင်လျှောက်
၂။ နှိုင်း
၃။ တျားမော့
၄။ မြင်းနိုရ်ပိတ်
၅။ ထုပ်
၆။ ဆင့်
၇။ ယက်မ
၈။ ဓါးဝန်း
၉။ လှေကား
၁၀။ ဝရန်တာ
၁၁။ လျှောက်
၁၂။ အခြင်
၁၃။ မြာတိုင်
၁၄။ မြား

ပုံစံ ၂၄၊ အိမ်၏ ဝေါဟာရ အခေါ်အဝေါ်များ








ပုံစံ ၂၅၊


www.burmeseclassic.com


www.burmeseclassic.com

ပုံစံ ၂၆


ပုံစံ ၂၇၊ လှေကားပုံ





ပုံစံ (၂၈)

ပုံစံ ၂၈


www.burmeseclassic.com

www.burmeseclassic.com





ပုံစံ ၂၉




ပုံစံ ၃၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

# မြန်မာ့ရိုးရာ အိမ်တွင်ပါဝင်သောအစိတ်အပိုင်း အခေါ်အဝေါ်များ

မြန်မာ့ရိုးရာ အိမ်အကြောင်းလေ့လာသည့်အခါ အိမ်တစ်အိမ်တွင် ပါဝင်သောအစိတ်အပိုင်းများ၊ အစိတ်အပိုင်းများ၏ အခေါ်အဝေါ်များကို သိထားသင့်သည်။

## အထက်ဝါ၊ အောက်ဝါ

အိမ်များကို အပေါ်ပိုင်း၊ အောက်ပိုင်းခွဲရာ၌ "အထက်ဝါ၊ အောက်ဝါ" ဟူ၍ လူသိများပါသည်။ မြေဝင်မှစပြီး ထုပ်၊ လျှောက်အထိ အပိုင်းကို "အောက်ဝါ"ဟု ခေါ်ပါသည်။ ထုပ်၊ လျှောက်မှစပြီး အမိုးအဆုံးထိ အပိုင်းကို "အထက်ဝါ" ဟူ၍ ခေါ်ပါသည်။

ရှေးမြန်မာများသည် အိမ်တစ်လုံးကို ဆောက်လုပ်သည့်အခါ "အောက်ဝါ" မြင့်အောင်ဆောက်လုပ်ခြင်း "အောက်ဝါ"ကို နိမ့်အောင် ဆောက်လုပ်ခြင်း တို့မှ ရှောင်ကြဉ်ပါသည်။ အထက်ဝါနှင့် အောက်ဝါမျှတ အောင်သာစီမံ ဆောက်လုပ်ကြပါသည်။ အကြောင်းမူ "အောက်ဝါမြင့်မူ ဘီးသင့်ဟူ နေသူ ဥစ္စာပါး၊ အောက်ဝါနိမ့်မူ လိပ်သင့်ဟူး နေသူရောဂါများ၊ အောက်ထက်မျှမူ နားသင့်ဟူး နေသူ သုခပွား" ဟူ၍ ရှေးအစဉ်အလာ အယူအစွဲရှိကြပါသည်။





အောက်ဝါမြင့်ပါက ထိုအိမ်မှာနေသောသူသည် ဥစ္စာပစ္စည်းရှားပါးကာ ဒုက္ခရောက်မည်၊ အောက်ဝါနိမ့်ပါက ထိုအိမ်မှာနေသောသူသည် ရောဂါ ဘယများမည်။ အောက်နှင့်အထက်မျှပါမှသာလျှင် ထိုအိမ်မှာ နေသောသူသည် သုခချမ်းသာအဖြာဖြာတိုးပွားခံစားရမည်ဟု ဆိုခြင်း ဖြစ်ပါသည်။

## ထိပ်

အဆောက်အအုံ၏ ဖိအားကြောင့်မြစိုက်တိုင်များ မြေကြီးထဲသို့ ကျွံမဝင်သွားနိုင်စေရန်အတွက် တိုင်စိုက်တွင်း၊ တိုင်ထိပ်တွင်ထားသော သစ်သားကန့်လန့်ကို "ထိပ်"ဟူ၍ ခေါ်ပါသည်။

## ယက်မ

တိုင်များကိုဖောက်၍ အောက်ကလျှိုသော ပျဉ်ပြားကို ယက္ခမဟုခေါ်ပါသည်။ ယခုအခါယက္ခမများကို တိုင်များတွင်ကပ်၍ ရိုက်ကြပါသည်။ ရှေးခေတ်ကမူ တိုင်များကို ဖောက်၍ထိုးမှသာ တာရှည်ခိုင်သည်ဟု အယူရှိကြပါသည်။ ကပ်၍ ရိုက်သောယက်မပါသည့် အဆောက်အအုံများကိုမူ "ယာယီ" ဟူ၍ အယူရှိကြသည်။

သံရိုက်၍ သော့်လည်းကောင်း၊ ဇလီဝက်အူစသော မူလီတွယ်၍ သော်လည်းကောင်းလုပ်ဆောင်ရခြင်းထက် သစ်သားချင်း အံကျအောင် လုပ်ဆောင်ရာမှာ လွန်စွာခက်ပါသည်။ လရက်ကြာကြာစွာတာရှည်လုပ်ရပါသည်။ သို့သော်လည်း ရှေးမြန်မာများသည် တာရှည်ခိုင်ခံ့ရေးအတွက် သစ်သားလျှင် သစ်သားချင်း အံကျအောင်ဖောက်၍ ထွင်း၍ ယက်မကို ပြုလုပ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**ဆင့်**

ယက်မအထက်တွင် စီ၍ တင်ထားသောသစ်သားကို "ဆင့်" ဟုခေါ်သည်။

**ကြမ်း**

ဆင့်ပေါ်တွင်စီ၍ ခင်းသောပျဉ်ပြားဖြစ်စေ၊ ဝါးဖြစ်စေ "ကြမ်း" ဟူ၍ခေါ်သည်။

**ခါးပန်း**

ကြမ်းပေါ်တွင် တစ်ဆင့်တင်၍ သော်လည်းကောင်း၊ ပိတ်ဆီး၍ သော်လည်းကောင်း၊ ထည့်တပ်သော ပျဉ်ပြားကို "ခါးပန်း" ဟုခေါ်ပါသည်။ တစ်နည်းအားဖြင့် အိမ်မှဆင့်နှင့် ကြမ်းပြင်အစွန်းများ မပေါ်အောင် ရိုက်ထားသော ပျဉ်ချပ်ကို "ခါးပန်း" ဟုခေါ်သည်။

**မောင်းမလည်**

ကြမ်းဆင့် အနိမ့်အမြင့်ရှိသောနေရာ၊ ယင်းနေရာတွင် ကာကွယ် ပိတ်ဖုံးသော သစ်သားကို "မောင်းမလည်" ခေါ်သည်။

**ကျွဲနံ**

"အကာ" ကာရံရန်ထိန်းရိုက်သောပျဉ်ပြားကို "ကျွဲနံ"ဟုခေါ်သည်။ "ကြွက်လျှောက် "ဟုလည်း အချို့ကခေါ်ကြသည်။

**နံရံ**

ကာသောအကာကို နံရံဟူ၍လည်းကောင်း၊ ကဲလားဟူ၍ လည်းကောင်း၊ ထရံဟူ၍လည်းကောင်း၊ ဒေသန္တရအလိုက် ရှေးက ခေါ်ကြပါသည်။

**ခေါင်းစီး ခေါင်းခံ**

တံခါးပေါက်အကြီးအငယ်များတွင် တံခါးထည့်တပ်ရန် ထည့်တပ်သော သစ်သားကို "ခေါင်းစီး ခေါင်းခံ" ခေါ်ပါသည်။ ဤကဲ့သို့ ခေါင်းစီး ခေါင်းခံ ထည့်သည့်အတွက်သံအသုံးပြုရသည့်အရာ လွန်စွာနည်းသွားပါသည်။ တံခါးတစ်စုံလုံးမှ ရွက်ဖုံးအတွင်းသုံးလေးချက်လောက်သာ သံပါသည်။

**ထုပ်**

အမိုးလုပ်ရန်တိုင်များတွင် တိုင်ထိပ်ကအနံလိုက် ကန့်လန့်ထည့်တပ် သော သစ်သားကို "ထုပ်" ဟုခေါ်သည်။

**လျှောက်**

"ထုပ်" ပေါ်တွင် အလျားလိုက်တင်သော သစ်သားကို "လျှောက်" ဟုခေါ်သည်။

**ဒိုင်း**

"လျှောက်" နှင့် "ထုပ်" ကို မလှုပ်ရှားအောင်ဆက်သွယ်တွယ်ကပ် သောအနံနှင့် အလိုက်သင့်ထည့်သော သစ်သားကို "ဒိုင်း" ဟုခေါ်ပါသည်။

**ကျားမော့**

အလယ်ခေါင်လျှောက် အောက်က အလျားလိုက်၊ လျှောက်နှင့် ထုပ် လှုပ်မရှားအောင် ဆယ်သွယ်တွယ်ထောက်သော သစ်သားကို "ကျားမော့" ဟုခေါ်ပါသည်။

ရှေးအခါက ထုပ်၊ လျှောက်၊ ဒိုင်း၊ ကျားမော့ များမှာလည်း သစ်သား ချင်း သစ်သားချင်း၊ ဖောက်ထွင်းတွယ်ကပ် ဆက်စပ်ထည့်တပ်ကြပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုကဲ့သို့ လုပ်နိုင်ရန်အတွက် အဆက်မပါသောကြောင့် လုံးချော သစ်သားရှည်ရှည်များလည်း များစွာအသုံးပြုရပါသည်။ မမှီတာတ်သော နေရာများမှာ ယခုအခါကဲ့သို့ ဆက်တစ်တွယ်ကပ် အသုံးပြုခြင်း မရှိပေ။

ထိုကဲ့သို့ ထုပ်ဆက်၊ လျှောက်ဆက်ပါသော နေအိမ်အဆောက် အအုံများကို လောကီ သင်္ကေတ "လောကစာရီ" ခေါ်သော စာစောင် များတွင် "မီးကူ" ဟု ခေါ်ကြောင်း တွေ့ရပါသည်။ တိုင်ဆက်၊ ထုပ်ဆက်၊ လျှောက်ဆက်ပါသော အိမ်များ၊ ကျောင်းများတွင် ရှင်လူတို့ မနေကောင်း ဟု သတ်မှတ်ကြပါသည်။

"အထက်ဝါ" တွင်ပါသော အစိတ်အပိုင်းများမှာလည်း အမည် ပညက်သတ်မှတ်ချက်များ ရှိပါသည်။

## ခေါင်မိုး

အိမ်၊ ကျောင်း စသည်တို့၏ အမိုးကို "ခေါင်မိုး" ဟုခေါ်ပါသည်။ ခေါင်မိုးကို သွပ်၊ အုပ်ကြွပ်၊ ဓနိ၊ သက်ကယ်၊ တောင်ထန်း၊ ဝါးကပ် စသည် တို့ဖြင့် ပြုလုပ်ကြပါသည်။ အိမ်ခေါင်မိုးများတွင် "ခေါင်စောက်" "ခေါင်ပြား" "ခေါင်ပြန့်" ဟူ၍ သုံးမျိုးရှိပါသည်။

"ခေါင်စောက်" ဆိုသည်မှာ မိုးများသော ဒေသများတွင် ရေဆင်း ကောင်းအောင် ပြုလုပ်ထားသည့် မက်စောက်သော ခေါင်မျိုးကို ခေါ်ပါ သည်။

"ခေါင်ပြား" ဆိုသည်မှာ ကြမ်းပြင်ကဲ့သို့ဆင့်ပေါ် တွင်ပျဉ်ပြားခင်း ထား ခဲပြား သွပ်ပြား စသည်တို့ ဖုံးအုပ်၍ အပေါ်မှကျောက်စရစ်အင်္ဂတေ လောင်းထားသောခေါင်မျိုးကို ခေါ်ခြင်းဖြစ်ပါသည်။ "ခေါင်ပိ" ဟုလည်း ခေါ်ကြပါသည်။



"ခေါင်ပြန့်" မှာမိုးခေါင်ရေရှားအရပ်တွင် ခေါင်ချိုးကို ပြန့်ပြန့် ထားကား ပြုလုပ်ထားသော အမိုးမျိုးကို ဆိုလိုပါသည်။ မိုးရေနည်းပါးသော ကြောင့် ရေဆင်းကောင်းအောင်ပြုလုပ်ရန်မလိုအပ်သော ဒေသများတွင် ဤခေါင်မိုးမျိုးကိုတွေ့ရတတ်ပါသည်။

## ခေါင်အုပ်

"ခေါင်အုပ်" မှာ အိမ်အမိုး ခေါင်ချုပ်စပ်ကြောင်းကို မိုးလုံအောင်ဖုံး အုပ်ထားသော သစ်သား၊ သွပ်၊ ဓနိ၊ သက်ကယ် စသည်တို့ဖြစ်ပါသည်။

## ခေါင်လျှောက်

ခေါင်တိုင်တို့၏ ထိပ်တွင် အလျားလိုက်တင်ထားသော သစ်သား သို့မဟုတ် ခေါင်တန်းကို "ခေါင်လျှောက်" ဟု ခေါ်ပါသည်။

## ခေါင်ချုပ်

အိမ်အမိုး၏ ခေါင်အုပ်ကို ပိပြားလုံခြုံစေရန် ဖုံးအုပ်စုစည်းချည်နှောင် ထားသော စပ်ကြောင်းရှိနေရာကို "ခေါင်ချုပ်" ခေါ်ပါသည်။

## ခေါင်စီးဝါး

ဓနိမိုး၊ သက်ကယ်အိမ်တို့၌ အခြင်ဝါးများကို ခေါင်တွင်တွဲသီထား သော ဝါးများကို "ခေါင်စီးဝါး" ခေါ်ပါသည်။

## ခေါင်ဝါး

ဓနိမိုး၊ သက်ကယ်မိုး အိမ်တို့၌ပင် ခေါင်မိုးလန်မထွက်ရအောင် ထားသော ဝါးလုံးကို "ခေါင်ဝါး" ဟူ၍ ခေါ်ပါသည်။ "ခေါင်ဖိဝါး" ဟူ ၍လည်း ခေါ်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကြက်နင်း

ဓနိ၊ တောင်ထန်း၊ စလူ စသော သက်ကယ် ပစ္စည်းမျိုးဖြင့် ခေါင်မိုး မိုးသည့်အခါ သက်ကယ်ပျစ်များ လွင့်ခြင်း၊ လန်ခြင်းမရှိစေရန် ဖိပေးထားသော ဝါးဖြင့် ပြုလုပ်သည့် ဝါးကပ်ကြဲကို "ကျစ်နင်း" ခေါ် "ကြက်နင်း" ခေါ်ပါသည်။ ဝါးကပ်ကွက်တစ်ကွက်လျှင် တစ်ထွာခန့်ကျယ်ပါသည်။ အောက်ထွင်ယက်လုပ်ပြီး၊ တစ်ခုစီတင်ကာ အပေါ်ရောက်မှ ကျစ်နင်း (သို့) ကြက်နင်းတစ်ခုစီကို ဆက်ပေးခြင်း၊ တံစက်မြိတ်အမိုးစွန်များနှင့် ခေါင်တွင်တုပ်နှောင်ပြီး ထားပေးရသည်။ ဝါးကပ်မိုးသောအိမ်နှင့် ကိုင်းသက်ကယ် မိုးသောအိမ်များတွင်မူ ကြက်နင်းမလိုပေ။

## ကနော်တံ

ဓနိ၊ သက်ကယ် တို့ဖြင့်မိုးသော အိမ်များတွင် ခေါင်ချုပ်ရာ၌ခိုင်ခံ့မြဲမြံစေရန် ထိုးချုပ်ထားသော နှစ်ဖက်ချွန်ဝါးတံ၊ ဝါးစူးကို "ကလောတံ" ဟု ခေါ်သည်။ "ကနော်တံ" ဟုလည်း အချို့ခေါ်ကြသေးသည်။

## ခေါင်တိုင် ၊ လက်ခံတိုင်

အိမ်တွင် အမြင့်ဆုံးသောတိုင်ကို "ခေါင်တိုင်" ဟု ခေါ်ပြီး ခေါင်တိုင်များမှအပ ထုပ်၊ လျှောက်စသည်တို့ကို ထောက်ခံထားသော တိုင်များကို "လက်ခံတိုင်" ဟု ခေါ်ကြသည်။

## ပိန္နဲတိုင်

ပိန္နဲတိုင် ဟူသော အခေါ်အဝေါ်တစ်ခုလည်း ရှိခဲ့ဘူးသည်၊ ပြာသာဒ်မျဉ်းတွင် အလယ်ဗဟိုချက်ထုပ်အထက်က မြေစိုက်မဟုတ်ဘဲ တည်ဆောက်သောတိုင်ကို "ပိန္နဲတိုင်" ခေါ်ခြင်းဖြစ်ပါသည်။ ကျောက်၊ အုတ်တို့ဖြင့်



ဆောက်လုပ်သော အဆောက်အအုံများတွင် မြေစိုက်မဟုတ်ဘဲ အဆောက်အအုံအမြင့် သုံးပုံနှစ်ပုံလောက်ကစ၍ မတည်သောတိုင်ကိုလည်း "ပိန္နဲတိုင်" ဟုပင် ခေါ်ကြောင်းသိရသည်။

## တံစက်မြိတ်

အမိုး၏ အောက်ဘက်အနားစွန်းသည် "တံစက်မြိတ်" ဖြစ်သည်။

## ရေတံလျှောက်

တံစက်မြိတ်မှ မိုးရေကျဆင်းသည့် နေရာတွင်တပ်ဆင်ထားသော အရာသည် "ရေတံလျှောက်"ဖြစ်ပါသည်။ ဝါးပိုးကဲ့သို့ ကြီးမားသောဝါးများကို ထက်ခြမ်းခွဲ၍သော်လည်းကောင်း၊ ရေမြောင်းပုံသွပ်များ၊ သစ်ပျဉ်များကို ပြုလုပ်ခြင်းဖြင့်လည်းကောင်း ရေတံလျှောက်ကို ပြုလုပ်ကြသည်။

## ကျီးအက်

အိမ်အမိုးပိုင်းတွင် "ကျီးအက်" သို့မဟုတ် "ကျအက်" ဟူသော အခေါ်အဝေါ်တစ်ခုရှိပါသည်။ အိမ်၏လက်ယာဘက်၊ လက်ဝဲဘက်၊ နောက်ဖေးဘက်သို့ ချထားသော အဖီကိုခေါ်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အိမ်၏ မြင့်မိုရ်ပိတ်အခြေမှချထားသော အမိုးယော်ကိုခေါ်သည်။

## ကျောင်းတော်ဦးဆောင်

အိမ်များ၌ အဆောင်အခန်းဖွဲ့ရာတွင်လည်း အခေါ်အဝေါ်များ သတ်မှတ်ထားရှိပါသည်။ ရှေးခေတ်ကအိမ်တော်များတွင် ဆောင်မကြီးမှ တစ်ပါး သီးခြားခွဲခွာလှည့်လည် ဆောက်လုပ်ထားသော အဆောင်များရှိပါသည်။ ထိုအဆောင်များအနက် အိမ်တော်များတွင် မျက်နှာမူရာ ရှေ့မျက်နှာကျသောအရပ်ကအဆောင်ကို "ကျောင်းတော်ဦးဆောင်"ဟုခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အတွင်းဝဲ၊ အပြင်ဝဲ

အိမ်တော်များတွင် ဆောင်မကြီးများ၌ အပြင်ဘက် ညီခံခန်းကို "ပြင်ဝဲ" အတွင်းဘက် ညီခံခန်းကို "အတွင်းဝဲ" ဟု ခေါ်ပါသည်။

## တောင်ဆောင်မြောက်ဆောင်

ဆောင်မကြီး၏လက်ယာဘက်၊ လက်ဝဲဘက်တွင်ရှိကြသော သီးခြားဆောင်များကို "တောင်ဆောင်" "မြောက်ဆောင်" ခေါ်လေ့ရှိပါသည်။

## ပဉ္စမိဆောင်

ဆောင်မကြီးနှင့် သီးခြားရှိသောအနောက်ဆောင်ကို ပဉ္စမိဆောင် ဟူ၍လည်းကောင်း၊ "တန်းလျားဆောင်" ဟူ၍လည်းကောင်း ခေါ်သည်။

## ဝဲလင်း၊ ခိုမြီး၊ လက်တီး

အိမ်မကြီးနှင့်သီးခြားမဟုတ်ဘဲ အမိုးတစ်ဆက်တည်း ဆက်သွယ်သော အမိုးစွန်းထုတ်ထားသော နေရာများမှာ မိုးလုံသည်ဖြစ်စေ၊ မိုးမလုံသည်ဖြစ်စေ၊ မျက်နှာမူရာ ရှေ့မျက်နှာအစွန်းကို "ဝဲလင်း"၊ လက်ယာဘက်အစွန်းကို "ခိုမြီး"၊ လက်ဝဲဘက်အစွန်းကို ကျီးအက် (ကျအက်) နောက်ဖေးဘက်ကအစွန်းကို "လက်တီး" ဟုခေါ်ကြောင်း မှတ်သားရသည်။

"ဝဲလင်း" မှာ ညီခံရန်ဖြစ်ပြီး "ခိုမြီး" မှာ လူပျိုများ နေဖို့ဖြစ်သည်။ "ကျီးအက်" မှာ အပျိုများနေရန်နှင့် "လက်တီး" မှာ ဗိုင်းဝါစေသော မိန်းမ အလုပ်များ လုပ်သူတို့ နေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ယခုအချိန်ထိ အချို့သော ဒေသတောနယ်များတွင် လိုက်နာလုပ်ဆောင်လေ့ ရှိဆဲ ဖြစ်သည်။



## မာရဘင်

ဆောင်မကြီးများတွင် အလယ်တိတိက ဆီးထားသော အဆီးကို "မာရဘင်" ခေါ်ပါသည်။ မျက်နှာပြုသောဘက်ကို ရှေ့ပိုင်း၊ ကျောပြုရာ ဘက်ကို "နောက်ပိုင်း" ဟူ၍ ခွဲခြားထားသည်။ ရှေ့ပိုင်းမှာ ယောကျ်ားများ နေရန် နေရာဖြစ်ပြီး "နောက်ပိုင်း" မှာ မိန်းမများ နေရန်နေရာဖြစ်ပါသည်။ ယောကျ်ားနယ်၊ မိန်းမနယ်ဟု အမှတ်ပြုလေ့ရှိကြပါသည်။ အာဂန္တု ဧည့်သည်ဖြစ်သူ လူစိမ်းများသည် မိန်းမနယ်ဖြစ်သော "နောက်ပိုင်း" ဘက်ကို ရုတ်တရက် ဝင်လေ့မရှိကြပါပေ၊ အိမ်ရှင်ကခေါ်မှသာ ဝင်ရပါ သည်။ ဤအပြုအမူသည် ဟိန္ဒူအယူရောနှောသည့်အရာ သိသာသည် ဟူ၍ ပညာရှိတို့က ပြောလေ့ရှိကြသည်။

ရှေးခေတ်က အိမ်များတွင် အရာရှိဖြစ်မှာသာ အိမ်သာရှေ့သွန်ကို "မိုးလုံဆောင်သီး" များ သီးခြားထားခွင့်ရသည်။

## ဆင်ဝင်ဆင်ကပ်

ရှေးခေတ် အရာရှိများအိမ်တွင် အိမ်ရှေ့ကြမ်းပြင်မှာ လှေကားနှစ်စင်း တပ်လေ့ရှိသည်။ လှေကားနှစ်စင်းစပ်ကြားတွင် ကြမ်းပြင်ကလေးတစ်ခု ဆက်သွယ်ထုတ်ထားလေ့ရှိပါသည်။ ထိုကြမ်းပြင်ကလေးကို "ဆင်ဝင်" "ဆင်ကပ်" ဟူ၍ ခေါ်လေ့ရှိသည်။

ဆင်ဝင် ဆင်ကပ်နှင့်ပတ်သက်၍ ယခုခေတ်သိမှတ်ခေါ်ဝေါ် နေကြသည်မှာ အမိုးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ အိမ်မရှေ့ဘက်မှဆက်၍ ထုတ်ထားသော အဆောင်ကို "ဆင်ဝင်" ဟုခေါ်ကြပါသည်။ တစ်နည်းအားဖြင့် အမြင့်ထပ်နှင့် တစ်ဆက်တည်း ပြုလုပ်ထားသည့် အိမ်ဦးခန်း အဆောင်ကို "ဆင်ဝင်" ဟု ခေါ်ကြပါသည်။ "ဆင်ကပ်" မှာ အိမ်အပေါ် ထပ်မှ အပြင်သို့ထုတ်ထားသော ကြမ်းပြင်ကို ခေါ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်မှဖြစ်စေ အထက်မှဖြစ်စေ၊ အိမ်ဘေးသို့ဆက်၍ ပြုလုပ်ထားသော အခန်းကိုလည်း "ဆင်ကပ်" ခေါ်ကြပါသည်။ ယခုခေတ် အခေါ်အဝေါ် "ဝရန်တာ" သည် ရှေးက "ဆင်ကပ်" ဟူ၍ ခေါ်သော အဆောင်ဖြစ်ပါသည်။ အိမ်အပေါ်ထပ်မှအပြင်သို့ အရပ်လေးမျက်နှာ ပတ်ပတ်လည် ထုတ်ထားသော လက်ရမ်းနှင့် ကြမ်းပြင်ကိုမူ "ဆင်ကပ်လည်" ဟူ၍ ခေါ်ပါသည်။

## နေရောင်ကာ

ရှေးခေတ်အိမ်များတွင် အရာရှိများအိမ်၌ ကြမ်းပြင်မကြီးတွင် ဖီလာဖြတ်၍ ကာထားသောနံရံကို "နေရောင်ကာ"ဟူ၍ ခေါ်ကြပါသည်။ နေရောင်ကာသည် ယောက်ျားတက်သော လှေကားနှင့် မိန်းမတက်သော လှေကားကို ပိုင်းခြားရန် ရည်ရွယ်ရင်း ဖြစ်သည်။

## ခန်းဆီး

အိမ်တွင်အခန်းဖြစ်အောင် သီးသန့်ထားသောအရာကို ခေါ်ခြင်းဖြစ်သည်။

## ခန်းဖွင့်

အိမ်မတွင် တိုင်တစ်ခု နှင့် တစ်ခု ကြားအကွာအဝေးကို "ခန်းဖွင့်" ဟု ခေါ်ပါသည်။

## ကပြင်

အိမ်မနှင့်တစ်ဆက်တည်း ထုတ်ထားသော ကြမ်းပြင်မှာ "ကပြင်" ဖြစ်ပါသည်။



## ဆောင်ကပ်

အဆောင်မနှင့်တွဲစပ်လျက် ဆောက်လုပ်ထားသော အဆောင်ငယ်ကို "ဆောင်ကပ်" ဟု ခေါ်သည်။

## ခွေးကတက်

အိမ်၏မျက်နှာစာတွင် အိမ်ကြမ်းပြင်အောက်နိမ့်၍ ဆောက်လုပ်ထားသော အဆင့်ကို "ခွေးကတက်" ဟု ခေါ်ပါသည်။ "ဖိနပ်ချွတ်" ဟူ၍လည်း ခေါ်ကြပါသေးသည်။

## ဖား၊ နွား၊ ကုလားတက်

အထက်ဝါဖြစ်စေ၊ အောက်ဝါမှာဖြစ်စေ၊ အခုအခံအတွယ်အကပ်ကလေးများ ထည့်တပ်သည်ကို ထည့်တပ်သည့်နေရာပေါ် မူတည်ပြီး "ဖား" "နွား" "ကုလားတက်" စသည်ဖြင့် ခေါ်ကြပါသည်။

တစ်ခုနှင့် တစ်ခုအစပ်ကြားက ညီမျှအောင်လုပ်ဆောင် ခုခံသောသစ်သားကို "ဖား" ဟူ၍ ခေါ်လေ့ရှိပါသည်။ ဝတ္ထုကြီးကြီးများ လျောမကျအောင် အောက်က မူလဝတ္ထုကို အပေါက်မဖောက်မထွင်းဘဲ သံရိုက်၍ဖြစ်စေ၊ စို့နှက်၍ဖြစ်စေ တွယ်ကပ်ခုခံထားသော သစ်သားကို "နွား" ဟူ၍ ခေါ်လေ့ရှိပါသည်။ အလတ်စား၊ အငယ်စားဖြစ်သော ဝတ္ထုများ မလျောမကျအောင် မူလဝတ္ထုကို ဖောက်ထွင်းရိုက်နှက် ခုခံတပ်ထား သော သစ်သားကို "ကုလားတက်" ဟူ၍ ခေါ်လေ့ရှိသည်။

## မျက်နှာကြက်

အိမ်၏ အမိုးနှင့် ကပ်လျက်ပိတ်၊ ပျဉ်၊ ထရံ၊ အင်္ဂတေပြားစသည် တစ်ပြင်လုံးတပ်ထားသည့်အပြန့်အပြင်ကို မျက်နှာကြက်ဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာမင်းများ ခေတ်ကမူ လူတိုင်း၊ မျက်နှာကြက်တပ်ခွင့် မရဟု မှတ်သားရသည်။

## မြင့်မိုရ်

ခေါင်မိုးထိပ်စွန်းနှစ်ဘက်ရှိထုပ်တန်းနှင့် ခေါင်မိုးအကြားအား နံရံနှင့် တစ်စပ်တည်းသုံးထောင့်ချွန်းနေရာကို ပိတ်ကာထားသော အကာမှာ "မြင့်မိုရ်" ဖြစ်သည်။

## ခြေရပ်၊ ကြောရပ်၊ ဆောင်ပုံ

အိမ်များတွင် မြေကြီးမှ ကြမ်းပြင်အထိအပိုင်းကို "ခြေရပ်" ဟု ခေါ်ပြီး၊ ကြမ်းပြင်မှ ထုပ်အထိအပိုင်းကို "ကြောရပ်" ခေါ်ကြပါသည်။ ဆောင်ပုံမှာ ထုပ်မှအထက်ခေါင်မိုးအဖြူထည်ကို ခေါ်သည်။

## လှေကား၊ တံခါး၊ ပြတင်းပေါက်

အိမ်များတွင် အိမ်ပေါ်တက်ရန် "လှေကား" ရှိရပါသည်။ အဝင်အထွက်ပြုလုပ်ရန်အတွက် တံခါးပေါက်ရှိရပါသည်။ လေဝင်လေထွက်ကောင်းရန်နှင့် အလင်းရောင်ဝင်ရန်အတွက် "ပြတင်းပေါက်" များရှိရပါသည်။ ပြတင်းပေါက်နှင့် တံခါးများတွင် "တံခါးရွက်" များတပ်ဆင်ရန် "ကျည်းဘောင်များ" လေးဘက်စလုံးဖြစ်စေ၊ သုံးဘက်ဖြစ်စေ ခွေပေးရပါသည်။

## ယပ်သစ်၊ ကွန်းတိုင်၊ ကွန်းစင်တိုင်

ရှေးခေတ်က အိမ်ဆောက်ရန်အတွက် မြေမှာစိုက်သော စိုက်တိုင်ကို "ယပ်သစ်" ဟုခေါ်ပါသည်။ ရိုက်သောတိုင်များတွင် အလယ်ကတည်သော အရှည်ဆုံးသော မြေစိုက်တိုင်ကို "ကွန်းတိုင်" ဟူ၍ ခေါ်ပါသည်။ "ကွန်းစင်တိုင်" ဟူ၍လည်းခေါ်ကြပါသေးသည်။ ကွန်းစင်တိုင်လက်ဦးစိုက်သည်ကို "ကွန်းတည်" သည်ဟုခေါ်ပါသည်။ ကွန်းတိုင်အပြင်ဘက်ကျသောတိုင်ကို "သည်မ" ခေါ်သည်။ သည်မအပြင်ဘက်ကျသောတိုင်ကို "သည်ရံ" ခေါ်သည်။ သည်ရံပြင်ဘက်တွင်ကျသော တိုင်ကို "သည်တွေး" ခေါ်သည်။ ကွန်းနှစ်ခန်းသာပါသော အဆောက်အအုံများက တိုင်များမှာလည်း အမည်အသီးသီး ရှိကြပါသည်။



အနောက်မြောက်အရပ်မှာရှိသော တိုင်ကို "ကုမ္ဘီ"၊ မြောက်အရပ်မှာရှိသောတိုင်ကို "ကြင်နန်းဖို"၊ အရှေ့မြောက်မှာ ရှိသောတိုင်ကို "စုံပင်လယ်" အရှေ့တောင်မှာ ရှိသောတိုင်ကို "ဥရု"၊ တောင်ဘက်မှာရှိသောတိုင်ကို "ကြင့်နန်းမ"၊ အနောက်တောင်မှာ ရှိသောတိုင်ကို "သပြေ" တိုင်ဟု ခေါ်ပါသည်။

ကွန်းတိုင်ခေါ် ကွန်းစင်တိုင်နှင့်ပတ်သက်၍ မှတ်သားရန်ရှိသည်မှာ မည်သည့် အဆောက်အအုံတွင်မဆို ဖြောင့်တန်းသည့်အပြင် အမြင့်ဆုံးဖြစ်သော တိုင်မျိုးကို ကွန်းတိုင်သို့မဟုတ် ကွန်းစင်တိုင်ဟု ခေါ်ခြင်းဖြစ်သည်။ နန်းတိုင်၊ ကျောင်းတိုင်၊ အိမ်တိုင် စသောအဆောက်အအုံများတွင် အမြင့်ဆုံးတိုင်ကို "ကွန်းတိုင်"ဟုခေါ်သော်လည်း "ကွန်းမတိုင်" အစစ်ကိုသာ အမြတ်ဆုံး သဘောထားကြပါသည်။ လွှတ်တော်တွင် ကွန်းစင်တိုင် တစ်ဆယ့်နှစ်လုံး၊ ကွန်းစင်ခန်းငါးခန်း ရှိခဲ့လျှင် အလယ်တိုင်လေးလုံးကိုသာ ကွန်းမတိုင်၊ ကွန်းမခန်းဟူ၍ ခေါ်ပြီး အမြတ်ထားကြသည်။ ထိုကွန်းမခန်းအတွင်းမှာသာ ဝန်ကြီးများ ထိုင်ကြမြဲဖြစ်ပါသည်။ အခန်းများလျှင် အလယ်ဗဟိုခန်းကို အမြတ်အခန်း၊ အခန်းမများလျှင် ကွန်းစင်တိုင်လေးလုံးအတွင်းကို အမြတ်ဆုံးထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

### ရဝေတိုင်

နေအိမ်အဆောက်အအုံတွင် အနောက်တောင်ဘက်တိုင် ဖြစ်ပါသည်။

### ကြဌန်းမို

အိမ်မဆောင်၏အရှေ့ဘက် အလယ်တိုင် ဖြစ်ပါသည်။

### ကြဌန်းမ

အိမ်မဆောင်၏ မျက်နှာစာဘက် အလယ်တိုင် ဖြစ်ပါသည်။

### ဥရုတိုင်

အိမ်တွင် အရှေ့တောင်အရပ်၌ရှိသော တိုင်ကို ခေါ်ပါသည်။ (အချို့က အရှေ့မြောက်အရပ်ရှိသော တိုင်ကို ခေါ်ကြပါသည်။

### ညောင်ရမ်းတိုင်

အိမ်မဆောင်တွင် အနောက်မြောက်ဘက်ရှိတိုင် ဖြစ်ပါသည်။ (အချို့က အနောက်တောင်တိုင်ကို ဆိုပါသည်။)

### စမြင်

အိမ်ဆောင်၏ဘေးတွင် ဟင်းလင်းထားသောကြမ်းပြင်၊ စရံတာ၊ စရံတာကို စမြင် ဟုခေါ်ပါသည်။



### ပန်းဆွဲ

အမိုးတံစက်မြိတ်အောက်တွင် ဆွဲဆင်သော ပန်းပုံစံ ပြုလုပ်ထားသည့် အမြိတ်တန်းကို ပန်းဆွဲ ဟုခေါ်ပါသည်။

### မျှားဆွဲ

အဆောက်အအုံ၏ အပေါက်ဝအထက် ထောင့်ကွေး တစ်ဘက် တစ်ချက် ဆွဲဆင်သော ပန်းခက်၊ ပန်းနွယ် ထွင်းထု ပြုလုပ်ထားသည့် အဆင်တန်ဆာသည် ဖြစ်သည်။

### ကမွတ်

အိမ်အဆောက်အအုံတို့၏ အစွန်းနား ခါးပန်းကို ကမွတ် ဟု ခေါ်ပါသည်။

### အုန်းလက်

အမိုး နှစ်ခု ဆက်စပ်ရန်အတွက် အုန်းလက်သဏ္ဌာန် ဆင်ခြေလျော ပြုလုပ်ထားသော စပ်ကြောင်း ကို အုန်းလက် ဖြစ်သည်။

### ထောက်တို

အိမ်၏ ကြမ်းခင်းကို ခိုင်မာစေရန် အောက်မှထောက်ရသော တိုင်ဖြစ်သည်။

### ဆုပ်စွပ်၊ လျှောက်စွပ်

အိမ်၏ လက်ခံတိုင်ထိပ်ဖျားရှိ စခွေးတံတွင် စွပ်ကာ၊ လေးမျက်နှာ ဖမ်းကိုင်ချုပ်နှောင်ထားသော ထုပ်လျှောက်အစုံ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရှုနွယ်

*အမိုးအောက်ခံတန်းအခြင်ကို ခေါ်သည်။*

## လည်ပေါ်

အမိုး၏အလယ်ပိုင်းကို မြှင့်၍ သီးခြားမိုးထားသော အစိတ်အပိုင်းကို ခေါ်ပါသည်။ နန်းတော်၊ ဘုန်းကြီးကျောင်းစသည်တို့တွင် လည်ပေါ် တစ်ထပ်မှ သုံးထပ်၊ လေးထပ် စသည် အဆင့်ဆင့်ရှိပါသည်။

## လည်ပေါ်ဆောင်

လည်ပေါ်အမိုးပါသော အဆောင်ကို လည်ပေါ်ဆောင် ခေါ်ပါသည်။

## ခြင်ပိတ်

အခြင်ကို ပိတ်သောပျဉ်ပြားကို ခြင်ပိတ် ခေါ်ပါသည်။

## ဇကြာနှစ်ထပ်အိမ်

လေးဘက်ချအမိုးနှစ်ထပ်ဖြင့် တည်ဆောက်ထားသောအိမ် ဖြစ်သည်။

## ထားဝယ်နှစ်ထပ်

ထားဝယ်အိမ်ပုံသဏ္ဌာန် အမိုးနှစ်ဆင့် အိမ်မျိုးဖြစ်ပါသည်။

## အမွှမ်းခြင်ပိတ်

အပြောက်အမွှမ်းစီခြယ်ထားသော အခြင်တို့၏ အောက်ဘက်အစွန်းများကို ဖုံးပိတ်ကပ်ရိုက်ထားသော ပျဉ်ပြားပန်းဆွဲကို ခေါ်သည်။



## အဗဆော်

မြန်မာ့ဗိသုကာဆိုင်ရာ ဆုလစ်မွမ်းချွန်ပန်းပြောက် တစ်မျိုးဖြစ်သည်။

## ဒရဲတာ

နေအိမ်အဆောက်အအုံ၏ တစ်ဘက်ဘက်သို့ ထုပ်နှင့် ဆင့်များဆက်၍ ကြမ်းခင်းနှင့် လက်ရမ်းတို့ဖြင့် ဆောက်လုပ်ထားသော အဆောင်ဖြစ်ပါသည်။

မှုံရွှေးဆရာတော်၏မှတ်စု၌ အိမ်၊ ကျောင်း အစိတ်အပိုင်းခေါ်ပုံများကို အောက်ပါအတိုင်း ပြထားပါသည်။

ခြင်ပိတ်မော်၊ အမွှမ်းမော်၊ လည်ဆီးမော်၊ မော့်စုတန်း၊ မှန်ကင်းတိုင်ငုံအဖူးစိန်ပြန်၊ မှန်ကင်းရွက်၊ တုရင်၊ ဘုရင်တိုက်၊ ရောက်စွန်းနရားသေယန်ပြာသာဒ်စိန်တောင်၊ ကြည်းခွေး၊ ပျားစွဲ၊ မှတ်ဖြေ၊ ခြင်ပိတ်၊ ပန်းဆွဲ၊ ခြိုတိုက်၊ လည်ဆီး မှော်ပွင့်၊ ငုံအနားကပ်သိကြား၊ စိန်ပျံ၊ စိန်အိုး၊ စိန်ပွင့်ဆောင့်ကြည်းခွေး၊ စွန်းရိုး၊ မှတ်ဆို၊ တောင့်တုံးဟသာ၊ ငုံထောင့်ပိတ်ကြွန်၊ ခေါင်းအုံး၊ ကြည်းခွေး ခိုနန်းထောင့်ပြေ၊ ယည်ပျံ၊ ကြက်မောက်တန်း၊ တုရင်ရှည်၊ ငှက်ဖျောသား၊ ရိုင်းစိုင်းကြီး၊ ရှုံတန်း၊ မော်တန်း၊ ဘော်ရနောင်၊ စိုင်ပေါင်၊ ချိုးဖူး၊ ချိုးရန်၊ ချိုးပြေ၊ သရက်ကင်း၊ ဆတ်သွားဖူး၊ လင်းနို့တောင်၊ ငှက်ဆင်ရေဆောက်၊ မှုတ်ရိုးထောက်၊ ကတန်ထောက်၊ ကြက်မောက်ပန်းဆွဲ ကလပ်မြေ၊ ဖောင်းလုံး၊ ကြာပြန်ကြာလန်၊ အလုံးဖြစ်လျှင် ပန်းနုအုပ် (စမြုလည်းခေါ်) ဖောင်းလုံး ပန်းလှ၊ သလင်း၊ ကြာသလင်းဘောင်၊ ခေါင်ခံ ခေါင်းစီး ပွတ်လုံး ပွတ်ခြမ်း၊ ပွတ်တိုင် ကြေးစည်တိုင် ငုံတံခါးတိုင် တံခါးရွက် တံခါးကျည် မင်းတုပ်တင်း၊ လေသွန်ပြတင်းဖိလာပြတင်းကြီး၊ ပန်းနုစ်၊ စမြို၊ ကြိုသန်လျှင်းချိတ်၊ ချိုမှတ်ဆိတ်၊ ဒုရင်မှတ်ဆိတ်၊ စန္ဒရုသဘော့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## မြန်မာ့ရိုးရာ အိမ်ဆောက်လုပ်ပုံ စနစ်များ

ရှေးခေတ်ကဆောက်လုပ်လေ့ရှိသောအိမ်များမှာ သုံးပင်ပတ်လည်အိမ်၊ လေးပင်ပတ်လည်အိမ်၊ လေးပင်လက်တီးပါအိမ် စသည်ဖြင့် တိုင်(ပင်) အရေအတွက်ပေါ် မူတည်သော အိမ်များသာ ဖြစ်သည်။ သုံးပင်အိမ်ဆောက်လုပ်လျှင် တိုင်လုံးရေမည်မျှ၊ ထုပ်၊ လျောက်လုံးရေ မည်မျှ၊ အရှည်အတိုင်းအတာမည်မျှ စသည်ဖြင့် ပုံသေ သတ်မှတ်ချက်များလည်း ရှိပါသည်။ သတ်မှတ်ထားသည့်အတိုင်းအတာလုံးရေအတိုင်း ဆောက်လိုသောအိမ်ကို အလွယ်တကူ ဆောက်နိုင်ရန် စနစ်များလည်း ချမှတ်ထားသည်။

ယင်းအိမ်ဆောက်စနစ်များကို ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း၊ ဗိသုကာကျမ်းများတွင် လာသည့်အတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်။

### သုံးပင်တိုင်အိမ်အဖိုဆင်နည်း

သုံးပင်တိုင်အိမ်အဖိုဆင်နည်းမှာ ထုပ် (၆) တောင်၊ ထုပ်စွန်း (၁) မိုက်၊ လျှောက်စွန်း (၁) တောင် (၂) မိုက်၊ သစ်ရပ်ကားစရွေးလွတ် (၇) တောင် (၂) မိုက်၊ ချက်အောက် (၄) လက်သစ်လျော့၍ထွင်း၊ စဖိုသစ်ရပ်ကားအမဆောက် (၁) မိုက် ၄ လက်သစ်လျော့၊ စဖိုထုပ်ကား (၄) တောင်ဆုပ်ငွန်း (၁) မိုက်၊ ဝဲအဖွင့်ကား၊ အမခေါင် တိုင်အောက် (၂) မိုက်လျော့





ဝဲလက်ခံဖဖိုနှင့်အမျှဖြတ်၊ ကြမ်းပြင် (၄) တောင်ဖွင့်၊ စဖိုအခွာ (၃) တောင်ခွာ၊ ပြင်ထရံ (၄) တောင်၊ အိမ်မထရံ (၁) မိုက် ၄ လက်သစ်၊ မြောက်ခြင်ကား ထုပ်ထွင်း၊ တောင်ခြင်ကား တစ်တောင်တစ်မိုက် စွန်းစေ၊ ဝဲခြင်ကား ထုပ်တွင် (၂) ပြန်ထား၊ အမခေါင် (၆) မိုက်၊ အဖိုခေါင် (၄) မိုက် ထုပ်တင်ပေ။ ယင်းမှာ သုံးပင် (တိုင်) အိမ်ဆင်နည်း ဖြစ်သည်။

### လေးပင်အိမ်အဖိုဆင်နည်း

လေးပင်အိမ်အဖိုဆင်နည်းမှာ ထုပ် (၇) တောင်၊ ထုပ်စွန်း (၁) မိုက်၊ လျှောက်စွန်း (၄) တောင်ဖွင့်၊ လျှောက်စွန်း (၂) တောင်၊ သစ်ရပ် (၄) တောင်၊ စရွေးလွတ်၊ ချက်တွင်တွင်း၊ ထရံ (၄)တောင် (၄) လက်သစ်၊ စဖိုကိုအမအောက် (၂) မိုက်လျော့၍ အမနှင့်စဖိုအခွာ (၃) တောင်ခွာ၊ စဖိုထုပ်ကား (၅) တောင်၊ ထုပ်စွန်း (၁) မိုက်၊ ဝဲလက်ခံစဖိုအောက် (၄) လက်သစ်လျော့၊ ဝဲခေါင်ကား အမခေါင်အောက် (၁) တောင်လျော့၊ အမဝဲခွာ ၁ တောင်ခွာ၊ ဝဲခံကား (၅)တောင်၊ ကြမ်းပြင် (၃) တောင်ခွာ၊ ပြင်ထရံ (၃) တောင် (၁) မိုက်၊ ခေါင်ထက်မှာ နည်းတူချည်းဖြစ်သည်။ ချင့်၍သာဘက်ရသည်။ အခြင်လည်းနည်းတူဖြစ်သည် သူ့ထုပ်နှင့်တိုင်း၍ဖြတ်ရသည်။

### လေးပင်အိမ်လက်ငါးပါဆင်နည်း

လေးပင်အိမ်လက်ငါးပါဆင်နည်းမှာ သစ်ရပ် (ကိုး)တောင်၊ (သုံး) တောင် (တစ်)မိုက်တွင်ထွင်း၊ ကြမ်းခက်တစ်မိုက်၊ ထရံနေ (လေး)တောင် (တစ်)မိုက်၊ ထုပ် (ခုနစ်) တောင်၊ ထုပ်စွန်း (တစ်)မိုက်၊ လက်တီးအခွာ (သုံး)တောင်ခွာ၊ လက်တီး အလျော့ (ငါး) တောင်လျော့၊ အဖွင့်အခွာသည် (သုံး) ပင်အိမ်နည်း ပင်ခွာရသည်၊ အမမြောက်ခြင်း (ခုနစ်) တောင်၊

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြင် (ခုနစ်)တောင် (တစ်)မိုက် ဖြစ်ပါသည်။ ဤနည်းသည် အမြင့်မြို့နေ လက်သမား မောင်စံ အိမ်ဆင်နည်း ဖြစ်သည်။

## ခေါင်းဆင်းကျောင်း ဆင်နည်း

ခေါင်းဆင်းကျောင်းဆင်နည်းမှာ အိမ်ဖိုဆင်နည်းနှင့် အတူတူပင် ဖြစ်သည်။

## စကြောကျောင်းဆင်နည်း

စကြောကျောင်းဆင်နည်းကား ထုပ် (ငါး)တောင်၊ လျှောက် (ဆယ်)တောင်၊ လျှောက်စွန်း (နှစ်)လက်သစ်၊ ခေါင်တိုင် (တစ်)လက်သစ် တက်၊ နံပါး (လေး)တောင်ဖွင့်၊ နှာရောင် (ငါး)တောင်ဖွင့်၊ နံပါးယနက် (ဆယ်)တောင်၊ နှာရောင် (၁၁)တောင်၊ ထုပ်စွန်း (နှစ်)တောင် (နှစ်)မိုက် အမသစ်ရုပ်ကား ၁၇တောင် ၄မိုက်(နှစ်)လက်သစ်၊ လက်ခံသစ်ရုပ် (၁၅)တောင်၊ မြေဝင် (နှစ်)တောင်၊ မြေဝင်ပေါ် ရက်မထိ (ငါး)တောင်၊ ရက်မထိပ်ကကို ပခုံးစီးတိုင်အောက် (ငါး)တောင်၊ အရိပ်နေသစ်အမျက် လုံ (လွတ်) ၂၀၊ ကြမ်းပြင်အဖွင့်မှာ (သုံး)တောင်ဖွင့်၊ တစ်ရက်မလျော့ တို့ဖြစ်သည်။

## လည်ပေါ်ကျောင်းဆင်နည်း

ထုပ် (၅)တောင်၊ လျှောက် (၁၀)တောင်၊အောက်နှာရောင်ဖွင့် (၅)တောင် (၁)မိုက်၊ အောက်နံပါး (၄)တောင်(၁)မိုက်၊ အထက်ခေါင်ထုပ် ထက်ဝက်၊ အထက်ယနယ် (၅)တောင်၊အောက်နံပါးယနယ် (၇)တောင်၊ အောက်နှာရောင် (၁)မိုက်၊ ဘုတ်စူ (၉)တောင်၊ သစ်ရုပ် (၁)တောင် (၁) မိုက် (၄) လက်သစ်၊ မြေဝင် (၂) တောင်၊ မြေပေါ်ရက်မထိ (၅) ရက် မထိပ်က ကိုပခုံးစီးတိုင်အောင် (၅) တောင် (၁) မိုက် (၄) လက်သစ်၊ လက်ခံကွန်းစင် အမသစ်ရုပ်ကားမြေဝင် (၂) တောင်၊ မြေပေါ် (၆) တောင်၊ ယနယ် (၅) တောင် (၄) လက်သစ်၊ အထက်လည်မ (၃၂) တောင် (၄) လက်သစ်၊ လည်ညှပ်ကကို (၄) တောင်၊ အလယ်ရက်မခုံစဥ်၊ အလယ် နှာရောင်နံပါး (၄) တောင်၊ ရက်မထိပ်ကကို လည်ချုပ်ထိ (၇) တောင် (၁) မိုက် (၄) လက်သစ်၊ လည်သီး (၃) တောင် (၁) မိုက်၊ ကြမ်းပြင်အဖွင့် (၁) မိုက်ဖွင့်၊ တရက်မလျှော့ အမရိပ်သစ်လုံး (၂၀) လည်ပေါ်ကျောင်းဆင် နည်း ပြီး၏။



## သုံးထပ်ကျောင်းဆင်နည်း

BURMESE CLASSIC .com

ထုပ် (၅) တောင်၊ လျှောက် (၁၂) တောင် (၂) မိုက်၊ ခေါင်တိုင်ထုပ် ထက်ဝက်၊ လျှောက်ထုတက်လျှောက်စွန်း (၂) တောင်၊ အလယ်ယနယ် (၇) တောင် (၂) လက်သစ်၊ ဘုတ်စူ (၈) မိုက်၊ အောက်ထပ်လည်းယနယ် (၃) တောင် သည် ထွေးပခုံးစီး ၁၂ တောင်လျှော့၊ အောက်ထပ်နှာရောင် (၅) တောင် (၁) မိုက်၊ နံပါး (၄) တောင် (၁) မိုက်ဖွင့်၊ နံပါးယနယ် (၇) တောင် (၁) မိုက်၊ နှာရောင်ယနယ် (၈) မိုက်၊ ဘုတ်စူ (၄) တောင် နံပါး ခြင်စွန်း (၂) တောင် (၁) မိုက် (၄) လက်သစ်၊ သည်ထွေးပခုံးစည်းက တိုရက်မထိပ် (၆) တောင်၊ ရက်မထိပ်ကကို မြေပေါ် ခြောက်တောင် မြေဝင် (၂) တောင်၊ ကွမ်းစင်သစ်ရုပ် (၂၅) တောင်၊ မြောက်ကြမ်းပြင် အရှေ့ကြမ်းပြင်(၈) မိုက်စီ နောက်ခြောက်တောင် (၃) ထပ်ကျောင်း ဆင်နည်း ပြီး၏ ဟုလက်မှုပညာ ကျမ်းမှာလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဇေတဝန်ကြီး ဆင်နည်း

ဇေတဝန်ကြီးဆင်နည်းကား ကွန်းစင် (၂၄) တောင် (၂) မိုက်၊ စူလဲ (၂) မိုက်၊ လည်သီး (၃) တောင်၊ အလယ်ဘုံလက်ကတီး တစ်ထောင့်ထွာနှင့် (၄) တောင်၊ သစ်ရွက်၊ အရှက် (၂) ပြန် (၃) တောင်တစ်မိုက်ဖွင့်၊ ပဋ္ဌမိ (၄) တောင်တစ်မိုက်ဖွင့်၊ အလယ်ဘုံလည်သီး (၂) တောင်တစ်မိုက်၊ သစ်ရပ်အောက်ဘုံလက်ကတီးတစ်တောင့်ထွာနှင့် (၆) သစ်ရွက်၊ အရှက် (၂) ပြန် (၃) တောင့်ထွာဖွင့်၊ အောက်ဘုံပဋ္ဌမိ (၄) တောင်တစ်မိုက် (၄) သစ်ဖွင့်၊ ယက်မ ရှစ်တောင်တစ်မိုက်တွင်း၊ အထက် (၅) တောင် (၂) မိုက်နေလေ၏။ ထိုသစ်ရပ်နှင့် အင်တန်အောင်ထုပ် (၅) တောင်တည်း ထုပ်စွန်တစ်ဆဲ့လေးသစ်၊ လျောက်တစ်ဆဲ့တတောင် (၂) မိုက်၊ လျောက်စွန် (၂) တောင် (၂) မိုက်ချင်စွန် (၂) တောင် (၂) မိုက်၊ ခေါင်တိုင် (၂) တောင် (၂) မိုက်၊ ကွန်းစင်လျောက်အကုန် (၁၇) တောင်၊ အထက်ခေါင်အကုန် အတောင် (၂၀)၊ ခေါင်လျောက် (၇) တောင် (၂) မိုက်၊ အထက်ဘုံချင် (၆) တောင် (၂) မိုက်၊ ကွန်းစင်ထုပ်ပြားတစ်ဆဲ့ (၄) သစ်ထုပ်ထူဆယ်သစ်၊ ကွန်း စင်လျောက်ပြားတဆဲ့ (၄) သစ်၊ ကွန်းစင်လျောက်ထူ (၈) သစ်၊ ခေါင်ဖျား တစ်ဆဲ့လက်လေးသစ်၊ ခေါင်ထုပ်ဆယ်သစ် လည်ညှပ်ပြား၊ တစ်ထောင် လည်ညှပ်ထူ (၆) သစ်၊ မုတ်စူပြားဆဲ့နှစ်သစ်၊ အထူကိုးသစ်၊ အလယ်ဘုံ မုတ်စူ ဆယ်တောင်၊ ချင်ညှပ်အတွင်းသုံးတောင် တစ်မိုက်တွင်ထွင်း၊ ချင်စွန်းမှာ ခံတွင်းအချင်ကို (၃) စုစု၍ နှစ်စုချင်စွန်း၊ အလယ်ဘုံထက်က တီးချင် (၇) တောင်တစ်မိုက်၊ အလယ်ဘုံပဋ္ဌမိ၊ ချင် (၉) တောင်တစ်မိုက်၊ အောက်ဘုံလက်ကတီး၊ ချင် (၇) တောင်နှစ်မိုက်၊ အောက်ဘုံ ပဋ္ဌမိ၊ ချင်ဆယ်တောင်၊ အောက်ဘုံ မှုတ်စုဆဲ့နှစ်တောင်၊ အောက်ဘုံချင်ညှင်မှာ (၃) တောင်ထွာတွင်ထွင်း၊ အောက်ဘုံ ချင်စွန်းခံတွင်း၊ အချင်းကို ၃ စုစု၍ နှစ်ခုချင်စွန်း၊ ယက်မပြက် (၂) မိုက်၊



ယက်မထု (၄) သစ်၊ ခါးပန်းပြားတစ်တောင်၊ ခါးပန်ထူ (၆) သစ်၊ ကြမ်းခင်းထောက်ဘိုသုံးစည်၊ ရှေလက်ရမ်း၊ နောက်လက်ရမ်း၊ ထောက်တိုချယ်း ကွန်းအကြား၊ ထောက်တို သုံးလုံးထားသစ်တို သစ်ရှည်ပေါင်း (၁၇၃) လုံး ဇေတဝန်ကြီးဆင်နည်း တည်း။ ပြီး၏။

BURMESE CLASSIC .com

## ဇေတဝန်ငယ်ဆင်နည်း

ဇေတဝန်ငယ်ဆင်နည်းကား ကွန်းစစ်သစ်ရပ် (၂၁)တောင် (၂)မိုက်၊ စူလဲ (၂) မိုက်ထုပ်ထွင်း (၄)တောင်၊ ထုပ်စွန်းဆဲ့နှစ်သစ်၊ လျောက်ထွင်းဆဲ့တစ်တောင်၊ လျောက်စွန်း (၂)တောင် (၁)မိုက်၊ ခေါင်စွန်းသုံးတောင်၊ ခေါင်လျောက် (၆)တောင် (၂)မိုက် ချင်(၆) တောင်၊ ချင်စွန်း (၂)တောင် တစ်မိုက်၊ ထုပ်ပြားဆဲ့လေးသစ်၊ ထုပ်ထူဆယ်သစ်၊ လျောက်ပြားဆဲ့လေးသစ်၊ လျောက်ထူ (၇)သစ်၊ အထက်ဘုံပြီး၏။ လည်သီး (၂) တောင် (၂)မိုက် ၄သစ်၊ အလယ်ဘုံလက်ကတီး တစ်တောင်ထွာနှင့် ၄သစ်ရွက်၊ အရှက် ၂ပြန်၊ ၃တောင်တမိုက်၊ ပဋ္ဌမိ ၄တောင်နှင့် ၆သစ်ဖွင့် လက်ကတီး ချင် ၇တောင်၊ ပဋ္ဌမိချင် ၈တောင်၊ ၂ထွာခန့်တွင်ချင်ကို ၃စုစု၍ တစ်စုပစ်၊ ၂စုလက်ကတီး၊ ချင်စွန်းထွက်စေ၊ မုန်စူကိုးတောင်ထွာ၊ မုတ်စူပြား ဆယ်သစ်၊ အထူရသစ်၊ ကွန်းစင်လည်ညှပ်ပြား ၂မိုက် ၄သစ်၊ အထူ ၅သစ်၊ အလယ်ဘုံလည်သီး ၂တောင် ၁မိုက်၊ အောက်ဘုံလက်ကတီး ၁တောင် ထွာနှင့် ၆သစ်ရွက်၊ အရှက် ၂ပြန် ၃တောင်ထွာဖွင့် ပဋ္ဌမိ ၄တောင် တစ်မိုက် ဖွင့်၊ ပဋ္ဌမိ ချင် ၉တောင်၊ အောက်ဘုံလည်ကတီးချင် ၇တောင် ၁မိုက်၊ အောက်ချင်ဘုံချင်စွန်းမှ အလယ်ညှိချင်စွန်း နည်းတူယူလေ၊ အောက်ဘုံ မုတ်စုဆယ်တောင့်ထွာ၊ အလယ်ဘုံလည်ညှပ်မှ ညက်စင် လည်ညှပ်နှင့် တူယူလေ၊ မုတ်စူအပြားကား အလယ်ဘုံနှင့် တူယူ၊

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘုံချင်း ၇တောင်တွင်ထွင်း၊ ယက်မပြား တစ်ဆဲ့လေးသစ်၊ အထူ ၃သစ်၊ ခါးပန်းထူ ၄သစ်၊ အပြား ၂မိုက်၊ ဇေတဝန်ငယ် ဆင်နည်းတို့ဖြစ်၏။

## လည်ပေါ်ဆင်နည်း

လည်ပေါ်ဆင်နည်းကား ကွန်းစင်သစ်ရပ် ၁၇တောင်၊ စုလဲ ၂မိုက်၊ လည်တီး ၃တောင်ချ၊ ထုပ် ၅တောင်၊ ထုပ်စွန်းဆဲ့နှစ်သစ်၊ လျှောက်ဆယ်တောင်၊ လျှောက်စွန်းနှစ်တောင်ထွာ၊ ချင်စွန်း နှစ်တောင်ထွာ၊ ခေါင်တိုင်ကား ချင်စွန်း လျှောက်စွန်းနှင့်အမျှ ခေါင်စွန်း ၃တောင်တစ်မိုက်၊ ခေါင်လျှောက် ၇တောင်တစ်မိုက်၊ ချင် ၆တောင်ထွာ၊ လည်ကတီး နှစ်တောင်ရှက် အရှက် နှစ်ပြန် ၄တောင်ဖွင့်၊ ပဥ္စမိ ၅တောင်ဖွင့်၊ အချင် ၉တောင်ထွာ၊ လက်ကတီးချင် ၇တောင်ထွာ၊ မုတ်စူတဆဲ့တစ်တောင်၊ မုတ်စူလည်ညှပ်၊ အထူအပြားမှာ ဇေတဝန်ကဲ့သို့ယူ၊ ချင်စွန်းလည်း ထိုနည်းတူပင်ယူ၊ အောက်ချင် ၇တောင်တစ်မိုက်၊ တွင်ထွင်းလည်ပေါ်ဆင်နည်းပြီး၏။

BURMESE CLASSIC .com

## စမှာယ်လဆင်နည်း

စမှာယ်လဆင်နည်းကား ထုပ်၅တောင်တည်၊ ထုပ်စွန်းတဆဲ့လေးသစ်၊ လျှောက်ကားတစ်ဆဲ့နှစ်တောင် ၂မိုက်၊ လျှောက်စွန်း ၂တောင်ထွာ၊ ခေါင်တိုင် ၂တောင်၊ ချင်စွန်း ၂တောင်ထွာ၊ ချင် ၇တောင်၊ ခေါင်လျှောက် ၇တောင် ၂မိုက်၊ ချင်စွန်း ခေါင်တိုင်လျှောက်စွန်း မျှ ထုပ်ပြားဆဲ့ခြောက်သစ်၊ ထုပ်ထုဆဲ့နှစ်သစ်၊ လျှောက်ပြားဆဲ့ခြောက်သစ်၊ လျှောက်ထု ၈သစ် ကွန်းစင်သစ်ရပ်နှစ်ဆဲ့လေးတောင် ၂မိုက်၊ စုလည်း ၂မိုက် ၄သစ်၊ လည်သီးသုံးတောင်တမိုက်၊ လက်ကတီးတစ်တောင်ထွာနှင့် တစ်မိုက်ရှက်၊ အရှက် ၂ပြန်၊ ၃တောင် ၂မိုက်ဖွင့်၊ ပဥ္စမိ ၄တောင် တစ်မိုက်ဖွင့်၊ လက်ကတီး



ချင်ရတောင် ၂မိုက်၊ ပဥ္စမိချင် ၉တောင်၊ မုတ်စူဆယ်တောင် ၂မိုက်၊ အလယ်ဘုံ ၂တောင် ၂မိုက်၊ လည်သီးသစ်ရပ်၊ လက်ကတီး ၂တောင်ရှက်၊ အရှက် ၂ပြန်၊ ၄တောင်ဖွင့်၊ ပဥ္စမိချင်ဆယ်တောင်တမိုက်၊ လက်ကတီးချင် ၈တောင်၊ မုတ်စူဆဲ့တစ်တောင် ၂မိုက်၊ မုတ်စူပြားဆဲ့လေးသစ်၊ အထူ ၇သစ်ခန့်ထွင်း၊ ချင်ကို ၃စုစု ၅၁စုပစ်၊ ၂စုချင်စွန်းထူ နှစ်ဘုံလုံး ထိုနည်းတူယူလေ၊ အောက်ဘုံလျှောက်ပြားတစ်ဆဲ့လေးသစ်၊ အထူခြောက်သစ်၊ လည်ညှပ်ပြား ၂မိုက်လက်လေး သစ်၊ အထူခြောက်သစ်၊ ခါးပန်းပြား ၂မိုက်၊ အထူ ၅သစ်၊ ယက်မပြား ၂မိုက်၊ အထူလေးသစ်၊ စမှာယ်လဆင်နည်းပြီး၏။

## ဝေဠုဝန်ဆင်နည်း

ဝေဠုဝန်ဆင်နည်းကား ထုပ် ၅တောင်၊ ထုပ်စွန်းတစ်ဆဲ့ နှစ်သစ်၊ လျှောက်ဆယ်တောင်၊ လျှောက်စွန်း ၅မိုက်၊ ခေါင်တိုင် ၅မိုက်၊ မြှားတိုင်ထက်ဝက်၊ မြှားကမ်းရပ် ထက်ဝက်လက်ကတီးတစ်တောင့်ထွာ ၆သစ်ရှက်၊ အရှက် ၂ပြန်၊ ၃တောင်ထွာဖွင့်၊ ပဥ္စမိ ၆တောင်၊ ၆သစ်ဖွင့်၊ လည်သီး ၂မိုက် လက် ၄သစ်၊ ချင်အောက်ဘုံသစ်ရပ် ၃တောင် ၂မိုက်ဖွင့်၊ အောက်ဘုံပဥ္စမိ ၄တောင် ၂မိုက် ၂သစ်ဖွင့်၊ အထက်ဘုံမုတ်စူပြားတစ်ထွာ၊ အထူ ၆သစ်၊ မုတ်စူအရှည်တစ်ဆဲ့သုံးတောင် တစ်မိုက်၊ အောက်ဘုံမုတ်စူဆယ်တောင် တစ်မိုက်၊ အောက်ဘုံလက်ကတီးချင် ၈တောင်၊ အောက်ဘုံပဥ္စမိချင် ၉တောင် ၂မိုက်၊ အထက်လက်ကတီး ချင်ဆဲ့ တစ်တောင်၊ ပဥ္စမိ ထိုနည်းပင်၊ ကွန်းစင်ဆဲ့ ခုနှစ်တောင် ၂မိုက်၊ စုလဲ ၂မိုက်၊ စကြာ ၂ဖွင့် ဆင်နည်းတို့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## စကြာတစ်ပွင့်ဆင်နည်း

စကြာတစ်ပွင့်ဆင်နည်းကား ထုပ် ၅တောင်၊ လျှောက်ဆယ်တောင် လျှောက်စွန်း ၂မိုက် တစ်ဆဲ့နှစ်သစ်၊ ခေါင်တိုင် ၅မိုက်၊ မြားတိုင်ထက်ဝက်၊ မြားကမ်ထက်ဝက်၊ လက်ကတီး ၂တောင် ၆သစ် ရှက်၊ အရှက် ၂ပြန် ၄ တောင်ထွာဖွင့်၊ ပဥ္စမိ ၇တောင်ဖွင့်၊ မုတ်စူတစ်ဆဲ့လေးတောင်၊ ကွန်းစင် သစ်ရပ်တစ်ဆဲ့ ငါးတောင် တမိုက်၊ စုလဲ ၂မိုက်၊ စကြာတစ်ပွင့်ဆင်နည်း ဖြစ်၏။

## ပုဗ္ဗာရုံကျောင်းဆင်နည်း

ပုဗ္ဗာရုံကျောင်းဆင်နည်းကား ကွန်စင် ၃၇တောင်၊ စုလဲတစ်တောင် လေးသစ်၊ ကွန်းစင် ထုပ်ကား ၆တောင်၊ အစွန် ၂မိုက်၊ ကွန်းလျှောက် တစ်ဆဲ့လေးတောင်၊ လျှောက်စွန် ၃ တောင်တစ်မိုက်၊ ခေါင်လျှောက် ၉ တောင်၊ အချင်း ၈ တောင်တစ်မိုက်၊ ချင်စွန်း ၃ တောင်တစ်မိုက်၊ခေါင်တိုင် ချင်စွန်းလျှောက်အမျှ၊ ကွန်းစင်ထုပ်ပြား ၂ မိုက် ၄ သစ်၊ အထူတစ်ဆဲ့လေး သစ်၊ ကွန်းစင်လျှောက်ပြား ၂ မိုက်လေးသစ်၊ အထူတစ်ဆဲ့လေးသစ်၊ ပဥ္စမိ လည်သီး ၄ တောင်၊ တစ်တောင် ၂ မိုက် ၄ သစ်ရှက်၊ အရှက် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်၊ ပဥ္စမိ ၄. တောင် ၂ မိုက်ဖွင့်၊ တတိယလက်ကတီး တစ်တောင် ၂ မိုက်၊ ၄ သစ်ရှက်၊ အရှက် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်၊ ပဥ္စမိလေးတောင် ၂ မိုက်ဖွင့်၊ ဒုတိယလည်သီး ၂ တောင်ထွာ၊ ဒုတိယ လက်ကတီးတစ်တောင် ၂ မိုက်လေးသစ်၊ ရှက်၊ အရှက် ၂ ပြန် ၃ တောင် ၂ မိုက်ဖွင့်၊ ပဥ္စမိလေးတောင် ၂ မိုက်ဖွင့်၊ ပထမလည်သီး ၂ တောင်ထွာ



ပထမ လက်ကတီးတစ်တောင် ၂ မိုက်ရှက်၊ အရှက် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်၊ လေးထပ်လုံး တစ်ဆဲ့တစ်တောင်၊ အပြားဆဲ့လေးသစ်၊ အထုဆယ်သစ်၊ လက် ကတီးချင် ၇ တောင် ၂ မိုက်၊ ပဥ္စမိ ချင် ၈ တောင် ၂ မိုက် လေးထပ် လုံး ဤနည်းတူပင် ကွန်းစင်လည်ညှပ်ပြားတစ်တောင်၊ အထု ၆ သစ်၊ လေးထပ် လုံးလည်ညှပ်နည်းတူပင်၊ ချင်စွန်းမှာ ခံတွင်းချင်ကို ၃ စုစု၍ တစ်စုပစ်၊ ၂ စုချင်စွန်း လေးထပ်လုံးနည်းတူ၊ ယက်မပြား ၁ မိုက်၊ အထု ၄ သစ်၊ ခါးပန်း ပြား ၂ မိုက် ၄သစ်၊ အထု ၅ သစ်၊ အောက်ဘုံချင် ဆယ်တောင်တစ်မိုက်တွင် ထွင်း၊ ယက်မတွင် ပထမဘုံ ရှစ်ရပ်၊ ယက်မ ပေါ်ကကို လျှောက်ထိအောင် ၅ တောင် ၂ မိုက်၊ ယက်မလည်ကကို မြေဝင်အကုန်ဆယ်တောင်တစ်မိုက် တွင် သုံးတောင်မြေပေါ် ၇ တောင် တစ်မိုက်၊ အရိပ်တွင် သစ်ပေါင်း ၁၃၀၊ ကွန်းစင်အရှည်ထောက်တို အားလုံး ပေါင်း ၁၃၀၅ လုံး၊ အလျားအတောင် ၅၀၁ မိုက်ရှိ၏။ အနံအတောင် ၃၁ တောင်တစ်မိုက်ရှိ၏။ အရှေ့သင်ကန်း ထောက်တိုင် ၂ စင်၊ အနောက် ၂ စင်၊ မြောက်ကြမ်းပြင်ထောက်တို ၃ စင်ထောက်တိုပေါင်း ၈၀၇ လုံး၊ တော်လည်တိုင်ပေါင်း ၄၀၉ လုံးရှိ၏။ တောင်မြောက် သစ်စင်အနံ တစ်ဆဲ့ လေးစင်ရှိ၏။ အလျားအရှေ့အနောက် တစ်ဆဲ့ကိုးစင်ရှိ၏။ သစ်တို သစ်ရှည် အားလုံးပေါင်း ၂၇၁ လုံးရှိ၏၊ ပြီး၏။

ဖော်ပြပါ ဇေတဝန်ကြီးဆင်နည်း၊ ဇေတဝန်ငယ်ဆင်နည်း၊ လည် ပေါ်ဆင်နည်း၊ စပွယ်လဆင်နည်း၊ ဝေဠုဝန်ဆင်နည်း၊ စကြာတပွင့်ဆင် နည်း၊ ပုဗ္ဗာရုံကျောင်းဆင်နည်းတို့မှာ ဗိသုကာကျမ်းမှာ ကောက်နုတ်ဖော် ပြခြင်းဖြစ်ပါသည်။

အလားတူ ဘုံဆင့်စနစ်လုပ်ရိုးဥပဒေသများလည်း ရှိပါသေးသည်။ သုတေသီများလေ့လာနိုင်ရန်အတွက် ရှေးဟောင်းလက်မှုပညာပေါင်းချုပ် မှ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဘုံနှစ်ဆင့် လည်ပေါ်စနစ်

ဘုံနှစ်ဆင့်ရှိသော နှစ်ထပ်လည်ပေါ်စနစ်မှာ "ထုပ်ကိုလိုတိုင်းတည် ထုပ်ကို ၅ ချိုးချိုး၍ တချိုးကို ထားဦး၊ ကျန်လေးချိုးသည် လက်ဝဲလက်ယာ နံပါးတည်း၊ ထိုလေးပါးကို လေးချိုးချိုး၍ တချိုးကို နံပါးတွင် ဆက်နှာ ရောင်ဖွင့်ဖြစ်၏။ ထိုနှာရောင်ကို တဝက်ချိုး၍ တချိုးသည် ရေဆင်းသစ် ဖြတ်ဖြစ်၏။ လည်စည်းကား ထုပ်ကိုသုံးချိုးချိုး၍ နှစ်ချိုးသည် ညှပ်ကြော ပခုံးလျှောက်လည်စည်းတည်း။ ခေါင်တိုင်ကို ထုပ်တဝက်ထား ခေါင်တိုင် နှင့်အမျှ လည်လျှောက်စွန်းထား၊ ချင်စွန်းလည်လျှောက်စွန်းနှင့် (အတူ) တည်း၊ အောက်ဘုံချင်စွန်းမှာ ထုပ်ကို ၅ချိုး ချိုး၍ တချိုးကို ၃ချိုးချိုး ပြန် ထို ၃ချိုးကို အထက်ချင်စွန်းတွင်ဆက်၊ အောက်ဘုံချင်စွန်းဖြစ်၏။

## ဘုံသုံးဆင့်စနစ်

ဘုံသုံးဆင့်ရှိသော အဆောင်၌ စီရင်သော (မဠ္ဍစနစ်ကား) ထုပ်ကိုလို တိုင်းတည်၊ ထုပ်ကို ငါးချိုးချိုး၍ တချိုးပစ်၊ ကျန်လေးချိုးသည် ဒုတိယနံ ပါးဖြစ်၏။ ထိုနံပါးကို လေးချိုးချိုး၍ တချိုးကိုနံပါးတွင် ဆက်သော ဒုတိယ ဘုံနှာရောင်ဖြစ်၏။ ထုပ်ကို ငါးချိုးချိုး၊ တချိုးကိုသုံးချိုးချိုးပြန်၊ တချိုးကို ဒုတိယနံပါးတွင် ဆက်သော ပထမဘုံနံပါးဖြစ်၏။ ထိုနံပါးကို လေးချိုးချိုး ၍ တချိုးကို နံပါးတွင်ဆက်သော ပထမဘုံနှာရောင်ဖြစ်၏။ ထိုနှာရောင်ကို ထက်ဝက်ချိုး၍ တချိုးသည် ပထမဘုံ၊ ဒုတိယဘုံရေဆင်း သစ်ဖြတ်ဖြစ် ၏။ ထုပ်တဝက်ခေါင်တိုင်တည်။ ခေါင်တိုင်နှင့် အမျှလျှောက်စွန်းတည် လျှောက်စွန်းနှင့် အမျှချင်စွန်းတည်။ ထိုချင်စွန်းကို ခုနစ်ချိုးချိုး၍ တချိုးကို တတိယဘုံ (ချင်) စွန်းတွင်ဆက်။ ဒုတိယဘုံချင်စွန်းဖြစ်၏။ ထိုဆက်သည့် အချိုးကို ဒုတိယဘုံချင်စွန်းတွင် ဆက်ပြန်၊ ပထမဘုံချင်စွန်းဖြစ်၏။ လည်စည်းမှာ ထုပ်ကို ခြောက်ချိုးချိုး၍ တချိုးပစ်၊ ကျန် ၅ချိုးသည်



ကွန်းစည်လည်စည်းတည်း၊ ထိုကွန်းစည်လည်စည်းကို ငါးချိုးချိုး၍ ပစ် ကျန် ၄ချိုးသည် သည်မလည်စည်းဖြစ်၏။ ဤသည်မှာ ဘုံသုံးဆင့်စနစ် ဖြစ်ပါသည်။

## ဘုံလေးဆင့်စံနစ်

ထုပ်ကိုလိုတိုင်းတည်၍ ငါးချိုးချိုး၍ တချိုးပစ်၊ ကျန် ၄ချိုးသည် သည်မနံပါး၊ သည်ထွေးနံပါးဖြစ်၏။ ထိုနံပါးကို ၄ချိုးချိုး၍ နံပါးတွင်ဆက်၊ နှာရောင်ဖြစ်၏။ သည်ရံနံပါးမှာ ထုပ်ကို ၅ချိုးချိုး၍ တချိုးကိုယူ၊ ထိုတချိုး ကို ၃ချိုးချိုး၍ တချိုးကို သည်ထွေးနံပါးဖြစ်၏။ ၁ တွင်ဆက်သည်ရံနံပါး ဖြစ်၏။ ထိုနံပါးကို ၄ချိုးချိုး၍ ထိုနံပါးတွင်ဆက်၊ သည်ရံနှာရောင်ဖြစ်၏။ ၎င်းနှာရောင်ကို ထက်ဝက်ချိုး၍တချိုးသည် သည်ရံသည်ထွေး၊ သည်မသုံး ဘုံသစ်ဖြတ်ရေဆင်းဖြစ်၏။ စတုတ္ထဘုံမှာ ခေါင်တိုင်ကို ထုပ်တဝက်ထား၊ ခေါင်တိုင်နှင့်အမျှလျှောက်စွန်း ချင်စွန်းထား၊ စတုတ္ထဘုံ၊ တတိယဘုံ၊ ဒုတိယဘုံ၌ အကဲမရှိအမျှသာထား၊ မထမဘုံချင်စွန်းမှာ ထုပ်ကို ၅ချိုးချိုး၍ ပစ်၊ တချိုးကို ၃ချိုးချိုး ပြန် ၂ချိုးပစ်၊ ကျန်တချိုးကို ဒုတိယဘုံချင်စွန်းတွင် ဆက်၊ ပထမဘုံချင်စွန်းဖြစ်၏။ လည်စည်အထားမှာ ထုပ်ကို ၆ချိုးချိုး တချိုးပစ်၊ ကျန် ၅ချိုးသည် ကွန်းစည်လည်စီးဖြစ်၏။ ထိုကွန်းစည်လည် စီးကို ၅ချိုးချိုး၍ တချိုးပစ်၊ ကျန်လေးချိုးသည် မလည်စည်းတည်း၊ ထိုသည်မ လည်စည်းကို ၄ချိုးချိုး၍ တချိုးပစ် ကျန် ၃ချိုးသည် သည်ထွေးလည်စ ည်းဖြစ်၏။

## ဘုံ ငါးဆင့် စံနစ်

တတိယဘုံ၊ စတုတ္ထဘုံ၊ ပဉ္စမဘုံသည် ဘုံ ၃ဆင့်သည် ဘုံ ၄ ဆင့် စနစ်နှင့် အတူတူ ပင်ဖြစ်သည်။ ဒုတိယဘုံ၊ ပထမဘုံ ၂ဘုံကား ထုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

၅ချိုးချိုး၍ တချိုးကိုယူ၊ ထိုတချိုးကို ၃ချိုးချိုး၍ တချိုးပစ်တချိုးကို တဝက်ချိုးပြန်၊ ထိုတဝက်ချိုးကို တတိယနံပါးတွင်ဆက်၊ ဒုတိယနံပါး ဖြစ်၏၊ ထိုနံပါးကို လေးချိုးချိုး၍ တချိုးကို ထိုနံပါးတွင်ဆက်၊ ထိုဘုံနှာ ရောင်ဖြစ်၏။ ထိုဒုတိ ယနံပါးမှာ ထုပ်ကို ၅ချိုးချိုး၊ တချိုးကို ၃ချိုးချိုးပြန် ၂ချိုးပစ်၊ တချိုးကို ဒုတိယနံပါးတွင်ဆက်၊ ပထမဘုံနံပါးဖြစ်၏။ ထိုနံပါးကို ၄ချိုးချိုး၍ တချိုး ကို နံပါးတွင်ဆက်၊ ပထမဘုံနှာရောင်ဖြစ်၏။ ချင်စွန်းမှာ ဒုတိယဘုံ ချင်စွန်းတွင် ထုပ်ကို ၂ချိုးချိုး၍ တချိုးယူ၊ ထိုတချိုးကို ၃ ချိုးချိုး ပြန်၊ နှစ်ချိုးပစ် ကျန်တချိုးကို ဒုတိယဘုံချင်စွန်းတွင်ဆက်၊ ပထမ ဘုံချင် စွန်း ဖြစ်၏။ ထိုဆက်သည်အချိုးအတိုင်းသည် ထွေးလည်စည်း တွင်နှုတ် သည်ရှိလည် စည်းဖြစ်၏။

## ထုပ်ပင်လယ်နှစ်ထပ်လည်ပေါ်စံနှစ်

ထုပ်ပင်လယ်နှစ်ထပ်လည်ပေါ်စံနှစ်မှာ –

"လျောက်ပတ်ထုပ်ကို လိုတိုင်းတည်၊ ထိုထုပ်ကို ၁၃ ချိုး ချိုး၊ ၄ ချိုးစီ နံပါး ၂ ဘက် ဖြစ်၏။ ကျန် ၅ ချိုးသည် အလယ်မှာ ထုပ် ဖြစ်၏။ ထိုနံပါး ၄ ချိုး ချိုး၊ တချိုးကို နံပါးတွင် ဆက်၊ နှာရောင် အဖွင့် ဖြစ်၏။ ထိုနှာရောင်ကို တဝက်ချိုးသည်။ မြာတိုင်ညှပ် ကျောက်ရေဆင်း သစ်ဖြတ် ဖြစ်၏။ မြာတိုင်ကို ၄ ချိုး ချိုး၍ တချိုးပစ်၊ ကျန် ၃ ချိုး သည် မြာတိုင်ညှပ် ကျောက်ပုခုံလျောက် လည်စည်း ဖြစ်၏။ မြာထုပ် ထက်ဝက်သည် ခေါင်တိုင် ဖြစ်၏။ ခေါင်တိုင်နှင့် အမျှ ခေါင်ဘုံချင်စွန်း လျောက်စွန်း ဖြစ်၏။ မြာထုပ်ကို ၅ ချိုး ချိုး၊ ၄ ချိုးပစ်၊ တချိုးကို ၃ ချိုး ချိုးပြန်၊ နှစ်ချိုး ပစ်၊ တချိုးကို ခေါင်ဘုံချင်စွန်းတွင် ဆက်၊ အောက်ဘုံချင်စွန်း ဖြစ်၏။"



## စကြောစံနှစ်

"ထုပ်ကိုလိုတိုင်းတည်၊ ထုပ် ၅ချိုးချိုး၊ တချိုးပစ်၊ ကျန် ၄ချိုးသည် နံပါး၊ လက်တီးအဖွင့်ဖြစ်၏။ ထုပ်ကို ၃ချိုးချိုး၊ ၂ချိုးပစ်၊ တချိုးသည် ခေါင် ဆိုင်ဖြစ်၏။ ခေါင်းတိုင်ကို ၃ချိုးချိုးအောက်ကို ၂ချိုးချိုးချန်၊ အထက်ကို တချိုးထား၍ ကိရု (ကီးရန်း) တည်၊ ခေါင်တိုင်ကို ၄ချိုးချိုး၊ တချိုးပစ် ၃ချိုးကို လျောက်စွန်းထား၍ ထုပ်လုင်တည်၊ လက်တီးနံပါးကို ၄ချိုးချိုး၊ တချိုးနံပါးတွင်ဆက်၊ နှာရောင်ဖြစ်၏။ ထိုနှာရောင်အဖွင့်ကို ထုပ်လုင် ဖြင့်နားက ထောက်၍တိုင်းကျရာတွင် နှာရောင်အဖွင့်ဖြစ်၏။ လက်တီး သစ်ရပ်မှာအိမ်မကွန်း စည်သစ်တွင်လက်တီး၊ ခန်းတဝက်ရှုပ်၍ လက်တီး၊ သစ်ရပ်ကို (တွင်) ဘား၊ ဘုတ်စုလက်တီး၊ လျောက်စွန်းတွင်ဘား၊ ထုပ်လုင် ဆောင်ကီးရန်း၊ တွင်ဘား၊ ၃ချက်သောဘား၊ သည်တည့်ကြ၏။ ဘား ၃ချက် အကျညီမှသာစကြောစံနှစ်မှန်သတည်း၊ ရနယ်အဆင်းမှာလက်တီး၊ ခန်းဝက်ပြတ်လျှင်အိမ်လျောက်သို့ ရနယ်ဝမ်းမထိချာ၏။ ထိုချာသည်ကို လျောက်ခေါင်းနှင့် ထိအောင်နှိမ်၍ သတ်မှတ်စကြောအချင်ညွတ်၍ တော်သည်လှဖြစ်၏။"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## အိမ်ဆောက်လုပ်ခြင်း အဆောင်ဆင် [၁]

ရှေးမြန်မာများသည် အိမ်ကို ရာသက်ပန်နေထိုင်သွားရမည့် အဆော အအုံဟုသဘောထားကြသည်။ ရာသက်ပန်နေထိုင်သွားရန် ရည်ရွယ်ချ ဖြင့်ပင် "အိမ်" ကို စနစ်တကျ အချိန်ယူတွက်ချက် စဉ်းစားပြီး ဆောက်လုပ်ကြသည်။ ရာသက်ပန် ခွနေထိုင်နိုင်ရေးအတွက် အိမ်သည် ခိုင်ခံ့ဖို့လိုသည်။ အချိုးအစားကျကျ အသွင်ပသာဒလှပဖို့လည်း လိုပါသည် ထို့ထက်ပို၍ လိုအပ်သည်မှာ အိမ်သစ်ဆောက်၍ အန္တရာယ်ကင်းပြီး စီးပွား ဥစ္စာဖြစ်ထွန်းသည့် "သိဒ္ဓိရိဂေဟာ" အဖြစ် ဦးတည်သည်။

အိမ်သစ်ဆောက်၍ အိမ်တွင်းနေလူများ နာမည်၊ ဖျားမည်၊ သေမည် စီးပွားဥစ္စာပျက်မည်။ အိမ်တွင်းအတူနေလူများ စိတ်ဝမ်းမညီမညွတ် စိတ်ဝမ်းကွဲကြမည်။ ဤအဖြစ်မျိုးကြုံရသော မိသားစုများကိုလည်း ရှေး မြန်မာများ ကြုံဖူးကြပါလိမ့်မည်။ အိမ်သစ်ဆောက်ပြီးနောက် စီးပွားဥစ္စာ သည် ဒီရေအလား တစ်နေ့တစ်ခြားတိုးပွားပြီး စိတ်ဝမ်းပျော်ရွှင်မှုရကြမည် အခြွေအရံတွေ ပေါမည်၊ အလှူဒါန လက်နှင့်မကွာရှိကြမည်။ ထိုကဲ့သို့ သော မိသားစုမျိုးကိုလည်း ရှေးမြန်မာများသည် ကြုံဖူးကြပါလိမ့်မည်။ ထိုအခါ မည်သို့ကွာခြားမှုရှိ၍ ဤသို့ဖြစ်ရသနည်းဟု ရှေးလူတို့ ကြံဆ အဖြေထုတ်ကြပေလိမ့်မည်။





ထိုအခါ လူတစ်ဦးချင်းစီအတွက် အိမ်ဆောက်ကောင်းသော နှစ် ရှိသလို အိမ်ဆောက်ရန် မကောင်းသော၊ မသင့်သောနှစ်များလည်း ရှိမည်ကို တွေ့ရှိကြပေလိမ့်မည်။ အိမ်ဆောက်ကောင်းသောနှစ်မှာပင် လပိုင်း၊ ရက်ပိုင်း မကောင်းလျှင် မဆောက်ရ၊ ဆောက်လျှင် ဒဏ်သင့် ထတ်ပြန်သည်ကို တွေ့ကြပေလိမ့်မည်။ အိမ်ဆောက်ကောင်း သောလ၊ အိမ်ဆောက်ကောင်းသောရက်နှင့် နေ့တို့တွင် ရွေးပြီးဆောက်မှ အိမ်နှင့် ဆက်သက်၍ အကျိုးပေးခံရသည်ကိုလည်း တွေ့ကြုံခဲ့ကြပေလိမ့်မည်။

သို့ဖြင့် အိမ်ဆောက်ကောင်းသော မြေ၊ မဆောက်ကောင်းသော မြေ၊ အိမ်ဆောက်ကောင်းသော သစ်၊ မဆောက်ကောင်းသော သစ်၊ အကျိုး စီးပွားဖြစ်ထွန်းရန်ပြုလုပ်ရမည့် အစီအရင်၊ ဘေးအန္တရာယ်မကျရောက်ရန် ပြုရမည့် အစီအရင် အဆောင်အရွက် စသည်တို့ကို တွေ့ရှိလာကြခြင်း ဖြစ်သည်။

တွေ့ရှိချက်နှင့် သတ်မှတ်ချက်ကို ရှေးမြန်မာများသည် ဓလေ့ထုံးစံ တစ်ရပ်အနေနှင့် လေးစားလိုက်နာကြပေလိမ့်မည်။ ရှောင်ရန်ရှိသည်တို့ကို ရှောင်ပြီး၊ ဆောင်ရန်ရှိသည်တို့ကို ဆောင်ကြပေလိမ့်မည်။ ကိုယ်တိုင်သိပြီး တွက်ချက်တတ်သူတို့က ကိုယ်တိုင်တွက်ချက်၊ ရှောင်ကြ ဆောင်ကြပေ လိမ့်မည်။ ကိုယ်တိုင်မတွက်ချက်တတ်သူတို့က တွက်ချက်တတ်သူ၊ သိကျွမ်းနားလည်သူ ရဟန်း ပညာရှိများကို မေးမြန်းတွက်ချက်စေပြီး ရှောင်ရန်၊ ဆောင်ရန်တို့ကို လိုက်နာကြပေလိမ့်မည်။ အစဉ်အဆက် လေးစားလိုက်နာပြီး ကျင့်သုံးလာ သည့်အခါ ဓလေ့ထုံးစံတစ်ခုသဖွယ် ဖြစ်လာပေလိမ့်မည်။

ဤနည်းဖြင့် မြန်မာတို့၏ အိမ်ဆောက်ဓလေ့ မိရိုးဖလာ အစဉ်အလာ ယုံကြည်မှုများ၊ အဆိုအမိန့်များ၊ အတွက်အချက်များ၊ သတ်မှတ်ချက်များ သည် ခိုင်ခံ့တည်မြဲလာပြီး ရိုးရာယဉ်ကျေးမှုတစ်ရပ်အသွင် စည်ပင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်ပေလိမ့်မည်။ မည်သို့ဆိုစေ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အိမ်ဆောက်ခြင်းနှင့်ဆိုင်သော ရိုးရာအစဉ်အလာ၊ အယူအဆ၊ အစွဲအလန်း ဆောင်ရန်၊ ရှောင်ရန်၊ ပြုဖွယ်စီရင်ဖွယ်၊ စီရင်ခင်းများသည် ရိုးရာယဉ်ကျေးမှုတစ်ရပ်အသွင် ရှိလာခဲ့သည်ကိုတော့မူ မည်သူမျှ မငြင်းနိုင်ပါချေ။

ယင်းအစဉ်အလာအတိုင်း အိမ်တစ်အိမ်ကိုဆောက်ရာ၌ အောက်ပါ အစီအစဉ်များအတိုင်း အဆင့်ဆင့် ဆောင်ရွက် ဆောက်လုပ်ကြရမည် ဖြစ်ပါသည်။

(၁) နေ့ကောင်းရက်သာ ရွေးခြင်း
(၂) မြေခဲကောင်း မကောင်းရွေးခြင်း
(၃) မြေရွေးခြင်း
(၄) မြေယာသိမ်းပိုက်ခြင်း
(၅) သစ်ကောင်း၊ ဝါးကောင်းရွေးချယ်ခြင်း
(၆) အိမ်ဆောက်ရန် ပြင်ဆင်ခြင်း
(၇) ကြိုးဆွဲ ပန္နက်ရိုက်ခြင်း
(၈) တွင်းဝန်းတူးခြင်း
(၉) တိုင်ထူခြင်း
(၁၀) အပေါ်ထပ် ဆောက်လုပ်ခြင်း
(၁၁) တံခါးပေါက်နှင့် ပြတင်းပေါက်များ
(၁၂) လှေကားတပ်ဆင်ခြင်း တို့ ဖြစ်သည်။

## (၁) နေ့ကောင်းရက်သာ ရွေးခြင်း ။

ရှေးမြန်မာများသည် မည်သည့်ပြုဖွယ်၊ ဆောင်ရွက်ဖွယ်ကိုပင် ဖြစ်စေ၊ နေ့ကောင်းရက်သာရွေးပြီးမှ လုပ်တတ်၊ ဆောင်ရွက်တတ်ကြ သည်မှာ အစဉ်အလာ သဘောပင်ဖြစ်သည်။ ယုတ်စွအဆုံး ခရီးသွားစရာ



ကိစ္စမှာပင် နေ့ကောင်းရက်သာရွေးပြီးမှ သွားတတ်ကြသည်။ နှောင်း ခေတ်နည်းအရ ကြီးကျယ်ခမ်းနားစွာ မရွေးချယ်သည့်တိုင်အောင် နှစ်ဆိုး ဆုတ် မြန်မာ့ရိုးရာ ပြက္ခဒိန်များမှ ပြဿဒါး၊ ရက်ရာဇာလောက်တော့ အနည်းဆုံး ရွေးတတ်ကြသည်။

အိမ်ဆောက်ခြင်းသည် နေထိုင်မှုကိစ္စတွင် ကြီးကျယ်သောလုပ်ငန်း တစ်ရပ် ဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ငန်းမျိုးဆောင်ရွက်ရာ၌ ရက်ရာဇာ၊ ပြဿဒါးလောက်နှင့် စိတ်မချကြတော့ချေ။ အိမ်ဆောက်ကောင်းသော နှစ်၊ အိမ်ဆောက်ကောင်းသော လ၊ အိမ်ဆောက်ကောင်းသော ရက် စသည်တို့ကို စနစ်တကျ ရွေးချယ်တွက်ချက်ပြီးမှ ဆောင်ရွက်တတ်ကြ ပါသည်။

အိမ်ထောင်ဦးစီးတစ်ယောက် အိမ်ဆောက်မည်ဆိုလျှင် ထိုသူ အိမ်ဆောက်ကောင်းသော အသက် (သို့မဟုတ်) အိမ်ဆောက်ကောင်း သော နှစ်ဟုတ်မဟုတ် ရှေးဦးစွာတွက်ချက်ရသည်။

ယင်းသို့တွက်ချက်ရာ၌ အိမ်သစ်ဆောက်အသက်တွက်နည်း လင်္ကာအရတွက်ချက်ကြခြင်းဖြစ်ပါသည်။

"အိမ်သစ်ဆောက်လို သူများလူဗိုလ် ၊ သက်ကိုရှစ်ခုစား
တခုကြွင်းမူ သူဌေးယူ ၊ နှစ်မူသူကြွယ်သား
လေးခုကြွင်းညာ ရွှေလှေကား ၊ ငါးကားရွှေပြာသာဒ်၊
သုံးခြောက် ၊ ခုနှစ်သုံးဘုံလစ် ၊ အိမ်သစ်မဆောက်အပ်"

ဟူ၍ ဖြစ်ပါသည်။ ဤလင်္ကာအရ အိမ်သစ်ဆောက်လိုသူ၏ရောက်ဆဲ အသက်ကိုတည် ရှစ်ခုနှင့်စား၊ တစ်ခုကြွင်း ၊ နှစ်ခုကြွင်း ၊ လေးခုကြွင်း နှင့် ငါးခုကြွင်းသော အသက်များတွင် အိမ်သစ်ဆောက်နိုင်ပါသည်။ အိမ်သစ်ဆောက်ခြင်းဖြင့် ကောင်းကျိုးသုခခံစားရနိုင်ပါသည်။ သုံးခုကြွင်း၊ ခြောက်ခုကြွင်း ၊ ခုနှစ်ခုကြွင်းသော အသက်များတွင် အိမ်သစ်မဆောက်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဟုဆိုလိုပါသည်။ ထိုနှစ်များတွင် အိမ်သစ်ဆောက်မိပါက ကောင်းကျိုး ဆိုးကျိုးကိုသာ ရမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။

အိမ်ဆောက်ကောင်းသော အသက်တွက်နည်းများ အနက်မှတ်သားစရာကောင်းသော တွက်နည်းတစ်ခုကိုလည်းတင်ပြလိုပါသေးသည်။

ယင်းတွက်နည်းလင်္ကာဆောင်ပုဒ်မှာ –

"အမည်နှင့်တွက်ပုံ၊ အိမ်ငယ်ဆောင်ပန်း၊
ပေါက်လဲညွှန်း ၊ တခန်းသဘော်ပင် ၊
ပြာသာဒ် ကြီးနား ၊ အိမ်ပြန်ထား၊ မှတ်သားအိမ်တံကျင်
အိမ်ငယ်ကစ၊ လက်ဝဲပ ၊ ရည်ကြသက်စေ့ပင်"

အိမ်ဆောက်လင်္ကာဆောင်ပုဒ်၏ သဘောမှာ အောက်ဖော်ပြပါဇယားတွင်ပြထားသည့်အတိုင်း ၊ အိမ်ဆောက်မည့်သူ၏ အသက်ကို "အိမ်ငယ်"အကွက်မှ စပြီးလက်ဝဲရစ်ရေတွက်သွားပြီး ကျရောက်သောအကွက်၏ အဟောအတိုင်းဆောက်သင့် မဆောက်သင့် ရွေးချယ်ရခြင်းဖြစ်၏။

ထိုသို့ရေတွက်သည့်အခါ –

"အိမ်ငယ်" ကျသော်အသက်ရှည် ၊ စည်းစိမ်တိုးပွား၍သားမြေးအဆွေ ၊ ကျေးကျွန်ပေါများအံ့။

"အိမ်ဆောက်ပန်း" ကျသော် အခွေအရံပေါများအံ့။

"အိမ်ပေါက်လဲ" ကျသော်အသက်ရှူးဆုံးတတ်အံ့။

"အိမ်သဘော်" ကျသော် စည်းစိမ်ဥစ္စာ ပေါကြွယ်အံ့။

"အိမ်ပြာသာဒ်" ကျသော် စည်းစိမ်ဥစ္စာမြဲမြံ တည်မြဲအံ့။

"အိမ်ကြီးနား" ကျသော်သားမြေး ကျေးကျွန်ပျက်စီးအံ့။

"အိမ်ပြန်" ကျသော်နှစ်မကုန်မီ အလုံးစုံပျက်စီးအံ့။

"အိမ်တံကျင်" ကျသော်နှစ်မကုန်မီ အလုံးစုံပျက်စီးအံ့။



ဟူ၍ အဟောထွက်သဖြင့် ၊ ကောင်းကျိုးချမ်းသာ ဖြစ်မည့်အကွက်တို့ကျသော နှစ်ပိုင်းကို ရွေးချယ်ရန်ဖြစ်ပါသည်။

| | | |
|---|---|---|
| အိမ်ပြန် | အိမ်ကြီးနား | အိမ်ပြာသာဒ် |
| အိမ်တံကျင် | | အိမ်သဘော် |
| အိမ်ငယ် | အိမ်ဆောက်ပန်း | အိမ်ပေါက်လဲ |

ယင်း အဟောနှင့် ပတ်သက်၍ ကဗျာလင်္ကာဖြင့်ဖွဲ့ဆိုထားသည်များလည်းရှိသည်။ ယင်း အဟောလင်္ကာများမှာ –

"အိမ်ငယ်အကျ ၊ သက်ဇီဝ ၊ ရှည်ကြစည်းစိမ်တည်၊
သားမြေးကျေးကျွန် ပေါပြည့်လျှံ၊ အမွန်လူ့လောကီ
အိမ်ဆောက်ပန်းကျ ၊ ခြေရွေပများ၊လှပြန်တော့သည်၊
ပေါက်လဲကျထွေ ၊ မကောင်းပေ ၊ ဇီဝေဆုံးလိမ့်မည်၊
အိမ်သဘော်ကျ ၊ တလောက ၊ ဘောဂစုံပြည့်ညီ၊
ပြာသာဒ်သင့်က ၊ များစန ၊ မြဲလှခိုင်တည်တည်၊
ကြီးနားသင့်ဟန် ၊ သားမြေးမွှန် ၊ ကျေးကျွန်ပျက်စီးမည်၊
အိမ်ပြန်သင့်တုံ ၊ နှစ်မကုန် ၊ ဖုံဖုံပျက်စီးမည်၊
တံကျင်မှာလည်း ၊ ၎င်းနည်း၊ ဉာဏ်မီး မှတ်သင့်သည်"ဟူ၍ဖြစ်သည်။

အိမ်ဆောက်ကောင်းသော အသက်ကိုတွက်ချက်၍ရပါက အိမ်ဆောက်ကောင်းသော လနှင့် ရက်၊ နေ့တို့ကိုဆက်ပြီး ရွေးချယ်ကြရသည်။

လတန်ခူးမှာ ၊ အိမ်ဆောက်ခါ ၊ ချမ်းသာပြည့်ကြွယ်ဝ၊
ကဆုန်လကား ၊ ဆန်စပါး ၊ ပေါများကြွယ်တတ်လှ၊
ဝါခေါင်လမှာ အိမ်ဆောက်ခါ ၊ ဥစ္စာပွားတိုးရ၊
နတ်တော်လတွင် ၊ အိမ်ဆောက်လျှင်ပေါ် ထင်ကျော်စေစွ။

www.burmeseclassic.com

www.burmeseclassic.com

ပြာသိုလမှာ လူတကာ မှုားစွာချီးမွမ်းရ၊
တပေါင်းလဝယ် ချမ်းသာကြွယ် ၊ ဆောင်ဖွယ် ဤခြောက်လ။

ဟူသောလင်္ကာအရ၊ တန်ခူး ၊ ကဆုန်လ ၊ ဝါခေါင်၊ နတ်တော်လ၊ ပြာသိုလနှင့် တပေါင်းလ ၊ ဤခြောက်လသည် ခုနစ်ရက်သားသမီးတိုင်း အိမ်ဆောက် ဟောင်းသောလများဖြစ်သည်။ ဤခြောက်လမှလွဲ၍ ကျန်ခြောက်လသည် အိမ်မဆောက်ကောင်းဟု အစဉ်အလာယုံကြည် သတ်မှတ်ထားကြသည်။

အခြားမှုကွဲ တစ်ခုကမူ နယုန်လ၊ ဝါခေါင်လ ၊ တော်သလင်းလ၊ သီတင်းကျွတ်လ ၊ နတ်တော်လ ၊ ဤလများကိုရှောင်ပါ ၊ ကျန်သောလများ ဆောက်ရာ၏ဟုဆိုထားပါသည်။ အကျိုးအပြစ်ကိုလည်း အောက်ပါလင်္ကာအတိုင်း သိကြရသည်။

"အိမ်ဆောက်တန်ခူး ၊ ကြွယ်ထူးဥစ္စာ၊ ကဆုန်မှာပေ၊ ကျက်သရေဂုဏ်လွှမ်းပြည့်စုံတည်၊ နယုန်ကားသေ၊ ဝါဆိုလေက ဂေါကာသာမိ၊ မှတ်ဘိဝါခေါင် ပူလောင်သောက စိုးရိမ်ရခြင်း၊ တော်သလင်းမှတ်၊ ကျဉ်းကြပ်နှောင်သွင်း သီတင်းကျွတ်လာ၊ ပူဆာဒုက္ခ၊ မီးကျ လောင်ပြုံး၊ တန်ဆောင်မုန်းကြိမ်ဥစ္စာ အိမ်သော်၊ လွန်တိုး မော်လိမ့် နတ်တော်ဘေးပို၊ ပြာသိုလိုရာရချမ်းသာမြဲ၊ တပို့တွဲ တွေ့ချမ်းမြေ့ဥစ္စာ၊ စည်ပင်သာရှောင်း၊ တပေါင်းချမ်းသာပွားစီးရာသည်။ ဆောက်ပါ အိမ်ကျောင်း စသည်တည်း။ "

သဗ္ဗမင်္ဂလာ အခါပေးကျမ်းကမူ –

"စိတြမာသ၊ တန်ခူးလ၊ ဝိသာခါမသ – ကဆုန်လ၊ ကြတ္တိကာ မာသ – တန်ဆောင်မုန်းလ၊ မိဂသီမာသ – နတ်တော်လ၊ မာဃမာသ – တပို့တွဲလ၊ ဖဂ္ဂုဏမာသ – တပေါင်းလ၊ ဤခြောက်လ တို့၌ အိမ်ကျောင်းစသည်တို့ ဆောက်အပ်ကုန်၏ " ဟုဆိုထား ပါသည်။



မှုကွဲအိမ်ဆောက်လရွေးနည်းတခုကမူ တန်ခူးလ၊ ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ ပြာသိုလ၊ တပေါင်းလ စသော (ငါး) လကို အိမ်ဆောက်ကောင်းသည်ဟု ဆိုပါသည်။ ကျန်သောလများတွင် အိမ်ဆောက်ပါက သောကဗျာပါဒ များတတ်ကြောင်း –

"တန်ခူး ၊ ဝါဆို ၊ တန်ဆောင်ကို
ပြာသို တပေါင်း ၊ အိမ်နှင့် ကျောင်း ၊
ဆောက်ကောင်း မှတ်လေကြ ၊
ကြွင်းခုနစ်လမှာ အိမ်ဆောက်ခါ
ဗျာပါများတတ်လှ" ဟူ၍ လင်္ကာစီ စပ်ဆိုထား သည်ကို တွေ့ရပါသည်။

အခြားမှုကွဲ လင်္ကာတစ်ခုကလည်း –

"ကဆုန်၊ ဝါဆို၊ ပြာသို၊ တပေါင်း၊ လေးလကောင်း၊
အိမ်၊ ကျောင်းဆောက်ကုန်ကြ၊
ကြွင်းရှစ်လတွင်
ဆောက်ခဲ့လျှင်
မရွှင်စိတ်သောက" ဟူ၍ တွေ့ရရာ၊ ကဆုန်လ၊ ဝါဆိုလ၊ ပြာသိုလ တပေါင်းလ ဤလေးလသာလျှင် အိမ်ဆောက်ကောင်းသည်ဟု ဆိုပါသည်။ ကျန်ရှစ်လတွင် ဆောက်ပါက စိတ်ပူပန်သောက ရောက်ရတတ်သည်ဟု ဆိုလိုပါသည်။

"အိမ်မှာ ဝါခေါင်၊ ကျီမှာတန်ဆောင်" ဟူသော စကားကလည်း ရှိသည်။ ဝါခေါင်လ၌ အိမ်ဆောက်ပါက ဥစ္စာတိုးပွားအံ့ဟု မတ္တရာ ပူရာမ ကျမ်းကလည်းဆိုထားပါသေးသည်။

သုတသန္နိစယမှုကျယ်ကျမ်းတွင်မူ တန်ခူးလတွင် အိမ်ဆောက်ပါက ကြွယ်ဝအံ့၊ ကဆုန်လမှာဆောက်ပါက ဆန်ရေစပါး ပေများအံ့၊ ဝါခေါင်

www.burmeseclassic.com

www.burmeseclassic.com

လမှာ ဆောက်ပါက ပစ္စည်းဥစ္စာ တိုးပွားအံ့၊ နတ်တော်လမှာ ဆောက်ပါက ကျော်စောထင်ရှားအံ့၊ ပြာသိုလမှာ ဆောက်ပါက ချီးမွမ်းခံရအံ့၊ တပေါင်းလမှာ ဆောက်ပါက ချမ်းသာအံ့" ဟူ၍ လအလိုက် အိမ်ဆောက်ခြင်းဖြင့် ခံစားရမည့် ကောင်းကျိုး အထွေထွေကို ခွဲခြားဖော်ပြထားသည်။ အိမ်သစ်ဆောက်သူသည် မိမိရယူလိုသော ကောင်းကျိုးချမ်းသာကို ကြည့်ပြီး လအလိုက် ရွေးချယ်ဆောက်လုပ်ဖို့လိုသည်။

မွန်လူမျိုးတို့ကမူ ကဆုန်လ၊ တန်ဆောင်မုန်းလ၊ ပြာသိုလ၊ တပေါင်းလ (လေး) လကိုသာ အိမ်ဆောက်ကောင်းသည်ဟု ဆိုပါသည်။ ဤ လေးလတွင် ဆောက်ပါက ပစ္စည်းဥစ္စာတိုးပွားသည်ဟုလည်း ယုံကြည်ကြသည်။

အိမ်သစ်ဆောက်ရန် နှစ်နှင့် လကိုသာမက နေ့ရက်များကိုလည်း ရွေးကြရသည်။

သုတသန္နိစယမူကျယ်ကျမ်းအလိုအရ တနင်္ဂနွေနေ့တွင် အိမ်ဆောက်ပါက ဆင်းရဲအံ့ဟုဆိုပါသည်။ တနင်္လာနေ့ အိမ်ဆောက်ပါက အိမ်ဆောက်ပြီး (နှစ်) လ မြောက်သည်နှင့် ချမ်းသာအံ့ဟု ဆိုသည်။ အင်္ဂါနေ့တွင် ဆောက်ပါကလာဘ်ရအံ့၊ ဆန်ရေစပါးပေါများအံ့ဟု ဆိုထားသည်။ ဗုဒ္ဓဟူးနေ့ အိမ်ဆောက်ပါက ရုံခါဆင်းရဲအံ့၊ ရုံခါချမ်းသာအံ့၊ ၄လ၊ ၄ နှစ်မြောက်မှ ချမ်းသာအံ့ဟု ဆိုသည်။ ကြာသာပတေးနေ့ အိမ်ဆောက်ပါက ရောဂါကင်းအံ့၊ ချမ်းသာအံ့ဟု ဆိုပါသည်။ သောကြာနေ့ အိမ်ဆောက်ပါက ရုံခါအေးအံ့၊ ရုံခါပူအံ့၊ သုံး – လ မြောက်မှ ချမ်းသာအံ့ဟု ဆိုပြီး၊ စနေနေ့ ဆောက်ပါက တပါး၏ ညှင်းပမ်းခြင်းကို ခံရအံ့၊ လေး – နှစ်၊ လေး – လ မြောက်မှ ချမ်းသာအံ့ဟု ဆိုပါသည်။

ထို့ကြောင့်လည်း –

"နေ့တနင်္ဂနွေ၊ အိမ်ဆောက်လေ၊ ဒုက္ခဆင်းရဲစွ၊
တနင်္လာဆောက် နှစ်လမြောက်၊ ပွားရောက်ချမ်းသာရ၊



အင်္ဂါဆောက်ငြား၊ ဆန်စပါး၊ ပေါများလွန်ကြွယ်ဝ၊
လေးနှစ် လေးလ နေ့ဗုဒ္ဓ၊ ဆောက်က လွန်ချမ်းသာ၊
ကြာသပတေးနေ့တွင် ဆောက်ခဲ့လျှင် မျက်မြင်ချမ်းသာရ၊
သောကြာဆောက်က၊ သုံးလကျ၊ သုခတိုးပွားလာ၊
ဗုဒ္ဓဟူးအတူ၊ စနေမူနည်းယူ မှတ်လေပါ" ဟူ၍ လင်္ကာစပ်ဆိုထားသည်ကို တွေ့ရပါသည်။ အလားတူ –

"တနင်္ဂနွေနေ့တွင် အိမ်ဆောက်လျှင် မရွှင်စိတ်သောက"
"နေ့တနင်္လာ လွန်ချမ်းသာ အင်္ဂါလာဘ်ကိုရ၊
ဗုဒ္ဓဟူးဆောက်ခါ ဆင်းရဲစွာ၊ ရုံခါချမ်းသာရ၊
ကြာသပတေးနေ့မှာ အိမ်ဆောက်ခါ၊ ရောဂါကင်းစင်ပ၊
နေ့ကားသောကြာ၊ ကြေည်စွာ ရုံခါပူပန်ရ၊
စနေနေ့မူ၊ အိမ်ဆောက်သူ၊ ဗိုလ်လူ ညှဉ်းပန်းကြ" ဟူသော အိမ်ဆောက်နေ့ရွေး လင်္ကာတစ်ပုဒ်ကိုလည်း တွေ့ရသည်။

အခြားမှုကွဲတစ်ခုကမူ –

"အို၊ ကုန်၊ ဥဏ်၊ ထွား၊ နေ့လေးပါး၊ အိမ်များ မဆောက်နှင့်
ဝမ်းမြောက်သူခေါ် နေ့သုံးဘော်၊ အိမ်နော် ဆောက်လေသင့်" ဆိုထားပါသည်။ ယင်း လင်္ကာအရဆိုသော် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ စနေနေ့ များတွင် အိမ်များ မဆောက်ကောင်းကြောင်း၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့၊ သုံးနေ့၌သာ ဆောက်ကောင်းကြောင်း သိရပါသည်။ မှုကွဲများကို ညှိ၍ရွေးခြင်းဖြင့် အပြစ်လွတ်ပြီး ကောင်းကျိုးချမ်းသာ ခံစားနိုင်ရန် တင်ပြရခြင်း ဖြစ်သည်။

မွန်လူမျိုးတို့ကမူ စနေနှင့် အင်္ဂါနေ့များကို ရှောင်ကြပါသည်။ အင်္ဂါနေ့အိမ်ဆောက်ပါက မီးဘေးသင့်ခံရတတ်သည်။ စနေနေ့အိမ်ဆောက်

www.burmeseclassic.com

www.burmeseclassic.com


ပါက ဘေးဒဏ်ကျရောက်မည်ဟု မွန်တို့၏ လောကသိဒ္ဓိကျမ်းတွင်လာ ကြောင်းသိရသည်။

## (၂) မြေခံကောင်းမကောင်းရွေးခြင်း

အိမ်ဆောက်ရန်အတွက်၊ အိမ်ဆောက်ကောင်းသောနှစ်၊ လ၊ ရက် နေ့များကို ရွေးပြီး မြေခံ ကောင်း မကောင်းကိုလည်း ရွေးကြရသည်။ နှစ်လည်းကောင်းမည်၊ လလည်းကောင်းမည်၊ နေ့လည်းကောင်းမည်၊ မြေခံလည်းကောင်းမည် ဆိုပါမှ ဆောက်လုပ်သောအိမ်သည် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံမည်ဟု ယုံကြည်ကြပါသည်။

မြေခံရွေးရာ၌ မြေခံ (ဆယ်) ပါးနှင့် လဆန်းမြေခံ၊ လဆုတ်မြေခံ နှစ်မျိုးပြားပါသည်။

မည်သည့်လမှာမဆို လဆန်း (၅) ရက်၊ (၁၅) ရက်နှင့် လဆုတ် (၁၀) ရက်တိုင်းသည် အမြဲတနင်္ဂနွေခံပါသည်။ တနင်္ဂနွေခံသော ရက်များတွင် အိမ်ဆောက်ပါက ဥစ္စာစီးပွားပျက်တတ်ပါသည်။ ထို့ကြောင့် တနင်္ဂနွေခံ ရက်များတွင် အိမ်၊ ကျောင်း၊ ဇရပ်၊ မဏ္ဍပ်များ မဆောက်ကောင်း ပါ၊ ရှောင်ရပါသည်။ မည်သည့်လမှာမဆို လဆန်း (၄)ရက်၊ (၁၄) ရက်နှင့် လဆုတ် (၉) ရက်နေ့တိုင်းသည် တနင်္လာမြေခံ ဖြစ်ပါသည်။ တနင်္လာ မြေခံသောရက်များတွင် အိမ်ဆောက်ပါက လာဘ်ရတတ်ပါသည်။ အိမ်ဆောက်ကောင်းသော မြေခံဖြစ်ပါသည်။

မှတ်သားရလွယ်ကူစေရန်အတွက် မြေခံ (ဆယ်) ပါး ကောင်းကျိုးဆိုးပြစ်များကို အောက်တွင်ဖော်ပြပါသည်။

မြေခံ (ဆယ်) ပါးနှင့် အကျိုးအပြစ်များ

| လဆန်းရက် | လဆုတ်ရက် | ဂြိုဟ် | အကျိုးအပြစ် | |
|---|---|---|---|---|
| | | | အကျိုး | အပြစ် |
| ၅ – ၁၅ | ၁၀ | ၁။ တနင်္ဂနွေခံ | – | ဥစ္စာပျက် |
| ၄ – ၁၄ | ၉ | ၂။ တနင်္လာခံ | လာဘ်ရ | – |
| ၃ – ၁၃ | ၈ | ၃။ အင်္ဂါခံ | – | ရောဂါရ |
| ၂ – ၁၂ | ၇ | ၄။ ဗုဒ္ဓဟူးခံ | ငြိမ်းချမ်း | – |
| ၁ – ၁၁ | ၆ | ၅။ ကြာသပတေးခံ | အောင်မြင် | – |
| ၁၀ | ၅ –၁၅ | ၆။ သောကြာခံ | လာဘ်ရ | – |
| ၉ | ၄ –၁၄ | ၇။ စနေခံ | – | ဆင်းရဲတတ် |
| ၈ | ၃ –၁၃ | ၈။ ရာဟုခံ | – | နှောင်ဖွဲ့ခံရ |
| ၇ | ၂ –၁၂ | ၉။ ကိတ်ခံ | ချမ်းအေး | – |
| ၆ | ၁ –၁၁ | ၁၀။ မိတ္တူခံ | – | အမှုများ |

မြေခံ (၁၀) ပါးဇယားအရ တနင်္လာမြေခံ၊ ဗုဒ္ဓဟူး မြေခံ၊ ကြာသပတေးမြေခံ၊ သောကြာမြေခံ၊ ကိတ်မြေခံ၊ ဤမြေခံ (၅) ရပ်သာလျှင် ကောင်းကျိုး ချမ်းသာခံစားရပြီး၊ ကျန်မြေခံတို့မှာ ဆိုးကျိုးကိုသာ ပေးတတ်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း –

"တနင်္ဂနွေခံ၊ ပျက်ရန်ဥစ္စာ
စန္ဒာလာဘ်ရ၊ ဘောမရောဂ်
ဗုဒ္ဓံငြိမ်းမှု၊ ဂုရုအောင်ရာ
သောကြာလာဘော၊ စနေဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com

နှောက်တဲရာဟု ၊ ကေတုချမ်းဇ

မှုရေးမိတ္တာ၊ ကျိုးပြစ်ပြ ၊ မှတ်ကြလေကုန်ပါ” ဟုဆိုထားခြင်းဖြစ်သည်။

လဆန်း၊ လဆုတ် မြေခံအရဆိုပြန်သော် လဆန်း (၁) ရက် ၊ (၄) ရက်၊ (၆) ရက်၊ (၈) ရက်၊ (၉) ရက်၊ (၁၀) ရက် တို့သည် ရှောင်အပ်သော မြေခံများဖြစ်၍ လဆုတ်ပိုင်းတွင် (၁) ရက်၊ (၂) ရက်၊ (၄) ရက်၊ (၆) ရက်၊ (၈) ရက်၊ (၉) ရက်၊ (၁၂) ရက်တို့သည်ကောင်းကြောင်းကို –

“ဆန်းဆုတ်မြေခံ၊ ဤနှစ်တန်မှတ်ရန်မိန့်ခဲ့မှာ

လဆန်းကြဲ့ရေး၊ တစ်လေးခြောက်ရှစ်

ကိုး၊ ဆယ့်နှစ်၊ စွန့်ပစ်ဝေးဝေးခွာ။

လဆုတ်ကြဲ့လစ်၊ တစ်၊ နှစ်၊ လေး၊ ခြောက်

ပြီးမြောက်ကိုးရှစ်၊ တစ်ဆယ်နှစ်၊ စင့်စစ်ကောင်းလှစွာ” ဟူ၍ ပညာရှိများ မှတ်သားခဲ့ပါသည်။ ဤတွင် လဆုတ် (၂) ရက်သည် ကျားမြေခံ ဖြစ်၍ သေတတ်သည်ဟု ဆိုးကျိုးကိုပြဆိုသော်လည်း၊ အထက်ပါ အလင်္ကာအရ ကောင်းသည်ဟု ပြဆိုခြင်းကို နားမလည်နိုင်စရာ ဖြစ်ပါသည်။ အလင်္ကာသွားအရေးအမှန်များခြင်း လောဟု ယူချင်ပါသည်။

လဆန်း ၊ လဆုတ်မြေခံကို အကျယ်သိမြင်နိုင်စေရန် အောက်တွင် ဇယားဖြင့် ဖော်ပြထားပါသည်။



| လဆန်း ရက် | မြေခံ | အကျိုးအပြစ် | လဆုတ် ရက် | မြေခံ | အကျိုးအပြစ် |
|---|---|---|---|---|---|
| ၁ | နတ်ခံ | ဘေးသင့်တတ် | ၁ | ကညာခံ | အောင်မြင်တတ် |
| ၂ | ကညာခံ | မင်းပူဇော် | ၂ | ကျားခံ | သေတတ် |
| ၃ | ဥသာဂခံ | ချမ်းသာ | ၃ | နတ်ခံ | သေတတ် |
| ၄ | ဆင်ခံ | ဘေးသင့်တတ် | ၄ | မြွားခံ | ချမ်းသာတတ် |
| ၅ | ဂဠုန်ခံ | ပြန်ပြောတတ် | ၅ | ဆင်ခံ | ဆင်းရဲတတ် |
| ၆ | ဘီလူးခံ | သေတတ် | ၆ | ဂဠုန်ခံ | ချမ်းသာတတ် |
| ၇ | သိမ္ဒောခံ | ပြန်ပြောတတ် | ၇ | ဒွန်းစဏ္ဍားခံ | ပျက်စီးတတ် |
| ၈ | ဒွန်းစဏ္ဍားခံ | ပျက်စီးတတ် | ၈ | မြင်းခံ | စီးပွားများတတ် |
| ၉ | နတ်ခံ | သေတတ် | ၉ | ပြဟ္မာခံ | မင်းပူဇော် |
| ၁၀ | ပြဟ္မာခံ | မင်းပူဇော် | ၁၀ | ဘီလူးခံ | သေတတ် |
| ၁၁ | သိကြားခံ | ချမ်းသာတတ် | ၁၁ | ခွေးခံ | ပျက်စီးတတ် |
| ၁၂ | ခွေးခံ | ပျက်စီးတတ် | ၁၂ | မြင်းခံ | ပြန်ပြောတတ် |
| ၁၃ | ပြဟ္မာခံ | လာဘ်ရတတ် | ၁၃ | ဝက်ခံ | သေတတ် |
| ၁၄ | ဂဠုန်ခံ | ချမ်းသာတတ် | ၁၄ | ပြဟ္မာခံ | ချမ်းသာတတ် |
| ၁၅ | သိကြားခံ | ချမ်းသာတတ် | ၁၅ | ဂဠုန်ခံ | ချမ်းသာတတ် |

လဆန်း၊ လဆုတ်မြေခံပြဇယား

ဤလဆန်း၊ လဆုတ်မြေခံဇယားကိုကြည့်ပါက မည်သည့်လမှာမဆို၊ လဆန်း (၁) ရက်နေ့တိုင်းသည် နတ်ခံဖြစ်၏။ ထိုနေ့တွင် အိမ်ဆောက်ပါက ဘေးသင့်တတ်ပါသည်။ ထို့ကြောင့် အိမ်မဆောက်ကောင်းသော မြေခံရက်ဖြစ်ပါသည်။ လဆန်း (၂) ရက်နေ့တိုင်းသည် ကညာမြေခံဖြစ်၍ ထိုရက်မျိုးတွင် အိမ်ဆောက်ပါကမင်းပူဇော်ခံရတတ်ပါသည်။ အိမ်ဆောက်ကောင်းသော မြေခံရက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လဆန်း၊ လဆုတ် မြေခံနှံပတ်သက်၍ “လောကဟိတ ရာသီ” ကျမ်းလာခံပေါက်များကို မှတ်သားစရာအဖြစ် တင်ပြလိုက်ရပါသည်။

## လဆန်းမြေခံ

မြေခံနှစ်ပါး၊ ထွေဟန်ခြား၊ မှတ်သားမျိုးလေးဖြာ၊

၁။ လဆန်း ၁ ရက်၊ နှတ်ခံလျက်၊ ကြေပျက်ပြုန်းတီးရာ၊

၂။ ကညာသမီး၊ နှစ်ရက်မိုး၊ ပြီးစီးအောင်တိုင်းသာ၊

၃။ သုံးရက်မှာနွား၊ ခံလာငြား၊ လာဘ်ကားကြီးလှစွာ၊

၄။ လေးရက်နဂါး၊ ကြူလာငြား၊ မမှားပျက်စီးရာ

၅။ ငါးရက်ဂဠုန်၊ မြေခံကြု အပုံချမ်းသာရာ

၆။ ခြောက်ရက်မှာဆင်၊ သေဘေးမြင်၊ ထင်မြင်အမြဲသာ။

၇။ ခုနှစ်ရက်တွင်၊ သိန္ဓောပင်၊ အောင်မြင်ပြီးစီးရာ

၈။ ဒွန်းစဏ္ဍားခံ၊ ရှစ်ရက်မှန်၊ ပူပန်ဆင်းရဲစွာ၊

၉။ ကိုးရက်မှာထူး၊ ခံဘီလူး၊ ရောင်ဦးဝေးလှစွာ၊

၁၀။ ဆယ်ရက်တွင်ကျ၊ ဗြဟ္မာပ၊ ကြွယ်ဝချမ်းသာရာ၊

၁၁။ ဆယ့်တစ်ရက်ကား၊ ချမ်းသာငြား၊ သိကြားခံလေပါ။

၁၂။ ဆယ့်နှစ်ရက်လျှင်၊ ပျက်စီးမြင်၊ ခံလျှင်ခွေးယုတ်မာ၊

၁၃။ ဆယ့်သုံးရက်ကား၊ ဗြဟ္မာထား၊ ကြီးမားချမ်းသာရာ၊

၁၄။ ဆယ့်လေးရက်မှန်၊ ဂဠုန်ခံ၊ ကြံတိုင်း ပြီးစီးပါ၊

၁၅။ ဆယ့်ငါးရက်ကား၊ ခံသိကြား၊ ကြီးမားချမ်းသာရာ။

## လဆုတ်မြေခံ

၁။ တစ်ရက်ကျော်ပြီး၊ ရှမငြီး၊ သမီးလှကညာ
ဆောင်လေသမျှ၊ မှုကိစ္စ မှချပြီးစီးရာ၊



၂။ နှစ်ရက်မှာကား ဗိဿကျား၊ ကြီးမားဆင်းရဲစွာ၊

၃။ သုံးရက်နတ်ခံ၊ ဘေးတွေ့မှန်၊ ဧကန်မလွဲသာ၊

၄။ လေးရက်မှာနွား၊ လာဘ်တွေ့ငြား၊ ရှားပါးမရှိရာ၊

၅။ ငါးရက်မှာဆင်၊ သေဘေးမြင်၊ ဆင်ခြင်လွှဲအပ်စွာ၊

၆။ ခြောက်ရက်ဂဠုန်၊ မြေခံကြုံ၊ လုံးစုံကောင်းလှပါ၊

၇။ ခုနှစ်ရက်မှာကား၊ ဒွန်းစဏ္ဍား၊ မမှားပျက်စီးရာ၊

၈။ ရှစ်ရက်မှာလျှင်၊ သိန္ဓောပင်၊ အောင်မြင်ပြီးစီးရာ၊

၉။ ကိုးရက်မှာကား၊ ဗြဟ္မာထား၊ မင်းကားပူဇော်ရာ၊

၁၀။ ဆယ်ရက်ဘီလူး၊ ခံတုံဦး၊ အထူးသေပျောက်ရာ၊

၁၁။ ဆယ့်တစ်ရက်တုံ၊ နဂါးကြုံ၊ အပုံဆင်းရဲစွာ၊

၁၂။ ဆယ့်နှစ်ရက်ကား၊ ချမ်းသာများ၊ သိကြားခံလေပါ၊

၁၃။ ဆယ့်သုံးရက်မှန်၊ ဝက်လျှင်ခံ၊ ဧကန်ပြုန်းတီးရာ၊

၁၄။ ဗြဟ္မာဆယ့်လေး၊ ခံတုံသေး၊ မနှေးလာဘ်ကြီးစွာ၊

၁၅။ ဂဠုန်ဆယ့်ငါး၊ ခံသေငြား၊ ကြီးမားချမ်းသာရာ၊

သံပေါက်လင်္ကာ၏ အနက်အဓိပ္ပါယ် ဆိုလိုရင်းသဘောသည် ရှယ်ကူရှင်းလင်းသဖြင့် အကျယ်ချဲ့တင်ပြရန် မလိုအပ်တော့ပါချေ။

ဤလဆန်း၊ လဆုတ်မြေခံများကိုကြည့်ပါက လဆန်း (၁) ရက်မှ (၁၅) ရက်နေ့အထိ ကောင်းကျိုးပေးသော မြေခံများရှိသကဲ့သို့ ဆိုးကျိုးပေးသောမြေခံများလည်း ရှိပါသည်။ ဆိုးကျိုးပေးသောမြေခံကို ရှောင်ပြီး၊ ကောင်းကျိုးပေးသော မြေခံကို ဆောင်ရမည် ဖြစ်ပါသည်။ လဆုတ်ရက်တွင်လည်း (၁) ရက်မှ (၁၅) ရက်အထိ ဤနည်းအတိုင်း ဆောင်ရန်၊ ရှောင်ရန် မြေခံရွေးရပါသည်။

ဤတွင် မှုကွဲများရှိနေကြောင်း သတိပြုနိုင်ပါသည်။ မြေခံ (၁၀) ရက်တွင် လဆန်း (၁) ရက်နေ့မှာ ကြာသပတေး မြေခံဖြစ်၍ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တတ်ဟု ကောင်းကျိုးကို ဖော်ပြထားပါသည်။ လဆန်း၊ လဆုတ်မြေခံဇယား အရမှု လဆန်း (၁) ရက်နေ့သည် နတ်ခံဖြစ်၍ ဘေးသင့်တတ်သည်ဟု ပြထားသည်။

အလားတူ မြေခံ (၁၀) ပါး ဇယားတွင် လဆန်း (၃) ရက်၊ အင်္ဂါမြေခံ၍ ရောဂါရတတ်သည်ဟု ဖော်ပြထားပြီး၊ လဆန်း လဆုတ်မြေခံဇယားတွင်မူ ဥသဘခံ၍ "ချမ်းသာတတ်" ဟု လာပါသည်။ မြေခံတစ်မျိုးက ဆိုးပြစ်ကိုပြ၍ တစ်မျိုးက ကောင်းကျိုးကို ပြနေပါသည်။

ကောင်းကျိုး ဆိုးပြစ်အရာတွင် ကိုက်ညီမှုမရှိဘဲ ကွဲလွဲမှုရှိနေသောရက်များကို သတိထားမိပေလိမ့်မည်။ မည်သို့ ကွဲလွဲနေစေ၊ ကောင်းကျိုးကိုချည်း ပြနေသောမြေခံကိုသာ ညှို၍ယူပါက အသင့်တော်ဆုံးဖြစ်မည်ဟု ယူပါသည်။

မြေခံ (၁၀) ပါး၊ လဆန်း လဆုတ် မြေခံများအပြင် အိမ်ရှင်၏မွေးနေ့ကိုလိုက်၍ အိမ်ဆောက်မည့်နေ့ ရွေးချယ်နည်းလည်း ရှိပါသေးသည်။

"အိမ်ရှင်၏မွေးနေ့၌ အိမ်ဆောက်ပါက အောင်မြင်အံ့၊ မွေးနေ့မှ နှစ်ခုမြောက်နေ့၌ အိမ်ဆောက်ပါက ဆင်းရဲအံ့၊ ၃ ခုမြောက်နေ့၌ ဆောက်ပါက ပြီးစီးခြင်းကို ရောက်အံ့၊ ၄ ခုမြောက်နေ့၌ ဆောက်ပါက လာဘ်ရအံ့၊ ၅ ခုမြောက်နေ့၌ ဆောက်ပါက ဒဏ်သင့်အံ့၊ ၆ ခုမြောက်နေ့၌ ဆောက်ပါက အမှုအခင်းများအံ့၊ ခုနစ်ခုမြောက်နေ့၌ ဆောက်ပါက ချစ်သူများအံ့" ဟု ပညာရှိတို့က မိန့်ဆို မှတ်သားခဲ့ကြပါသည်။

ယင်းမိန့်ဆိုချက်များအရ ခုနစ်နေ့သားသမီးတို့ ဆောင်အပ်၊ ရှောင်အပ်သောရက်များကို အကျိုးအပြစ်နှင့်တကွ အောက်တွင် ဖော်ပြပါသည်။



| အောင်မြင်အံ့ | ဆင်းရဲအံ့ | ပြီးစီးအံ့ | လာဘ်ရအံ့ | ဒဏ်သင့်အံ့ | အမှုများအံ့ | ချစ်သူများအံ့ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |

ဤဇယားကိုကြည့်ပါက အိမ်သစ်ဆောက်လိုသော တနင်္ဂနွေသားသည် အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ စနေနေ့ တစ်နေ့နေ့တွင် ဆောက်နိုင်ပါသည်။

တနင်္လာသားအတွက်၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ တနင်္ဂနွေ၊
အင်္ဂါသားအတွက် ကြာသပတေး၊ သောကြာ၊ တနင်္လာ၊
ဗုဒ္ဓဟူးသားအတွက်၊ သောကြာ၊ စနေ၊ အင်္ဂါ၊
ကြာသပတေးသားအတွက်၊ စနေ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊
သောကြာသားအတွက် တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊
စနေသားအတွက် တနင်္လာ၊ အင်္ဂါ၊ သောကြာစသောနေ့များကို ဆောင်ရမည် ဖြစ်ပါသည်။ ၎င်းပြင် "မွေးနံကိုဆောင် အောင်မည်" ဟူသော စကားအရ မွေးနေ့ကိုလည်း ဆောင်နိုင်ပါသည်။

## (ခ) မြေရွေးခြင်း

အိမ်တစ်အိမ်ဆောက်ရန်အတွက် နေ့ကောင်းရက်သာရွေးရသကဲ့သို့ ဆောက်မည့်နေရာရှိ မြေကိုလည်း ကောင်းမကောင်း ရွေးကြရပါသေးသည်။ ရှေးရိုးမြန်မာများသည် "မြေကြမ်း" ခေါ် ကြမ်းတမ်းသော မြေကို

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြောက်ကြပါသည်။ ကြမ်းသောမြေပေါ်တွင် နေထိုင်မိပါက ဖျားနာခြင်း၊ စီးပွားပျက်ခြင်း စသည်တို့ ဖြစ်တတ်သည်ဟု ယုံကြည်ကာ ကြမ်းသောမြေကို ရှောင်ကြပါသည်။ မြေကောင်း၊ မြေသန့်များကိုသာ ရွေးချယ် ဆောက်လုပ်တတ်ကြပါသည်။

"လက်သမားကျမ်း" "မြေရွေးကျမ်း" တို့၏ အလိုအရ မြေအမျိုးအစား ငါးမျိုးရှိကြောင်း တွေ့ရပါသည်။ မြေတစ်မျိုးစီ၏ ကောင်းကျိုးစည်ပြစ်ကို သုတ သန္နိစယကျမ်း၌ –

"အဆင်းဖြူဖြူဝါ၊ မြေပုဏ္ဏား၊ စီးပွားဖြစ်တတ်စွာ၊ အဆင်းနီလျှင် မြေဘုရင်၊ မင်းလျှင် ဖြစ်တတ်ပါ၊ အဆင်းနက်က မြေဒါသ၊ ဒုက္ခဘေးတွေ့ရာ၊ အဆင်းဝါဘိ၊ မြေပကတိ၊ သုခိအဝေရာ၊ အဆင်းပြာလျှ၊ ကေသပ၊ နိုင်ငံတည်ထောင်ရာ၊ မြေဒါသမှာ၊ ဥယျာဉ်ပါလယ်ယာလုပ်စေလို၊ မြေပကတိမှာ၊ ရဟန်းသာနေရာလျော်၏ဆို" ဟူ၍ ဖော်ပြပါရှိပါသည်။

ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယတွဲ၌လည်း –

"ဘူမိနက်သန်၊ ရွေးချယ်ရန်ကို ဝေဘန်စိတ်တွေ၊ သိသာစေပိမ့်၊ သင်းခွေပန်းတူ၊ အဆင်းဖြူ၍ လိုင်ကြူအေးမြိတ်၊ ကြာတံဆိပ်နှဲ့ သင်းပျံ့ပျံ့လျက်၊ နူးညံ့သော်ကား၊ မြေပုဏ္ဏားတည်း။

အုတ်သားဟူပြီး၊ ကြန်ကြန်နီလျက်၊ ညီညီသင်းဘိ၊ ရန့်ရှိမှု သီရိမင်္ဂလာ မြေသြဇာတည်း၊

ဝါဝါရွှေရွှေ အဆင်းနေလျက်၊ ညာကြွေရှိဖြား၊ ပွင့်နံ့သွားမူ၊ ထူးပြားစွာလှ၊ မြေသမဏတည်း၊

စိမ်းမြညိုပြာ မည်းရောင်လာလျက်၊ ခတ္တာပွင့်နံ့၊ ပျံ့သော်မှတ်ရော



မြေသုဒ္ဒြေးတည်း။" ဟူ၍ လူနေအိမ်ဆောက်သင့်သောမြေလေးမျိုးကို အဆင်းအရောင်နှင့်တကွ၊ မြေ၏အနံ့ကိုပါ ဖော်ပြထားပါသည်။

ထိုမြေလေးမျိုးတွင် နေထိုင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးကိုလည်း–

"ဤလေးမျိုးမြေ၊ အိမ်တည်လေမူ၊ ရွှေငွေရတနာ၊ ဥစ္စာလည်းပွားမြင်း နွားကျေးကျွန်၊ အလွန်ပွားစီး၊ သားသမီးတို့ ဘုန်းကြီးသက်ရှည်၊ ကောင်းညွန့်စီလိမ့်" ဟူ၍ ခြင့်ပြီး ပြထားသကဲ့သို့ မြေအမျိုးအစားအလိုက်၊ ကောင်းကျိုး ဆိုးကျိုးကိုလည်း အောက်ပါအတိုင်း ဆက်လက်ပြီး ဖော်ပြထားပါသည်။

"နီရည်ထပ်မျှ ဆင်းဖြူလှနှင့် အေးမြချောမွတ်၊ လွန်နုထွတ်မူ၊ မြေမြတ်ဌာန၊ ကုဋ္ဌမှတည့် နေရမူကား၊ ချမ်းသာများလျက်၊ ထင်ရှားကြေညာ၊ ကောင်းကြွယ်စွာလိမ့်"

"နီပြာရောယှက်၊ အကွက်အကွက်၊ ကျောက်ဖြုတ်ဖက်၍ မာခက်ကြဲ့ကြဲ့၊ ဆပ်ပြာနံ့လျှင်၊ ပျံ့လတုံက၊ မြေဒါသတည်း နေသမျှလူ သက်မှုရှည်လျား၊ စီးပွားချမ်းသာ သင့်ရုံသာတည့်၊ လယ်ယာဥယျာဉ် လုပ်ငန်းယှဉ်လျက်၊ အစဉ်ရှည်စွ၊ သက်မွေးရလိမ့်"

"မိဂအက္ခိ၊ နွားမျက်စိသို့ နက်ဘိအေးမြ၊ ဘူဇေယဥ္ဍ ရာဇဂေဟာနန်းတည်ပါမူ၊ အာ... တန်ခိုး၊ နေနှယ်တိုး၍ လူမျိုးတကာ၊ ချစ်ကြင်နာလျက်၊ ... သမီး ပြောင်ကြီးမုန်သောက်၊ ဆက်လာရောက်လိမ့်ကြီးမြောက် ... ဖော်တက်ဖြိုးတည်း"

ယင်းလင်္ကာ အဆိုအမိန့်အ... ၊ မြေလေးမျိုးတွင် နိုင်ငံတော်နှင့်သာ ...သက်သောမြေ၊ ရဟန်းသာမ...အတို့နှင့်သာ ပတ်သက်သောမြေ၊ ...တို့ မနေထိုင်အပ်ဘဲ ဥယျာဉ်လယ်ယာစိုက်ပျိုးရေးကိုသာ ပြုအပ်သော ...လူတို့၏ အိမ်ယာဆောက်လုပ်ပြီး နေထိုင်အပ်သောမြေ ဟူ၍ ခွဲခြား ...နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သုတသန္တိစယကျမ်းအလိုနှင့် စွယ်စုံကျော်ထင်ကျမ်းတို့ အလိုအ မြေအမျိုးအစား ခွဲပုံချင်းတူသော်လည်း၊ အမည်ပညက် သတ်မှတ်ချ ပြုထားပုံမှာ ကွဲလွဲနေသည်ကို တွေ့နိုင်ပါသည်။ မည်သို့ဆိုစေ၊ အဆင်း သော မြေ (မြေပုဏ္ဏား) နှင့် အဆင်းနီသောမြေဘုရင် နှစ်မျိုးသာလျှ လူတို့ အိမ်ယာဆောက်လုပ်ပြီး နေထိုင်သင့်သော မြေမျိုးဖြစ်သည် တွေ့ရပါသည်။ ထိုမြေနှစ်မျိုးတွင် နေထိုင်ပါမှသာ စီးပွားဥစ္စာ တိုးတ ချမ်းသာ ကောင်းကျိုးကို ရရှိမည်ဖြစ်ပါသည်။

လောကဟိတရာသီကျမ်းကမူ အိမ်ဆောက်ကောင်းသောမြေအမျိုး အစားနှင့် ထိုမြေပေါ်တွင် အိမ်ရာဆောက်လုပ်ပါက ရရှိမည့်ကောင်းကျိုး ချမ်းသာများကို အောက်ပါအတိုင်း ပြည့်စုံစွာ ဖော်ပြထားပါသည်။

"ခပ်သိမ်းသောမြေ၌ အဆင်းဖြူကား၊ မြေပုဏ္ဏားတည်း၊ ထိုမြေ ထက်နေမူကား ချမ်းသာရအံ့၊ ဥစ္စာလည်းများအံ့၊ ကျွန်ယောက်ျား မိန်းမတို့နှင့် ပြည့်စုံအံ့။ ထိုမှတပါး မြေအင်္ဂါ ဖြူသော အဆင်း သော ဘုမ္မိနတ်သံအရပ်ကား မြေပုဏ္ဏားပင်တည်း၊ ၎င်းမြေကား နွားနို့အစာလို၏၊ အနံ့တည်းဟူသော ဂန္ဓာရုံကား ကြာတံဆိပ်အနံ့ ကဲ့သို့ ရှိ၏။ ထိုမြေတွင် အိမ်ရာဆောက်လုပ်၍နေမူ ဘုန်းကံကြီး သရေတိုးအံ့၊ စည်းစိမ်ချမ်းသာ ရတနာရွှေငွေများအံ့၊ ခြေရွေ ကျွန်သင်းများအံ့၊

နီသောအဆင်းရှိသော မြေကား၊ မင်းမြေတည်း၊ ၎င်းမြေ၏အနံ့ တည်းဟူသော ဂန္ဓာရုံကား ပိတောက်ပန်းအနံ့ကဲ့သို့ရှိ၏။ ထမင်း ဟင်းအရသာအစုံ အစာလိုအံ့၊ ထိုမြေထက်အိမ်ဆောက်လုပ်နေမူ မင်းဖြစ်အံ့၊ အဆင်းမည်းသောမြေကား၊ မြေကျွန်တည်း၊ သေရည် သေရက်အစာလိုအံ့၊ ၎င်းမြေအနံ့တည်း ဟူသော ဂန္ဓာရုံကား ညှီညှီ နံ့၏။ ထိုမြေထက် အိမ်ဆောက်လုပ်၍ မနေရာ၊ ဥယျာဉ်၊ လယ်ယာ



လုပ်၍ထားအပ်၏။ အဆင်းအဝါရောင်ရှိသော မြေကား ပကတိမြေ မည်၏။ ၎င်းမြေ၏ အနံ့တည်းဟူသော ဂန္ဓာရုံကား ပူပူအနံ့ရှိ၏။ အစာသောကား ထင်းသားကိုအလိုရှိအံ့၊ ၎င်းမြေကား ရဟန်းတော် တို့ကျောင်းဆောက်၍ နေခြင်းငှာလျော်၏။

အဆင်းပြာရောင်ရှိသော မြေကား ကာသပ်သုသလောဒက မြေမည်၏။ အစာသော်ကား သားတစ်ကိုလိုအံ့၊ ၎င်းမြေကားဘုရင် မင်းမြတ်တို့ မြှုပ်ပြတည်၍နေအပ်သောမြေတည်း၊ ၎င်းမြေ၏ အနံ့ တည်းဟူသော ဂန္ဓာရုံကား ပဒုမ္မာကြာပွင့် အနံ့ကဲ့သို့ရှိ၏။

အိမ်တစ်အိမ်ဆောက်ရန်အတွက် မြေကောင်းမြေသန့်ကိုရသည့် အင် အောင် မြေ၏ကြန်အင်လက္ခဏာကောင်းနှင့် ကိုက်ညီဖို့လိုပြန်သေး သည်။ မြေ၏ကြန်အင်လက္ခဏာကလည်း အိမ်ရှင်အားကောင်းကျိုးသုခ ဆောင်မည့် မြေလက္ခဏာမျိုး၊ အိမ်ရှင်အား ခိုက်စေမည့် မြေလက္ခဏာမျိုး ၍ ရှိပါသည်။

မြေ၏လက္ခဏာနှင့်တကွ ကောင်းကျိုးဆိုးပြစ်များကိုလည်း ရှေးဆရာမြတ်တို့သည် မမေ့မလျော့ဘဲ အဆိုအမိန့်များချမှတ်ထားခဲ့ကြ ပါသည်။

မြေညီ၌ အိမ်ဆောက်သော်

မြေ၏သဏ္ဍာန် ၊ ကျိုးပေးဟန်ကား
ကောင်းမွန်သာယာ ၊ စည်မျက်နှာသို့ညီညာမြေ၌
အိမ်တည်စိုက်မူ ၊ ထိခိုက်ရောဂ ၊ သောကဘယာ
ပြစ်ပေါင်းကွာ၏။

လိပ်ကျောမြေ၌ ဆောက်သော်

ပမာလိပ်ကျော ၊ ကုန်းငေါငေါထက်

www.burmeseclassic.com

www.burmeseclassic.com



နေသောသူကား ၊ သားမယားနှင့်
များစွာကွေ့ကွင်း၊ မင်းလည်းမျက်ညို၊
ကိုယ်လည်း မချမ်း ၊ ဥစ္စာနွမ်းအံ့၊

တောင်ဝှမ်း၌ဆောက်သော်

တောင်ဝှမ်းကမ်းစောက် ၊ အိုးကင်းမှောက်သို့
မလျောက်ပတ်ရာ ၊ နေသည့်မှာကား
ဥစ္စာပျောက်ပျက် ၊ သားဆက်သမီး
ဆင်းရဲကြီးလိမ့်။

ဆင်ခြေလျော၌ ဆောက်သော်

နောက်ဘီးမြင့်မော ၊ ဆင်ခြေလျော၌ နေသောသူမှာ
ဥစ္စာထိုမျှ ၊ ရရပျောက်ပျောက် ၊ ကြက်လောက်တမျှ
ရှာစားရအံ့။

အိမ်ဝ၌ မြေလုံးရှိသော်

အိမ်ဝ၌ဝယ် ၊ ဖြူးကယ်မောက်ဘိ
မြေလုံးရှိမူ ၊ ကြံဘိလွယ်ကာ ၊ မကြာခဏ ပေါ်ကြွယ်ဝလိမ့်

အိမ်မြောက်၌ ကုန်းရှိခဲ့သော်

အိမ်မှာမြောက်ရပ် ၊ ကုန်းရှိလတ်မူ ၊ ရိပ္ပတ်ချောက်ချား
ရောဂါများအံ့ ။



နောက်တွင်ကျင်းရှိခဲ့သော်

အိမ်အောက် ၊ တလျောက်တွင်းကျင်း
နိမ့်မြင့်ရှိလင့်ချေ ၊ လတ် ၊ သေပျောက်တတ်၏။

ဝှမ်းမြေ၌ ဆောက်သော်

ညွှတ်ရှိုင်းရှိုင်း ၊ လောက်လေးကိုင်းသို့
ဝှမ်းရာမြေ ၊ အိမ်တည်လေမူ
က်သရေပွား ၊ ရန်မျိုးရှားလျက်
သမီးပုံ ၊ လွန်ပြည့်စုံလိမ့်။

ဆောက်ကုန်း၌ အိမ်ဆောက်သော်

မြေစုံလယ်ခေါင်၊ အိမ်တည်ထောင်သော်၊ အိမ်တောင်၊ အိမ်နောက်
အိမ်၏မြောက်သို့ ၊ ပတ်လျှောက်ရစ်ခွေ ၊ တန်စက်ရေလျှင်
စီးထွေလှည့်လျက် ၊ ရှေ့သို့ဆက်မူ ၊ စုံမက်တွယ်တာ
၍နေရာကား သပြာသိန်းမျှ ၊ အဖိုးရလည်း
စိတ္တရာ ၊ မရောင်းရာတည်း ၊ ဥစ္စာ ပွားစီး ၊ လွန်ဘုန်းကြီးလျက်
သီးသီးလူမျိုး ၊ ခိုဝင်လျှိုအံ့ ၊ ရန်မျိုးအောင်လှ ၊ ဘုန်းနာထသည်၊ သုခ
ည်ပင်ပွားတိုးတည်း ဟူ၍ လင်္ကာစီလျက် မိန့်ဆိုထားခဲ့ကြပါသည်။
လောကဟိတရာသီကျမ်းပြုဆရာကမူ –
"လပြည့်ဝန်းပမာ စည်မျက်နှာကဲ့သို့ ရှိသောမြေ ၊ ညီညွတ်စွာရှိ
သောမြေ၊ ဒူးလေးကိုင်းကဲ့သို့ ရှိသောမြေ၊ လခြမ်းကဲ့သို့ရှိသောမြေ၊
နွားဦးခေါင်းပမာ ရှိသောမြေမျိုးသည် စီးပွားချမ်းသာရတနာ ရွှေငွေ
တိုးတက်စေသည်။"

www.burmeseclassic.com

www.burmeseclassic.com

“လိမ်ကုန်းကဲ့သို့ရှိသောမြေ၊ အိုးကင်းမှောက်ထားသည့်ပမာ ကဲ့သို့ရှိသောမြေ၊ မြင်းဦးခေါင်းကဲ့သို့ရှိသော်မြေ၊ လျှလျှလုံးလုံးရှိသော သောမြေ၊ ကျပ်ခိုးရည်ကဲ့သို့မည်းမည်း အရည်ထွက်သောမြေ၊ ဘီလူးရုပ်ကဲ့သို့ ရှိသောမြေ၊ နဂါးကျစ်ကဲ့သို့ရှိသောမြေ၊ ထိုမြေခုနစ်ရပ်တို့၌ အိမ်ဆောက်၍မနေအပ်၊ နေမိခဲ့သော် စီးပွား ချမ်းသာဆုတ်တတ်ခြင်း၊အဖျားအနာများခြင်းဖြစ်အံ့”ဟုဆိုပါသည်။ ထိုပြင် “ဖြူသောမြေ၊ နီသောမြေ၊ ပြာသောမြေ၊ ထိုမြေသုံးမျိုးလည်း လက်ယာဘက်ကနိမ့်၍ လက်ဝဲဘက်ကမြင့်နေသည်ဖြစ်အံ့ ထိုမြေမျိုး၌ နေမိပါမူကား၊ မှူးမတ် ဖြစ်လျှင်၊ မင်းကြီးဖြစ်အံ့ သူဆင်းရဲတို့ဖြစ်သော် စီးပွားချမ်းသာရတနာ ရွှေငွေတိုးတက်အံ့ အရှေ့ဘက်ကမြင့်၍၊ အနောက်ဘက်ကနိမ့်သောမြေ၊ ထိုမြေ၌ နေမိသော် စဉ်းလဲဝန်တိုကောက်ကျစ် ကုန်းတိုက်တတ်အံ့” ဟုဆိုထားပါသည်။

“အလယ်မြင့်၍ အနားနိမ့်သောမြေ၊ ထိုမြေ၌ နေသောရန်များအံ့
ထိုမြေ၌ကျောက်ခါးကဲ့သို့ရှိအံ့၊
တောင်ကမြင့်၍ မြောက်ကနိမ့်သော မြေ၌နေသော် အောင်မြင်အံ့
ထိုမြေအောက်၌ ပလ္လင်ကဲ့သို့ရှိအံ့။
တောင်အရပ်ကအင်းသော်လည်းကောင်း၊ မြေချိုင့်သော်လည်းကောင်းရှိအံ့၊
မြောက်အရပ်က ရေစည်ရှိအံ့၊ အရှေ့အရပ်ကအိုင်ရှိအံ့၊
၎င်းမြေ၌ နေသော်မြတ်သော မင်္ဂလာရတနာ ရွှေငွေတိုးတက်အံ့
အမျိုးတကာကိုနိုင်အံ့၊ သြဇာအာဏာကြီးအံ့၊ အနားပတ်လည်မြင့်၍
အလယ်နိမ့်သောမြေ၌ နေသော်ထိုမြေအောက်၌ ကျောက်ရှိအံ့
၎င်းမြေကားအကောင်းအဆိုးမှူ၏။ လျစ်လျူရှု၏။” ဟူ၍လည်း
ကောကီကျမ်းထွက်မြေပရိယာယ်ကို စုံစေ့စွာဖော်ပြထားပါသည်။



ထို့ကဲ့သို့ ရှေးဆရာမြတ်တို့ ညွှန်းဆိုခဲ့သည်များကို လိုက်နာပြီး ရှေးမြန်မာများသည် မြေမညီညွတ်သည်ကို ညီညွတ်အောင်ဖို့လုပ်ပြုပြင်ပြီးမှ အိမ်ကိုဆောက်လုပ်နေထိုင်ကြပါသည်။

မြေမညီညွတ်ကို ညီညွတ်အောင်ဖို့လုပ်ပြုပြင်ရာ၌လည်း အပြစ်အနာအဆာမရှိအောင်၊ ကောင်းကျိုးထက်ဆိုးကျိုးမရအောင် သတိထား လုပ်ဆောင်ကြရပါသည်။

အိမ်မြေနေရာ၏အလယ်တွင်မို့မောက်နေပါက အိမ်ရှင်အဖို့ဆုံးရှုံးမှုများကြုံရတတ်ပါသည်။ အလယ်တွင်နိမ့်ချိုင့်နေပါက မီးဘေးနှင့်ကြုံရတတ်ပါသည်။ တောင်အရပ်နှင့် အနောက်အရပ်တို့တွင် နိမ့်နေအောင်ဖို့လုပ်မိပါကလည်း အိမ်ရှင်အဖို့ ရောဂါဘယထူပြောတတ်ပါသည်။ အနောက်တောင်ဘက်တွင် နိမ့်နေပါက သူခိုးဘေးနှင့်ကြုံရတတ်ပြန်သည်။ အရှေ့အရပ် ၊ မြောက်အရပ်၊ ရှေ့မြောက် အရပ်တို့တွင် နိမ့်ပြီး ဖို့မိပါက ဆိုးကျိုး မဟုတ်ဘဲ ကောင်းကျိုးရတတ်သည် ဟုမွန်တို့၏ လောကသိဒ္ဓိ ကျမ်းဖွင့်ဆိုချက်ကလည်း မှတ်သားစရာဖြစ်ပါသည်။

အိမ်ဆောက်ရာ၌ ရှေးမြန်မာများသည် မြေအမျိုးအစားနှင့် မြေ…ဏ္ဍာတို့ကိုရွေးချယ်တတ်သကဲ့သို့ အိမ်ဆောက်မည့် မြေ၏တည်…ရာအနေထားကိုလည်း ရွေးချယ်တတ်ကြပါသည်။

(၁) အသုဘပို့လျှင်ထိပ်တိုက်ထိသောနေရာ။

(၂) ကြားညှပ်မြေနေရာ။

(၃) ကြာလှျာစွန်းမြေနေရာတို့ကို ရှေးက မြန်မာများသည် ရှောင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁) အသုဘပို့လျှင်ထိပ်တိုက်ထိသော နေရာဆိုသည်မှာ – လမ်းတစ်ခု၏ ထိပ်တိုက်အိမ်ကို ဆိုလိုပါသည်။ လှည်း၊ လှေ့စသောယာဉ်များ တိုက်မိ ခိုက်မိ၍ အန္တရာယ်ရှိနိုင်သောကြောင့် ရှောင်ကြခြင်းလည်းဖြစ်နိုင်ပါသည်။

(၂) ကြားညှပ်မြေနေရာဆိုသည်မှာ ညီအစ်ကို နှစ်ဦး၏မြေနှစ်ကွက်ကြား မှာရှိသော မြေကိုဆိုလိုပါသည်။ နို့ညှပ်မြေဟုလည်း ခေါ်ပါသည်။ ထိုမြေ မျိုးတွင် အိမ်ဆောက်မိပါက ရောဂါဘယများခြင်း၊ ခိုက်ရန်ဒေါသဖြစ်ရ ခြင်း၊ အချင်းများရခြင်း၊ အမှုအခင်းကြုံရခြင်းစသည်တို့ ဖြစ်တတ်သည်ဟု ယုံကြည်ကြပါသည်။ တနည်းအားဖြင့် တစိမ်းဖြစ်သော မိမိအတွက် အန္တရာယ်ရှိနိုင်သည်ဟု ယူသော်လည်း ရနိုင်ပါသည်။ ထိုမြေမျိုးကိုလည်း ရှေးမြန်မာများသည် ရှောင်ကြပါသည်။

(၃) ကြက်လျှာစွန်းမြေနေရာမျိုးတွင် အိမ်ဆောက်မိလျှင်လည်း အိမ်ရှင် များအဖို့ ဖျားနာမှု ထူပြောတတ်သည်။ ရောဂါဘယများတတ်သည်ဟုဆို ကြပါသည်။ ထိုမြေမျိုးကိုလည်း ရှောင်ကြပါသည်။

မြေအမျိုးအစားကောင်းခြင်း၊ မြေပြင်လက္ခဏာကောင်းခြင်း၊ အဖြစ် ကင်းသောမြေဖြစ်ခြင်းစသည်ဖြင့် ပြည့်စုံသည့်တိုင်အောင်အိမ်ဆောက် မည့်မြေသည် မြေချိန်ကောင်းဘို့လည်း လိုပေသေးသည်။

"မြေချိန်" ဆိုသည်မှာ မြေ၏ အလေးချိန်ကို ဆိုလိုသည်။

အိမ်ဆောက်မည့် မြေနေရာတွင်ဆန်၊ ပေါက်ပေါက်တို့ကြဲဖြန့် ပူဇော်ပြီး၊ မြေချိန်ကောင်းမကောင်း၊ အကျိုးအပြစ်မှန်ရာကိုပြပါဟု အဓိဋ္ဌာန်ဖြင့် မြေကို ကော်ယူကာချိန်ကြည့်ရပါသည်။ တူရွင်းဖြင့်ကော် ယူသောမြေအလေးချိန်သည် တစ်ကျပ်သား၊ နှစ်ကျပ်သားစသည်ဖြင့် ရရှိပါလိမ့်မည်။ ရရှိသော မြေအလေးချိန်ပေါ်မူတည်၍ မြေကြီး၏ ကောင်းကျိုးဆိုးပြစ်ကို ကြည့်ရပါသည်။



ကော်ယူသော မြေအလေးချိန်သည် –

(၁) တစ်ကျပ်သားဖြစ်ပါက ထိုမြေပေါ်နေသောသူသည် ဆင်းရဲ တတ်ပါသည်။

(၂) နှစ်ကျပ်သားဖြစ်ပါက ကောင်းပါသည်။ ပစ္စည်းဥစ္စာ တိုးပွား တတ်ပါသည်။

(၃) သုံးကျပ်သား၊ လေးကျပ်သားရသော် မကောင်းပါ။

(၄) ခြောက်ကျပ်သားရသော်ကောင်းပါသည်။ လူချစ်လူခင်များ၍ လာဘ်လာဘ ပေါများတတ်ပါသည်။

(၅) ခုနစ်ကျပ်သားရပါက ထိုမြေပေါ်တွင် မမြဲဘဲ ထပ်မံပြောင်း ရွှေ့ရလိမ့်မည်။

(၆) ရှစ်ကျပ်သားရပါက စီးပွားတက်မည်။

(၇) ကိုးကျပ်သား၊ တစ်ဆယ်သား၊ တစ်ဆယ့်တစ်ကျပ်သား ရသော် မကောင်းပါ၊ စီးပွားဥစ္စာ ပျက်တတ်ပါသည်။ ဘေးတွေ့တတ်ပါသည်။ အသက်လည်း မရှည်နိုင်ပါ။

(၈) ၁၂ ကျပ်သား၊ ၁၃ ကျပ်သား၊ ၁၄ ကျပ်သား၊ ၁၅ ကျပ်သား၊ ၁၆ ကျပ်သားရသော် အလွန်ကောင်းပါသည်။ ကောင်းစား မည်။ ချမ်းသာမည်။ လူချစ်လူခင်များမည်ဟု ဆိုပါသည်။

ဗေဒင်သားဖွယ်ကောင်းသော ရှေးပညာရှိတို့၏ အဆိုအမိန့်ဖြစ်၍ မှတ်သား ထားသင့်လှပါသည်။

## (၄) မြေယာသိမ်းပိုက်ခြင်း ။

လိုအပ်သောမြေကောင်း၊ မြေသန့်ကို ရွေးချယ်၍ရပြီးနောက် ထို မြေကွက်တွင် အိမ်ဆောက်ရန်အတွက် ရှေးဦးစွာ မြေယာသိမ်းပိုက်ခြင်းကို ပြုရပါသည်။ မြေယာသိမ်းပိုက်ခြင်းသဘောမှာ ထိုမြေကွက်တွင်

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ထက်စောပြီး နှစ်ရှည်လများ နေထိုင်လာခဲ့ကြသည့် လူတို့၏မျက်စိဖြင့် မမြင်ကောင်း၊ မမြင်အပ်သည့် သတ္တဝါများ ရှိနိုင်သည်။ ထိုသို့မဟုတ်လျှင်လည်း ထိုမြေသည် ကျောင်း၊ ကန်၊ ဘုရား၊ သာသနာ့အဆောက်အအုံပိုင် နေရာများလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

ယင်းကိစ္စများ ရှင်းလင်းရန်အတွက် မြေကွက်၏အရပ်ရှစ်မျက်နှာတွင် သဲနိမိတ်၊ ကျောက်နိမိတ်များ သတ်မှတ်ပြီး မှတ်တိုင်စိုက်ကာ လိုအပ်သည့် ကမ္မဝါဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ သံဃာတော်များကို ပင့်ဖိတ်ပြီး ဒါန၊ သီလစသည့် ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ မေတ္တာပို့အမျှဝေခြင်းစသည်ဖြင့် ပြုလုပ်ရပါသည်။ ယင်းမှာ ဗုဒ္ဓ၏အလိုတော်နှင့်အညီ ဆောင်ရွက်သည့် မြန်မာ့ယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

ဗုဒ္ဓက မာဂဓတိုင်း ပါဋလိရွာအနားမှာ မြို့ရွာတည်ဆောက်နေသည့် မာဂဓတိုင်းက အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့အား ဤသို့ ဟောကြားခဲ့ဖူးသည်။

သုနိဓ၊ ဝဿကာရအမတ်ကြီးတို့ ပညာရှိသောသူသည် တစ်ခုတစ်ခုသော အရပ်အကွက်၌ မြို့သစ်၊ ရွာသစ်၊ အိမ်သစ်တို့ကို ဆောက်လုပ်၍ နေမည်ရှိသော် ထိုအရပ်၌ သီလသမာဓိ ဂုဏ်အင်ကျေးဇူးထူးမြတ်သော ရသေ့ရဟန်း သူတော်ကောင်းတို့အား လုပ်ကျွေး လှူဒါန်းပူဇော်၍ နတ်တို့အား အမျှဝေရာ၏။ ယင်းသို့ အမျှဝေသည်ရှိသော် ဤသူတို့သည် အမျှဝေသဖြင့် ချီးမြှောက်ခြင်း ထောက်ပံ့ခြင်း၊ မြတ်နိုးခြင်းတို့ကို ပြုပေသည်။ ငါတို့ကလည်း အတန့်အလှည့် ပြုကောင်းလေသည်ဟု အောက်မေ့လျက်၊ ထိုအမျှဝေသူကို မစ၊ ချီးမြှောက်၊ မြတ်နိုးခြင်းတို့ကို ပြုကြလေသည်။ အမိသည် ရင်၌ဖြစ်သောသားကို သနားစုံမက်သကဲ့သို့ သနားစုံမက်ခြင်းလည်း ရှိကုန်၏။ ဤကဲ့သို့ဆိုသည့်အတိုင်း နတ်တို့က သနားစုံမက်သဖြင့် မစ ထောက်ပံ့သောကြောင့် အမျှဝေသူတို့အား ကောင်းကျိုးချမ်းသာအပေါင်းတို့သည် အခါခပ်သိမ်း တိုးပွားခြင်းသည်သာ ဖြစ်ကုန်၏။



မြေယာသိမ်းပိုက်ခြင်းဆိုင်ရာ မြတ်စွာဘုရား၏ အဆုံးအမဖြစ်ပါသည့် မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ကုန်းဘောင်ခေတ်ရတနာသိင်္ဃမြို့တော်တည်သည့်အခါ သံဃာတော်များ ပရိတ်ဓမ္မတ္တာ၊ ကမ္မဝါစာများ ရွတ်ဖတ်ပြီး ပန္နက်ရိုက်ကြောင်း မှတ်သားရပါသည်။

ထေရဝါဒမြန်မာနိုင်ငံကို မရောက်မီကမူ ဗြဟ္မာဏများ၏ အစီအရင်များအတိုင်း မြေနေရာကို ထွန်ယက်ပြီး မျိုးစေ့ခုနစ်မျိုး ကြဲရကြောင်း၊ သည့်နောက် အိမ်ယာထဲမှာ နွားများကိုလွှတ်ထားပြီး နွားချေးတို့ဖြင့် မြေကိုညီညာအောင် ကျုံရကြောင်း၊ ဟူးရားဆရာကြီးများသတ်မှတ်သည့် အချိန်အခါတွင် ငါးအရှင်နှစ်ကောင်၊ ရွှေ၊ ငွေ၊ ကြာပန်း၊ သရက်ရွက်စသည်တို့ထည့်ပြီး မြေရှင်က အဝတ်ဖြူကိုဝတ်ဆင်ကာ ဦးခေါင်းတွင်လည်း ဖြူသည့်ပန်းကိုပန်လျက်၊ နဝရတ်လက်စွပ်ကို လက်မှာဝတ်လျက်၊ အိုးကိုကိုင်လျက် နတ်မင်းများ၊ ဂြိုဟ်မင်းများကို ဟူးရားဆရာကြီးများ တိုင်ပေးသည့်အတိုင်း ရွတ်ဆိုတောင်းပန်ရကြောင်း သိရသည်။

ယင်းအစီအရင်မျိုးဖြင့် ထေရဝါဒကိုလက်ခံပြီး ဗြဟ္မဏဝါဒနှင့် ထေရဝါဒ ရောထွေးစွာ ခင်းကျင်းတတ်ကြောင်း သိရသည်။

သို့သော်လည်း ရှေးပညာရှိများက မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်စွာ လက်ခံကျင့်သုံးသည့် နိုင်ငံဖြစ်သည်နှင့်အညီ အိမ်ရာသိမ်းပိုက်ခြင်းဆိုင်ရာ မင်္ဂလာအခမ်းအနားကိုလည်း ဗုဒ္ဓ၏ အဆုံးအမနှင့်အညီသာ ဆောင်ရွက်သင့်ကြောင်း မိန့်မှာကြပါသည်။

ဗုဒ္ဓ၏အလိုတော်နှင့်အညီ အိမ်ရာသိမ်းပိုက်လိုပါက –

www.burmeseclassic.com

www.burmeseclassic.com

၁။ နေ့ကောင်းရက်သာအခါမှာ အိမ်ရာတွင်ရှိနေသည့် ချုံနွယ် ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ မြေမညီသည် ညီအောင် တူးဆွဖို့လုပ်၍ ညှိခြင်း။

၂။ အနားမညီညာသည်ကို အနားညီညာအောင် ပြုပြင်ခြင်း။

၃။ သံဃာတော်များကို ပင့်ဖိတ်၍ အလှူဒါနများ ပြုပြီးနောက် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားခြင်း၊ ကမ္မဝါစာများ ဖတ်ကြားခြင်း၊ နတ်ကောင်းနတ်မြတ်များနှင့်တကွ ရက္ခစိုး၊ ဘုမ္မစိုးနတ်များကို မေတ္တာပို့ အမျှဝေခြင်း။

၄။ အိမ်ရာနယ်နိမိတ်တစ်လျှောက် ပရိတ်ရေ ပရိတ်သဲများကို ပက်ဖြန်းခြင်း၊ ပရိတ်ပန်း၊ ပရိတ်ကြိုးများ ချည်ထားခြင်း ပြုရမည် ဖြစ်ပါသည်။ ဤသို့စနစ်တကျလုပ်ပါက အိမ်ရာသိမ်းပိုက်ခြင်းကိစ္စသည် ကောင်းစွာပြီးစီးသည်ဟု ဆိုပါသည်။ ဗုဒ္ဓ၏ အဆုံးအမများ ထိပ်ဆုံးကပါနေသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗုဒ္ဓဘာသာဝင်များပီပီ လေးစားလိုက်နာခြင်းသည် မင်္ဂလာရှိပြီးဖြစ်သည်ဟု ဆိုချင်ပါသည်။

## နေရာသတ်မှတ်ခြင်း

သင့်လျော်ကောင်းမွန်သည့် မြေကိုရွေးချယ်ပြီးနောက် ဆောက်လုပ်မည့်နေရာ သို့မဟုတ် မြေကွက်တွင် အိမ်ဆောက်လုပ်မည့်ခွင်ကို ချမှတ်ကြရပါသည်။ ထိုသို့ ခွင်ချသတ်မှတ်ရာ၌ အရပ်ရှစ်မျက်နှာ၏ သဘော၊ အရပ်ရှစ်မျက်နှာကို စိုးမိုးသည့်ဂြိုဟ်များ၏ သဘောက ပါဝင်လာပါသည်။ ယင်းအလုပ်သည် ဗေဒင်ပညာ၏အရာဟု အချို့က ဆိုကြပါသည်။

စင်စစ်မှာ ယင်းအလုပ်သည် မြန်မာမှုတစ်ခုသာ ဖြစ်ပါသည်။

လူသားများသည် နေစကြာဝဠာကြီးထဲမှာ နေကြသည့် သတ္တဝါများ ဖြစ်သည်နှင့်အညီ စကြာဝဠာကြီးအတွင်းမှာရှိသည့် ဂြိုဟ်၊ နက္ခတ်တာရာ



များနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်စပ် ပတ်သက်နေကြပါသည်။ ထိုဆက်စပ် ပတ်သက်မှုကို ရှေးအဆက်ဆက်က လူသားများက လေ့လာမှတ်သားပြီး တွေ့ရှိချက်များကိုလည်း စနစ်တကျ ပြုစုခဲ့ကြပါသည်။ ရှေးလူကြီးများ၏တွေ့ရှိချက်ကို နှောင်းခေတ်လူသားများက ဘိုးစဉ်ဘောင်ဆက် မိစဉ်ဘဆက်၊ ဆွေစဉ်မျိုးဆက် ပြုမူလုပ်ဆောင် လက်ခံလာခဲ့ကြပါသည်။ ယင်းအလေ့အကျင့်များကိုပင် ယဉ်ကျေးမှုဟူ၍ နားလည်နိုင်ပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုဖြစ်သော မြန်မာမှုသဘောတွင် အရပ်ရှစ်မျက်နှာလည်း ပါဝင်ပါသည်။ အရပ်ရှစ်မျက်နှာတွင် စိုးမိုးထားသော ဂြိုဟ်ကြီးရှစ်လုံးကိုလည်း မြန်မာဗုဒ္ဓဘာသာဝင်များက ရင်းနှီးပြီးသား ဖြစ်ပါသည်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု စသော ဂြိုဟ်ရှစ်လုံးတို့ကိုလည်း ဂဏန်းသင်္ချာအားဖြင့် -

တနင်္ဂနွေ – ၁
တနင်္လာ – ၂
အင်္ဂါ – ၃
ဗုဒ္ဓဟူး – ၄
ကြာသပတေး – ၅
သောကြာ – ၆
စနေ – ၇
ရာဟု – ၈ ဟူ၍ ကျက်မိပြီးသား ဖြစ်ကြပါသည်။

ဘုရားပုထိုးများတွင် စိုက်ထူထားသော ဂြိုဟ်တိုင်များကို ကြည့်မြင်ရ၍လည်း ထိုဂြိုဟ်များက ထိုဂြိုဟ်တိုင်စိုက်ထူထားရာအရပ်ကို ကိုယ်စားပြုနေကြကြောင်း နားလည်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဂြိုဟ်က အရှေ့မြောက်အရပ်ကို ကိုယ်စားပြုပါသည်။
တနင်္လာဂြိုဟ်က အရှေ့အရပ်
ဗုဒ္ဓဟူးဂြိုဟ်က တောင်အရပ်
ကြာသပတေးဂြိုဟ်က အနောက်အရပ်
သောကြာဂြိုဟ်က မြောက်အရပ်
စနေဂြိုဟ်က အနောက်တောင်အရပ်
ရာဟုဂြိုဟ်က အနောက်မြောက်အရပ် စသည်ဖြင့် အသီးသီး ကိုယ်စားပြုနေကြသည်ဟု သိမှတ်ထားကြပါသည်။ ရှေးပညာရှိများကလည်း ဂြိုဟ်တို့စိုးမိုးရာအရပ်ကို အောက်ပါဂြိုဟ်ကွက်အတိုင်း သတ်မှတ်ထားကြပါသည်။

| | | |
|---|---|---|
| အရှေ့မြောက် ၁ | အရှေ့ ၂ | အရှေ့တောင် ၃ |
| မြောက် ၆ | | တောင် ၄ |
| ၈ အနောက်မြောက် | ၅ အနောက် | ၀ အနောက်တောင် |

ယင်းဂြိုဟ်များ၏ စိုးမိုးရာအရပ်ကို မှတ်သားရလွယ်အောင်လည်း တနင်္ဂနွေအရပ်ဖြစ်သည့် အရှေ့မြောက်အရပ်မှစပြီး လက်ယာရစ်အတိုင်း "အက်၊ ကော၊ စေ၊ ဝ၊ ဓမ်၊ မ၊ ရုံ၊ သိ"ဟူ၍ လင်္ကာကလေးတစ်ပိုဒ်ဖြင့် နေရာချပေးခဲ့ပါသည်။



| | | |
|---|---|---|
| အက် ၁ | ကော ၂ | စေ ၃ |
| သိ ၆ | | ၄ ဝ |
| ၈ ရုံ | ၅ မ | ၀ ဓမ် |

ဘုရားပုထိုးများမှ ဂြိုဟ်တိုင်များနှင့် ရင်းနှီးပြီးသားဖြစ်သည့်အလျောက်၊ ထိုတနင်္ဂနွေအစ၊ ရာဟုအဆုံးဂြိုဟ်(ရှစ်) လုံးတို့၏ ဂြိုဟ်သက်ကိုလည်း–

တနင်္ဂနွေ – ၆ နှစ်
တနင်္လာ – ၁၅ ။
အင်္ဂါ – ၈ ။
ဗုဒ္ဓဟူး – ၁၇ ။
ကြာသပတေး – ၁၉ ။
သောကြာ – ၂၁ ။
စနေ – ၁၀ ။
ရာဟု – ၁၂ ။ ဟူ၍လည်း သိနေကြပါသည်။

ထိုအရပ်ရှစ်မျက်နှာကို စိုးမိုးသည့်ဂြိုဟ်များကို အခြေခံပြီး ဂြိုဟ်တစ်လုံးစီ၏ မူလအရပ်ကိုလည်း ရှေးလူကြီးများက သတ်မှတ်ခဲ့ကြသည်။

တနင်္ဂနွေသား၏ မူလအရပ်သည် အနောက်မြောက်အရပ်
တနင်္လာသား၏ မူလအရပ်သည် အရှေ့အရပ်
အင်္ဂါသား၏ မူလအရပ်သည် အနောက်တောင်ထောင့်အရပ်
ဗုဒ္ဓဟူးသား၏ မူလအရပ်သည် မြောက်အရပ်

www.burmeseclassic.com

www.burmeseclassic.com


ကြာသပတေးသား၏ မူလအရပ်သည် အနောက်အရပ်
သောကြာသား၏ မူလအရပ်သည် တောင်အရပ်
စနေသား၏ မူလအရပ်သည် အရှေ့တောင်အရပ်
ရာဟုသား၏ မူလအရပ်သည် အရှေ့မြောက်အရပ် ဖြစ်ပါသည်။

မူလဆိုသည်မှာ အရင်းအမြစ် အခြေခံ ဇာတိဟု အဓိပ္ပာယ်ရသည်။ ထိုအရာမှာ အိမ်ဆောက်ခြင်းအညွှန့်၊ အမြစ်၊ အသီးရှိသည့် သစ်ပင်များ စိုက်ခြင်း၊ ဥယျာဉ်ခြံမြေပြုလုပ်ခြင်း စသည်တို့ ပြုလုပ်ရသည်ဟု ရှေးလူကြီးများက သတ်မှတ်ပါသည်။

ယင်းအရပ်များကို မှတ်သားရလွယ်ရန် ရာဟုထောင့်ကစပြီး လက်ယာရစ် "အင်း၊ ဝ၊ ရှင်၊ ကြီး၊ ထန်း၊ သီး၊ စုတ်၊ ဖတ်" ဟူ၍ အစဉ်အတိုင်းချကာ သတ်မှတ်ပေးခဲ့ကြပါသည်။

| | | |
|---|---|---|
| ရှင် (၈) | ကြီး (၂) | ထန်း (၀) |
| (၄) ဝ | | သီး (၆) |
| အင်း (၁) | ဖတ် (၅) | စုတ် (၃) |

စိုးမိုးဂြိုဟ်အရပ်၊ မူလအရပ်များအပြင် "ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ စေတိ၊ ဌာန၊ သီရိ" စသော မွေးနံ့ရှိရာအရပ်ကစပြီး လက်ယာရစ်ချသည့် အရပ်များလည်း ရှိပါသေးသည်။

| | | |
|---|---|---|
| ပရိဝါရ (၁) | အာယု | နဂရ |
| သီရိ | | ဘုမ္မိ |
| ဌာန | စေတိ | ဂဟပတိ |

ဖော်ပြပါပုံစံမှာ တနင်္ဂနွေသားအတွက် အရပ်များ ဖြစ်ပါသည်။

ပရိဝါရ မှာ အခြံအရံ အစောင့်အရှောက်၊ အကာဟု အဓိပ္ပါယ်ရပါသည်။ ပါဠိစကား ဖြစ်ပါသည်။ လူတစ်ယောက်အတွက် ပရိဝါရအရပ်သည် အခြံအရံ အစောင့်အရှောက်တွေရှိမည့် အရပ်ဖြစ်ပါသည်။ ထိုလူအတွက် လုံခြုံရေး အပြည့်ရှိသောအရပ်ဟု ဆိုနိုင်ပါသည်။ ထိုအရပ်တွင် စပါးကျီလက်နက် တန်ဆာ၊ ဇရပ် စသည်တို့ ထားလေ့ရှိပါသည်။ အခြံအရံ အစောင့် အရှောက်များလည်း ထားလေ့ရှိပါသည်။

အာယု မှာလည်း ပါဠိစကား ဖြစ်ပါသည်။ အသက်ဟု အဓိပ္ပါယ်ရပါသည်။ ကျန်းမာရေးနှင့်ပြည့်စုံပြီး အသက်ရှည်မည့်အရပ်ဟု ဆိုနိုင်ပါသည်။ ထိုအရပ်တွင် ဦးခေါင်းဆေးမင်္ဂလာ ပြုလုပ်လေ့ရှိကြပါသည်။

နဂရ မှာ မြို့ရွာ၊ ပြည်ရွာဟု အဓိပ္ပာယ်ရပါသည်။ ရွာသူ ရွာသား၊ မြို့သူ မြို့သားများရှိသည့်အရပ်ဟု သတ်မှတ်ထားသည့်အတွက် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်ကောင်းသည့် နေရာများ ဖြစ်ပါသည်။ ရှေးလူကြီးများကမူ ဤအရပ်တွင် ဥယျာဉ်ခြံမြေချခြင်း၊ ကောက်ပဲသီးနှံ စိုက်ပျိုးခြင်း စသည်တို့ ပြုလုပ်သောအရပ်ဟု သတ်မှတ်ထားပါသည်။ ထိုအရပ်တွင် ရေတွင်းရေကန်များ၊ စပါးကျီများ ထားလေ့မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

**ဘုမ္မိ** မှာ မြေကြီးကိုခေါ်ခြင်း ဖြစ်ပါသည်။ မကောင်းသော အညစ်အကြေးများ မြှုပ်နှံပစ်သော သချိုင်းဟူ၍လည်း သတ်မှတ်ထားပါသည်။ ထို့ကြောင့် ထိုဘုမ္မိအရပ်မှာ မသန့်ရှင်း မစင်ကြယ်သည်များကို စွန့်ပစ်ကြပါသည်။ အိမ်သာဆောက်ကြပါသည်။ ထိုအရပ်မှာ ကျောင်း၊ ကန်၊ ဘုရားများ ဆောက်လုပ်ခြင်း မပြုရပါ။

**ဂဟပတိ**မှာ "ဂဟ" သည် အိမ် "ပတိ" သည် အရှင်၊ ထို့ကြောင့် "အိမ်ရှင်" (သို့မဟုတ်) "အရှင်သည်" ဟု အဓိပ္ပာယ်ရပါသည်။ ထိုအရပ်မှာ စပါးကျီ ကိုယ်ပိုင် ပစ္စည်းဥစ္စာ၊ ဘဏ္ဍာများထားရာ အရပ်ဖြစ်ပါသည်။ အလှူဒါနလုပ်သည့် အရပ်လည်း ဖြစ်ပါသည်။

**တေဇ** မှာ ဘုန်းတန်ခိုးကို ဆိုလိုပါသည်။ ဘုန်းကံနှင့် တန်ခိုးသြဇာ ရှိသည့်အရပ် ဖြစ်ပါသည်။ ထိုအရပ်မှာ များသောအားဖြင့် စေတီ၊ ဘုရား ပုထိုးများ တည်လေ့ရှိပါသည်။

**ဌာန** မှာ တည်ရာ နေရာ ရာထူးကို ဆိုလိုပါသည်။ လူတစ်ယောက်၏ အလုပ်အကိုင်နှင့် ပတ်သက်သည့်အရာများက ထိုအရပ်မှာရှိသည်ဟု နားလည်ပါသည်။ ထို့ကြောင့် ရှေးပညာရှိများက ထိုအရပ်မှာ ဘဝ၏တိုးတက်ရာ တိုးတက်ကြောင်း၊ အမှုများလုပ်ဆောင်ရမည်ဟု သတ်မှတ်ခဲ့ကြပါသည်။

**သိရီ** မှာ ကျက်သရေမင်္ဂလာဖြစ်ပါသည်။ လူတစ်ယောက်၏ ကျက်သရေ မင်္ဂလာအရှိဆုံး နေရာအရပ်သည် "သိရီ" အရပ် ဖြစ်သည်ဟု ရှေးလူကြီးများက သတ်မှတ်ခဲ့ကြပါသည်။ ထိုအရပ်ကို ကုသိုလ်ကောင်းမှုပြုသည့်အရပ်ဟု ဆိုကြပါသည်။ ထိုအရပ်တွင် မသန့်ရှင်းသည့်အလုပ်မျိုး ယုတ်မာသည့်အလုပ်မျိုး မလုပ်ဖို့လည်း သတ်မှတ်ထားပါသည်။

ဤအရပ်များမှာ ရှေးလူကြီးများက နောင်လူတို့အတွက်အကျိုးရှိရာ ရှိကြောင်း လေ့လာကြံဆပြီး သတ်မှတ်ခဲ့သည့် "ပတိရူပ" အရပ်များ ဖြစ်သည်။



ဤအရပ်ဌာနေများကို ရှေးမြန်မာမင်းများ လက်ထက်ကလည်း နန်းတော်များ၊ မြို့တော်များ တည်ဆောက်သည့်အခါ နေ့နံအလိုက် နေရာ သတ်မှတ်ပြီး ဆောက်လုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ အနီးစပ်ဆုံး၊ မန္တလေးမြို့တော်နှင့် နန်းတော်ကို တည်လုပ်ရာ၌ အင်္ဂါသား မင်းတုန်းမင်းတရားကြီးက ယင်း၏ နေ့နံနှင့် လိုက်လျောညီထွေဖြစ်သည့်အရပ် အသီးသီး သတ်မှတ်ပြီး ဆောက်လုပ်ခဲ့ကြောင်း တွေ့ရပါသည်။

နေ့သားအလိုက် "ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရီ" သတ်မှတ်ထားပုံကို လွယ်ကူစွာသိနိုင်ရန် အောက်တွင် ပုံစံများဖြင့် ပြသထားပါသည်။

တနင်္လာသားအတွက်

| | | |
|---|---|---|
| သိရီ | ပရိဝါရ | အာယု |
| ဌာန | | နာဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ |

ကြာသပတေးသားအတွက်

| | | |
|---|---|---|
| ဘုမ္မိ | ဂဟပတိ | တေဇ |
| နာဂရ | | ဌာန |
| အာယု | ပရိဝါရ | သိရီ |

အင်္ဂါသားအတွက်

| | | |
|---|---|---|
| ဌာန | သိရီ | ပရိဝါရ |
| တေဇ | | အာယု |
| ဂဟပတိ | ဘုမ္မိ | နာဂရ |

သောကြာသားအတွက်

| | | |
|---|---|---|
| အာယု | နာဂရ | ဘုမ္မိ |
| ပရိဝါရ | | ဂဟပတိ |
| သိရီ | ဌာန | တေဇ |

ဗုဒ္ဓဟူးသားအတွက်

| | | |
|---|---|---|
| တေဇ | ဌာန | သိရီ |
| ဂဟပတိ | | ပရိဝါရ |
| ဘုမ္မိ | နာဂရ | |

စနေသားအတွက်

| | | |
|---|---|---|
| ဂဟပတိ | တေဇ | ဌာန |
| ဘုမ္မိ | အာယု | သိရီ |
| နာဂရ | အာယု | [illegible] |

www.burmeseclassic.com

 www.burmeseclassic.com

ရာဟု (ဗုဒ္ဓဟူးနေ့ မွန်းလွဲ) သားအတွက်

| | | |
|---|---|---|
| နာဂရ | ဘုမ္မိ | ဂဟပတိ |
| အာယု | | တေဇ |
| ပရိဝါရ | သိရီ | ဌာန |

၍ "ပရိဝါရ၊ အာယု ... " စသောအရပ်များကို မြန်မာ့ရိုးရာ အိမ်ဆောက်သော ဗိသုကာ၊ လက်သမားများသာမက မြန်မာလူမျိုးတိုင်း သိမှတ်ထားသင့်ကြပါသည်။ ထိုမှသာ မိမိတို့ဆောက်မည့်နေအိမ်အတွက် မည်သည့်အရပ်မှာ မည်သို့ထားမည် စသည်ဖြင့် ဆွေးနွေးနိုင်၊ ဝေဖန်အကြံ ပြုနိုင်မည် ဖြစ်ပါသည်။

အကြောင်းမူ "ပရိဝါရ၊ အာယု၊ နာဂရ" စသော အရပ်များကို ရှေးက နန်းတော်များတည်ရာတွင်သာမက အိမ်များ ဆောက်လုပ်ရာတွင်လည်း အရပ်များ သတ်မှတ် အသုံးပြုရသည်ဟု ရှေးလူကြီးများက သတ်မှတ်ပေး ခဲ့သောကြောင့် ဖြစ်ပါသည်။

အိမ်တစ်ဆောင်ကို အကြမ်းဖျင်းကြည့်ပါက အိမ်ဦးခန်း အိမ်နောက်ခန်း ဟူ၍ တွေ့ရမည် ဖြစ်ပါသည်။ အိမ်ဦးခန်းမှာ ဘုရားခန်း၊ ဧည့်ခန်း၊ မိသားစုခန်း၊ အိမ်ရှင်အိပ်ခန်းတွေပါဝင်ပြီး အိမ်နောက်ခန်းမှာမူ မီးဖိုဆောင်၊ မီးဖွားခန်း၊ ပစ္စည်းထားသိုခန်း၊ အခြံအရံများနေသည့်အခန်း စသည်ဖြင့် ရှိရမည်ဖြစ်ပါသည်။ ခြံနှင့် ဝင်းနှင့်ဆိုပါကလည်း ကျွဲ၊ နွား၊ တိရစ္ဆာန်များ ထားသည့်နေရာ၊ စပါးကျီ၊ အိမ်သာ၊ ရေတွင်း၊ ရေကန်၊ သီးနှံ ပန်းမန်စိုက် ပျိုးသည့် နေရာများ သတ်မှတ်ရန် ဖြစ်ပါသည်။

ပရိဝါရ၊ သိရီ၊ တေဇ ကျသည့်အရပ်မှာ ဘုရားခန်း၊ ဧည့်ခန်းများ ထားရပြီး၊ နာဂရ၊ ဌာနကျသည့်အရပ်များမှာ အလုပ်အကိုင်နှင့်ပတ်သက်သော ကိစ္စများလုပ်ရန်၊ ဂဟပတိအရပ်မှာ စပါးကျီ၊ ပစ္စည်းသိုလှောင်ခန်း၊ ဘဏ္ဍာ



ခန်းတို့ထားရန်၊ မူလနာဂရအရပ်မှာ သီးနှံပန်းခြံ၊ ဘုမ္မိအရပ်မှာ အမှိုက်မှုန့် နှင့်ပစ်ရန်နေရာ၊ အိမ်သာများထားရာ အရပ်ဟူ၍ သတ်မှတ်ရပါသည်

အိမ်တစ်အိမ်အနေဖြင့် မဆိုထားနှင့်ဦး၊ မိမိတို့အိပ်သည့် အိပ်ခန်းမှာပင် မူလ ပရိဝါရ၊ တေဇ၊ သိရီအရပ်ကျရာမှာ ဘုရားပုံတော်များ ချိတ်၊ ထိုမှာဘက်အရပ်များကို ဦးခေါင်းထားအိပ်၊ ဂဟပတိအရပ်ကျရာမှာ ပစ္စည်း ဥစ္စာတွေထား၊ ခြေရင်းဘက်လည်းဖြစ်၊ ဘုမ္မိအရပ်လည်းဖြစ်သည့်အရပ်မှာ အဝတ်များထည့်သည့်ခြင်းနှင့် အိမ်သာအိုးများထားနိုင်ကြောင်း ရှေးလူကြီး များက မိန့်ဆိုခဲ့ကြပါသည်။

ယင်းအရပ်များကို နေ့သားအလိုက် အလွယ်တကူ သိရှိနိုင်ရန် အောက်ပါအတိုင်း ဇယားဖြင့် တင်ပြအပ်ပါသည်။

| အရပ် / နေ့သား | မူလ | ပရိဝါရ | အာယု | နာဂရ | ဘုမ္မိ | ဂဟပတိ | တေဇ | ဌာန | သိရီ |
|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | နမ | ရမ | ရ | ရတ | တ | နတ | န | နမ | မ |
| တနင်္လာ | ရ | ရ | ရတ | တ | နတ | န | နမ | မ | ရမ |
| အင်္ဂါ | နတ | ရတ | တ | နတ | န | နမ | မ | ရမ | ရ |
| ဗုဒ္ဓဟူး | မ | တ | နတ | န | နမ | မ | ရမ | ရ | ရတ |
| ကြာသပတေး | န | န | နမ | မ | ရမ | ရ | ရတ | တ | နတ |
| သောကြာ | တ | မ | ရမ | ရ | ရတ | တ | နတ | န | နမ |
| စနေ | ရတ | နတ | န | နမ | မ | ရမ | ရ | ရတ | တ |
| ရာဟု | ရမ | နမ | မ | ရမ | ရ | ရတ | တ | နတ | န |

မှတ်ချက်။ ။ ရ - အရှေ့
န - အနောက်
တ - တောင်
မ - မြောက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤ "မူလ၊ ပရိဝါရ" စသော အရပ်များဖြင့် ရှေးမြန်မာကြီးများသည် မိမိတို့နေထိုင်မည့်အိမ်ကို နေရာပေး အကွက်ချ ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ နှောင်းခေတ်မြန်မာများအနေဖြင့် ရှေးမြန်မာကြီးများ၏ မြန်မာမှုဓလေ့ ထုံးစံများကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြတ်နိုးစရာ မြန်မာမှုများအနေဖြင့် တင်ပြလိုက်ရပါသည်။

## (၅) သစ်ကောင်း၊ ဝါးကောင်းရွေးချယ်ခြင်း ။

ရှေးခေတ် ဘုရင့်နန်းတော်များမှသည် လူနေအိမ်များအထိ "သစ်" ကို အသုံးပြုပြီး တည်ဆောက်ခဲ့ကြောင်း ရှေးအခန်းများမှာ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုမျက်မှောက်ခေတ်တိုင်အောင်လည်း သစ်ဖြင့်သာအိမ် များကို ဆောက်လုပ်နေကြဆဲဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာ အိမ်တစ်အိမ်အတွက် မရှိမဖြစ် လိုအပ် သော ဆောက်လုပ်ရေးပစ္စည်းမှာ "သစ်" ဖြစ်ကြောင်း အထူးဆိုဖွယ် မရှိပါ။ အိမ်တစ်အိမ်တွင်ဖွဲ့စည်းပါဝင်ရသည့် တိုင်၊ ထုပ်၊ လျှောက်၊ ဒိုင်း မြားတို့ကစပြီး ပြတင်းများ၊ တံခါးများ၊ အမိုးအကာ၊ အခင်းတို့မှာ သစ်ကို သာအသုံးပြုများကြပါသည်။

လူနေအိမ်အဆောက်အအုံများအတွက် လုံလောက်စွာအသုံးပြုနိုင် လောက်အောင် မြန်မာနိုင်ငံကလည်း သစ်ဝါးပေါများလှပါသည်။ တော တောင်များထူထပ်ပေါများသည့်အလျောက် အိမ်ဆောက်ရန်လိုအပ်သော သစ်ကောင်း၊ ဝါးကောင်း၊ သစ်ကြီးဝါးကြီးများကလည်းပေါများလှပါသည်။

သို့သော်လည်း ယခုခေတ်မှာကဲ့သို့ အဆင်သင့်ခုတ်ပြီး၊ ခွဲပြီး၊ စိပ်ပြီး သောသစ်များကိုရှေးခေတ်ကရနိုင်သည်မဟုတ်ရာ၊ ကိုယ်တိုင်တောထဲ ဝင်ပြီးလိုအပ်သည့်သစ်ကိုခုတ်ယူရပါသည်။ အိမ်တစ်အိမ်အတွက် လိုအပ်သလောက်သစ်ကိုတွက်ချက်တင်ပြပြီး၊ သက်ဆိုင်ရာကိုသစ်ခုတ် ခွင့်အမိန့်ခံရပါသည်။ အမိန့်ရမှသစ်တောထဲဝင်ပြီး ခုတ်ရပါသည်။



တောထဲဝင်၍ သစ်ခုတ်သည်ဆိုရာ၌လည်း ရှေးက တောမြင်တိုင်း ခုတ်ကြသည်မဟုတ်ပါ။ သိန်းငှက်၊ စွန်ငှက်၊ ခင်ပုတ်ငှက်တို့များစွာအမြဲ နေသောတောတွင် သစ်ခုတ်ခြင်းမပြုအပ်ဟုဆိုသောကြောင့် ထိုတောမျိုး ကို ရှောင်ကြပါသည်။ အလားတူလင်းတစသောငှက်ယုတ်မာများနေသော တောကိုလည်း သစ်မခုတ်ကောင်းသောတောအဖြစ် ရှောင်ကြပါသည်။

" သိန်းစွန်ခင်ပုတ်၊ နေတောအုပ်
သစ်ခုတ်မပြုအပ်
လင်းတစွာ
ငှက်ယုတ်မာ

နေရာမခုတ်အပ်"ဟူ၍ ရှေးပညာရှိတို့က လင်္ကာဖွဲ့ဆိုမိန့်မှာခဲ့ကြပါ သည်။

တောအုပ်အနေဖြင့်ယူစွဲခြင်းရှိသကဲ့သို့ သစ်တစ်ပင်ချင်းယူစွဲခြင်း လည်း ရှိပါသေးသည်။

အိမ်ဆောက်သစ်အတွက် သစ်တောထဲသွားသည့်အခါခုတ်လှဲမည့် သစ်ပင်ပေါ်က ခင်ပုပ်၊ စွန်စသည့်ငှက်များ အသိုက်အထပ်ပြန်ခြင်းမျိုးတွေ့ မြင်ခဲ့သော် ထိုသစ်ပင်သည် မကောင်းဟုအယူရှိကြပါသည်။ မခုတ်ဘဲ ရှောင်ကြပါသည်။

ဝံလို၊ ဝံလက်၊ ဥဖျိုင်း၊ ကြိုးကြာ၊ ဥသြ၊ ဥဒေါင်း၊ ရေကြက်၊ ကျီး ခိုညှင်းစသည့်ငှက်များ အသိုက်ကပြုံးတုံးပြီး ပျံထွက်သည်ဖြစ်စေ အသိုက်ကိုဝင်သည်ဖြစ်စေ မြင်ပါက မင်္ဂလာရှိသည်ဟု ယူဆကြပါသည်။ ထိုသစ်မျိုးကိုလည်း ကောင်းသည့်သစ်၊ မင်္ဂလာသစ် ဖြစ်သည်ဟုယူပြီး ခုတ်ကြပါသည်။

"ထိုသစ်ကို ကြငှန်းတိုင်ပြုလုပ်သော် ကြွယ်ဝချမ်းသာ၏" ဟု ဗေဒင်ဆရာက ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သုတေသနပြုသမျှ မြန်မာ့သစ်မှသစ်အမျိုးအစားပေါင်း ၃၀၀ ကျော်မျှရှိကြောင်းသိရပါသည်။ ယင်းတို့အထဲမှ အလေးဝန်ကိုထမ်းနိုင်ခြင်း၊ ရာသီဥတုဒဏ်ကိုခံနိုင်ခြင်း၊ ခြ၊ ပိုးမွှားများ၏ဒဏ်ကိုခံနိုင်ခြင်းရှိသောသစ်များသာ အိမ်ဆောက်ရန်အသင့်ဆုံးသစ်များဖြစ်ပါသည်။

ရှေးခေတ် မြန်မာဗိသုကာကြီးများသည် အိမ်ဆောက်ရာတွင် အသုံးပြုမည့်သစ်များကိုရွေးချယ်ရာ၌ သေသေချာချာနားလည်ကျွမ်းကျင်ကြကြောင်း မှတ်တမ်းများမှာ တွေ့ရပါသည်။ လေးစားစရာကောင်းသော မြန်မာဗိသုကာများ၏ စွမ်းရည်တစ်ရပ်ဟုဆိုသင့်ပါသည်။

ယင်းရှေးလူကြီးများ၏အဆိုအရ အိမ်မဆောက်ကောင်းသောသစ် (၁၁) မျိုးရှိကြောင်း သိရပါသည်။ ယင်းတို့မှာ-

(၁)မိကျောင်း (၂) မအူ (၃) သခွတ်သား (၄) ညောင်သား
(၅)သျှစ်သျှားသား (၆) ဆီးသား (၇) သပြေသား (၈)သစ်ဆိမ့်သား
(၉)ကလောသား (၁၀)လက်ပံသား (၁၁)လဲဝါသား စသည်တို့ဖြစ်ပါသည်။

" မိချောင်းမအူ သခွတ်ဟူသား၊ ညောင်ရှစ်ရှားနှင့် ဆီးသားသပြေ
သစ်ဆိမ့်ရေလျှက်၊ တထွေကလော ကြီးမောကိုင်းလုံ၊ လက်ပံလဲဝါ
ဆယ့်တစ်ဖြာကို၊ အိမ်ပါတစ်ရပ်၊ မဆောက်အပ်တည်း" ဟူ၍လည်း ကဗျာလင်္ကာဖြင့် ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြပါသည်။

အချို့ကလည်း ထိုသစ်များအပြင်-

(၁)ကသစ်သား
(၂)ပညောင်သား
(၃)ဖျောက်ဆိပ် (သလဲ) သား
(၄)သစ်ပုပ်သင်သား
(၅)သစ်လင်းတသား (ဖက်သန်း)တို့ကိုလည်း ရှောင်ကြဉ်ရန် သတိပေးထားပါသည်။



ဒေါ်ခင်ခင်စု တည်းဖြတ်သည့် ဗိသုကာကျမ်းအလိုအရ အိမ်၊ ကျောင်း မဆောက်အပ်ရာသော သစ်ပင်မှာဆယ်ပါးဖြစ်သည်။ ၎င်းတို့မှာ မအူ၊ ကသစ်၊ လက်ပံ၊ ပင်လယ်ရှား၊ ညောင်ရှစ်ရှား၊ သစ်ဆိမ့်၊ ကလော၊ သီး၊ သပြေ တို့ဖြစ်ပါသည်။ ထိုသစ်ပင်ဆယ်ပါးတို့၏ အဆင်းကို ပညာရှိသော ယောက်ျားမြတ်သည် သိရာ၏ ရှောင်ရာ၏ဟု ဆိုထားပါသည်။

ထို့ပြင်-

"သစ်ပင်တကာ အပွင့်ရှိ၍ ထိုသစ်ပင်အပွင့်မရှိသောသစ်၊
သစ်ပင်တကာအရွက်ရှိ၍ ထိုသစ်ပင်အရွက်မရှိသောသစ်၊
တောင်ပို့ထက်၌ရောက်သောသစ်၊
နွယ်ရစ်သောသစ်ပင်
ငှက်သိုက်မှထွက်၍ ပျံခဲ့သော သစ်ပင်၊
အပင်အထိပ်ရောင်ရောင်ရှိသောသစ်
လေဖြင့်ခတ်၍ကျိုးသောသစ်၊

ထိုသစ်ပင်တို့၏အဆင်းကို ပညာရှိတို့သည်သိကုန်ရာ၏။ ဟူ၍ ရှောင်အပ်သောသစ်မျိုးကို ထပ်မံပြဆိုထားပါသည်။

အိမ်မဆောက်အပ်သောသစ်ကိုပြထားသကဲ့သို့ အိမ်ဆောက်လုပ်အပ်သောသစ်မျိုးကိုလည်း-

အင်ကြင်း၊ ကျွန်းသား၊ စကားသား၊ သရဖီသား၊ ခံ့ညင်းသား၊ ပင်ကန့်ပိတောက်၊ ရှားဟူ၍ ပြဆိုထားပါသည်။

အိမ်ဆောက်အပ်သောသစ်ပင်လျှင် ခုတ်၍ရသောသစ်တိုင်းကို ရှေးခေတ်က အသုံးမပြုကြချေ။ မသုံးကောင်း၊ အသုံးအပ်ဟု ရှေးဆက်မြတ်တို့သတ်မှတ်ခဲ့သောသစ် ရှစ်မျိုးရှိပါသည်။ ထိုသစ်ရှစ်မျိုးကို အသုံးမပြုသင့်ဟု ပယ်ကြရှောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသစ်ရှစ်မျိုးမှာ–

(၁) ဆွဲချသစ်

သစ်ခုတ်သည့်အခါ အချို့သစ်တို့သည် တိတိပြတ်ကျခြင်း မရှိဘဲ အပင်မှာပင်တွဲလွဲဖြစ်နေတတ်ပါသည်။ ထိုသစ်မျိုးကို "ဆွဲချသစ်" ဟုခေါ်ပါသည်။ ထိုသစ်မျိုးကို အိမ်ဆောက်ရာ၌ အသုံးပြုပါက အိမ်ရှင်သေတတ်သည်ဟုဆိုပါသည်။

(၂) သစ်ဘီလူး

အထက်ကြီး၍အောက်ရှူးသောသစ်မျိုးကိုလည်း အိမ်ဆောက်ရာ၌ အသုံးမပြုကောင်း၊ ရှောင်သင့်သည်ဟု ဆိုပါသည်။ထိုသစ်မျိုးကို "သစ်ဘီလူး"ဟုခေါ်ပါသည်၊ လင်ရောမယားပါ သေစေတတ်သည်ဟု ဆိုပါသည်။

(၃) လမ်းချောင်းကူးသစ်

လမ်းကိုကူးသောသစ်၊ ချောင်းကိုကူးသော သစ်မျိုးမှ "လမ်းကူးသစ်၊ ချောင်းကူးသစ်"ဟုခေါ်ပါသည်။ သုံးမိပါက ရန်သူမျိုးငါးပါး ဘေးတွေ့တတ်သည်ဟုဆိုပါသည်။

(၄) သူကောင်တင်သစ်

ခုတ်ပြီးအောက်သို့တိုက်ရိုက်မကျဘဲ၊ အပေါ်မှာပင် တင်နေသည့် သစ်မျိုးကိုခေါ်ပါသည်။ ထိုသစ်မျိုးကိုအသုံးပြုမိပါက အိမ်တွင် အသုဘချရတတ်သည်ဟု ဆိုပါသည်။

(၅) သစ်မျောက်

တစ်ကိုင်းနှင့်တစ်ကိုင်းကြိတ်နေသော သစ်မျိုးကိုလည်း တောထဲတွင် တွေ့ရတတ်ပါသည်။ ထိုသစ်မျိုးကို "သစ်မျောက်" ဟု ခေါ်ပါသည်။ ထိုသစ်မျိုးအသုံးပြုမိပါက အမြင့်မှ လိမ့်ကျတတ်သည်ဟုဆိုပါသည်။



(၆) နပုံးသစ်

အလယ်ကပွနေသောသစ်မျိုးကို "နပုံးသစ်" ဟု ခေါ်ပါသည်။ ဆင်းရဲတတ်သည်၊ ဘေးတွေ့တတ်သည်၊ ရန်စမီးပွား များတတ်သည်ဟုဆိုကာ အသုံးမပြုကြပါ။

(၇) သစ်နဂါး

နွယ်ပင်များပတ်ပြီးတတ်နေသောသစ်မျိုးကိုမူ "သစ်နဂါး" ဟုခေါ်ပါသည်။ ထိုသစ်မျိုးကိုလည်း ဖွတ်တက်၊ ဗျိုင်းနား ဖြစ်တတ်သည်၊ ရန်စမီးပွားများတပ်သည်၊ ဘေးဥပဒ် တွေ့တတ်သည် ဟုဆိုကာ ရှောင်ကြပါသည်။

(၈) တံစိုသစ်

အဖျားအလွန်ရှူးသောသစ်မျိုးကို "တံစိုသစ်" ဟုခေါ်ပါသည်။ ထိုသစ်မျိုးကိုလည်း ရှောင်အပ်သောသစ်မျိုးဟု ဆိုပါသည်။ မရှောင်၍သုံးမိပါက ဘေးရန်အန္တရာယ်များတတ်သည်ဟု ဆိုပါသည်။

မသုံးအပ်သောသစ်ရှစ်မျိုးကိုရွက်ဆိုမှတ်သားရလွယ်ကူစေရန် ကဗျာလင်္ကာဖြင့် အောက်ပါအတိုင်းဖွဲ့ဆိုထားပါသည်။

"ခုတ်ကာတွဲလဲ၊ ပေါ်မှာဆွဲ၊ ဆွဲချသစ်ဟုမှတ်၊
ဆွဲချသစ်မှာ၊ သုံးဆောင်ငြား၊ ပျက်ပြားသေဆုံးတတ်၊
ထက်ကြီးအောက်ရှူး၊ အနေထူး၊ ဘီလူးသစ်ဟုမှတ်
ဘီလူးသစ်တွင်၊ သုံးခဲ့လျှင်၊ လင်နှင့်မယား သေဆုံးတတ်၊
လမ်းကိုလွန်ကျူး၊ ချောင်းကိုကူး၊ လမ်းချောင်းကူးဟုမှတ်၊
လမ်းချောင်းကူးမှာနေခဲ့ပါ၊ ငါးဖြာရန်တွေ့တတ်၊
ခုတ်ပြီးပေါ်တွင် နေခဲ့လျှင်၊ သူကောင်တင်ဟုမှတ်၊
သူကောင်တင်ရာ သုံးခဲ့ပါ၊ မသာချရတတ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းခက်ပေါ်တင်၊ ကြိုတ်ခဲ့လျှင်၊ မည်တွင်သစ်မျောက်မှတ်
သစ်မျောက်ကိုလဲ သုံးဆောင်စွဲ၊ ချွတ်လွဲလိမ့်ကျတတ်၊
အလယ်ကပူ၊ ထိုသစ်မူ၊ ခေါ်ယူနပုံးမှတ်
နပုံးသစ်များ သုံးဆောင်မှား၊ ကြီးမားဘေးတွေ့တတ်၊
နွယ်ပတ်တက်သွား ထိုသစ်များ၊ နဂါးဟူ၍မှတ်
နဂါးသစ်များ သုံးဆောင်မှား၊ မီးပွား ရန်တွေ့တတ်
ဖွတ်တက်ဗျိုင်းနား၊ ဥပါဒ်များ၊ ထင်ရှားဖြစ်လာတတ်
ရင်းဖျားသွယ်လစ်၊ တံစို့သစ်၊ စွန့်ပစ်ဖယ်ရှားအပ်

ရှေးဆရာမြတ်များ၏ မိန့်ဆိုချက်အရ နေအိမ်အတွက် နိမိတ်မကောင်းသော အခြားသစ်မျိုးများလည်း ရှိပါသေးသည်။

၁။ သစ်ပင်မှ မြောက်သို့သွားသောကိုင်းသည် ခြောက်သွေ့နေပါက "မြောက်ကိုင်းခြောက်သစ်" ဟု ခေါ်ပါသည်။ ထိုသစ်ကို နေအိမ်ဆောက်ရာတွင် ထည့်သုံးပါက ခြောက်သွေ့ခြင်းနိမိတ် ပါလာသောကြောင့် ဝင်ငွေခြောက်သွေ့ လာဘ်တိတ်တတ် ပါသည်။ မိသားစုသည် သာသာယာယာ စိုစိုပြည်ပြည်မရှိဘဲ အမြဲခြောက်သွေ့စွာ လှုပ်ရှားနေရတတ်သည်။

၂။ သစ်ပင်သည် သစ်တောအုပ်ကိုကျော်ကာ ကောင်းကင်သို့ တစ်ပင်တည်း ထီးထီးကြီး အဖျားရှူးတက်သွားသော သစ်ကို "ကောင်းကင်ရှူးသစ်" ဟု ခေါ်ပါသည်။

၃။ သစ်ပင်၏ပင်စည်တွင် တစ်ဖက်တစ်ချက် အမျက်ညီသော သစ်ကို "တံကျင်သစ်" ဟု ခေါ်ပါသည်။

၄။ သစ်ပင်ကို ခုတ်နေဆဲကာလတွင် ပင်စည်မှလည်းကောင်း သစ်မြစ်မှလည်းကောင်း ရေယိုထွက်လာသောသစ်ကို "သစ်ငို" ဟု ခေါ်ပါသည်။ ထိုသစ်ကို နေအိမ်ဆောက်၍နေမှု မိသားစုများ စိတ်သောကရောက်၍ မျက်ရည်နှင့်မျက်ခွက် မပြတ် ဖြစ်ရတတ်သည်။



၅။ သစ်ပင် ပင်စည် အခေါက်ပတ်ပတ်လည်တွင် အပိမ့် အပိမ့်၊ အပြောက် အပြောက်ပါသောသစ်ကို "သစ်ပြောက်" ဟု ခေါ်ပါသည်။ လူများတွင် အဖု အကြိတ် အနာပေါက်သကဲ့သို့ ရှိပါသည်။

၆။ သစ်ပင်ရင်းတွင် ငါးကြင်းမြီးကဲ့သို့ အမြီးနှစ်ခွသဏ္ဌာန်ရှိသော သစ်ကို ငါးကြင်းမြီးသစ် ဟု ခေါ်ပါသည်။

၇။ သစ်ပင်ခုတ်နေဆဲ သစ်ပင်မှ မသိမသာ "ဟင်း" "ဟီး" ဟု မည်သံပေးသောသစ်ကို "ရှူသံသစ်" ဟုခေါ်ပါသည်။ ရှူသံသစ်ကို နေအိမ်တွင် သုံးမိပါက မိသားစုများစွာ စိတ်ဒုက္ခရောက်ရတတ် ပါသည်။ ကျန်းမာရေးလည်း ကျဆင်းရတတ်သည်။

၈။ သစ်အရင်း အဖျား၊ အလယ်သိမ်၍ လိမ်စောင်းစောင်းရှိသော သစ်ကို "မိကျောင်းတင်" သစ်ဟု ခေါ်ပါသည်။

၉။ အိမ်ဆောက်ရန်အတွက် သတ်မှတ်ထားသောသစ်ကို မခုတ်မလှဲမီပင် ခြေရင်းမီးလောင်သွားသောသစ်ကို "မီးလောင်သစ်" ဟု ခေါ်ပါသည်။ မီးလောင်သစ်ကို နေအိမ်တွင်အသုံးပြုမိပါက မိသားစုများ သောကမီး၊ ဒုက္ခမီး အမြဲလောင်ကျွမ်း နေတတ်ပါသည်။

ထိုသစ်များမှာ မကောင်းသော အတိတ်နိမိတ်ပြသဖြင့် နေအိမ်ဆောက်ရန် နိမိတ်မကောင်းသောသစ်၊ အိမ်မဆောက်ကောင်းသောသစ် ဟူ၍ ဆိုရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နိမိတ်သဘောဖြင့်မဟုတ်ဘဲ သစ်၏ ကြံ့ခိုင်မှုသဘောအရ နေအိမ်မဆောက်ကောင်းသော နေအိမ်ဆောက်လျှင် ရေရှည် မခိုင်ခံ့ပဲ ပျက်စီးလွယ်သောသစ်များမှာ ၁၂ မျိုး ရှိပါသည်။ ယင်းတို့မှာ -

၁။ နတ်သတ်သစ်
၂။ တစ်ခြမ်းသေသစ်
၃။ ငါးကြင်းကွက်သစ်
၄။ ခွဲဖတ်ရေဝင်သစ်
၅။ တုံ့လုံးလှဲသစ်
၆။ ဆွေးမြေ့သစ်
၇။ ခေါင်းသက်သစ်
၈။ အူနာသစ်
၉။ ဖျားယောင်းသစ်
၁၀။ သစ်ဖျားအိမ်သစ်
၁၁။ ခွဲဝှက်သစ်
၁၂။ ရေကျော်သစ် တို့ ဖြစ်ပါသည်။

သစ်ပင်သည် သူ့အလိုလို တဖြည်းဖြည်း သစ်ရွက်များ၊ ဝါကြွေလာမည် သည့်နောက် သစ်ကိုင်းဖျားများ ခြောက်သွေ့လာမည်။ ပင်စည် အခေါက်များ ကွာကျလာမည်။ ထိုသစ်ကို "နတ်သတ်သစ်" ဟု ခေါ်ပါသည်။ နတ်သတ်သစ်၏အရောင်မှာ ဝါကြန့်ကြန့်ရှိသည်။ အကာ အနှစ်သည် မာဆတ်ဆတ်ရှိသည်။ အိမ်တိုင်အဖြစ်သုံးလျှင် ကျိုးနိုင်ပဲ့နိုင်သည်။

သစ်ပင် ပင်စည်သည် တစ်ခြမ်းအခေါက်ခြောက်၊ တစ်ခြမ်းအခေါက်စိုဖြစ်နေသောသစ်ကို "တစ်ခြမ်းသေသစ်" ဟု ခေါ်ပါသည်။

သစ်ပင်၏ပင်စည်တွင် ငါးကြင်းကွက်ကဲ့သို့ အကွက်အကွက်ရှိသော သစ်ကို "ငါးကြင်းကွက်သစ်" ဟု ခေါ်ပါသည်။ ငါးကြင်းကွက်သစ်၏



အသားသည် ပွသည်၊ အကာသားပေါ်တွင် အမျက်များစွာရှိသည်။ သစ်ကြောရှန်း၊ သစ်ကြောရှုံ့ပါသည်။

ပင်စည်၏အခေါက်ကြား ရေဝင်ပြီး အကာသားတစ်လျှောက် ခွဲဖတ်လန်နေသောသစ်ကို "ခွဲဖတ်ရေဝင်သစ်" ဟု ခေါ်ပါသည်။ ထိုသစ်ကို အိမ်ဆောက်လျှင် အကာသားများ မကြာမီ ဆွေးကွာလာတတ်ပါသည်။

သစ်ခုတ်ပြီး အိမ်မဆောက်မီ သစ်ကို မြေပေါ် တုံးလုံးလှဲချထားသော သစ်ကို "တုံးလုံးလှဲသစ်' ဟု ခေါ်ပါသည်။ ထိုသစ်သည် မြေတတ်ကြောင့် အကာသားများ ဆွေးကြောင်လာတတ်ပါသည်။ ချစားရာများ ရှိလာတတ်ပါသည်။

အရင်း အဖျား အလယ် အဆွေးပါသောသစ်ကို "ဆွေးမြည့်သစ်" ဟု ခေါ်ပါသည်။ ဆွေးမြည့်သစ်၏ ကိုင်းဖျားများသည် ခြောက်သွေ့နေတတ်သည်။ သစ်အရင်းအဖျားလှန့်ဖြတ်လျှင် အခေါင်းသဲထွက်ပါသည်။

တစ်ပင်လုံး အခေါင်းပါသောသစ်ကို "ခေါင်းသက်သစ်" ဟု ခေါ်ပါသည်။ ထိုသစ်ကိုခုတ်လျှင် ပင်ခြေအလယ် အနက်ရောင်သဲတွေ့မည်။ ထိုသဲတွေ့လျှင် ခေါင်းသက်သစ်သာ ဖြစ်ပါသည်။

သစ်ခုတ်ပြီး ပင်ခြေထိပ်ဝတွင် ကျပ်ပြားဝိုင်း၊ ဒိုးပြားဝိုင်းလောက် အခေါင်းသေးသေးပါသော သစ်ကို "အူနာသစ်" ဟု ခေါ်ပါသည်။

သစ်မခုတ်မီက ပင်စည်ဖျားသွေ့ယောင်းခြောက်နေသော သစ်ကို "ဖျားယောင်းသစ်" ဟု ခေါ်ပါသည်။

အဖျား သစ်သိမ်လှန်းသောသစ်ကို "သစ်ဖျားသိမ်" ဟု ခေါ်ပါသည်။

သစ်အကာသားအတွင်းသို့ အခွံလိပ်၍ဝင်သောသစ်ကို "ခွဲဝှက်သစ်" ဟု ခေါ်ပါသည်။

ပင်စည် သစ်လုံးတစ်ဖက်ပိန်သောသစ်ကို "ရေကျော်သစ်" ဟု

www.burmeseclassic.com

www.burmeseclassic.com


ခေါ်ပါသည်။ ရေကျော်သစ်သည် အပင်ပေါက်စကတည်းက အနာပါလာသောကြောင့် သစ်တစ်ဖက်ပိန်ခြင်း ဖြစ်ပါသည်။

ထိုသစ်မျိုးများအပြင် မသုံးကောင်း၊ မသုံးအပ်ဟု ရှောင်ကြဉ်ရသော သစ်သုံးမျိုးရှိပါသေးသည်။ ယင်းတို့မှာ "မီးကျော်သစ်" သုံးမျိုး ဖြစ်ပါသည်။

အိမ်ဆောက်မည်ဟု ပုံထားစဉ် လူသေမှု "မီးကျော်သစ်" ဖြစ်ပါသည်။ မီးဖွားပါကလည်း "မီးကျော်သစ်" ဖြစ်ပါသည်။ မီးလောင်သွားလျှင်လည်း "မီးကျော်" ဖြစ်ပါသည်။ ထိုမီးကျော်သစ် သုံးမျိုးကို အသုံးပြုမိပါက ဘေးဒုက္ခရောက်တတ်သည်ဟု အယူရှိကြပါသည်။ မသုံးကောင်းသော သစ်မျိုးအဖြစ် ပယ်ကြ ရှောင်ကြဉ်ကြပါသည်။

အကယ်၍ အခြေအနေအရ မဖြစ်မနေအသုံးပြုရမည်ဖြစ်သည့်အခါတရော်၊ ကင်ပွန်းရေများဖြင့် သနစ်ချေခြင်း၊ သိဒ္ဓိတင်ခြင်း ပြုပြီးမှ ဆေးကြော၍ အသုံးပြုသင့်ပါသည်။

၁။ မျက်လည်ရှိသောသစ် ၂။ အမျက်ဝန်းရှိသောသစ် ၃။ အမျက်ကျွတ်သောသစ်များကိုလည်း မသုံးကောင်း၊ မသုံးအပ်ဟူ၍ ရှေးက ရှောင်ကြပါသေးသည်။

အသုံးပြုရန် အကောင်းဆုံးသောသစ်မျိုးမှာ ထိုကဲ့သို့သော ပယ်သစ်မျိုးနှင့် ကင်းလွတ်ပြီး အရင်းအဖျားညီသည့် သစ်မျိုး (သစ်ယောကျ်ား) နှင့် အဖျားသွယ်သည့်သစ်မျိုး (သစ်မိန်းမ) တို့ကိုသာ ရွေး၍ အသုံးပြုကြပါသည်။ ထိုသစ်မျိုးကို အသုံးပြုခြင်းဖြင့် ဘေးရန်အန္တရာယ် မကျရောက်မကပ်ငြိဘဲ၊ သုခချမ်းသာ ကောင်းကျိုးအဖြာဖြာ ရနိုင်သည်ဟု ယုံကြည်ကြသည်။

လောကဟိတရာသီကျမ်း၌ သစ်မိန်းမကို အိမ်ဆောက်လုပ်၍နေမူ ချမ်းသာအံ့၊ သစ်ယောကျ်ားကို အိမ်ဆောက်လုပ်၍နေမူ ဘေးအန္တရာယ်ကင်း၍ ရန်သူကိုအောင်မြင်အံ့ ဟု ခွဲခြား ဖော်ပြထားပါသည်။

အိမ်ဆောက်ရန်အတွက် သစ်များကို မည်သို့ပင် ရွေးနိုင်စေကာမူ သစ်ကြမ်း၊ ဝါးကြမ်းနှင့် ကင်းလွတ်ရန်မှာမူ လွန်စွာ ခဲယဉ်းလှသည်။ တစ်ခုမဟုတ် တစ်ခု ပါတတ်စမြဲ ဖြစ်ပါသည်။ သိလျက်နှင့် ပါလာသလို မသိဘဲနှင့် ပါရသည်များလည်း ရှိပါသည်။ သစ်ကြမ်း၊ ဝါးကြမ်း ပါသည်နှင့် အိမ်ရှင်ကို တစ်ခုမဟုတ် တစ်ခု ခိုက်နိုင်ပါသည်။ သစ်ကြမ်း၊ ဝါးကြမ်းများကို နိုင်သည့် ဆေးဖော်ပြီး တိုင်များ၊ ယက်မများ၊ စရွေးများတွင် သုတ်လိမ်းပေးခြင်းဖြင့် သစ်ကြမ်း၊ ဝါးကြမ်းများ၏ အန္တရာယ်ကို ကာကွယ်နိုင်ကြောင်း ရှေးဆရာတို့က နည်းပေးလမ်းပြ ပြုလုပ်ခဲ့ပါသည်။

"ကြက်၊ ဆိတ်၊ ဆေး၊ လင်း၊ ရှိန်း၊ ကန်သွင်း၊ မြင်းချေး ထည့်ကြိတ်ကြ၊
ပုန်းရေဖျော်ပါ၊ အိမ်ကျောင်းရာ၊ ဖျန်းကာပက်လေကြ၊ ၎င်းဆေးသာ
တိုင်ရင်းမှာ၊ ဆွဲကာသုတ်အပ်စွ"

ယင်းလင်္ကာအရဟုဆိုသော် ကြက်သွန်နီ၊ ဆိတ်ချေး၊ ဆေးဒါန်း၊ လင်းနေ၊ ရှိန်းခို၊ ကန့်၊ မြင်းချေး ၎င်းခုနစ်ပါးကိုကြိတ်၊ ဆန်ပုန်းရေနှင့်ဖျော်ပြီး အိမ်ဆောက်လိုသောမြေကို ပက်ပါက မြေကြမ်းကိုနိုင်သည်။ တိုင်ရင်းမှာ သုတ်ပါက သစ်ကြမ်းကိုနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

တိုင်ကိုသုတ်ရမည့် ဆေးကိုသာမက ယက်မမှာသုတ်ရမည့် ဆေး၊ စရွေးမှာသုတ်ရမည့် ဆေးများကိုလည်း –

"ပန်းရင်းတစ်ပါး၊ ဆောင်မေးခါး၊ ညက်ထွားကြိတ်လေကြ၊
ဆီနှင့်ဖျော်ကာ၊ ယက်မမှာ သုတ်ပါ ကောင်းမြတ်လှ၊ စန္ဒကူးနီဖြူ
ပန်းပေါင်းဟူ၊ ယူလေဆေးပန်းရင်း၊ ပရိတ် ရွှေငွေ၊ ပတ္တမြားရေ
ဖျော်လေမှန်မယွင်း၊ စရွေးမှာသာ သုတ်လေပါ၊ ရန်ကွာ ဘေးမျိုးကင်း၊ မြေကြမ်း သစ်ဆိုး နိုင်လေရိုး၊ နိမ်ချိုး ဖယ်ဖျောက်ခြင်း" ဟူ၍
ဖော်ညွှန်းဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ သုတ်လူးရသော ဆေးတစ်မျိုးမှာ –

"ဆိတ်ဘူး၊ လင်းလေ၊ မုန်ညင်းဆန်၊ နွှာမြေရင်း၊ ရှိန်းခို၊ ဆေးဒါန်းကန့်တိုက်၊ ဆိတ်ဘလူမြစ်" ဤရှစ်ပါးကို ပုန်းရည်နှင့်ကြိတ် ပုန်းရည်နှင့်ဖျော်၍ သစ်အရင်းကို သုတ်လူးထားရာသည်"ဟု တွေ့ရသကဲ့သို့၊ "ဆိတ်ဘူး၊ လင်းလေ၊ ကြက်မောက်ပွင့်၊ ကြက်မောက်မြစ်၊ နံ့သာဖြူနီ၊ သပြေမြစ် သည်ဆေးခုနစ်ပါးကို ရေနှင့်ကြိတ်၍ ရေနှင့်ဖျော်ပြီးလျှင် ရက်မသွင်း၊ မလျှိုမိ ရက်မပေါက်ကို သုတ်လူးရာ၏" ဟူ၍ တွေ့ရပါသည်။ ယင်းဆေးနည်းနှင့်အတူ "နံ့သာနီဖြူ၊ စန္ဒကူးနီဖြူ၊ သပြေမြစ်၊ အကျော်၊ ဓမ္မာ၊ ကရမက်၊ သဇင်၊ ဇလပ်မြစ် ဤဆယ်ပါးကို ပန်းဝတ်ဆံရည်နှင့် ကြိတ်ပြီးလျှင် သစ်ထူမတ်၍ ဆောင်ပုံထုပ် လျှောက်တင်မည်ကာလ၊ သစ်ပခုံး၊ စရွေး၊ ထုပ်ထွင်း၊ လျှောက်ထွင်းတို့၌ သုတ်လူးရာ၏။ ဤဆေးသုံးပါးကို သုတ်လူးရလျှင် မကောင်းသောသစ်တို့သည် အိမ်ရှင်သို့လည်းမရောက်၊ ဗိသုကာသို့လည်းမရောက်၊ ချမ်းသာ၍ အကျိုးများစွာ ရောက်ရာ၏" ဟု ဆိုသည်။

ရှေးက အိမ်ဆောက်ရာ၌ အမျက်ပါသောသစ်ကိုလည်း သတိထား ကြပါသည်။ တတ်နိုင်လျှင် အမျက်ပါသောသစ်ကို မသုံးမိဖို့ ရှောင်ကြပါ သည်။ သို့သော် သစ်မှန်လျှင် အမျက်နှင့်မကင်းတတ်ပါချေ။ အမျက်လွတ် သောသစ်ကို ရွေးရမည်၊ အခက်အခဲများစွာ ရှိပါမည်။

ထို့ကြောင့် အမျက်ပါသောသစ် ဖြစ်စေကာမူ အချို့သည် အသုံးပြု ကောင်းသည်၊ အချို့ကမူ အသုံးမပြုကောင်း ဘေးဖြစ်တတ်သည်ဟုဆိုကာ ရှောင်ကြရသည်။ အသုံးပြုကောင်းသော သစ်၊ အသုံးမပြုကောင်းသော သစ် ရွေးပုံ ရွေးနည်းလည်း ရှေးပညာရှိတို့ ချမှတ်ထားခဲ့ကြပါသည်။



ရှေးဦးစွာ အမျက်ပါသောသစ်ကို (၁၀) ပိုင်း ပိုင်းလိုက်သည်။ အမျက် မည်သည့်အပိုင်းတွင် ပါသည်ကို ကြည့်ရပါမည်။

အပိုင်း ၂၊ ၄၊ ၅၊ ၈ တို့တွင် အမျက်ပါပါက မကောင်းပါချေ။ ဘေးသင့်တတ်သည်ဟု ဆိုပါသည်။ ကျန်သောအပိုင်းတွင် အမျက်ပါပါက အသုံးပြုကောင်းပါသည်။ ဤနည်းဖြင့် အပြစ်လွတ်သောသစ်ကို ရွေး၍ အသုံးပြုကြပါသည်။

သစ်မျက်အဟောကိုလည်း –

"တစ်ပိုင်းရှိမူ များချစ်သူ၊ နှစ်မူဘေးဒုက္ခ
သုံးပိုင်းသောက်စား၊ လေးမှာကား မယားသေတတ်စွ
ငါးပိုင်းကိုယ်သေ၊ ခြောက်ပိုင်း နေများထွေ ကွဲနွှားရ၊
ခုနစ်ကျွမ်းဝင်၊ လာဘ်ကြီးမြင်၊ ရှစ်ခွင်ပျက်စီးလှ၊
ကိုးပိုင်းနေရာ၊ ဆယ်ပိုင်းမှာ ကြီးစွာလာဘ်ကိုရ" ဟူ၍ တွေ့ရပါ သည်။ မူကွဲအားဖြင့် ရှေးဟောင်း လက်မှုပညာပေါင်းချုပ်ကျမ်း၌လာသော သစ်ဆယ်ပိုင်း အမျက်ရွေးနည်းမှာ –

ကြငှန်းသစ်၊ ကြငှန်းထုပ်၊ လှေကားပေါင်း၊ လှေကားချင်၊ လှေဇရာ၊ သည်ပါး၊ ပျဉ်း၊ တံခါးတိုင်၊ လူတို့ စွဲကိုင်သောဓားရိုး၊ စားပွဲခြေ၊ ယောင်းမ၊ ဤသစ်တို့၌ အမျက်ရွေးရာသည်ကား ထိုသစ်ကို (၁၀) ပိုင်း အမှန်စု၍ ရွေး၏။ အဟောကား –

ပဌမ ရာဇ ပူဇိတံ
ဒုတိယံ ဝိယဒဿနံ
တတိယ အန္ဓပါနဋ္ဌ
စတုတ္ထံ ဘာရိယမတံ
ပဉ္စမ အတ္တနောစေဝ
ဆဋ္ဌမ ဂဝလာဘကံ

www.burmeseclassic.com

www.burmeseclassic.com



သတ္တမံ နာရိလာဘကံ

အဋ္ဌမံ ရောဂါဝိဋ္ဌိတံ

နဝမံ သဗ္ဗလာဘကံ

ဒသမံ သဗ္ဗပူဇိတံ ဟူ၍ ဆိုရာ

ပဌမံ ပထမပိုင်း၌ အမျက်ရှိမူကား ရာဇ ပူဇိတံ မင်းပူဇော်ခံရအံ့ ဒုတိယံ ဒုတိယပိုင်း၌ အမျက်ရှိမူကား ဝိယဒသနံ ချစ်သောသူကို တွေ့မြင်ရအံ့၊ တတိယံ သုံးပိုင်း၌ အမျက်ရှိမူကား အန္တပါနဋ္ဌ၊ ထမင်းအဖျော်ကို စားသောက်ရအံ့၊ စတုတ္ထံ လေးပိုင်း၌အမျက်ရှိမူကား ဘရိယံမတံ မယားသေအံ့ ပဉ္စမံငါးပိုင်း၌အမျက်ရှိမူကား၊ ဂဝလာဘကံ နွားလာဘ်ကိုရအံ့၊ သတ္တမံ ခုနစ်ပိုင်း၌ အမျက်ရှိမူကား နာရီလာဘကံ မိန်းမလာဘ်ကို ရအံ့၊ အဋ္ဌမံ ရှစ်ပိုင်း၌ အမျက်ရှိမူကား ရောဂါဝိဋ္ဌိကံ အနာရောဂါ ဖိစီးနှိပ်စက်အံ့၊ နဝမံ ကိုးပိုင်း၌ အမျက်ရှိမူကား သဗ္ဗလာဘကံ အလုံးစုံသောလာဘ်ကို ရအံ့ ဒသမံ ဆယ်ပိုင်း၌ အမျက်ရှိ မူကား သဗ္ဗပူဇိတံ သူခပ်သိမ်းတို့ ပူဇော်ခြင်းကို ခံရအံ့" ဟု ဆိုသည်။

သစ်ဆယ်ပိုင်း အမျက်ရွေးနည်းနှင့် ပတ်သက်၍ ဗိသုကာကျမ်းလာ လင်္ကာကိုလည်း ထုတ်နုတ်တင်ပြအပ်ပါသည်။

" ပြားမျှများစွာ၊ သစ်တကာကို မကြာလျှင် မှူဆယ်ပိုင်းစုလော့ ရှေးပြု အစ၊ ပထမထုံ၊ မျက်ဝိုင်းကြုံမူ၊ လျှင်ဟုံမင်းမှူပူဇော်ရ၍ ထိုမှ တထောက်၊ နှစ်ပိုင်းရောက်မူ၊ ဝမ်းမြောက်ရွှင်မြူး၊ ချစ်သူ ဖူးအံ့၊ တထူးမှန်စွာ သုံးပိုင်းမှာကား၊ အန္တပါနော်၊ အဖျော်ထမင်း များတုံလျှင်းအံ့၊ မယွင်းမှန်စွာ လေးပိုင်းမှာကား ဘရိယာဟု ချစ်စွာမယား သေသည်များအံ့၊ ထင်ရှားထိုနောက်၊ ငါးပိုင်း ရောက်မူ၊ ဝမ်းမြောက် ဝမ်းသာ မရှိရာဟု ချစ်စွာမနေ၊ လင်သေ လင်ကွာ၊ ဖြစ်ရာမချွတ်၊ အမြဲမှတ်လော့၊ တလတ် ထိုနောက် ခြောက်ပိုင်းရောက်မူ အိတ်စ လည်းပေါက် စအိုလည်းပေါက်၊ ဘေးရောက်ဉစ္စာ၊ ပျက်စီးရာအံ့၊ မှန်စွာထိုနောက်၊ ခုနစ်ပိုင်းရောက်မူ ဝမ်းမြောက်ကြည်ဖြူ၊ ပေးလှူ ပြန့်ပွား၊ မြေသားခြွေရွေ၊ ရွှေငွေလာဘ်သပ်ပကာ ပြန့်ပွားရာ၏၊ မှန်စွာ ထိုနောက်၊ ရှစ်ပိုင်းရောက်မူ၏ ပြေပြောက်ရောဂါ အနာတွေပြား၊ မယားနှင့်လင်၊ မွေးချင်းတီတီ၊ သားသမီးနှင့် ရန်ကြီးခိုက်ပွား ဘေး ရန်များ၏၊ ထင်ရှားထိုနောက် ကိုးပိုင်းရောက်မူ ဝမ်းမြောက် ဖြစ်ညီး၊ သားကြီးသြရသ၊ နို့စွခန္ဓာရောက်လေရာ၏၊ မှန်စွာ စတော၊ ဆယ်ပိုင်းနေမူ၊ ပြီထူဉစ္စာ၊ များစွာ ခြွေရံ၊ မဟိသံ ဂေါထာများ ထကွဲ နွား စည်ပင်ပွား၍ သုံးစားမကုန်၊ ကြွယ်တုံဉစ္စာ ပြန့်ပြေရာ၏၊ ဆရာများစွာ ထင်ရှားလပ်တုံ၊ ဝိသူကြွတိုး၊ ရွေးတုံအမျက် ပညာ တက်သည် အမျက်စေ့စုံ၊ ရွေးလက် တုံတည်း"

ဖော်ပြပါ တစ်ဆယ်ပိုင်း အမျက်ရွေးနည်းများကို ကြည့်ပါက ရှေးမြန်မာတို့သည် အိမ်ရာဆောက်လုပ်ရာတွင် အသုံးပြုသော သစ်အပေါ် မည်မျှ အသေးစိတ် စေ့စပ်သေချာစွာ ရွေးချယ်ရတတ်ကြောင်း ခန့်မှန်း သိရှိနိုင်ပါသည်။

ဤမျှဆိုလျှင် အိမ်တစ်ဆောင်ဆောက်လုပ်ရေးအတွက် သစ်ကောင်း ဝါးကောင်းများလိုအပ်ကြောင်း သစ်ကောင်း ဝါးကောင်းများကို ရှေးလူကြီးများသည် လွန်စွာအလေးထားတတ်ကြောင်း သိနိုင်လောက် ပါသည်။ ထိုသို့ အလေးထား၍လည်း အိမ်တစ်ဆောင်အတွက် သစ်ကောင်း ဝါးကောင်းရရှိရေး ရှေးက အလွန်ဂရုစိုက်တတ်ကြပါသည်။ တောထဲသို့ ဆင်းခုတ်သွားရာတွင် လမ်းခရီးအကြား ဘေးအန္တရာယ် ကင်းရှင်းရေး၊ လိုအပ်သော သစ်ကောင်း သစ်မှန်များ ပေါပေါများများ ရ

www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်း၊ ဆုလည်း တောင်းခြင်း ပြုကြပါသည်။ သစ်မခုတ်မီ တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့အားလည်း ထမင်း၊ မုန့်ပဲတို့ဖြင့် ဗလိနတ်စာ ပေးကြပါသည်။

အထောက်အထားတစ်ရပ်အနေဖြင့် ဘုံသာဝေယန်မော်ကွန်းလာ –

"ယူဇနာဝေးကွာ သွားသည့်ငှာကြောင့်၊ ရောဂါရန် တန့်တားဆီးဟန့်၍ ခန့်ပစေကြောင်း၊ ဦးခေါင်းဝန္ဒိ ညွှတ်ပျောင်းရှိဖြင့် ဣတိပိသော၊ နမော နမော ဗုဒ္ဓေါသတ္တုတ် ရွတ်ဖတ်သုံးစုံ" ဟူ၍ လည်းကောင်း၊

"ကွန်းမင်္ဂလာ၊ ကွန်းမြတ်စွာကို မဲဇာနတ်များ၊ ညွှန်းသောအားဖြင့်၊ ထင်ရှားမသွေ တွေ့တိုံစေဟု ရွှေစွယ်စင်ဘီ၊ ရှိပန်းချီလျက်၊ သုံးလီသုံးတန်၊ သုံးကြိမ်မှန်သား၊ သုံးတန်ယင့်ရှူး၊ သစ္စာကျူးသည် စူး၏ ဓိဋ္ဌာန်စကားတည်း" ဟူ၍ လည်းကောင်း၊

"ဗလိနတ်စာ၊ ဩဇာကြိုင်သင်း၊ ထမင်းဖြူများ၊ မုန့်ငါးအစုံ၊ ပသတုံမှ ရွှေဘုံကျောင်းကြီး၊ မိုးနီးသီသီ၊ တိမ်လွှမ်းမီကို ကန္ဒီစွန့်ယူဆောက် တော်မူအံ့"

ဟူ၍ လည်းကောင်း တွေ့ရပါသည်။

တောထဲဝင်ပြီး သစ်ခုတ်သည်ဆိုရာ၌လည်း ရှေးက မြန်မာကြီးများသည် အကန့်အသတ်မဲ့ ခုတ်ချင်တိုင်း ခုတ်ကြသည် မဟုတ်ပါချေ။ တောထဲ မဝင်မီကတည်းက "သစ်အလုံး မည်မျှခုတ်မည်" ဟူ၍ သတ်မှတ်ချက် ရှိပြီး ဖြစ်ပါသည်။

မိမိတို့ဆောက်လုပ်မည့်အိမ်၏ အကျယ်အဝန်း အတိုင်းအတာအတွင်း တိုင်မည်မျှလိုသည်၊ ယက်မ၊ ဆင့်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားအခင်း၊ အကာ စသည်တို့အတွက် သစ်မည်မျှလိုမည်ကို တွက်ချက်ပြီးသား ဖြစ်သည်။



အိမ်၏အကျယ်အဝန်းကို "အပင် အခန်း" များဖြင့် သတ်မှတ်ရာ အပင်ကိုသိခြင်းအားဖြင့် တိုင် (အပင်) မည်မျှ သုံးရမည်ကို သိနိုင်သလို "အခန်း" ကိုလည်း "ခန်းဖွင့်" အခေါ်ဖြင့် ခေါ်ဝေါ်သုံးနှုန်းရာ "ခန်းဖွင့်" အပေါ် မူတည်ပြီး ထုပ်အရှည်၊ လျှောက်အရှည်၊ ထုပ် လျှောက်တို့၏ "ထု" နှင့် "ဖြက်" ကိုလည်း တွက်ချက်ပြီးသား ဖြစ်ပါသည်။

ဥပမာအားဖြင့် –

"ထုပ် ခန်းဖွင့် ၅'၊ ၂ လီ၊ လျှောက်ခန်းဖွင့် ၅' စီဖြစ်၍ ၁၀' အောက်ထပ်မြားထုပ်ရာ၌ ၇' စီ၊ ၂ လီ၊ ၁၄' ၅ ရောင်ခန်းဖွင့်က အတို ၁၄ တောင် ရသည်။ လက်တီးနံပါတ်က ၃'၊ ၂ စီ၊ ၂ လီ၊ ၇'၊ ဒီ မိုက်ရှိသည်" စသည်တို့မှာ ရှေးခေတ် အိမ်ဆောက်စနစ်၏ အသင့် တိုင်းတာတွက်ချက်ပြီး စံနှုန်းများဟုပင် ဆိုနိုင်ပါသည်။

မြန်မာလူမျိုးများ၏ အမြော်အမြင်ကြီးမှု၊ စနစ်ကျမှု၊ တိကျသေချာမှုကို မသိနားမလည်သူများက ရှေးခေတ်အိမ်များ၊ ကျောင်းများဆောက်ရာ၌ ယခုခေတ်မှာကဲ့သို့ ပုံစံမရှိ၊ စနစ်မရှိဟု လွဲမှားစွာ ထင်မြင်ယူဆပြီး ပြောဆိုနေကြပါသည်။ အကယ်မှာမူ ရှေးခေတ်ကလည်း ယခုခေတ်မှာကဲ့သို့ ပုံစံပန္နက် တွက်ချက်မှုများဖြင့် စနစ်တကျ စိမ်ဆောက်လုပ်ခဲ့ကြပါသည်။

သာဓကအနေဖြင့် ဝေယံဘုံသာကျောင်းတော် မော်ကွန်းကို ပြရပါမည်။

"ဖွဲ့ဖွဲ့နှပ်နှပ်၊ အကုပ်သေးသိမ်
ရေးတိမ်နန့်နဲ့၊ မဟုတ်ခဲ့တည့်
တစ်ကဲ့တစ်ကယ်တွင်ကျယ်ပြီးအောင်
ဆောင်နိုင်မည့်သူ ကောက်ယူရွေးကြံ
ကျောင်းပုံစံနှင့် စီမံခင်းကျင်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်စေသွင်းဟု၊ သံညင်း၊ ကရဝိ၊ ကဗျည်းညှိသည်" ဟူ၍ ရေးဖွဲ့ထားချက်အရ "ဆောက်မည့်ကျောင်းပုံစံကို ရေးသားဆက်သွင်းစေခြင်း" ကပင် ပန္နက်ပုံစံနှင့် တွက်ချက်မှုများ စနစ်တကျရှိကြောင်း သိနိုင်ပါသည်။

## မြန်မာ့ရိုးရာ သစ်တန်၊ ပေတွက်နည်း

အလျဉ်းသင့်၍ မြန်မာ့ရိုးရာလက်သမားဆရာများ၏ သစ်တန်ပေတွက်နည်းများကို အကျဉ်းမျှတင်ပြလိုပါသည်။

သစ်တန်ပေတွက်နည်းအချုပ်လင်္ကာမှာ–

"တစ်ပေပတ်လည် ရှည်ငါးဆယ် မှတ်လေ တစ်တန်သာ" ဟူ၍ ဖြစ်ပါသည်။ ဆိုလိုသည်မှာ အလျားတစ်ပေ၊ အနံတစ်ပေ၊ အရှည်ပေ (၅၀) ကို တစ်တန်ဟုဆိုလိုခြင်း ဖြစ်သည်။

တစ်လက်မစတုရန်းရှိသော သစ်သားချောင်းကလေးများကို အလိုရှိပါက ထု ၁၂ လက်မကိုတည်၊ ပြက် ၁၂ လက်မနှင့်မြှောက်သော် (၁၄၄) ရမည်ဖြစ်ပါသည်။ ထိုတစ်ချောင်းတွင် ပေရှည် (၅၀)ရှိသောကြောင့် (၅၀) နှင့်ဆက်မြှောက်ပါက ၁၄၄ x ၅၀ = ၇၂၀၀ ရရှိမည်ဖြစ်ပါသည်။ ယင်း ၇၂၀၀ မှာ တစ်လက်မစတုန်းသစ်သားချောင်း၏ တစ်တန်မှာရှိသော ပေ ရှည်ဖြစ်သည်။

၇၂၀၀ မှုသေကိန်းကိုအခြေခံပြီး (၃" x ၂")(၄"x၂")(၅" x ၂") (၆"x၂") စသည့် သစ်ခွဲသားများ၏ တစ်တန်မှာရှိသောပေရှည်ကို အလွယ်တွက်ယူ ၍ရပါသည်။ တွက်ယူပုံမှာ ၃"x၂" ဆိုပါက မှုသေကိန်း ၇၂၀၀ ကို (၃"x၂") ၆ ဖြင့်စားပါက ၁၂၀၀ ပေရှည်ရမည်ဖြစ်ပါသည်။ (၄"x၂") ဆိုပါက ၇၂၀၀ ကို (၄"x၂") ၈ ဖြင့်စားရပါသည်။ ပေရှည် ၉၀၀ ရပါသည်။ (၅"x၂") ဆိုပါက ၇၂၀၀ ကို (၅"x၂") ၁၀ ဖြင့်စားရပါသည်။ ပေရှည် ၇၂၀ ရပါသည်။ (၆"x၂") ဆိုပါက ၇၂၀၀ ကို (၆"x၂") ၁၂ ဖြင့်စားရပါသည်။ ပေရှည် ၆၀၀ ရသည်။



ရှေးခေတ်က ပေရှည်ကို တောင်၊ မိုက်၊ ထွာစသည်ဖြင့် တိုင်းတာသတ်မှတ်သော်လည်း ယနေ့ခေတ်မှာမူ ပေ၊ လက်မဖြင့်သာ အမှတ်သားပြုတိုင်းတာကြရာ သစ်ကိုတိုင်းရာမှာလည်း ပေ၊ လက်မဖြင့်သာ တိုင်းကြသည်။

သစ်တစ်လုံး၏အရှည်ကို မူသေအားဖြင့် ၁၈ ပေထားကြသည်။ သစ်တစ်တန်တွင် ၁၈ ပေရှည်သစ်ခွဲသားများ မည်မျှရှိသည်ကိုသိလိုသည့်အခါမူ သေကိန်း ၄၀၀ ပေါ် အခြေတည်၍ တွက်ချက်ရသည်။

ဥပမာအားဖြင့် တစ်တန်တွင် ၅"x၅" တိုင်မည်မျှရှိသည်ကိုသိလိုသည့်အခါမူသေကိန်း ၄၀၀ ကို (၅"x၅") ၂၅ ဖြင့် စားရပါသည်။ တိုင်းလုံးရေ ၁၆ လုံးရပါသည်။

ထိုနည်းတူ သစ်တစ်တန်တွင် ၁၈ ပေအရှည်ရှိသော ၄"x၂" သစ်မည်မျှရှိသည်ကိုသိလိုသည့်အခါမူသေကိန်း ၄၀၀ကို (၄"x၂") ၈ ဖြင့်စားပါက ၅၀ ရပါသည်။ (၄"x၂") ၁၈ ပေအရှည် သစ်ချောင်း (၅၀) ဖြစ်သည်။

၆" x ၆" (ခြောက်ပတ်လည်)တိုင် အလုံးရေမည်မျှရှိသည်ကိုသိလိုပါကမူသေကိန်း (၄၀၀)ကို (၆"x၆")၃၆ဖြင့်စားရသည်။(၁၁)လုံးရသည်။

ယနေ့တိုင် မြန်မာကျေးလက်တောရွာများတွင် ဤလွယ်ကူသော သစ်တန်ပေတွက်နည်းကိုအသုံးပြုလျက်ရှိနေဆဲဖြစ်သည်။ ပျဉ်ခင်း၊ ထရံကာသောနေအိမ်အဆောက်အအုံများအတွက် လိုအပ်သော ပျဉ်ချပ်ရေတွက်နည်းများလည်း ရှိသေးသည်။ အိမ်၏အကျယ်မှာ အလျား (၂၈)ပေ၊ အနံ (၂၀)ပေ ရှိပါသည်။ ထိုအိမ်အတွက် ကြမ်းပြင်ကို (၄"x၁") လက်မ လျှာထိုးခင်းလိုပါက ၂၈ x ၁ / ၄ x ၁ ၈၄ ပျဉ်ချပ်ပေါင်း ဖြစ်ပါသည်။ အလျား ၂၈ ပေကို လက်မဖွဲ့ပြီး လျှာထိုးပျဉ်အကျယ် ၄" လက်မဖြင့်စားခြင်းဖြင့် ပျဉ်ချပ်ပေါင်း ရရှိခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အလားတူ အလျားပေ ၄၀၊ အမြင့် ၁၂ ပေရှိသော အိမ်၏နံရံကို ၄"×၃" လျှာထိုးပျဉ်ကာလိုပါက ပေ(၄၀) ကို လက်မဖွဲ့၍ (၄) ဖြင့် စားခြင်းဖြင့် ရနိုင်ပါသည်။ (၄၀ × ၁၂ ÷ ၄ = ၁၂၀ )ချပ်ဖြစ်ပါသည်။

လွယ်ကူသောတွက်နည်းများဖြစ်၍ သာမန်လက်သမားဆရာများ ပင်လျှင် တွက်နိုင်သောတွက်နည်းများဖြစ်သည်။

## အိမ်ဆောက်ရန်ပြင်ဆင်ခြင်း

လိုအပ်သောသစ်များစုဆောင်းရရှိပြီးပြီဆိုသည့်အခါ အိမ်ဆောက်လုပ်ရေးကို စတင်နိုင်ပြီဖြစ်ပါသည်။ ဆောက်လိုသောအိမ်၏ အရပ်နှင့်လျော်ညီသော တိုင်အရှည်ကိုတိုင်းတာဖြတ်တောက်ရမည်ဖြစ်သည်။ တိုင်အရှည်ကို ယူရာ၌လည်း အိမ်ရှင်ကိုအကျိုးပေးသောတိုင်အရှည်၊ အိမ်ရှင်ကို ခိုက်သော တိုင်အရှည်ဟူ၍ရှိသေးသည်။

ထိုတိုင်အရှည်ကိုလည်း တိုင်းတာတွက်ချက်ပြီး၊ ဆောင်ရန်၊ ရှောင်ရန်သတ်မှတ်ထားရှိသည်။ ရှေးအခါက အရှည်အတိုင်းတာကို ပေဖြင့်တိုင်းတာလေ့မရှိဘဲ၊ မိုက်၊ တောင်စသည် စသည့်အတိုင်းအတာတို့ဖြင့်သာ တိုင်းတာလေ့ရှိရာ

ထိုတိုင်းရာသော "တောင်" မှာ–

ဆံပင်ဆယ်တံ၊ နှမ်းတစ်လုံး၊ နှမ်းခြောက်လုံး၊ တစ်မုယော၊ လေးမုယော၊ လက်တစ်သစ်၊ လက်ရှစ်သစ်၊ တစ်မိုက်၊ ၃ မိုက်၊ တစ်တောင် ဟူသော အတိုင်းအတာ "တောင်" ကိုယူပါသည်။ ယင်းတောင်သည် ရှေးခေတ်ဗိသုကာတို့ တိုင်းတာရာတွင် အသုံးပြုသော "တောင်" ဖြစ်ပါသည်။

ထို့ပြင်မှတ်သားရန်တစ်ချက်မှာ ကျောင်း၊ အိမ် ဆောက်လုပ်ရာ၌ တိုင်းထွာစီရင်ရာ၌ "ထုပ်ကိုတိ၊ လျှောက်ကိုအိ" ဆိုသောစကားနှင့်အညီ



ထုပ်ကို ထွာစွန်း၊ မိုက်စွန်း၊ လက်သစ်စွန်း၊ မလုပ်ရာထွာရှုပ်၊ မိုက်ရှုပ် လက်သစ်ရှုပ်မလုပ်ရာ" ဟူသော အချက်ဖြစ်ပါသည်။

တိုင်အရှည်ကိုတွက်ရာ၌ မိမိတို့ထားလိုသောအိမ်တိုင်အရှည် တောင်ပေါင်းကို (၃)ဖြင့် မြှောက်မိုက်ဖွဲ့ရသည်။ မိုက်အစွန်းရှိလျှင် ၃ မြှောက်၍ရသောမိုက်ပေါင်းတွင်အစွန်းထွက်မိုက်ကိုထည့်ပေါင်းရပါသည်။ ရှိသောမိုက်ပေါင်းကို (၇)ဖြင့်စားပြီး အကြွင်းကိုကြည့်ရပါသည်။

တစ်ခုကြွင်း၊ ၃–ခုကြွင်း၊ ၅– ခု ကြွင်း၊ ၀– ကြွင်းတို့သည် အိမ်ရှင်ကို ဘေးသင့်စေတတ်သဖြင့် ထိုအကြွင်း (၄)မျိုးရသောအိမ်ကို အိမ်တိုင် အရှည်ကိုရှောင်ကြရပါသည်။ ၂– ခုကြွင်း၊ ၄– ခုကြွင်း၊ ၆–ကြွင်း တို့သာ အိမ်ကို ကောင်းကျိုးပြုသည်ဟုဆိုပါသည်။ ထို့ကြောင့် ၂–ခုကြွင်း၊ ၄–ခုကြွင်း၊ ၆–ခုကြွင်းရသောအိမ်တိုင် အတိုအရှည်ကိုသာ ကြိုတင်တွက်ချက်ပြီး အိမ်ဆောက်ကြသည်။

အိမ်တိုင်ကိုသာမက ထုပ်၊ လျှောက်တို့၏ အရှည်ကိုလည်း ကြိုတင်တွက်ချက်ပြီး အပြစ်လွတ်သောအရှည်ကို တိုင်း၍ ဖြတ်ကြပါသည်။ ထုပ်၊ လျှောက် တိုင်းတာပုံနှင့်ပတ်သက်၍ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယတွဲတွင် –

"လျှောက်ဆယ်တောင်ဖြစ်သော် ထုပ်ကိုးတောင်လည်းကောင်း၊ ခုနစ်တောင်လည်းကောင်း ထားရာ၏။ လျှောက်ဆယ်တောင်နှင့် ထုပ် ကိုးတောင်ထားသော် အဝန်းမိုက်ပေါင်း၊ တစ်ရာ့တစ်ဆယ့်လေးရ၏။ ရှစ်ခုစားလျှင် နှစ်ခုကြွင်းရကား အခိုးသင့်၏။ ရဟန်းတို့နေရာလျော်၏။ လျှောက် ဆယ်တောင်နှင့် ထုပ် ရှစ်တောင်ထားသော် အဝန်းမိုက်ပေါင်း တစ်ရာ့ရှစ်ရ၏။ ရှစ်ခုစားလျှင် လေးခုကြွင်းရကား ခွေးသင့်၏။ တောသား၊ မုဆိုးတို့နေရာ လျော်၏။ လျှောက်ဆယ်တောင်နှင့် ထုပ် ခုနစ်တောင်ထားသော် အဝန်းမိုက်

www.burmeseclassic.com

www.burmeseclassic.com

ပေါင်း တစ်ရာ့နှစ်မိုက်ရ၏။ ရှစ်ခုစားလျှင် ခြောက်ခုကြွင်းရကား မြည်းသင့်၏။ မြို့ရွာ လူကြီးတို့ နေရာလျော်၏။ ထို့ကြောင့် ရှေးပညာရှိတို့သည်ကား ထုပ်၊ လျောက်နှစ်ပါး တောင်ဖွဲ့ထား မြှောက်ကြား သုံးခုသာ၊ အဋ္ဌဘာဂကြွင်းသေသ ဟောပြကျိုးပစ္စာ ဧကောဝဓ၊ ဝါဏိဇ နေထအပ်ကုန်ရာ၊ နှစ်ခုသာမဏနိဝါသမူ မသင့်သည်သာ၊ သုံးခု ခြသေ့်၊ သင့်ဓလေ့၊ ချမ်းမြေ့မင်းနေရာ၊ လေးခုတောလျှိုး ခွေးသင့်ရိုး၊ မုဆိုးတို့နေရာ ငါးခုသေသ၊ ဒလိဒ္ဒ ဂေါဏသင့်သည်သာ၊ လယ်ယာလုပ်ကြား ဆင်းရဲသား၊ အများ နေအပ်ရာ၊ ခြောက်ခုကြွင်းမျိုး မြည်းသင့်နိုး ပြည်စိုးရွာဓေဒ္ဓာ၊ ခုနစ် သေသ၊ ကြွင်းလတ်က၊ ဂဇသင့်သည်သာ၊ ရာဇာမစ္စ နေထိုက်လှ ချမ်းမြလွန်ကြင်နာ၊ သုညသေသ ကြွင်းသမျှ၊ သင့်ကကျိုးကာကာ ပြည့်တန်ဆာတို့ မွေ့လျော်အို့ မှတ်တို့မြဲသေချာ၊ ထုပ်၊ လျောက် စားနည်း မော်ကွန်းတည်း၊ သိပ်သည်းမှတ်ကုန်ရာ" ဟု ဖော်ပြ ထားသည်။

ယင်းအဆိုအရ လျောက်ဆယ်တောင်ဖြစ်သော် ထုပ် ကိုးတောင် သော်လည်းကောင်း၊ ခုနစ်တောင်သော်လည်းကောင်း ထားရ၏ မြှောက်ကြားသုံးခုသာဆိုသော စကားအရ တစ်တောင်တွင် သုံးမိုက်ရှိ သဖြင့် ထုပ်နှင့် လျောက်ရှိသော "အတောင်" များကို သုံးနှင့်မြှောက်ပါဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် မိုက်ဖွဲ့ခိုင်းခြင်း ဖြစ်ပါသည်။

ဥပမာ လျောက်ဆယ်တောင်နှင့် ထုပ်ကိုးတောင်ထားသော် ထိုအိမ် မှာ လျောက်မိုက်ပေါင်း ၃၄၊ စုစုပေါင်း အဝန်းမိုက် ၁၁၄ ရပါသည်။ ၁၁၄ ကို ၈ နှင့်စားပြီး အကြွင်းကိုကြည့်၍ ကောင်းကျိုး ဆိုးကျိုးယူရန် ဖြစ် ပါသည်။



"အဋ္ဌဘာဂ ကြွင်းသေသ

ဟောပြ ကျိုးပစ္စာ" ဟူ၍ ဖွဲ့ဆိုထားပါသည်။

အဝန်းမိုက်ပေါင်းကို ရှစ်နှင့်စား၍ ရသောအကြွင်းသည် တစ်ဖြစ်ပါက

ဧကောဝဓ၊ ဝါဏိဇ

နေထအပ်ကုန်ရာ၊ ဟူသောစကားအရ ထိုဂေဟာ၌ ကုန်သည်များ နေသင့်ပါသည်။ အကျိုးပေးမည်၊ ကူးသန်းရောင်းဝယ်ရေး အကျိုးပေးမည် ဟု ဆိုလိုပါသည်။

ရှစ်နှင့်စား၍ ရသောအကြွင်းသည် နှစ်ဖြစ်ပါက

"နှစ်ခုသမဏ၊ နိဝါသ

မူမသင့်သည်သာ" ဆိုသောစကားအရ ထိုဂေဟာ၌ ရဟန်းတော် များ သီတင်းသုံးရန် သင့်လျော်ပါသည်။ မူမသဒ္ဒါမှာ အခိုးလျှံကို ဟောသဖြင့် ထိုဂေဟာ၌နေသောရဟန်းတို့သည် တန်ခိုးကြီးမည်၊ ထင်ရှားကျော်စော မည်ဟု အဟောထွက်ပါသည်။

"သုံးခုခြသေ့်၊ သင့်ဓလေ့

ချမ်းမြေ့မင်းနေရာ" ဆိုသောကြောင့် ၃ ခုကြွင်းလျှင် ထိုဂေဟာ၌ သည်။ မင်းတို့ နေထိုက်ပါသည်။ ခြသေ့်သင့် သည်ဟု ဆိုသောကြောင့် ထိုဂေဟာ၌နေသော မင်းတို့သည် မင်းအာဏာ စူးရှထက်မြက်မည်ဟု ဆိုပါသည်။

အကြွင်းသည်လေးခုဖြစ်ပါက

"လေးခုတောလျှိုး၊ ခွေးသင့်နိုး

မုဆိုးတို့နေရာ" ဟုဆိုသောကြောင့် ထိုဂေဟာ၌ တောလိုက်မုဆိုး တို့ နေထိုက်သည်။ခွေးသင့်နိုးဆိုသဖြင့် မုဆိုးလုပ်ငန်းဖြင့် ကြီးပွားမည်ဟု ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါးခုသေသ၊ ဒလိဒ္ဒ

ဂေါဏသင့်သည်သာ" ဟူသောစကားတွင် အကြွင်းငါးဖြစ်ပါ

ထိုဂေဟာ၌ ဆင်းရဲသားများနေထိုင်အပ်သည်။ ဂေါဏသင့်သည်ဆိုထ

သဖြင့် ကျွဲနှင့် နွားနှင့်ဖက်၍ အသက်မွေးဝမ်းကျောင်းပြုပါက ကြီးပွားမည

ဟု ဆိုပါသည်။

"ခြောက်ခုကြွင်းမျိုး၊ မြည်းသင့်နိုး

ပြည်စိုးရှာဖွေ" ဆိုသောစကားအရမှူ – ၆ ခုကြွင်းအိမ်သည

မြို့သူကြီးတို့ နေထိုင်အပ်သည်ဟု ဆိုပါသည်။

"ခုနှစ်သေသ ကြွင်းလေ့က

ဂဇသင့်သည်သာ

ရာဇမစွ၊ နေထိုက်လှ

ချမ်းမြလွန်ကြင်နာ" ဟု ဆိုသောစကားတွင် အကြွင်းခုနစ်ဖြစ်ပါ

ဆင်သင့်၏။ မင်းစိုးရာဇာ မှူးမတ်များ နေအပ်၏ဟု ဆိုလိုသည်။

အကြွင်းသည် သုညဖြစ်ပါက

"သုံ့ညသေသ ကြွင်းသမျှ

သင့်ထကျိုးကာကာ

ပြည့်တန်ဆာတို့ မွေ့ပျော်ဖို့

မှတ်ဖို့မြဲသေချာ" ဟုဆိုထားသောကြောင့် ထိုအကြွင်းရဂေဟာ

ပြည့်တန်ဆာတို့ နေထိုက်သည်။ ကျီးကဲ့သို့ တကာကာ တရှန်း

စည်ကားမည်ဟု ဆိုပါသည်။

အလားတူ ထုပ် လျှောက်စား အကြွင်းဟောတစ်မျိုးမှာ –

"ကေဓဇော ဝါဏိဇ္ဇော

ဒွေဝှမောသမဏ ပြဟ္မာဏော

တြိသိဟောရာဇ ဂေဟော



စတုသော နောလုဒ္ဒကော

ပဉ္စဂေါဏာဒလိဒ္ဒော

ဆတုရဂေါ် အမစ္စော

သတဂဇော ခနိယော

သုည်ကာကော သောဘိနီ" ဟူ၍ အဟောလာပြီး။

ဧကောတစ်ခုကြွင်းမှူ ခဇောတံခွန် သင့်၏။ ဝါဏိဇ္ဇောကုန်သည်

နေရာတည်း၊ ဒွေနှစ်ခုကြွင်းမှူ မူမော အခိုးသင့်၏။ သမဏပြဟ္မာဏော၊

ရဟန်းပုဏ္ဏားနေရာတည်း၊ တြိ ၃ ခုကြွင်းမှူ သီဟောခြင်္သေ့သင့်၏။ ရာဇ

ဂေဟာ မင်းနေရာတည်း၊ စတုလေးခုကြွင်းမှူသော နော၊ ခွေးသင့်၏။ လုဒ္ဒ

ကော မုဆိုးနေရာတည်း၊ ပဉ္စငါးခုကြွင်းမှူ ဂေါဏောနွားသင့်၏။ ဒလိဒ္ဒကော၊

သူဆင်းရဲနေရာတည်း၊ ဆ – ခြောက်ခုကြွင်းမှူ တုရဂေါ် မြင်းသင့်၏။

အမစ္စော အမတ်တို့နေရာတည်း၊ သတ္တ – ခုနစ်ကြွင်းမှူ ဟတ္တိယော ဆင်

သင့်၏။ ခနိယော – သူဌေးတို့နေရာတည်း၊ သုံ့ညသုန်းမှူကား၊ ကာကော

ကျီးသင့်၏။ သောဘိနီ ပြည့်တန်ဆာ ကျွန်ပိုင်မိန်းမနေရာတည်း၊ ဟူ၍

ဖွင့်ဆိုထားသည်။

ထုပ် လျှောက်တွက်ကိန်းနှင့်ပတ်သက်၍ မြန်မာမင်းအုပ်ချုပ်ပုံ

ဇာတမ်း ပဉ္စမပိုင်းတွင် –

"နန်းအိမ်လျှောက်ဖြင့်မြှောက်အပ်သော ထုပ်၏အတောင်ပေါင်းကို

ပြု၊ တစ်နည်းကား နန်းအိမ်အလျားဖြင့် မြှောက်အပ်သော အနံ၏

အတောင်ပေါင်းကိုပြု၍ ထိုသချာအစုကိုပင်လျှင် ကိုးခုတို့ဖြင့်

လည်းကောင်း၊ ရှစ်ခုတို့ဖြင့်လည်းကောင်း စား၍ လပ်နှစ်ရပ်ကို

စားခြေနှစ်ရပ်တို့ဖြင့်ပင်လျှင် နှုတ်၊ အကြွင်းနှစ်ရပ်သည် အစဉ်

အတိုင်း နန်းအိမ်တို့၏ စီးပွားခြင်း၊ ပျက်စီးခြင်း ဗျာယဖြစ်၏။

လပ်မူကား တည်ကြည်ခြင်း၊ ဋ္ဌိတ ဖြစ်၏။ ဤကား ရာဇ
www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ဥ္လာသော နက္ခကိန်းတွက်နည်းတည်း၊ ပျက်စီးခြင်း ဗျာယ သချိုာလွန်သော်မကောင်း၊ စီးပွားခြင်း၊ အာယသချိုာ လွန်သော် ကောင်း၏” ဟူ၍ ဖော်ပြပါရှိရာ မှတ်သားစရာ အဖြစ် တင်ပြအပ်ပါသည်။

တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (မွန်) စာအုပ် စာမျက်နှာ (၁၄၅) တွင် ပါဝင်သော မွန်လူမျိုးတို့၏ အိမ်အကျယ်အဝန်း အတိုင်းအတာရွေးပုံမှာလည်း မှတ်သားစရာ ကောင်းပါသည်။

အိမ်၏ အလျားနှင့်အနံပေါင်း၍ သုံးနှင့်မြှောက်၊ ရှစ်နှင့်စားပြီး အကြွင်းကို အကောင်းအဆိုး ဟောကိန်းထုတ်ကာ ကောင်းကျိုးရအကြွင်းကို ရယူခြင်း ဖြစ်ပါသည်။

အလျား၊ အနံပေါင်းကို သုံးနှင့်မြှောက်၊ ရှစ်နှင့်စား၍ အကြွင်း (၁) ရသော် ကုန်သည်အိမ် မည်၏။

(၂) ကြွင်းသော်၊ ကျွန်အိမ်မည်၏။
(၃) ကြွင်းသော်၊ မင်းအိမ်မည်၏။
(၄) ကြွင်းသော်၊ မုဆိုးအိမ်မည်၏။
(၅) ကြွင်းသော်၊ သူဌေး သူကြွယ်အိမ်မည်၏။
(၆) ကြွင်းသော်၊ သူခိုးအိမ်မည်၏။
(၇) ကြွင်းသော်၊ အမတ်အိမ်မည်၏။
(၈) ကြွင်းသော်၊ ပြည့်တန်ဆာအိမ်မည်၏ ဟူ၍ ဖွဲ့ဆိုထားရာ ထိုအကြွင်းများထဲမှ ကောင်းကျိုးရအကြွင်းဖြစ်သော အလျားအနံ အတိုင်းအတာရှိအိမ်ကို ရွေးချယ်ဆောက်လုပ်ရန် ဖြစ်ပါသည်။ အများအားဖြင့် (၅) ကြွင်းရ အတိုင်းအတာရှိသည့် အိမ်မျိုးကိုသာ ဆောက်လုပ်ကြကြောင်း မှတ်သားရသည်။

အိမ်တိုင်နှင့် ထုပ်လျှောက်၊ ယက်မ စသည်တို့ကို တိုင်းထွာဖြတ်တောက်ပြီးသည့်အခါ ထိုသစ်များကို အိမ်မဆောက်မီ တစ်နေရာတွင် စုပုံ



ထားရပေဦးမည်။ သစ်ပုံရာ၌လည်း သစ်များပုံအပ်သော အရပ်၊ မပုံအပ်သော အရပ်ဟူ၍ ဆောင်ရန် ရှောင်ရန် ရှိပါသည်။

ရှေးဆရာမြတ်တို့၏ အလိုအရ ဖြတ်တောက်ပြီးသော အိမ်တိုင်များနှင့် သစ်များကို အိမ်ဆောက်မည့်မြေနေရာ ခြံဝင်းအနောက်အရပ်နှင့် အနောက်တောင်အရပ်တို့တွင်သာ စုပုံကောင်းသည်ဟု ဆိုပါသည်။ အနောက်အရပ်တွင်ထားပါက လာဘ်လာဘပေါများမည်။ အနောက်တောင် အရပ်တွင် စုပုံထားပါက စီးပွားချမ်းသာ၍ ရွှေရုံသင်းပင်း ပေါများမည်ဟု ဆိုပါသည်။ အနောက်အရပ်နှင့် အနောက်တောင်အရပ်မှလွဲ၍ ကျန်သောအရပ်များသည် သစ်ပုံရန်မကောင်းဟု ဆိုပါသည်။

“အိမ်မဆောက်မီ ခြံဝင်းမခတ်ကောင်း” ဟူသော အဆိုတစ်ခုလည်း သတိပြုဖွယ် ဖြစ်ပါသည်။

လိုအပ်သောသစ်များ စုံပြီဆိုလျှင် အိမ်ဆောက်လုပ်ခြင်းလုပ်ငန်းကို စတင်နိုင်ပြီ ဖြစ်ပါသည်။ အိမ်ဆောက်ရန်အတွက် ရှေးဦးစွာ မြေကို ပြင်ကြရပါသည်။ မြေပြင်ခြင်းလုပ်ငန်းလုပ်ဆောင်သည်ကို ရှေးခေတ်အခေါ်အဝေါ်အရ “တီကျင်း” သည်ဟု ခေါ်ပါသည်။

မြေကိုပြင်ဆင်ပြီးသည်နှင့် အိမ် ကျောင်းဆောက်လုပ်ရန် အပိုင်းအခြား အလားအလာကို တိုင်းတာ သတ်မှတ်ရပါသည်။ ဤသို့ပြုလုပ်သည်ကို ရှေးခေတ်က “မြေစနစ်သည်” ဟု ခေါ်ပါသည်။

မြေစနစ်ပြီးသည့်အခါ ပန္နက်ချရန်သာရှိပါတော့သည်။ ပန္နက်ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ တိုင်နေရာ၊ ထောင့်နေရာတို့ကို သတ်မှတ်ခြင်းပင် ဖြစ်ပါသည်။

ပန္နက်တံများကို မြေပေါ် သက်ဆိုင်သည့်နေရာ၌ စိုက်ထားခြင်းကို ပန္နက်ရိုက်သည်ဟု ခေါ်ပါသည်။ ထိုကဲ့သို့ရိုက်ထားပြီး အဆောက်အအုံ၏ ပုံသဏ္ဌာန် မြေပေါ်မှာပေါ်နေခြင်းကို “ပန္နက်ချ” သည်ဟု ခေါ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

တစ်နည်းအားဖြင့် ပန္နက်ချသည်ဆိုခြင်းမှာ အိမ်ဆောက်ရန် မှတ်တိ ကလေးများ စိုက်သည်ကို ဆိုလိုပါသည်။

အိမ်ဆောက်ရန် ပန္နက်ချသောအချိန်သည် လွန်စွာ အရေးကြီးသည် ဆောက်လုပ်မည့်နေအိမ်၏ ရာသက်ပန်တည်တံ့ရေး၊ ဘေးအန္တရာ ကင်းရေးနှင့် စီးပွားချမ်းသာ ကောင်းကျိုးအဖြာဖြာ ဖြစ်ရေးအတွက် ပန္န ချသော နေ့ရက် အချိန် နာရီသည် အဓိကကျသည်ဟု ယုံကြည်ယူဆ ပါသည်။

အိမ်ဆောက်ရန်အတွက် နှစ်ကိုလည်း ရွေးပြီးပြီ၊ အိမ်ဆောက်မည် လကိုလည်း တွက်ချက်စိစစ်ပြီးပြီ၊ လက်သမားမြေခံ ၁၀ ပါး၊ လဆ လဆုတ်မြေခံတို့ဖြင့် မြေခံကောင်း မကောင်းကိုလည်း ရွေးချယ်လက်ခံ ပြီ၊ အိမ်ရှင်၏ နေ့နံအလိုက် အိမ်ဆောက်မည့်နေ့ကိုလည်း ဆောင်ရမည် ရက် သတ်မှတ်ပြီးပြီ၊ ထိုနေ့ ထိုရက်သည် ပြဿဒါးရက်၊ ရက်ကြမ် ရက်ယုတ်မာတို့နှင့်လည်း လွတ်သည်။

ထိုနေ့ ထိုရက်သည် နေ့ကြတ်သောရက်၊ လကြတ်သောရက် သုံးရက်အတွင်းကာလနှင့်လည်း လွတ်ကင်းသည်။ လျှော်လှူပ်သောရက် ခုနစ်ရက်အတွင်း ကာလနှင့်လည်း လွတ်ကင်းသည်။

ရွေးချယ်ထားသောနေ့ရက်သည် အပြစ်လွတ်ကင်းသောနေ့ဖြ နေပြီ၊ သို့သော် ထိုနေ့၊ ထိုရက်အတွင်း အကောင်းဆုံး၊ အချိန်နာရီ ရွေးချယ်ရဦးမည်။ အချိန်နာရီ တိတိကျကျ ရယူချင်ပါက မြန်မာ့ရိုး ဗေဒင်ပညာရှင်များ၏ အကူအညီကို ရယူရမည် ဖြစ်သည်။ ဗေဒင်ပည ရှင်များ၏ အခါပေးသောအချိန်ကို ယူကြရမည် ဖြစ်သည်။

ဗေဒင်ပညာရှင်များ၏ ဗေဒင်နည်းအရပေးသော အချိန်အခါ မယူလည်း ဖြစ်သည်။ ရှေးရိုးမြန်မာ့ရိုးရာ အချိန်အခါရွေးသည့်နည်းစ ဥပဒေသများ ရှိသည်။



နေ့တိုင်း နေ့တိုင်း၌ "ရာဟု" အခါဟူ၍ရှိသည်၊ "ဆံကြီး" လေးပါး ရှိသည်။ ဆံကြီးလေးပါးမှာ မည်သည့်နေ့ရက်တွင်မဆို (၁) နေထွက်ဆဲ အခါ၊ (၂) မွန်းတည့်ဆဲအခါ၊ (၃) နေဝင်ဆဲအခါ (၄) သန်းခေါင်တည်ဆဲ အခါတို့ ဖြစ်ပါသည်။ ထိုအခါလေးပါးကို ရှောင်ကြရသည်။

"ရာဟု" အခါဆိုသည်မှာ တနင်္ဂနွေနေ့၌ ညနေ (၄) နာရီခွဲမှ ညနေ (၆) နာရီအထိ အခါသည် "ရာဟု" အခါဖြစ်သည်။ တနင်္လာနေ့၌ နံနက် (၇) နာရီခွဲမှ (၉) နာရီတိုင်အောင် "ရာဟု" အခါဖြစ်သည်။ ဗုဒ္ဓဟူးနေ့၌ ညနေ (၃) နာရီမှ (၄) နာရီခွဲတိုင်အောင် "ရာဟု" အခါဖြစ်သည်။ ဗုဒ္ဓဟူး နေ့၌ မွန်းတည့် (၁၂) နာရီမှ (၁) နာရီခွဲတိုင်အောင် "ရာဟု" အခါဖြစ် သည်။ ကြာသပတေးနေ့၌ နေ့ (၁) နာရီခွဲမှ (၃) နာရီတိုင်အောင် "ရာဟု" အခါဖြစ်သည်။ သောကြာနေ့၌ နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီ တိုင်အောင် "ရာဟု" အခါဖြစ်သည်။ စနေနေ့၌ နံနက် (၉) နာရီမှ (၁၀) နာရီခွဲတိုင်အောင် "ရာဟု" အခါဖြစ်သည်။ ထို "ရာဟု" အခါများသည် အမှောင်ဓာတ်သဘော အလွန်အားကြီးသောကြောင့် မင်္ဂလာအခါမမည် ရှောင်ကြပါသည်။

ထိုရှောင်ရမည့် အချိန်အခါတို့နှင့်လွတ်ကင်းသော အချိန်အခါကို မင်္ဂလာအခါအဖြစ် ရွေးကြရပါသည်။

## ကြိုးဆွဲပန္နက်ရိုက်ခြင်း

ပန္နက်ရိုက်ရန် အခါကောင်းကို ရွေးပြီးသည်နှင့် ကြိုးဆွဲပန္နက်ရိုက် ရန် စီစဉ်ရပါသည်။ ပန္နက်ရိုက်ရန် ကြိုးဆွဲသည်ကို "ပန်းလည်ချသည်" ဟု ခေါ်ကြပါသည်။

ပန္နက်ရိုက်ရာ၌ ကြိုးကိုင်ရသူ၊ ပန္နက်ရိုက်ရသူများ လိုအပ်ပါသည်။ ပန္နက်ကြိုးကို ကိုင်ချင်တိုင်းကိုင်၍ မရသလို၊ ပန္နက်ကိုလည်း ရိုက်ချင်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရိုက်၍ မရပါပေ။ နေနံအလိုက် ပန္နက်ကြိုးဆွဲရမည့်သူ၊ ပန္နက်ရိုက်ရမည့်သူ လိုက်နာရခြင်းများ ရှိပါသည်။

ပန္နက်ရိုက်ရာ၌ ကြိုးကိုင်မည့်သူ၊ ပန္နက်ရိုက်မည့်သူ နေနံသားတို့ကို ခွဲခြား သိမြင်နိုင်ရန်အတွက် အောက်တွင် ဇယားဖြင့် ဖော်ပြအပ်ပါသည်။

အိမ်ရှင် ကြိုးကိုင်နှင့် ပန္နက်ရိုက်သူပြဇယား –

| စဉ် | အိမ်ရှင် | ကြိုးကိုင်သူ | ပန္နက်ရိုက်သူ |
|---|---|---|---|
| ၁ | တနင်္ဂနွေသား | ကြာသပတေးနှင့် သောကြာ | စနေနေသား |
| ၂ | တနင်္လာနေသား | သောကြာနှင့် စနေသား | တနင်္ဂနွေနေသား |
| ၃ | အင်္ဂါနေသား | စနေနှင့် တနင်္ဂနွေနေသား | တနင်္လာနေသား |
| ၄ | ဗုဒ္ဓဟူးနေသား | တနင်္ဂနွေနှင့်တနင်္လာနေသား | အင်္ဂါနေသား |
| ၅ | ကြာသပတေးနေသား | တနင်္လာနှင့် အင်္ဂါနေသား | ဗုဒ္ဓဟူးနေသား |
| ၆ | သောကြာနေသား | အင်္ဂါနှင့် ဗုဒ္ဓဟူးနေသား | ကြာသပတေးနေသား |
| ၇ | စနေနေသား | ဗုဒ္ဓဟူးနေသားနှင့် ကြာသပတေးနေသား | သောကြာနေသား |

ယင်းဇယားကိုကြည့်ပါက ကြိုးကိုင်ရမည့်သူသည် အိမ်ရှင်၏နေနံမှ ပဉ္စမွတ်နှင့် ဆဋ္ဌမွတ်နေနံသားများဖြစ်ပြီး ပန္နက်ရိုက်ရမည့်သူသည် သတ္တမွတ်နေသား ဖြစ်သည်ကို တွေ့ရပါမည်။

ပဉ္စမွတ် ဆဋ္ဌမွတ်ဆိုရာ၌ အိမ်ရှင်နေနံမှ (၅) ခုမြောက်သည် ပဉ္စမွတ်ဖြစ်၍၊ (၆) ခုမြောက်သည် ဆဋ္ဌမွတ်ဖြစ်ပြီး၊ (၇) ခုမြောက်သည် သတ္တမွတ်ဖြစ်ပါသည်။ ဥပမာ – တနင်္ဂနွေနေသား၏ ပဉ္စမွတ်သည် ကြာသပတေးနေသားဖြစ်၍ သောကြာသည် ဆဋ္ဌမွတ်နေသား ဖြစ်ပါသည်။ သတ္တမွတ်နေသားသည် စနေနေသား ဖြစ်ပါသည်။ ကျန်နေသားများကိုလည်း ဤအတိုင်း ယူရပါမည်။



ဇယားတွင် ကြိုးကိုင်သူနေရာ၌ နေနံသား (၂) ဦးကို ပြထားပါသည်။ ထိုကြိုးကိုင်သူနှစ်ယောက်တွင် ပဉ္စမွတ်နေသားသည် ကြိုးရင်းကိုင်ရသူ ဖြစ်ပြီး၊ ဆဋ္ဌမွတ်နေသားသည် ကြိုးဖျားကိုင်ရသူ ဖြစ်ပါသည်။

## အိမ်ရှင်ပူဖွယ်၊ ဆောင်အပ်ဖွယ်

အခါရသောနေ့၌ အိမ်ဆောက်မည့်မြေကွက်တွင် ရေပြည့်သော အိုးသစ်တွင် ကမ္ဘာ့ပန်းခုနစ်မျိုးဖြစ်သော အုန်း၊ ကံ့ကော်၊ နေကြာ၊ ချယား၊ သပြေ၊ သီး၊ ထန်း တို့ကို စိုက်ဆင်ယင်ရပါသည်။

အိမ်ရှင်သည် တနင်္ဂနွေသားဖြစ်လျှင် ပတ္တမြားနီလက်စွပ်ကို ဝတ်ဆင်၍ ကံ့ကော်ညွန့်ကို အဆောင်ပြုခြင်း၊ တနင်္လာသားသမီးဖြစ်လျှင်မူ ပုလဲလက်စွပ်ကို ဝတ်ဆင်၍ နေဇာညွန့်ကို အဆောင်ပြု၍လည်းကောင်း၊ အင်္ဂါသားသမီးဖြစ်မူ သန္တာလက်စွပ်ကို ဝတ်ဆင်၍ ချယားညွန့်ကို အဆောင်ပြုခြင်း၊ဗုဒ္ဓဟူးသားသမီးဖြစ်မူ မြစိမ်း၊ ကျောက်စိမ်းလက်စွပ်ကိုဝတ်ဆင်၍ သပြေညွန့်ကို အဆောင်ပြုခြင်း၊ ကြာသပတေးသားသမီးဖြစ်မူ ဥဿဖရားလက်စွပ်ကို ဝတ်ဆင်၍ သီးညွန့်ကို အဆောင်ပြုခြင်း၊ သောကြာသားသမီး ဖြစ်မူ စိန်လက်စွပ်ကိုဝတ်ဆင်၍ ဒန်းညွန့်ကို အဆောင်ပြုခြင်း၊ စနေသား သမီးဖြစ်မူ နီလာလက်စွပ်ကို ဝတ်ဆင်၍ အုန်းညွန့်ကို အဆောင်ပြုခြင်း၊ သင့်တင့်လျောက်ပတ်သောနေရာမှ မေးသောအချိန်ကျရောက်သည်နှင့် ဘုရား၊ တရား၊ သံဃာဆရာသမားများ၊ မိဘဘိုးဘွား သိကြား ဗြဟ္မာ၊ စတု လောကပါလ၊ သမ္မာဒေဝ သာသနာတော်စောင့်နတ်မြတ်တို့အား ရှိခိုးဝတ်ချ တိုင်ကြား ပသပူဇော်ပြီး အကောင်း ဆုမွန်တောင်းခြင်း ပြုကြရသည်။

သုတသန္တိစယမူကျယ်ကျမ်းတွင်မူ လက်ဝတ်ရတနာမပါသော အဆောင်ပန်းကိုသာ ပြထားပါသည်။ အဆောင်ပန်းသည် အိမ်ရှင်နံအ

www.burmeseclassic.com

www.burmeseclassic.com

အညွှန့်နံ့ပန်း ဖြစ်ပါသည်။ ဥပမာ – တနင်္ဂနွေနံ၏ အညွှန့်သည် တနင်္
ဖြစ်သည်။ တနင်္လာ၏ အညွှန့်သည် အင်္ဂါဖြစ်၏။ ကျန်သောနေ့နံများ
အညွှန့်ကိုလည်း ဤအတိုင်းယူရပါသည်။ အညွှန့်နံ့ပန်းတွင်လည်း ကံ့ေ
ညွှန့်ကို မရနိုင်ပါက ကုက္ကိုး ပုန်းညက်အရာတွင် ဖွန်၊ ဇီဇဝါအရာ
ဇလပ်၊ သပြေအရာတွင် ပေါက်ပန်း၊ သီးအရာ သံသတ်၊ ဒန်းအရာ
ထိန်၊ အုန်းအရာတွင် ပန်းအိ စသည်ဖြင့် နံ့သင့်ရာ ဆောင်နိုင်ကြော
ပြထားပါသည်။

ယင်းအညွှန့်နံ့ပန်းအပြင် မှုကွဲတစ်ရပ်အနေဖြင့် ပဥ္စပွတ်နံ့ပ
ဆပွတ်နံ့ပန်း တို့ကို ဆွဲနိုင်ဆောင်နိုင်ကြောင်း ပြထားပါသည်။

ပန္နက်သားကိုတော့ ပဥ္စပွတ်နံ့အသားကို အသုံးပြုပြီး ပန္နက်ကိုထ
မည့် "အသား" ကမူ အိမ်ပိုင်ရှင်၏ မွေးနံ့သားပင် ဖြစ်သည်။

တနင်္ဂနွေသား အိမ်ဆောက်မည်ဆိုပါက ကြာသပတေးနံ "သင
သား" ကို ပန္နက်တပ်ပြုလုပ်ပြီး တနင်္ဂနွေနံ "အင်သား" ဖြင့် ရိုက်ရမည်
ဆိုပါသည်။

အချို့ကမူ မွေးနံ့ကိုပန္နက်ပြုပြီး အညွှန့်နံ့ဖြင့် ရိုက်ကြပါသည
အချို့က အညွှန့်ကိုပန္နက်ပြု၍ လက်ရိုက်ကိုမူ ကြိုက်နှစ်သက်ရာဖြ
ရိုက်တတ်ကြကြောင်း မှတ်သားရပါသည်။

ဆုကောင်း ဆုမွန်တောင်းရာ၌ မျက်နှာမူရာအရပ်ကိုလည်း တိကျစွ
ပြဆိုထားပါသည်။ ပေးသောအခါသည် တနင်္ဂနွေမြေခံဖြစ်ပါက
အနောက်တောင်အရပ်၊ တနင်္လာမြေခံဖြစ်ပါက တောင်အရပ်၊ အင်္ဂါမြေ
ဖြစ်ပါက အရှေ့တောင်အရပ်၊ ဗုဒ္ဓဟူးမြေခံဖြစ်ပါက အရှေ့အရပ်
ကြာသပတေးမြေခံဖြစ်ပါက အထက်ကောင်းကင်အရပ်၊ သောကြာမြေ
ဖြစ်ပါက အောက်မြေအရပ်၊ စနေမြေခံဖြစ်ပါက အရှေ့မြောက်အရပ်
ရာဟုမြေခံဖြစ်ပါက မြောက်အရပ်၊ ကိတ်မြေခံဖြစ်ပါက အနောက်



မြောက်အရပ်၊ မိတ္တူမြေခံဖြစ်ပါက အနောက်အရပ်အသီးသီးကို မျက်နှာမူရမည် ဖြစ်ပါသည်။

"ပန္နက်ချရာ၌ ခန်းဖွင့်တောင်တာနှင့်ကြငှန်း၊ သစ်စည်ကို ချပြီးမှ အနေမတော်ဟူ၍ ကြငှန်းသစ်စည်ပန္နက်ကို နှုတ်၍မပြောင်းအပ်၊ ပန္နက် မချမီ သေချာစွာ ကြည့်ရှုစစ်ဆေး၍ ပန္နက်ကို ချရာ၏။ အိမ်မကြမ်းပြင်၊ အိမ်ထီးအဆောင်တို့ကို တစ်ခါတည်း မဆောက်မလုပ်နိုင်သော်လည်း လုပ်သလိုသမျှ အဆောင်ကို အိမ်ပန္နက်နှင့်ကြိုးတံ မျဉ်းချ၍ တစ်ခါတည်း ပန္နက်ရာ၏။ ထိုသို့မဟုတ် အသေအချာဆောက်လုပ်ပြီးမှ ပန္နက်ဟောင်း မရံမကာမိဘဲ အတိုးအပွား၍ လုပ်သမျှအဆောင်တို့သည် မီးကူးသည်ဟူ၍ မကောင်း" ဟုလည်း ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း တိကျစွာ လိုက်နာရပါသည်။

ပန္နက်ရိုက်ရန်အတွက် ပန္နက်ရိုက်မည့်အချိန်အခါ မတိုင်မီ၊ ပန္နက် ကြိုးတွေဆွဲပြီးမှ မြေပေါ်မှာ အမှတ်အသားတွေ ပြုလုပ်ထားရပါသည်။ ပန္နက်ကြိုးဆွဲခြင်းကို လက်သမားဆရာဖြစ်စေ၊ ပန်းရန်ဆရာဖြစ်စေ၊ ကြီးကြပ်လုပ်ဆောင်ရပါသည်။ ရှေးဦးစွာဆောက်လုပ်မည့်နေအိမ်၏ ခန့်မှန်းခြေအလျားနှင့် အနံကို မြေပေါ်တွင် သတ်မှတ်ထားပြီး ထိုအလျား နှင့်အနံတို့မှ သုံးပေခန့်ခွာကာ ပန္နက်ကြိုးခုံများ ပြုလုပ်ရပါသည်။

ပန္နက်ကြိုးခုံများ၏ အပေါ်မျက်နှာပြင်မှာ ရေချိန်ညီနိုင်သမျှ ညီစေရန် ပြုလုပ်ထားရပါသည်။ အိမ်၏အလျားတစ်ဘက်ကိုသတ်မှတ်ပြီး ပန္နက်ခုံပေါ်တွင် သံကလေးတွေရိုက်ကာ ကြိုးချည်ထားရပါသည်။ ထိုအလျားဘက်က ကြိုးကို ကန့်လန့်ဖြတ်ပြီး၊ ခန့်မှန်းထားသည့်အနံဘက် ကို ကြိုးတစ်ချောင်း ထပ်ဆွဲရပါသည်။ အလျားကြိုးနှင့် အနံကြိုးသည် ထောင့်မှန်ကျရပါသည်။ ထိုကဲ့သို့ ထောင့်မှန်ကျအောင်လုပ်ခြင်းကို "ဝက်ခေါင်းထိုး" သည်ဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပန္နက်ကြိုးများ ထောင့်မှန်ကျရန်အတွက် “ဂက်ခေါင်းထိုး” ရသည်မှာ အချိန်ယူလုပ်ဆောင်ရပါသည်။ ပန္နက်ကြိုးများ ထောင့်မှန်ကျပါမှ ဆောက်လုပ်သည့်အိမ်လည်း စတုဂံကျမည် ဖြစ်သည့်အတွက် ဂရုစိုက်လုပ်ဆောင်ရပါသည်။

အလျားတစ်ဘက်၊ အနံတစ်ဘက်ရပြီးနောက် ဆောက်လုပ်မည့်အိမ်၏အလျားနှင့်ညီသည့် နေရာမှာ ဂက်ခေါင်းထိုးပြီး တတိယကြိုးကို ဆွဲရပါသည်။ ထို့နောက် အနံကိုတိုင်းပြီး၊ ဒုတိယကြိုးနှင့် မျဉ်းပြိုင်ကြိုးတစ်ခုကို ဆွဲလိုက်သည့်အခါ အလျားနှစ်ဘက်နှင့် အနံနှစ်ဘက် စတုဂံပုံ ပေါ်လာပါသည်။

ပန္နက်ကြိုးခုံများမှာ မျက်နှာပြင်ညီအောင်ပြုလုပ်ထားသည့်အတွက် ပန္နက်ကြိုးများသည်လည်း မျက်နှာပြင်ညီ ဖြစ်နေပါသည်။ အလျားတစ်လျှောက် တိုင်များရိုက်ရန် နေရာကိုလည်း နောက်ထပ်ကြိုးများနှင့် အလျားကို ကန့်လန့်ဖြတ်ပြီး ဆွဲရပါသေးသည်။

ပန္နက်ကြိုးများဆွဲပြီးနောက် အလျားကိုဖြတ်သည့်ကြိုး၏ ထောင့်မှန်နေရာတွင် ချိန်သီးဖြင့် ချိန်ချကာ မြေပေါ်ကျသည့်နေရာတွင် ထုံးမှုန့်နှင့် အမှတ်အသားပြုရပါသည်။ ထိုအမှတ်အသားများတွင် ပန္နက်တံလေးများ စိုက်ခြင်းကို ပန္နက်ရိုက်ခြင်းဟု ခေါ်သည်။ ထိုပန္နက်တိုင်လေးများ စိုက်သည့်နေရာသည် အဆောက်အအုံ၏ “တိုင်” များ စိုက်ထူမည့်နေရာများ ဖြစ်ပါသည်။

ပန္နက်အမှတ်အသားများကို ပန္နက်ရိုက်မည့် အချိန်အခါမတိုင်မီ အဆင်သင့် ပြုလုပ်ထားရပါသည်။ ထို့နောက် အိမ်ဆောက်မည့်နေသားနှင့် ပတ်သက်သူများကို ခေါ်ထားရပါသည်။ ပန္နက်ရိုက်မည့် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကြိုးရင်းကိုင်သူ၊ ကြိုးဖျားကိုင်သူများက ကြိုးကိုဆွဲပြီး ပန္နက်ရိုက်သူက ပန္နက်ကို မြေကြီးထဲဝင်အောင် ရိုက်ရပါသည်။

ကြိုးဆွဲပန္နက်ရိုက်ရာ၌ ကြိုးမပြတ်ရန်နှင့် ပန္နက်တံမကျိုးရန်



အထူးဂရုစိုက်ရိုက်ရပါသည်။ အကယ်၍ ကြိုးဆွဲယင်း ကြိုးပြတ်ပါက ပန္နက်ရိုက်ရင်း ပန္နက်ကျိုးသွားပါက နိမိတ်မကောင်းဟု ယူဆကြပါသည်။

**တွင်းဝန်းတူးခြင်း**

ပန္နက်ရိုက်ခြင်းအမှုကို ကြိုတင်ပြီးနှင့်စေပြီးနောက်တွင် ပန္နက်တွင်းတူးရပါသည်။ ဤကဲ့သို့ “တိုင်စိုက်ရန်သော်လည်းကောင်း၊ အုတ်မြစ်ချရန်သော်လည်းကောင်း၊ တွင်းတူးသည်ကို” “တွင်းဝန်းသည်” ဟု ခေါ်ပါသည်။ တွင်းဝန်းရာ၌ နဂါးဦးခေါင်းလှည့်ရာအရပ်ကို ကြည့်ရပါသည်။

နဂါးလှည့်အတွက်ဆောင်ပုဒ်လင်္ကာမှာ –

“ပေါင်း၊ နှူး၊ ဆုန်၊ နောက်၊

နှ၊ ဝါ၊ ဝေါ၊ မြောက်

တော်၊ ကျွတ်၊ မုန်း၊ ရှေ့

နတ်၊ ပြာ၊ တွဲ၊ တောင်” ဟူ၍ ဖြစ်ပါသည်။ ယင်းလင်္ကာအရ တပေါင်း၊ တန်ခူး၊ ကဆုန် ဤသုံးလ၌ နဂါးဦးခေါင်း အနောက်သို့ပြုပါသည်။ မြီးကား အရှေ့၊ ဝမ်းကားတောင်၊ ကျောကား မြောက်သို့ပြု၏။ နယုန်၊ ဝါဆို၊ ဝါခေါင် ဤသုံးလ၌ နဂါးဦးခေါင်း မြောက်သို့ပြု၏။ အမြီးကား တောင်၊ ဝမ်းကား အနောက်၊ ကျောကား အရှေ့သို့ပြု၏။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ဤသုံးလ၌ နဂါးဦးခေါင်း အရှေ့သို့ပြု၏။ အမြီးကား အနောက်၊ ဝမ်းကား မြောက်၊ ကျောကား တောင်သို့ပြု၏။ နတ်တော်၊ ပြာသို၊ တပို့တွဲ ဤသုံးလ၌ နဂါးဦးခေါင်း တောင်သို့ပြု၏။ အမြီးကား မြောက်၊ ဝမ်းကား အရှေ့၊ ကျောကား အနောက်သို့ပြု၏။

ဤနဂါးလှည့်အတိုင်း အိမ်ဆောက်သည့်လ၌ နဂါးဦးခေါင်း မည်သည့်အရပ်သို့ လှည့်သည်ကိုကြည့်ပြီး “နဂါးလည်ပင်း၊ ဂဠုန်နင်း၍ မြီးရင်းဟိုင်းစီး၊ ကြွက်ကြီးဝမ်းဖောက်၊ ကျောင်းအိမ်ဆောက်သည်” ဟုသောလင်္ကာနှင့်အညီ ပန္နက်ကြိုးဆွဲပြီး တွင်းဝန်းရပါသည်။ “နဂါး

www.burmeseclassic.com

www.burmeseclassic.com


လည်ပင်း၊ ဂဠုန်နှင့်” ဆိုသောစကားအရ တနင်္ဂနွေသားသည် နဂါးဦးခေါင်းလှည့်ရာပန္နက် က “မြီးရင်းဟိုင်းစီး” ဆိုသောစကားအရ ဗုဒ္ဓဟူးနေ့ မွန်းလွဲဖွား ရာဟုသားက နဂါးအမြီးထားရာပန္နက်က ကြာသပတေးသားက ထိုနှစ်ယောက်ကြား ပန္နက်နေစေပြီး၊ ပေးသောအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် နဂါးဝမ်းဗိုက်အရပ် ပန္နက်တွင်ရှိသော ကြာသပတေးသားက အလျင်ဦးဆုံး စတူးရသည်။ တူး၍ အနည်းငယ်ရမှ ကျန်သောတွင်းများ ဆက်တူးရသည်။ ၎င်းနောက် မည်သည့်နေ့သားမဆို ရှိရာတွင်းကို ဆက်ပြီး တူးနိုင်သည်။

အချို့ကလည်း “ဥက္ကောင်းကို ဂဠုန်သုတ်စေ၊ အမြီးကို ဆင်နင်းစေ” ဟူ၍ လွယ်ကူသောစကားများဖြင့် ပြပါသည်။ ပန္နက်တွင်းဝန်းရာ၌လည်း မင်္ဂလာအချိန်ရောက်သည်နှင့် တူရွင်းကိုမြေများထိပြီး ပန္နက်တိုင်ကို လက်ယာရစ် အဝန်းအဝိုင်းပြုပြီးမှ တူးရပါသည်။ ပန္နက်တိုင် မကျိုးမပဲ့အောင်လည်း ဂရုစိုက်ရပါသည်။

နဂါးဝမ်းဗိုက်အရပ်တွင်ရှိသော ကြာသပတေးသားက အလျင်ဦးဆုံး စတူးရခြင်းမှာ နဂါးဝမ်းဗိုက်ကို အရင်ဖောက်ပြီးမှ နဂါးသည် မလှုပ်ရှားနိုင်ဘဲ ကျန်သောအပိုင်းများ ဆက်တူးခြင်းဖြင့် နဂါးသေ၏။ နဂါးသေမှ ထိုအိမ်သည် ဘေးအန္တရာယ်ကင်းမည်။ ဤသို့မဟုတ်ဘဲ နဂါး၏ကျောဘက်တွင်ကျသောတွင်းမှ လူက အလျင်စတူးမိပါက နဂါးမသေဘဲ ရန်ရှာတတ်သည်။ အိမ်ရှင်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည် ဟု ဆိုသည်။ တွင်းတူးပြီး ထွက်သောမြေစာများကို နဂါးအမြီးလှည့်ရာဘက်သို့ ယက်တင်ရသည်။

တွင်းဝန်းရာ၌ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျမတူးဘဲ ဖောက်လွဲဖောက်ပြန် တူးမိပါက အပြစ်သင့်တတ်ပါသည်။

“နဂါးဦးခေါင်းတွင်း တူးမိမူကား အမိ (အဘ) သေအံ့၊ အမြီးကို တူးမိမူကား (သား) မယားသေအံ့၊ ကျောက်ကုန်းကို တူးမိမူကား မိမိကိုယ်တိုင် သေအံ့” ဟု ဆိုထားပါသည်။

“ဝမ်းတွင်းတူးမိမူကား စည်းစိမ်ချမ်းသာ ကြီးစွာရအံ့၊ အစာရေစာလည်းများအံ့” ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းမှာ လာပါသည်၊ “အိမ်ရှင်ကို မတူးစေနှင့်” ဟူ၍လည်း ပိတ်ပင်တားမြစ်ထားပါသည်။

ဤတွင် တွင်းမဝန်းမီ ပြုဖွယ်ကိစ္စရှိသည်များကို တင်ပြရဦးမည်။ တွင်းမဝန်းမီ ဉာဉ့်ကြက်ဦးတွန်က မြေနတ်ကို ပူဇော်ရသည်။ ထိုသို့ ပူဇော်ရမည့် ဂါထာမှာ –

“ဥုံနမော ပထဝီ၊ ဝလသုန္ဒရီ
သမ္ဗုဒ္ဓံ ဇောဓိမဏ္ဍလ၊ အသင်္ချေယျ၊ မာရသေနံ၊
ဇယောဓိယတု
မထေအဟံ သာမိ၊ ဘုမ္မိဒေဝါယသွဟ” ဟူ၍ ဖြစ်ပါသည်။

ဤဂါထာကို ရွတ်ဆိုပြီး ထမင်း၊ မုန့်ယို၊ ဆန်ပေါက်ပေါက်တို့ဖြင့် ပူဇော်ရပါသည်။

“ဥုံနမော ဘဂဝတော၊ ဣမိကောဇယက္ကိမ်ဣမိ။
လာဘိကြန္တ၊ ဗေဟိဝါယမသွာဟ” ဤရှိခိုးဂါထာဖြင့် ပူဇော်ရပါမည်။

ဤသို့ ပူဇော်ခြင်းဖြင့် ထိုမြေ၌နေသောသူတို့သည် အပြစ်မရှိရာဟု ဆိုပါသည်။

## တွင်းတူးရာ၌ လိုက်နာရန်

တွင်းတူးရာ၌လည်း သတ်မှတ်ချက်ရှိသည်။

“နတ်အိမ်တွင်းတူးရာ၌ ဥကောင်းမြုပ်ရုံတူးရာ၏။

ပြည်တည်သခင် အရှင်မင်းတို့၏ တွင်းတူးရာသည်ကား မျက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

တူးရာ၏။ အမတ်တို့၏ တွင်းတူးရာသည်ကား ခံတွင်းမျှရုံ တူးရာ၏။ ပရောဟိတ်တို့၏ တွင်းတူးရာသည်ကား နှစ်လုံးခွဲမျှရုံ တူးရာ၏။ ရဟန်းတို့၏ တွင်းတူးရာသည်ကား ချက်မြှုပ်ရုံ တူးရာ၏။ ပုဏ္ဏားတို့၏ တွင်းတူးရာသည်ကား အလွှန်ဝမ်းရွှေမျှရုံ တူးရာ၏။ ခပ်သိမ်းသောလူတို့ တွင်းတူးရာသည်ကား ၂ တောင် လက်လေးသစ်တူးရာ၏။ ဤသို့ဆိုလျက် လွန်၍တူးမှုကား ဥစ္စာပျက်သည်မည်၏။ သားမြေး ကျေးကျွန် အပျက်အစီးများအံ့" ဟု ဗိသုကာကျမ်းက ဆိုထားပါသည်။

## မြေတိုင်မန္တာန်ရွတ်ခြင်း

တွင်းတူးပြီးသည့်နောက် မြေနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကောင်းကျိုးချမ်းသာ အဖြာဖြာရရှိရေးအတွက် –

"ဩောင်း၊ နမောဇေယတု၊ သဗ္ဗမင်္ဂလံ၊ သောင်ယံဇမ္ဗူတောင်ကျွန်းငူတွင် ဝှမ်းဆူဘုန်းဟောဂုဏ်ပေါင်ကျွေ၊ သားအရှေ့နေထွက်၊ နောက်ဘက် နေဝင် မြောက်ခွင်မူဝံ၊ တောင်စွန်တံငါ၊ ကွန်တိုင်ခိုင်ခံ့တာရှည်တည်နေအုပ်စိုးတော်မူကြကုန်သော ဒေဝ ဒေဝါ နတ်တကာတို့ မှတ်ရာအချက်၊ ပန္နက်ချလျှင်း၊ ဤမြေတွင်း၌၊ ချွတ်ယွင်းတိမ်းစောင်း၊ မြေမကောင်းကို ထောင်းထောင်းဖြိုဖျက် ဘေးရန်ပျက်အောင်၊ နတ်စက်ဝင့်တော်မူကြကုန်လော့၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကျွန်သင်းခြွေရံ အထွေထွေနှင့်တကွ၊ ရွှေငွေ စိန်ကျောက်၊ ထိန်ထိန်တောက်၍ သိမ်မောက်ဝေဖြာ၊ ပဒေသာကဲ့သို့ လိုရာပြီးမြောက်ခရီးရောက်အောင်၊ စောင့်ရှောင့် မစတော် မူစေသတည်း၊ ဇေဟိဇေဟိက္ကမ်ဘောဇနတုဉာတိ" ဟူသော မြေတိုင် မန္တာန်ကို ရွတ်ဆို၍ လမင်းကို နဂါးတွင်းထဲချခြင်း၊ ရေနှင့် ပက်ဖြန်းခြင်း၊ ပရိတ်ရေများပက်ဖျန်း၍ ဆုမွန်ကောင်းများ တောင်းခြင်း ပြုကြပါသည်။



ဤတွင် မြေတိုင်မန္တာန်ဆိုရာ၌ အချို့လည်း ကျယ်ကျယ်ပြန့်ပြန့်ရွတ်ဆိုကြသလို၊ အချို့က တိုတိုနှင့်လိုရင်းရောက်အောင် ပြောဆို ဆုတောင်းခြင်းဖြင့် ပြီးသည်လည်းရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြရာ၌ ရှေးထုံးအစဉ်အလာကို အမြွက်သိရုံမျှသာ ဖော်ပြရေးသားခြင်း ဖြစ်သည်။

## တိုင်ထူခြင်း

အိမ်ဆောက်ရန်အတွက် ပန္နက်တွင်းဝန်းပြီးသည်နှင့် တိုင်ထူရမည်ဖြစ်ပါသည်။ ရှေးခေတ်အခေါ်အဝေါ်အရဆိုလျှင် "စိုက်တိုင်" ကို "ယပ်သစ်" ဟု ခေါ်ပါသည်။

ထူသောတိုင်၌ "မင်္ဂလာသစ်" ဟူ၍ သတ်မှတ်ထားသော သစ်ခြောက်လုံး ရှိပါသည်။ ၎င်းတို့မှာ –

(၁) ဥရု
(၂) စုံပင်လယ်
(၃) ကြင်နှန်းဖို
(၄) ကြင်နှန်းမ
(၅) ကုမ္ဘီး
(၆) သပြေ တို့ဖြစ်ပါသည်။

အရပ်နှင့် သတ်မှတ်ပါက –

"အရှေ့မြောက်ထောင့်သစ်ကို ဥရု"
"အရှေ့တောင်ထောင့်သစ်ကို စုံပင်လယ်"
"အလယ်မြောက်သစ်ကို ကြင်နှန်းဖို"
"အလယ်တောင်သစ်ကို ကြင်နှန်းမ"
"အနောက်မြောက်ထောင့်သစ်ကို ကုမ္ဘီး"
"အနောက်တောင်ထောင့်သစ်ကို သပြေ" ဟုခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသစ်ခြောက်လုံးနှင့်ပတ်သက်၍ ရှေးဟောင်းလက်မှုပညာ ပေါင်းချုပ်ကျမ်း၌ –

“အရှေ့မြောက်မူ၊ တိုင်ဥရုမှတ် ထူမတွေးဆ”

“အရှေ့တောင်ဝယ်၊ စုံပင်လယ်၊ အကယ်တူသမျှ”

“မြောက်အလယ်ကို ကြငှန်းဖို ခေါ်ဆိုသမိုက်ကြ”

“တောင်အလယ်စဉ်၊ ခေါ်ဝေါ်တွင်သည် တူရှည်ကြငှန်းမ”

“မည်ရည်ခြားသီးတိုင်ကုမ္ဘီး ရှည်မီးနောက်မြောက်က”

“သပြေတိုင်ရန်အဆာဆန်သည်၊ နောက်စွန်တောင်ရပ်က”

“ရှေးထုံးစဉ်လာ၊ ဗိသုကာ၊ ဘာသာသင်္ကေတ”

“စဉ်လာမပျက်၊ ခုတိုင်ဆက်သည်၊ လေ့ကျက်သဘာဝ” ဟူ၍ လင်္ကာဖြင့်ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

မုံရွေးဆရာတော်၏ မှတ်စုကမူ –

“အရှေ့တိုင်မူ၊ တိုင်ဥရု၊ မှတ်ယူဇကေန္တ”

“အရှေ့မြောက်ဝယ်၊ စုံပင်လယ် အကယ်မှန်မုချ”

“မြောက်အလယ်စဉ်၊ ခေါ်ဝေါ်လျှည်း၊ တူရှည်ကြငှန်းမ”

“တောင်အလယ်ကို၊ ကြငှန်းဖို၊ ခေါ်ဆိုအမည်ရ”

“သပြေတိုင်မွန်၊ အနေမှန်၊ နောက်ရန်တောင်ထောင့်က”

“မည်ရည်နာသီး၊ တိုင်းကုမ္ဘီး၊ ယှဉ်းမီးတရပ်က” ဟူ၍ ဆိုထားသဖြင့်

(၁) အရှေ့တောင်ထောင့်သစ်ကို ဥရု

(၂) အရှေ့မြောက်ထောင့်သစ်ကို စုံပင်လယ်

(၃) အလယ်မြောက်သစ်ကို ကြငှန်းမ

(၄) အလယ်တောင်သစ်ကို ကြငှန်းဖို

(၅) အနောက်ထောင့်သစ်ကို သပြေ



(၆) အနောက်မြောက်ထောင့်သစ်ကို ကုမ္ဘီး ဟူ၍ ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းနှင့် ကွဲလွဲစွာတွေ့ရပါသည်။

အဓိကကွဲလွဲသည့်တိုင်မှာ အိမ်အတွက်အရေးအကြီးဆုံးဖြစ်သည့် “ဥရု” တိုင်ဖြစ်ပါသည်။ အိမ်တိုင်ထူသည့်အခါ အထွတ်အမြတ်ထားပြီး ဦးဆုံးစာတင်ထူရသောတိုင်ဖြစ်ပါသည်။

“ဥရု”၏ အဓိပ္ပာယ်မှာ ကြီးသော၊ ကြီးကျယ်သော၊ မြင့်မြတ်သော ဟူ၍ ပါဠိမြန်မာအဘိဓာန်မှာလာပါသည်။ ထို့ပြင် “မဟုတ္တကျမ်း”များ မှာအုတ်မြစ်ကို အရှေ့မြောက်အရပ်မှစပြီး ချရမည်ဟူ၍ ဆိုထားပါသည်။ အရှေ့မြောက်အရပ်သည် တနင်္ဂနွေအရပ်ဖြစ်သည့်အတွက် နေမင်း ကို ကိုယ်စားပြုထားသည်ဟုလည်း ဆိုပါသည်။ နေမင်းသည် လူသားများ အား အလင်းရောင်အပေးနိုင်ဆုံး၊ အသက်ရှင်သန်ရေးအတွက်လည်း အလို အပ်ဆုံးဖြစ်သည်။ ကြီးကျယ်မြင့်မြတ်သည့် ဂြိုဟ်ကြီးဖြစ်ခြင်းကြောင့် တနင်္ဂနွေအရပ်ဖြစ်သော အရှေ့မြောက်ထောင့်ကတိုင်ကို “ဥရု” တိုင်ဟု ခေါ်ခြင်းမှာ ပို၍သင့်လျော်ကြောင်း ရေးသားမှုမျိုးတွေ့ရပါသေးသည်။

တိုင် (၆) လုံး အခြားအခေါ်အဝေါ်တစ်မျိုးလည်းရှိပါသေးသည်။ ယင်းတို့မှာ –

(၁) ဥရုတိုင်

(၂) ကြငှန်းတိုင်

(၃) ညောင်ရမ်းတိုင်

(၄) သပြေတိုင်

(၅) ရဝေတိုင်

(၆) ကုပ်ဟီးတိုင် ဟူ၍ဖြစ်ပါသည်။ ယင်းတို့တွင် ငါးပင်လေးခန်းအိမ်မှာ အနောက်မြောက်ရှိတိုင်သည် “ညောင်ရမ်း” တိုင်ဖြစ်ပြီး၊ အနောက် တောင်ကတိုင်မှာ “ရဝေတိုင်”ဖြစ်ကြောင်း၊ မုံရွေးဆရာတော်၏ မှတ်စု

www.burmeseclassic.com

www.burmeseclassic.com

တွင် "ငါးပင်လေးခန်း၊ နောက်မြောက်ရှန်း၊ ညောင်ရမ်းတိုင်မည်ရ"

"ညောင်ရမ်းရှည်ပြိုင်၊ ရဝေတိုင် တူဆိုင်နောက်ထောင့်က" ဟူ၍ လာရှိပါသည်။ ယင်းတိုင် (၆) လုံးကို မွန်တို့၏ အခေါ်အဝေါ်တွင် –

(၁) အန်ဂေါတိုင်
(၂) နတ်တိုင်
(၃) မင်းသမီးတိုင်
(၄) လူပျိုတိုင်
(၅) မရှတ်တိုင်
(၆) လိုင်မှတ်တိုင် ဟူ၍ ရှိပါသည်။

## သစ် (၆) လုံးတွင်တိုင်တည်ရန်

သစ်များကို မထူမမတ်မီ ဥဂ္ဂစုံပင်လယ်စသော အမည်ရသစ် ခြောက်လုံးကို အသီးသီးတိုင်တည်ပြီး ဆုတောင်းရပါသည်။

ဆုတောင်းပုံမှာ –

"အို သောင်းယူဇနာ၊ ကျွန်းမျက်နှာထက်၊ တေဇာထွန်းညီ အံ့ဘွယ်ရှိသား၊ မဏိစီခြယ်၊ စလွယ်သင်းကျစ်ဦးရစ်ရွှေပေါင်း နားတောင်းလက်ကြပ်၊ လက်စွပ်လက်ကောက် ဖြိုးမောက်ဘယက် ကိုးမည်မျက်ကို ရွှေထက်ဝတ်ဆင်၊ တူရင်သိင်္ဂီ ပုစွန်ဆီနှင့် မှိုင်းရီ ဝေမှောင်၊ ပုဆိုးရောင်မှု၊ တိမ်တောင်တက်သစ်၊ လျှပ်စစ်ပမာ လူတကာကို၊ သမာတည်ကြည် ကောင်း စိမ့်မည်ဟု၊ ရွှေရည်ပုံသွန်း ဖြူရိပ်ဝန်းသည်၊ ကြငှန်းမည်သာ မြတ်ဒေဝါ

ကြမ္မာယွင်းယို၊ ဂြိုဟ်ဝင်ဂြိုဟ်ထွက်၊ ဂြိုဟ်တက်ဂြိုဟ်နိပ်၊ ဂြိုဟ်အိမ် စန်းကျ၊ မူလတိမ်းပါး၊ ဂြိုဟ်စားယွင်းဆောက်၊ သက်ရောက်ဂြိုဟ်သုံး နှစ်လုံးမသာ၊ ဇာတာဂုတ်တက်၊ အိပ်မက်စနည်း၊ တော်လည်းလျှပ်



အတင်အစွတ်၊ ထိစပ်ခိုက်တိုက်၊ လူနှိုက်များစွာ၊ ယတြာရှပ်နှံ မကောင်းကြံ၍ အသုံသောင်းသောင်း၊ ငှက်မကောင်းနှင့်များ တောင်းပြစ်မြင်ရှိခဲ့လျှင်လည်း သန့်စင်ကြည်ဖြူ မစိမ့်ဟူ၍ ညွှန့်လှ ဝေဆာ၊ နေဇာမြက်နု၊ ဇေယတုဟု၊ အောင်မှုဘော်ဆော် ကွန်းနန်း တော်ကို ရေကျော်ခွဲဝှက်၊ ခေါင်းသက်အူနှာ ပြစ်ဆာကင်းလွတ်၊ နွယ်ပတ်မီးကျော်၊ ခေါ်ဝေါ်ချောင်းကူး၊ ဘီလူးချင်ကျင် (တံကျင်) မတင်ကိုယ်ဝန်၊ ပြစ်မျိုးလွန်၍ ကောင်းမွန်ချောမော မြတ်သဘော ဖြင့်၊ မနောကြည်သာကိုးကွယ်ပါ၏ သမ္မာကမ္မဟူသမျှကိုနိစ္စ မကွေနတ်မင်းနေ၍အောင်ဇေယတုအောင်ဆုသောသော မစေ သော်" ဟူ၍ ကြငှန်းနတ်ယောကျ်ားတစ်ပါးကို တိုင်တည်၍ဆိုရ ပါသည်။

ဒုတိယနတ်တစ်ပါးကိုလည်း

"အို မြရည်ရစ်သန်း၊ လက်ယာကျွန်းဝယ်၊ ထက်ဝန်းကျော်ကြား တန်ခိုးအားဖြင့် ကိုးပါးမျက်မွန်ကောင်း ကြံစီရင်ဖေါင်း ပြည်တန်ဆာ ကိုယ်ဝန်မှာမူ၊ နီလာအဆင်း၊ တင့်ခြင်းအထူး၊ သောက်ရှူးအလား ပတ္တမြားလည်သွယ်၊ စလွယ်ရွှေခက်၊ လက်ှလက်ရောင် လျှပ်လက် စွပ်၊ လက်ကောက်၊ မီးတောက်ပမာ၊ လက်ကြပ်မှာမူ မသာရကန်၊ မျက်မွန်ထူးခြား၊ ဝတ်ဆင်စား၍ အများရှင်လူ၊ ခပ်သိမ်းသူကို (တို့) ကြည်ဖြူရှိသေ ကိုးကွယ်ပေသည်၊ သပြေမည်သာ မြတ်ဒေဝါ" ဟူ၍ "သပြေ" မည်သော နတ်ယောကျ်ားကို ထုတ်ဖော်ရွတ်ဆို၍ ကြမ္မာယွင်းယို၊ ဂြိုဟ်ဝင်ဂြိုဟ်ထွက်မှ အောင်ဇေယတု အောင်ဆု သောသော မစေသော် ဟူ၍ ဆက်လက်ရွတ်ဆို တိုင်တည်ရ ပါသည်။

သည့်နောက် ဥရုနတ်ကို –

www.burmeseclassic.com

www.burmeseclassic.com



"အို ငါးရာရံဝန်း၊ မြရည်ကျွန်းဗာ့ကျယ်ဝန်းယူဇနာ သောင်းသုံခါ တွင် ရတနာကိုးမျက်၊ စီခြယ်ရှက်သား၊ ဘယက်စည်းပေါင်း မြနားတောင်းနှင့် ဦးပေါင်းပတ္တမြား၊ ကိုးပါးမျက်မြတ် ခြယ်လယ် ပတ်၍ ဘက်လွတ်ကင်းကွာ ဝတ်တန်ဆာမှ မီးဝါနေရောင်လင်း လင်းပြောင်မျှ၊ ရန်မှောက်မသန်း၊ လသစ်ဆန်းသို့ တက်ထွန်း တေဇာ၊ လန်းလန်းဖြာ၍ ကောင်းရာနှီးဆော် မကောင်းသော်မှု မပေါ်မထင်မတွင်စေရ၊ ကိုယ်တိုင်မ၍ သုခပြောထူ၊ ထီးရိပ်ဖြူ နှင့်ညှိရှုမည်သာ မြတ်ဒေဝါ" ဟူ၍ ခေါ်ပြီး ရှေးကအတိုင်းပင် ကြမ္မာ ယှဉ်းယှိ ဂြိုဟ်ဝင်ဂြိုဟ်ထွက်မှစကာ အောင်ဖေယတု၊ အောင် ဆုသော သော မစေသော"ဟု ဆက်လက်ရွတ်ဆို တိုင်ရပါသည်။ သည့်နောက်နတ်မိန်းမသုံးပါးကို တိုင်တည်ရပါသည်။ ရှေးဦးစွာ "ရဝေ" နတ်မိန်းမကို တိုင်တည်ရပါသည်။ တိုင်တည်ပုံမှာ –

"အို ယူဇနာကျယ်ဝန်း၊ သောင်းထိုက်ခန်းတွင် ကြော့လန်း ဖြင်လျှာ၊ သူ့တကာထက်၊ ရုပ်ဝါသန့်ရှင်း၊ ပြစ်မျိုးကင်း၍၊ သတင်း သမာတည်ကြည်စွာလျှက်၊ ရတနာကိုးပါး ပတ္တမြားမျက်၊ ဘယက်နီ လာ၊ ဒက်မှာစိန်ကြောင်ခြယ်မြောင်စီဆင်၊ ဆံကျင်မျက်စုံ၊ စိန်ကုံးလျှ လာ ရတနာလက်ကြပ်၊ လက်စွပ်၊ လက်ကောက်ရောင်တောက် ညီးညီး၊ မှတ်းမြေချင်း၊ ဝင်းဝင်းလျှံဖြာ၊ ဝတ်တန်ဆာနှင့် ချမ်းသာ စီးပွား လူ့အများကို သနားဂရုဏာ သားပမာသို့ မကွာမကွေ၊ မစပေ သည် ရဝေမည်သာ မယ်ဒေဝါ... လိုရာသမျှ စစမကျန် ကျေးကျွန် သင်းပင်း ဆင် မြင်း၊ ရွှေ ငွေ၊ လယ်မြေ ဥယျာဉ် စည်ရှင်မြဲမြဲ၊ နွား ကျွဲ၊ ဆိတ်၊ ဝက်၊ မပျက်ကဲမို၊ နေ့တိုင်းတိုး၍၊ ကောင်းကျိုးမင်္ဂလာ၊ သွားရာရာ၌၊ မျက်နှာပွင့်လန်း၊ လသစ်ဆန်းသို့ လွှဒါန်းမကင်း၊ သိတင်းသိလ၊ နေ့ညမကွာ ဘဝနာဖြင့်၊ ချမ်းသာတိုးပွား၊ သမီးသား



လည်း၊ ညွှန့်အားလူလူ တံခွန်ထူသို့ ဇမ္ဗူ မြေကြော၊ ကျော်စောသောဟု စိတ်ဇောစေတနာ၊ သန့်စင်စွာလျှင်၊ နေဇာမြက်နူ၊ အောင်မှုဆော် ဆော်၊ ကွန်းနန်းတော်ကို ရေကျော်ခွဲဝှက်၊ ခေါင်းသက်အိုနာ၊ ပြစ်ဆာကင်းလွှတ်၊ နွယ်ပတ်မီးကျော် ခေါ်ဝေါ်ချောင်းကူး ဘီလူး တကျင်၊ မိတင်ကိုယ်ဝန်၊ ပြစ်မျိုးလွန်၍ ကောင်းမွန်ချောမောမြတ် သဘောဖြင့် မနောကြည်သာ ကိုးကွယ်ပါ၏။ သမ္မာကမ္မ၊ ဟူသမျှ ကို နိစ္စမကွေ နတ်မယ်နေ၍ အောင်ဖေယတု၊ အောင်ဆုသောသော မစေသော" ဟူ၍ ရွတ်ဆိုတိုင်တည်သည်။

ရဝေ နတ်မိန်းမကို တိုင်တည်ပြီးနောက်၊ "ညောင်ရမ်း" နတ်မိန်းမကို –

"အို – ကျယ်ဝန်းယူဇနာ၊ သုံးခါသောင်းပြန်၊ မြတ်ဆုံးမှန်၍ နိဗ္ဗာန်ကူးဆိပ် ဇမ္ဗူဒိတ်ထက်၊ တံဆိပ်ပေါ်ထင်၊ ဆံကျင်၊ ဆံထုံး၊ ရွှေကုံးရွှေပန်း၊ လန်းလန်းလက်လက် ဘယက်ဒါလီ လည်စီရစ်ဆွဲ၊ မျက်ပုံကြဲ၊ ဝတ်လဲထိန်ဝင်း၊ မှောင်မျိုးလင်းမျှ၊ နှစ်စင်းလနေ့၊ ထွန်း လာပေသို့၊ သရေလျှံလန်း၊ ရှုမပန်းသည် ညောင်ရမ်းမည်သာ မယ် ဒေဝါ" ဟုတာပြီး "လိုရာသမျှ စစမကျန်မှ စကာ၊ အောင်ဖေ ယတု အောင်ဆုသောသော မစေသော" ဟု ရွတ်ဆို တိုင်တည်ရပါသည်။

ထို့နောက် "ကုမ္မီး" နတ်မိန်းမက –

"အို – တာဝန်းယူဇနာ၊ သောင်းသုံးရာဖြင့်၊ သချာပတ်ကုံး ကျွန်း အလုံးတွင် မဆုံးတန်ခိုး၊ နေ့တိုင်းတိုး၍ ပြည့်ဖြိုးလက္ခဏာ [illegible] ရှိးရေ၊ ခြောက်တွေပြစ်စင်၊ ကြန်ငါးအင်နှင့် မျက်ရှင်အစစ်၊ ခြယ် [illegible] စီတင်၊ ဆံကျင်၊ ဆံထုံး၊ ဖြိုးဖြိုးဝင်းဝါ၊ ဒက်တန်ဆာမှ ရတနာ [illegible] ပြိုးပြိုးပြက်နှင့် ငြိမ်သက်လှစွာ လူ့တကာကို၊ ကော [illegible] မကောင်းဆီးသည်၊ ကုမ္မီးမည်သာ မယ်ဒေဝါ" [illegible]

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း "လိုရာသမျှ စစမကျန် မစပြီး၊ အောင်ဖေ ယတု၊ အောင်ဆု သောသော မစေသော" ဟု ရှတ်ဆိုတိုင်တည်ရပါ သည်။

ဤတွင် ကြားဖြတ်၍တင်ပြလိုသည်မှာ သစ်လုံးအခြေအနေပေါ် မူတည်၍ "သစ်ယောက်ျား၊ သစ်မိန်းမ" အခေါ်ကွဲသကဲ့သို့ အခြားမှတ်ယူပုံယူနည်းလည်း ရှိပါသေးသည်။ ယင်းမှာ "အရှေ့သို့ ဦးထားလျက် တောင်သို့မျက်နှာမူ၍ ဆောက်သောအိမ်မှ အဆောင်တို့၌ ထုပ်တန်း နှစ်ဖက်တွင် မြောက်စည်ကို သစ်ယောက်ျား၊ တောင်စည်ထုပ်တန်းကို သစ်မိန်းမယူရသော" သဘောဖြစ်သည်။

ယင်းသစ်ယောက်ျား၊ သစ်မိန်းမကိုပင် နတ်ယောက်ျား၊ နတ်မိန်းမ သဘောထား တိုင်တည် ရှတ်ဆိုရခြင်း ဖြစ်သည်။

## တွင်းစားပေးခြင်း

တိုင်များထူမတ်သည့်အခါ နတ်ယောက်ျားတစ်လုံး၊ နတ်မိန်းမတစ်လုံး ထူရပါသည်။ တိုင်မထူမီ ရှေးဦးစွာတွင်းစားပေးရပါသေးသည်။

တွင်းစားပေးရာ၌ –

(၁) ဥရှုတိုင်တွင်းမှ ကြေးနီ

(၂) စုံပင်လယ်မှ သံ

(၃) ကြင်နန်း (ဖို) မှာ ပတ္တမြား

(၄) ကြင်နန်း (မ) မှာ ခဲ

(၅) ကုမ္ဘီးမှာ ကြေးဝါ

(၆) သပြေမှာ ခဲမဖြူ ခဲပေးရသည်။

ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းမှာမူ တိုင်ကိုးလုံး တွင်းစားပေးရန်ပြန်ဆိုထားပါသည်။ ယင်းတို့မှာ –

(၁) ကြင်နန်း (ဖို) တွင်းမှာ ပတ္တမြား

(၂) ကြင်နန်း (မ) တွင်းမှာ ခဲမ



(၃) စုံပင်လယ်တွင်းမှာ သံ

(၄) ဥရှုတွင်းမှာ ကြေးနီ

(၅) ကုမ္ဘီးတွင်းမှာ ကြေးဖြူ

(၆) သပြေတွင်းမှာ ခဲမဖြူ

(၇) အရှေ့ထောက်ရှည်တွင်းမှာ ရွှေ

(၈) အလယ်ထောက်ရှည်တွင်းမှာ ဆန်စပါး၊ ဆား၊ ငါးပိပါစေ

(၉) အနောက်တောင်ရှည်တွင်းမှာ ငွေ ဟူ၍ဖြစ်ပါသည်။ ထိုကိုးပါးသော အရာတို့ကို သစ်မချမီပေးရသည်ဟု ဆိုပါသည်။

တွင်းစာပေးခြင်းနှင့် ပတ်သက်၍ ကောင်းကျိုးကို ပြဆိုသော သံပေါက်လင်္ကာကိုလည်း အောက်ပါအတိုင်းတွေ့ရပါသည်။

"ရွှေစွန်ထောက်ရှည်၊ ကြွယ်ဝစည်၊ ရွှေမည်သုဝဏ္ဏ"

"အလယ်သန္တာ၊ နီတျာတျာ၊ မှန်စွာထည့်လိုက်မှ"

"အနောက်တောင်မှန်၊ ငွေမင်းစံ"

"ဘေးဒဏ်ရန်ပျောက်ပ"

"ဥရှုကြေးနီ၊ ကောင်းရာသီ၊ မြင့်ချီမြောက်ပင့်ကြွ"

"ကြင်နန်းပတ္တမြား၊ ကျိုးစီးပွား ခေါင်ဖျားသူတမျှ"

"ကုမ္ဘီးကြေးဖြူ၊ ကောင်းညွန့်လူ၊ မတူစံသုခ"

"အနောက်ထောက်ရှည်ကောင်းပင်စည် ငွေရည်ဖြူစွစွ"

"သပြေခဲမဖြူ၊ ရန်မမူ၊ ရန်သူရှိုးညွတ်ခ"

"ကြင်နန်း မတွင်၊ ခဲမလျင်၊ စည်ပင်ချမ်းသာရ"

"စုံပင်လယ်သံ၊ စည်းစိမ်ခံ၊ ကြောက်ရွံ့ရန်မထ"

"အလယ်ထောက်တို့ မှန့်ငါးရှိ ဟင်းချိုစုံဖို့မ"

"အသည်တွင်းစာ ပေးကမ်းရာ စဉ်လာရှေးမဆွ"

"ဝတ်စဖြူညွန့်၊ ကောင်းသန့်သန့်၊ ခေါက်ပြန်ထုပ်အပ်စွ"

www.burmeseclassic.com

www.burmeseclassic.com



"အသီးအသီး၊ ထုပ်၍ပြီး၊ ခြားသီးစီရင်ကြ"
"တိုင်မစိုက်ခင်၊ ထိုတွင်းတွင်အလျှင်သင့်ရာချ" ဟူ၍ဖြစ်ပါသည်။

အလားတူ တွင်းစားပေးနည်းလင်္ကာတစ်ပုဒ်မှာ –

"လေ့လာ လေ့လာမျိုးလေဖြာတို့
မှတ်ပါကုန်ကြ၊ အိမ်ဆောက်သောအခါ
မြေအစကား၊ အရှေ့မှာကား ငွေ
တထွေကြေးနီ တောင်ထောင့်ဆီက
ခပ်ပြာတောင်မှာ၊ မည်သာခေါ် ဘိ
နရတီမိုးကြိုး၊ သုဝဏ္ဏမစ္ဆိ
ထည့်ဘိခဲမ၊ ပါရပ်ကတည့်
မြောက်ခဲမဖြူ၊ သံမှူသေန်
ကျွန်းဂန်ဆရာ၊ မိန့်မှာဟောထား
တွင်းစာများတို့ ထည့်ငြားရမှု
ထိုသူအိမ်ရှင်၊ ပျောက်စင်အန္တရာယ်
ကိုးဆယ့်ခြောက်ပါး၊ အနာများကို
ပျောက်ငြားစေန်၊ နေကျမှန်လော
အလွန်တရာ၊ ကောင်းလှစွာသည်
ဤစာအကျော်အစော်တည်း။

အိမ်ကျောင်းဆောက်သောအခါ တွင်းစားပေးသတည်း ဟူ၍ဖြစ်ပါသည်။

အခြားမှတ်တွဲ တွင်းစားပေးနည်းတစ်မျိုးမှာ –

"ရွှေငွေကျောက်မျိုး ရတနာသမျှထည့်၊ ကြေးငါးမျိုးထည့်ရာ၏၊ စပါး၊ ပြောင်း၊ ပဲ၊ လူး၊ ဆတ်၊ ကောက်နတ်ဝါမျိုး ကြဲရာ၏၊ တနည်းကား အရှေ့တောင်ထောင့်တွင်းနှင့် အနောက်မြောက်ထောင့်တွင်းကို ကြေးမျိုး



ငါးပါးထည့်ရာသည်။ တောင်ကတွင်းနှင့် အနောက်မြောက်ထောင့်တွင်း အလယ်တွင် ရွှေနှင့်ငွေထည့်ရ၏။ အရှေ့မြောက်ထောင့်တွင်းနှင့် အနောက်တောင်ထောင့်တွင်းကို သံစထည့်ရာ၏" ဟူ၍ ဗိသုကာကျမ်းမှာ လာပါသည်။

ပုဂံခေတ်နန်းတော်တိုင်၏ အောက်ခံကျောက်ခွက်ကြီးတစ်ခု၌ ကြေးနီပြားတစ်ချပ်နှင့် ငွေပြားတစ်ချပ်တွေ့ရှိရကြောင်း၊ အထောက်အထားအရ ပုဂံခေတ်ကတည်းကပင် တိုင်အောက်၌ ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့ ထည့်သည့်ဓလေ့ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## အိမ်ဆောက်ဆွဲတင်ပန်း

တွင်းစားပေးပြီးသည်နှင့် တိုင်ကို စထူနိုင်ပြီဖြစ်ပါသည်။ သို့သော် တိုင်မထူမီ တိုင်များဆွဲတင်ရန်၊ တင်ရန်ရှိသည့်ပန်းများကို ကြိုတင်ဆွဲထား၊ တင်ထားရပါသည်။

အိမ်ဆောက်ဆွဲတင်သည့်ပန်းနှင့်ပတ်သက်၍ –

"ဥန်နဲ့ဆွဲက၊ များခနကြွယ်ဝချမ်းသာစွာ၊
ပြည်ဘောင်ဆွဲသော်၊ မင်းမှူဖော်၊ အလျော်ခံရပါ
ရေသဖန်းလျှင်၊ ဆွဲလေချင်၊ ကြည်လင်လွှန်ချမ်းသာ
မြေစာညီညွတ်၊ ဆုံးပန်းစက်၊ အသက်ရှည်တတ်စွာ၊
အိမ်ဆောက်ပန်းဆွဲ စိတ်ဖြာစွဲမှတ် စွဲလူပိုလ်ပါ" ဟု သုတသန္နိဋ္ဌာန ကျမ်းမှာလာပါသည်။ ဥန်၊ ပြည်ဘောင်၊ ရေသဖန်း၊ မြေစာစသည့်ပန်းများ ဆွဲဆင်ရန်ညွှန်းဆိုထားပြီး ပန်းတစ်ခုချင်း၏ ဆွဲဆင်ရခြင်းအကျိုးကိုပါ ဖော်ပြထားသည့် လင်္ကာကလေး ဖြစ်ပါသည်။ မှတ်သားဖွယ်ကောင်းပါသည်။

သဗ္ဗမင်္ဂလာအခါပေးကျမ်းတွင်

"ပဒေါင်ဆွဲက ရာဇပူဇာ

www.burmeseclassic.com

www.burmeseclassic.com



ဥနဲ့ညွန့်ဆွဲက ကြွယ်မြဲဥစ္စာ

သဖန်းဆွဲက မလွဲချမ်းသာ

မြေဇာဆွဲက ရှည်မြဲသက်တမ်းသာ" ဟူ၍ ပြဆိုထားပါသည်။ ပန်းဆွဲရမည့်တိုင်မှာ ဥဂ္ဂတိုင်ဖြစ်သည်။ ယင်းဥဂ္ဂတိုင်တွင် ပဒေါင်ညွန့်ဆွဲပါက မင်း၏ပူဇော်ခြင်းကို ခံရအံ့၊ ဥနဲ့ညွန့်ဆွဲမူ ဥစ္စာဓနကြွယ်ဝချမ်းသာအံ့၊ မြေဇာညွန့်ဆွဲမူ အသက်ရှည်အံ့ဟု နားလည်နိုင်ပါသည်။

အချို့ကမူ အိမ်ဆောက်သည့် နေ့အလိုက်ဆင်ရန် ပန်းများကို ညွှန်းပါသည်။

"တနင်္ဂနွေနေ့ဆောက်မူ မုရားလက်ထုပ်ပန်းဆွဲ၏"

"တနင်္လာနေ့ဆောက်မူ သရက်၊ ကုက္ကိုး ခတက်ပန်းဆွဲရာ၏"

"အင်္ဂါနေ့ဆောက်မူ ကြို့၊ ထိန်၊ ကျူပန်း ဆွဲရာ၏"

"ဗုဒ္ဓဟူးနေ့ဆောက်မူ ပိန္နဲ၊ ဆူးစောင်း၊ ခတတ်ပန်းဆွဲရာ၏"

"ကြာသပတေးနေ့ဆောက်မူ ဥသျှစ်၊ တမာ၊ ဆူးစောင်းပန်းဆွဲရာ၏"

"သောကြာနေ့ဆောက်မူ မုရိုး၊ လက်ပံ၊ သရက်ပန်းဆွဲရာ၏"

"စနေနေ့ဆောက်မူ သပြေ၊ သဖန်း၊ သစ်ဆိမ့်ပန်းဆွဲရာ၏" ဟူ၍ ဗိသုကာကျမ်းကဆိုပါသည်။

"တိုင်ဟောင်းမှာ ရှောင်လို့လွှဲ ပန်းမဆွဲရာ" ဆိုသော စကားအရ အချို့တိုင်ဟောင်းကို အသုံးပြုသည့်အခါ ပန်းမဆွဲမိဖို့ သတိထားစရာ ဖြစ်ပါသည်။

ဤတွင် တိုင်ဟောင်းများ ပြန်လည်အသုံးပြုခြင်းနှင့် ပတ်သက်၍ မှတ်သားစရာတစ်ခု ရှိပါသည်။ ယင်းမှာ "တိုင်ဟောင်း မရွှေ့လင့်" ဟူသောစကားဖြစ်ပါသည်။ "နံ့သာမလိမ်း" ရဟူ၍လည်း တစ်နည်းဆိုသေးသည်။ ယင်းစကားမှာ အိမ်ဟောင်းတိုင်ကို အသစ်မရွှေလင့်ပြီ တော့ဟု ဆိုလိုပါသည်။



ဥရုတိုင်၌ လိုအပ်သော ဌာပနာကိုသွင်းပြီး လိုသောပန်းကိုလည်း ဆွဲပြီးနောက် ဥရုတိုင်ကို စတင်ထူနိုင်ပြီ ဖြစ်ပါသည်။ ဥရုတိုင်ကို စတင် ထူရာ၌ နဂါးကျောပြုရာအရပ်ကို ဦးစွာမျက်နှာမူ၍ မယူပြီးမှ နဂါးဝမ်း ဗိုက်ထက် ထူမိစေရန်အတွက် နဂါးဝမ်းဗိုက်ရှိရာ မျက်နှာမူပြီး ထူကြရပါ သည်။

ကြငှန်းတိုင်ကို ထူသည့်အခါ –

"ကြငှန်းတိုင်ကု သူငယ်ခြည် လက်ယာရစ်စေ၊ မြေစာခုနစ်ညွန့် ရေစင်ဖျန်း၍"

"သက္ကရ ဇာတုဗုဒ္ဓါန သွာဟာ သိဒ္ဓိသွာဟာ၊

သက္ကရ ဇာတုပိတု ဓမ္မာန သွာဟာ သိဒ္ဓိသွာဟာ၊

သက္ကရ ဇာတုပိတု သင်္ဃာတ သွာဟာ သိဒ္ဓိသွာဟာ" ဟူသောဂါထာ ခုနစ်မန်း မန်းလေ၊ အမျိုးခုနစ်ဆက် မျက်ကြား သော်လည်း ဤသို့ပြုရ သော် ဥစ္စာများအံ့၊ ကြာမျိုး (၇) ပါး၊ (၇) အိမ်မြေ၊ သူကြွယ်လေ့ကား၊ ခံအောက်မြေကို နံ့သာရေနှင့်နည်း၍ နွားမရုပ်ပြု၍ နွားငယ်စို့ဟန်ပြု၍ ထိုးတွင်ထည့်၊ အဲ့နွပိတ်၍ ကြငှန်းတိုင်တွင် မြှုပ်လေ၊ ဥစ္စာကြွယ်ဝ၊ ကျွဲ နွား ကျေးကျွန်များစွာ စည်ပင်ရာ၏ ဟု ဗိသုကာကျမ်းက ဆိုပါသည်။

မြန်မာ့ကျေးလက်တောရွာများတွင်မူ ဥရုတိုင်၌ အုန်းပွဲ၊ ငှက်ပျောပွဲ ထေးပြီး အုန်း၊ ငှက်ပျောချိတ်ဆွဲပြီး တိုင်ထူလေ့ရှိပါသည်။ (ရှမ်းပြည်၌မူ ထိုင်တိုင်းကို အဖြူရောင်၊ အနီရောင်၊ ရှမ်းပန်းထည်ပတ်ပြီး တိုင်ထူကြ သည်) မှာ ရှမ်းရိုးရာဓလေ့တစ်ခု ဖြစ်ပါသည်။

တိုင်များ ထူမတ်သည့်အခါ သတိထားရမည့် အချက်များရှိပါသည်။

၁။ စည်မတီးစေနှင့်

၂။ မယိမ်းပါစေနှင့် ဟူ၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စည်မတီးစေနှင့်။ ။ ဆိုသည်မှာ အိမ်မိုတိုင်များ ထူသည့်အခါ ဆူဆူညံညံအသံတွေ မလုပ်မိဖို့ သတိပေးခြင်း ဖြစ်ပါသည်။ ဆူဆူညံညံနှင့် တစ်ခြားအသံများ အနီးအနားမှာ လုပ်နေပါက တိုင်ထူသည့်သူများ အာရုံပြားသွားပြီး တိုင်ထူစဉ် မတော်တဆမှုများ ဖြစ်တတ်ပါသည်။ ယင်းကို စိုးရိမ်၍ သတိပေးခြင်း ဖြစ်ပါသည်။ တိုင်ထူစဉ် တိုင်လဲကျခြင်း၊ စရွေးကျိုးပဲ့ခြင်း စသည်တို့ ဖြစ်တတ်ပါသည်။ ယင်းသို့ဖြစ်ပါက အသစ်လဲပြီး အစားထိုးရမည်ဟု အယူရှိကြပါသည်။

ထူမတ်စဉ်တွင် ကြိုးမပြဲ၍လဲသော သစ်၊ ထူမိမှလဲသော သစ်၊ ထူရာတွင် စရွေးကျိုးသော သစ်၊ သစ်၌စွပ်မည်တင်ရာတွင် မစွပ်မိ အောက်သို့ကျသော ထုပ်လျှောက်တို့ကို အစားလဲ၍ ထည့်ရမည်။ အစားမလဲသော် အိမ်ရှင်ပျက်စီးသည် ဟု ဆိုပါသည်။

## ခယိမ်းပါစေနှင့်

ဟူသော စကားမှာ သစ်များထူမတ်ရာအရပ်သို့ မယိမ်းမပါစေနှင့် တည့်မတ်စွာ ရှိရမည်။ သို့မှသာလျှင် ခင်းခြင်း၊ ကာခြင်း၊ မျက်နှာကျက်ပြုလုပ်ခြင်း၊ ခန်းဆီးများ၏ပြုလုပ်ခြင်းများတွင် ကျင့်တွယ်ကိုက် ဖြစ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်များထူမတ်သည့်အခါ ဒေ့ရချိန်နှင့် ကျကျနန စိုက်ထူရမည်ဟု ဆိုလိုပါသည်။

ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းတွင် –

“သစ်ထူးရာ၌ စည်မတီးစေနှင့်ဆိုသောကြောင့် သစ်ကိုထူမတ်ရာ မပြည်စေနှင့် သစ်များထူမတ်ရာအရပ်သို့ မယိမ်းမပါစေနှင့် တည့်မတ်စေ၊ ထူမတ်မိလျှင် သစ်ယောက်ျားမှာ (ယောက်ျား) အဝတ်အစား၊ သစ်မိန်းမမှာ မိန်းမအဝတ်အစားတို့ကို ဆွဲဆောင်ရာသည်” ဟူ၍ တိုတိုရှင်းရှင်း ဖွင့်ဆို ထားပါသည်။



“ပင်လယ်မကူးကောင်း” ဟူသော စကားတစ်ခုလည်း ရှိပါသည်။ အိမ်၏တိုင်အထက် ထုပ်များကို ပြုလုပ်ရာတွင် တိုင်နှစ်တိုင် ကြား၌ မဆက်ကောင်းဟု ဆိုခြင်းဖြစ်ပါသည်။ တိုင်နှစ်ခု၏အကြား၌ ဆက်ပါက ခိုင်မာမှုမရှိသဖြင့် “ပင်လယ်မကူးကောင်း” ဟုဆိုကာ ထိုကဲ့သို့ တိုင်နှစ်တိုင် ကြား၌ မဆက်ရန် သတိပေးခြင်းဖြစ်ပါသည်။ လိုအပ်သော သစ်ပေရှည် အတိုင်း မရ၍ဆက်လိုပါက တိုင်ရှိသည့်နေရာ၌ ဆက်နိုင်ပါသည်။

## သစ်လဲကျမ်းအလို

သစ်များထူသည့်အခါ အစားလဲထည့်ရမည့်သစ်များရှိသည် (သို့မဟုတ်) နေရာရွှေ့စိုက်ရမည့် သစ်များလည်းရှိသည်။ လဲရမည့်သစ်၊ မလဲရမည့်သစ်၊ နေရာရွှေ့ပြောင်းစိုက်ရမည့်သစ်များကို နေ့အလိုက် သူ့သတ်မှတ်ချက်နှင့်သူ ရှိသည်။

တနင်္ဂနွေနေ့အိမ်ဆောက်မှု ဥရှုဟု သတ်မှတ်ထားသည့်တိုင်မှာ ဒူးလယ်အောက် တစ်ထွာခြားတွင် မျက်နှာခေါင်းသက်ရှိတတ်သည်။ ထိုသို့ရှိ လျှင် အိမ်ရှင်သေတတ်သည်။ ဖယ်ရမည်။ မဖယ်လိုပါက ထိုသစ်ကို အရှေ့မြောက်မှာ ထားရမည်။ အရှေ့မြောက်ထောင့်ကသစ်ကို ဥရှုမှာ ထည့်ရမည်။ ဖြူသောဥစ္စာလည်း ရအံ့ဟု ဟောသည်။

ယင်းအကြောင်းနှင့်စပ်၍

“တနင်္ဂနွေ ဆောက်တွေအိမ်၌ မှတ်ပိုက် ဥရှုထူသည့်သစ်မှာ
တစ်ထွာ ခြားလောက် စုလည်းအောက်၌ ခေါင်းပေါက်မျက်ပေါ
ရှိလေမချွတ်ဘေးဟုမှတ်လော့ ရှာတတ်သော်ကား တခြားလဲသော် မရှိ
သော်မူ ယင်းဥရှုကို ငဲ့ယူရှောင်လား၊ ရှေ့မြောက်ထား၍
ထိုသစ်ကိုမူ ဥရှုအရာထားတုံပါမူ မကြာလပ်သင့် ဖြူလပ်လတ်ကို

www.burmeseclassic.com

www.burmeseclassic.com

ရအပ်မှန်စွာ မချွတ်ရာဟု ကျမ်းလာဆို သည်၊ သံချိုဆရာထား
သတည်း” ဟူ၍

ရေးဖွဲ့ထားပါသည်။

တနင်္လာကား မှန်စွာစိုက်လေ၊ အရှေ့မြောက်က၊ ထိုသစ်မဌ် မွေလယ်မျက်သေ၊ ရှိလေမပျောက်၊ ယက်မအောက်ဝယ်မှတ်လောက်စတေ၊ မြေးသားသေအံ့၊ လဲလေမှန်စွာ နောက်မြောက်မှာနှင့် မကြာစိုက်စိုက်၊ လဲစိုက်လိုက်မူ ကောင်းမြိုက်ချမ်းသာ ခြေမှာလေးခု၊ မြတ်မူ ဥစ္စာရတို့ရာ၏၊ မှန်စွာမှတ်လေ မမှာတည်းဟု ဆိုထားရာ တနင်္လာနေ့ဆောက်မူ အနောက်မြောက်ထောင့် သစ်ယက်မ အောက်တွင် ခါးသေးငယ်ရှိ၏။ ပယ်ဘိကိုယ်နှင့် တူသောသူ သေတတ်၏။ မပယ်လိုသော် အရှေ့မြောက်တိုင်နှင့်လဲ အနောက်မြောက်ထောင့်မှာထား၊ အခြေလေးခုဥစ္စာရအံ့ဟု နားလည်နိုင်ပါသည်။

အင်္ဂါနေ့ဆောက်မူ မြောက်စည်အလယ်တိုင်ယက်မအထက်တွင် ပဈက်ဝင်လောက်အောင် အခေါင်းပေါက်ရှိသည်။ ရှိလျှင်ပယ်ရမည်။ အခြေ လေးခုဥစ္စာ၊ ကျွန် ပျောက်တတ်သည်။ မပယ်လိုပါက တောင်စည်အလယ် သစ်နှင့် လဲရမည်။ တောင်စည်အလယ်သစ်ကို မြောက်စည်အလယ်သစ်မှာ ထားရမည်။ ယင်းသို့ပြုပါက ဖြူသောဥစ္စာနှင့် သမီးကညာရအံ့ဟု ဆိုပါသည်။

ထို့ကြောင့်လည်း “အင်္ဂါစစ်စစ်၊ ဆောက်သည်ဖြစ်မူ၊ မြောက်ထား အလယ်၊ အကယ်ဖြစ်မြဲ၊ မြောက်စုလဲ၌ ရှိသည်သက်သက်၊ ယက်မ ထက်ဝယ်၊ ပဈက်ဝင်လောက်၊ ထွင်းမဖောက်ကြောင်း၊ သေပျောက် လေမူ၊ ခြေလေးခုလျှင်၊ အပြစ်တင်အံ့၊ တောင်တွင်အလယ်



သစ်နှင့် လှယ်မူ၊ သက်ရှယ်မကြီး၊ သမီးကညာလပ်ရောက်လာအံ့ မြဲစွာ မှတ်လောက်မချွတ် တည်း” ဟု

လင်္ကာဖြင့်ရေးဖွဲ့ခဲ့ပါသည်။

ဗုဒ္ဓဟူးနေ့ ဆောက်လုပ်ပါက အံရှေ့မြောက်သစ်မှာ မြေနှင့် တစ်ထွာခန့်တွင် အခေါင်းရှိတတ်သည်။ ပယ်ရမည်။ မပယ်မိပါက ကိုယ်နှင့်တူသောသူ သေတတ်သည်။ မပယ်လိုပါက အနောက်မြောက် ထောင့်တိုင်နှင့် လဲရမည်။ ဥစ္စာ၊ ရွှေ၊ ငွေ၊ ဖြူသောလာဘ်လာဘများ ရတတ်ပါသည်။

“ဗုဒ္ဓဟူးကား ထိုတူစင်စစ်၊ နောက်တောင်သစ်တွင်၊ တွင်းဝင်မြေ ပေါ်၊ တိုင်သော်မယုတ်၊ ဝက်ကန်ချုပ်၌၊ ကျိုးယုတ်ဖြစ်တိ၊ အမျက် ရှိ၏၊ ဖြစ်ဘိစတေ၊ ကျွဲနွားသေအံ့၊ လဲလေမှန်စွာ၊ ရှေ့မြောက် မှာနှင့် မကြာတိုက်တိုက်၊ လဲလေစိုက်မူ၊ ဖြူသည်ဥစ္စာ၊ မကြာခဏ ရအံ့ မှန်စွာ၊ မလွဲသာတည်း” ဟုလာရှိပါသည်။

ကြာသပတေးနေ့ဆောက်လုပ်ပါက အရှေ့က ထောက်တိုင်အခွ နှင့် အခွတွင် ခေါင်းသက်ရှိ၏။ ပယ်ရမည်။ မပယ်ဘဲဆောက်လုပ်ပါက အနာ အဖျား များတတ်သည်။ မပယ်လိုပါက၊ အလယ်ထောက်တိုင်နှင့် လဲရမည်။ ထိုသို့လဲ၍အသုံးပြုပါက အခြံအရံများမည် ဖြစ်သည်။

၅ တေးမှန်စွာ ရက်ဇိဝါကား၊ ပြုဗွာစာရုံ၊ အရှေ့စွန်က ဇကန်မဆိုသစ် ထောက်တိုလျှင် အခွတွင်၌၊ ပြစ်တင်ပြုန်းတီး၊ အမျက်ရှိ၏။ ဘေးတိ မကြာ၊ ဝမ်းတို့နာအံ့ အလယ်မှာထောက်တို ယင်. ဆိုလို၏၊ ယင်းကို မူကား အလယ်ထားလော၊ လာဘ်များ ရလျှင်၊ ခြွေရံဖြင်မိုး၊ ဤလျှင် လဲကျိုးခံသနည်း ဟူ၍ သစ်လိ ကျမ်းက ပြဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘရဂုန်ဟုခေါ်မှုမည်ကာ၊ ရက်သောကြာကား၊ ဆောက်ထား ခံဆို၊ လက်ထောက်တိုလျှင်၊ အခွတွင်အောက်၊ တစ်ထွာလောက်၌ အမျက် ခိုက်အံ့၊ ဆောက်စိုက်မလဲ၊ ယင်းတွင်မြဲသော်၊ ဝမ်းသဲအနာ ပေးတို့ ရာ၏။ ထိုခါ ဆောက်ရန် အနောက်စွန်နှင့် တစ်ဖန်သော်လဲ ပြောင်းလဲ ရာမူ၊ ပုဆိုးအဝတ်၊ မလွတ်မြင်မျှလာဘ်များ ရအံ့မချွတ် တည်း"

ဟူသော လင်္ကာအရ သောကြာနေ့တွင်ဆောက်ပါက အလယ်ထောက်တိုင် အခွ တစ်ထွာခြားတွင် အခေါင်းရှိသည်၊ ပယ်ရမည်။ မပယ်ပါက အနာအမျိုး များမည်။ တိုင်ကို မပယ်လိုပါက အနောက်စွန်မှာရှိသော တိုင်မှာလဲရမည်။ ထိုသို့လဲ၍အသုံးပြုမူ အဝတ်ပုဆိုးနှင့် လာဘ်သပ်ပကာများရရှိမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"စနေနေ့ဆောက်ပါက အနောက်တောင်ထောင့် သစ်တွင် အခေါင်းတစ်တောင်ခန့် ရှိတတ်သည်၊ ပယ်ရမည့်သစ်ဖြစ်သည်။ သားသမီးများ နာတတ် ဖျားတတ်သည်။ မပယ်ဘဲ အသုံးပြုလိုပါက အရှေ့မြောက်ထောင့် သစ်နှင့်လဲရမည်။ အံခြေလေးချောင်းနှင့် ဥစ္စာစေမျိုး ရမည်" ဟု မှတ်သား ရသည်။

သစ်လဲကျမ်းတွင်မူ သောရီတွင် မြေ၊ ရက် စနေကား မှတ်၍စိုက် ဆောက်အနောက်တောင်ဟု၊ ပြုသည်သစ်မှ၊ ယွင်းခွမဲ့လျှင်၊ ယက်မ တွင်အောက်၊ စုလည်းအောက်ဟု၊ ဤနှစ်ခုလျှင်၊ ချွတ်မှုမဲ့အောင် ခေါင်လျောက် မျက်သေ၊ ရှိလေတတ်စွ၊ ထိုဒေါသကြောင့် များလ မကြာ၊ သားဦးနာအံ့၊ ထိုခါစိုက်အောက် အရှေ့မြောက်နှင့် အနောက် တောင်သစ်၊ လဲသည်ဖြစ်မူ ကောင်းမြောက်ကြံစည် အခြေလေးခု၊ မြတ်မူဥစ္စာ၊ မချွတ်ရာသည်၊ ကျမ်းလာမချွတ်မရှိ တည်းဟူ၍ ဆိုပါသည်။



စွယ်စုံကျော်ထင်ကျမ်း အလိုအရ "ဆဒ္ဒဘိညာ၊ ကာပသတို့၊ လောက ဤရွာ၊ လူမိုလ်ပါအား ချမ်းသာဖို့လမ်း၊ သစ်လဲကျမ်းကို ခွဲခြမ်းညွှန် ခဲ့သည်ကား နေ့ခုနစ်မည်၊ ရှိသည်အနက်၊ ရှေးဦး တနင်္ဂနွေ အိမ်ဆောက်ချက် ဖြိုးဝေမြိုင်မြိုင်၊ ဥရုတိုင်၏ ဖူးခိုင် ညွှန်ပြောက် စရွေးမအောက်တွင် ထွာလောက်ရပ်ကွက်၊ ထိုအချက် တွင် ခေါင်း သက်မျက်သေ၊ ရှိမြဲပေဟု၊ ထုတ်ဖော်ကျမ်းဆိုမြက်၏ စည်းစိမ် အသက်အန္တရာယ်၊ ပယ်လော့ချင့်ကို၊ မပယ်လိုမူ၊ ထိုဥရုအား၊ ရှေ့မြောက်ပါးကထားသည့်သစ်၌ လဲလှယ်စိုက်မူ၊ ဘိုးထိုက်ရတနာ၊ လာဘ်ဖြိုးစွာနှင့် ချမ်းသာဖြိုးမောက်ကယ်လိမ့်" ဟု ဖွဲ့ဆိုသည်။

"တနင်္လာဝယ်အိမ်ဆောက်ဘိ၊ တိုင်အနောက်မြောက်၊ ယက်မ အောက်တွင် ကြောက်ဖွယ်မျက်ဆွေး၊ အပြစ်ပေး၍ သားမြေးသေ စစ်ရှိ၏၊ ပယ်ဘိလိုကပယ်ပါစေ၊ မပယ်ချင်လည်း၊ သို့စင်ပါပ၊ တိုင်နှယ်မျှကို ရေသထုတ်ခါ ယတြာကို၊ ကောင်းစွာလုပ်ဆောင်၊ အရှေ့တောင်က၊ စိုက်ထောင်သန့်ရှင်း၊ သစ်များမင်းနှင့်၊ တိုင်ချင်း လဲပြောင်း၊ စိုက်တဲ့ရှောင်က၊ ခြေလေးချောင်းမြတ်၊ ရမချွတ်သည်၊ ဥပဒ်ပျောက်ပျက်ပြေလိမ့်"

"ဘောမဝါရေအိမ်ဆောက်လေ၊ မြောက်သစ်စင်ကအလယ် ကျနှင့် ယက်မအောက်နား မထင်ရှားဘူး၊ ပိုးမွှား၊ ပရွက်၊ ဝင်ထွက်လောက်ရုံ၊ မှေးမှုံမှုံသည်၊ အမြုခေါင်းသက်တွေ့လိမ့်၊ ငယ်သည်ဟူ၍၊ မပေါ့သင့်။ ကျွဲ၊ နွား၊ ဆင်၊ မြင်း သေပျောက်ယွင်း လိမ့် ချက်ချင်းပယ်ဖြုတ်၊ သို့မဟုတ်ဘဲမနှုတ်ပစ်လို၊ ပြန်သည် ဆိုမူထိုအိမ်ဝယ်သာ၊ တောင်မျက်နှာက စဉ်ကာစိုက်လစ်၊ အလယ် သစ်နှင့် လှည့်ရစ်ပြန်ခေါက်၊ လဲတဲ့မြောက်က၊ နုတ်အောက် မျှော် ကညာမယ်ကို၊ ရဖွယ် ကိန်းခန်းသင့်၏။"

www.burmeseclassic.com

www.burmeseclassic.com

"ဆင်မင်းနံ့သော် ဗုဒ္ဓဟူး – ကျောင်းအိမ်ထိုနေ့ ဆောက်သရွေ့ ကား အရှေ့မြောက်နေ့၊ တိုင်အောက်ခြေက၊ မြေနှင့်နီးပါး တစ်တောင်ခြားတွင် ထင်ရှားအမျက် ရှိအံ့ထွက်သည်၊ ဆက်ဆက် မလွဲဘူးတည့်၊ သားမြေမထူး ချစ်သည့်ကျွန်၊ ထိုအမျက်ကြောင့် သေပျက်တတ်စွ၊ နွတ်ပယ်ချလော့၊ ပယောဂဉာဏ်၊ ကုလိုပြန်မှု ရပ်ဌာန်ဘူမိ နရတိ ဝယ် ရှိသည်တိုင်နှင့် လဲသဖြင့်ကား သခင့် ချစ်သူ၊ မသေမူ၍ အဖြူ စုတ် ဝင်ပြန်အံ့"

"ဂုရုရက်မွန် အိမ်ရာဆောက် – အရှေ့စွန်းက ထောက်ရှည်ခွ တွင် ဒေါသပစ္စာ၊ အခေါင်းပါ၍၊ ဝမ်းနာဝမ်းဖေါ၊ ပဒ္ဒဝေါနှင့် စိတ်သောက ကြီးရောက်အံ့၊ လျင်လျင်ပယ်ဖျောက် ထိုတိုင်ကို ဗေဒင်သတ္တိ၊ ရှိ မရှိကိုသိလိုသောထွေ၊ မပယ်နေလည်း လယ်ဗွေကြဲခိုင်၊ ခွခေါင်တိုင် နှင့်အပြိုင်သိုက်မြိုက်လဲ၍ စိုက်မူကိုယ် ၌ ရောဂါကင်းစင်ကွာပြီး၊ ချမ်းသာမောက်၍မိုလိမ့်"

ပုူးမင်းနံ့ဂြိုလ်၊ သောကြာဂြိုလ် –

"ကျောင်းအိမ်ကြီးငယ်၊ ဆောက်ရာဝယ်၌အလယ်ထောက်မ ခွ၍စကာ၊ ထွာမှုပိုင်းခြား၊ အောက်အနားတွင် စဉ်းစား၍ရှာ အခေါင်း ပါသည်၊ ရောဂါရင်ဝယ်ဆိုက်လိမ့်၊ ပယ်လိုပယ်လိုက်၊ နေလိုနေ ယတြာကြောင်း၊ အဆင်ကောင်းလျှင်၊ မင်းလောင်းပျောက်ဘိ ထုံးစံရှိပြီး၊ ပဋ္ဌိမန္တ၊ ခေါင်ထောက်မနှင့် ဌာနလည်းလှည့်၊ လဲ၍ ထည့်မူ ရောက်မည့်ရောဂါ၊ လွတ်ကင်းကွာ၍ ရှုသာလျောက်ပတ် တန်းဆာမြတ်ကို မချွတ်ရတို့လေလိမ့်"

"သောရိစနေနေ့ကိုကား။ ။နောက်တောင်မြင့်ဖြူ၊ တိုင်ထိပ် ဖူး၌ ဘီလူးနေ့ရာ၊ မျက်သေးပါ၍၊ အိပ်ယာစိုးရ၊ ပုရိသလျှင်၊ ခထာ သေဆုံးပါးလိမ့်၊ ကံတရားလည်းမှန်စေတော့၊ သို့ဆိုကတည်း လုံ့လ

www.burmeseclassic.com


သည်း၍ ပေါင်းစည်းခုခံ၊ ဥပတ္တံကြောင့်၊ ကြံစည်တိုင်း မြောက် ချမ်းသာရောက်သည်၊ လန့်ကြောက်အား မလျော့နှင့် ယုတ်မာသွမ်း သော့ထိုသည်တိုင်၊ နောက်မြောက်ရပ်ပျော်တိုင်သူတော်နှင့်နွတ်ဆောင် လဲလှယ်၊ ပရိယာယ်ကြောင့်၊ အန္တရာယ်ရှင်း၊ သေဘေးကင်း၍ ဆင် မြင်း၊ နွား၊ ကျွဲ၊ သောက်သောက်လဲအောင်၊ လာဘ်ပွဲလှိုင်ဖြိုးလှိုင် လိမ့်၊ ပဒေသာခိုင်၊ ဉာဏ်ပဂေး၊ လောကလူ့ဘုံသုံးမကုန်အောင် ပြည့်စုံ ခက်လက်၊ ဉာဏ်သီးရွက်ကို၊ ပြည့်နှက်ဆွတ်ချွေပေးသည် ကံကျေး ပါရမည့်လေး"

ယင်းသို့ ဖော်ပြလမ်းညွှန်ထားသည်ကို ထောက်ခြင်းဖြင့် အိမ်ဆောက် ရာ၌ မည်မျှစေ့စပ်သေချာသည်ဟု ဆိုစေကာမူ သတိတစ် ချက်မမှုမိသည်နှင့် အိမ်ဆောက်ရန်စိုက်သောတိုင်များတွင် အကျိုးပျက် သစ်မျိုး မမျှော်လင့်ဘဲ ပါတတ်ကြောင်း သိနိုင်ပါသည်။ ထိုပြဿနာမျိုး ရှေးလူကြီးများလည်း ကြုံခဲ့ရဟန်ရှိသည်။ ထိုကဲ့သို့ ဖြစ်လာသည့်အခါ မည်သို့ပြုပြင်လုပ်ဆောင် ရမည်ကိုလည်း ရှေးလူကြီးများသည် ကြံဆခဲ့ကြပေလိမ့်မည်။

ကြံဆတွေ့ရှိချက်များကို အခြေခံပြီး ထိုကဲ့သို့ အကျိုးပျက်သစ်မျိုး မလိုလားအပ်သောသစ်မျိုး ပါလာပါက မည်ကဲ့သို့ပြုလုပ်ရမည်ဟူသော ဖြေဆေးမျိုးလည်း နောင်းလူတို့အတွက် လမ်းညွှန်ချမှတ်ပေးခဲ့ပါသည်။ မည်သည့်နေ့၌ အိမ်ဆောက်လျှင် မည်သည့်တိုင်၌ မည်သည့်အပြစ်မျိုး ပါရှိတတ်သည်။ ထိုတိုင်ကို အပြစ်မဖြစ်ဘဲ အကျိုးဖြစ်အောင် မည်ကဲ့သို့ ပြုလုပ်ရမည်ဟူ၍ သတိထားကြည့်တတ်ရန်နှင့် ပြုပြင်စီရင်တတ်ရန် လမ်းညွှန် ပြသချက်များ ဖြစ်ပါသည်။

ယင်းလမ်းညွှန်ပြသချက်များသည် အများကို အမှန်ရောက်အောင် ပြင်ဆင်ပေးရာရောက်သည့်အတွက် အိမ်ဆောက်ယတြာအစီအရင်ဟူ၍

www.burmeseclassic.com

www.burmeseclassic.com

ပြောရှိရသလို အိမ်ဆောက်အမှား၊ ဖြေဆေးဟူ၍လည်း ပြော၍ရပါသည်။

သစ်ထူ၍လဲသည့်အခါ ဖွေ့စိုက်ခြင်း "ဖြေဆေး" အပြင် အခြားဖြေဆေးတစ်ခုလည်း ရှိပါသေးသည်။

တိုင်များထူသည့်အခါ "မလဲ" ရန် အတတ်နိုင်ဆုံး သတိထားဖို့ ရှေးလူကြီးများက သတိပေးပါသည်။ လဲသော် "ဘေးကြီးသင့်အံ့" ဟု ဆိုထားပါသည်။ သို့သော် ထိုဘေးကိုလွှတ်ရန်အတွက် "သစ်ကိုစမုန့်နီသုတ်၊ မရှိသော်ကြက်မောက်နီမြစ်ကိုသုတ်" ဟူ၍ ဖြေဆေးပေးခဲ့ပါသည်။ "စုလဲ" လည်း ကျိုးမှုမကောင်းအဆုံးတည်း ဟူ၍လည်း ဆိုထားပါသည်။

သစ်မျက်ပါသောသစ်များကို မပယ်ဘဲ အသုံးပြုလိုသည့်အခါ သစ်မျက်ဖြေဆေး အသုံးပြုရန်လည်း လမ်းညွှန်ပြထားပါသည်။

သစ်မျက်ဖြေဆေးမှာ –

"ဆိပ်ဖူး၊ လင်းလေ၊ မုန်ညင်း၊ ကြောင်ပန်း၊ ဥသျှစ်၊ ရှိန်းခို၊ ဆေးဒန်း၊ မြင်းသီလာ၊ ကြက်သွန်နီ၊ ကြက်မောက်နီ၊ စမုန်မျိုး၊ ရတတ် သမျှထည့်၊ ပုန်းရည်နှင့်ကြို၊ ကုလိကာဆေး၊ စုလဲကို ရေနံနှင့်သုတ်၊ ယက်မတွင်းတိုင်ကို ပုန်းရည်နှင့်ဖျော်၍သုတ်" ဟူ၍ဖြစ်ပါသည်။

လက်သမားကျမ်းများ၌ –

"ထိုတိုင်သည်တိုင်ငြိလို့၊ ထိလိုက်လျှင်ပုံသေမှတ်ပါရှေး၊ အမြီးခုတ် ခေါ်ဝေါ်၊ ထိခိုက်သော်မတော်ရန်များ၊ ထိုအိမ်မှာ မငြိမ်သက်တယ်၊ ဒေါသမျက်ပွား" ဟူ၍ ပါရှိပါသည်။

တိုင်များထူမတ်သည့်အခါ တိုင် တစ်လုံးနှင့်တစ်လုံး မထိမိ၊ မခိုက်မိအောင်



သတိပေးချက်တစ်ရပ် ဖြစ်ပါသည်။ ထိမိခိုက်မိသော် နိမိတ်မကောင်းပါ၊ အိမ်ရှင်မှာရန်များတတ်သည်ဟု ဆိုလိုပါသည်။

"အိမ်တိုင်အရှေ့၊ အနောက်၊ တောင်၊ အနောက်မြောက်၊ မြောက်၊ အရှေ့မြောက်၊ တိမ်းမှုကောင်းအံ့" ဟု ကျမ်းတစ်စောင်က ဆိုထားရာ အနည်းငယ် အတိမ်းအယိမ်း၊ အတွက်ခွင့်ပြုသည့်သဘောဟုလည်း နားလည်နိုင်ပါသည်။

"အိမ်တိုင်ထူပြီးမှ စရွေး ရှည်သည်ဟူ၍ မဖြတ်ကောင်း" ပါ။ "ရောင်မလိုးရ" ဟု လက်သမားကျမ်းများက ဆိုပါသည်။ သစ်များကို ဆက်သည့်အခါ သစ်အမျိုးတူကိုသာ ဆက်ရပါသည်။ အင်ကြင်းနှင့် ကျွန်းကိုပင် မဆက်ကောင်းပါ၊ ထုပ် လျှောက်များမှာ ဝါးနှင့်သစ်ကို မဆက်ကောင်းပါ။

"အိမ်တိုင်ခေါင်း မအောင်းစေလင့်"

"ခြေမထောက်စေနှင့်" ဟူ၍လည်း သတိပေးထားပါသည်။

အိမ်တိုင်ခေါင်းမအောင်းစေလင့် ဆိုသည်မှာ "စရွေးထုပ်တဲ လျှောက်တဲတွင် ငုပ်၍မနေစေလင့်" ဟု ဆိုခြင်းဖြစ်ပါသည်။

ခြေမထောက်စေနှင့် ဆိုသောစကားမှာ ကိတ်ဂြိုတ်တိုင်ကို ဆိုလိုပါသည်။

ဥရှတိုင်ကသည် လက်ယာရစ်လှည့်၍ ရေတွက်မြဲ၊ ထူမြဲအတိုင်း အိမ်ဦးတစ်ခန်းကိုလွှတ်၍ အရှေ့ထောက်ရှည်၊ ဥရှ ကြငှန်းဖို [illegible] ထောက်ရှည်၊ သပြေ၊ ကြငှန်းမ၊ စုံပင်လယ်မှည့်သည့်အခါ [illegible] အတိုင်း "တိုင်" များကို တွေ့ရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စုပင်လယ် | ထောက်ရှည် | ဥရု |
| (၁) | (၂) | (၃) |
| ကြငှန်း | ကိတ် | ကြငှန်းဖို |
| (၆) | | (၄) |
| သပြေ | ထောက်ရှည် | ကုတ်ဖီး |
| (၈) | (၅) | (၇) |

အလယ်ထောက်တိုင်၌ ကိတ်ဂြိုဟ်နေရာ၊ ထိုကိတ်ဂြိုဟ်တိုင်ဖြစ်သော ထောက်လည်း ကြမ်းကို မထိစေနှင့်၊ ခြေမထောက်စေလင့် ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

"အိမ်မူကြမ်းပြင်၊ ကြန်မဝင်" ဆိုသောစကားတစ်ခုလည်းရှိသည်။ ၃ – ခန်းအိမ်မှာ အရှေ့ခန်းလွှတ်၍ အနောက်နှစ်ခန်းကိုယူ၊ အနောက်နှစ်ခန်းတွင် အရှေ့ထုပ်လယ်ထောက်တိုင်သည် ထုပ်ကိုထိစေ၊ ထုပ်ကို မထိ ထိုထိုလုပ်အံ့မြတ်သည်မည်၏ဟု ဆိုပါသည်။

တိုင်မြေဝင်အစွန်းနှင့်ပတ်သက်၍လည်း –

"လျှောက်စွန်း၊ ခြင်စွန်း၊ မြေဝင်စွန်း၊ အစွန်း ဤသုံးဝ"

"လျှောက်စွန်း၊ မြေဝင်၊ လှေကားခြင် တူပင်မျှစေကျ" ဟူ၍လည်း ဆိုထားပါသည်။ လျှောက်စွန်း၊ ခြင်စွန်း၊ မြေဝင်စွန်း ညီရကြောင်း၊ လျှောက်စွန်း၊ မြေဝင်စွန်းနှင့် လှေကားခြင်တို့ ညီကြကြောင်း ဆိုခြင်းဖြစ်ပါသည်။ ဦးကြင်ဥအိမ်၊ ကင်းဝန်မင်းကြီး၊ အလုံဝန် ဦးကောင်အိမ်ကို သုတေသနပြုသည့်အခါ ယင်းအချက်များကို ညီကြောင်း တွေ့ရသည်ဟု ဆိုပါသည်။



## ၁၀ ။ အပေါ်ထပ်ဆောက်လုပ်ခြင်း

အိမ်တိုင်များအစုံအစေ့ထူပြီးနောက်၊ အိမ်အပေါ်ပိုင်း ဆောက်လုပ်ရန်ပြင်ဆင်ရပါသည်။ စရွေးကိုက်ဆောက်လုပ် နိုင်ရန်အတွက် တိုင်များကို မတ်မတ်ထူရပါသည်။ ရှေ့နောက်ဝဲယာဖြောင့်တန်း ညီညာရပါသည်။ ဤအတွက်တိုင်များကို မတ်နိုင်သမျှ မတ်အောင်ညှိပြီး မလဲမပြိုမယိမ်းမယိုင်အောက်ထောက်များ ထောက်ပေးရပါသည်။ ရှေ့တိုင် နောက်တိုင်ချုပ်တန်း ဖြင့် ချုပ်ပေးရပါသည်။

တိုင်အားလုံး ထူပြီးမတ်ပြီးသောအခါ ထုပ်နှင့် လျှောက်များ ပတ်ခွေကြရပါသည်။ ထုပ်မစွပ်ခင်ယက်မကို မတင်ကြရပါ။

လက်သမားကျမ်းများကလည်း "ထုပ်မစွပ်ခင်၊ ယက်မတင် ရှောင်ကြဉ်မပြုနှင့်" ဟူ၍ သတိပေးထားပါသည်။ "ထုပ်စွန်းထက်သာ စရွေးမှာ ရှည်ကာမထားနှင့်" ဟူ၍လည်း ထုပ်စွန်းထက် စရွေးကိုပို၍ မရှည်ရကြောင်း သတိပေးထားသည်။

ထုပ်နှင့်လျှောက်တို့၏ ထုနှင့်ဖြက်တို့ကို သူ့စနစ်နှင့်သူ ထားရပါသည်။ "ထီးမဆောင်းစေနှင့်" ဆိုသောစကားတစ်ခုကလည်း ရှိပါသည်။ "ထုပ်၊ လျှောက်၊ ဖြက်ကို တိုင်ထက် မကြီးစေရ" ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထုပ်၊ လျှောက်တို့၏ ထု၊ ဖြက်ထားသည့်စနစ်နှင့်ပတ်သက်၍ ရှေးဟောင်းလက်မှု ပညာပေါင်းချုပ်ကျမ်း၌–

"ထုပ်၊ လျှောက်ကိုတိုင်းတည်၊ ဖြက်ကို (၁၀) ချိုးချိုး၍ (၂) ချိုးပစ်၊ ရှစ်ချိုးသည် ထုပ်ထုဖြစ်၏။ ထုပ်ထုအတိုင်း လျှော[illegible] ဖြက်ထား၊ ၄င်းဖြက်ကို (၁၀) ချိုးချိုး (၂) ချိုးပစ်၊ ကျန်ရှစ်ချိုးသည်လျှောက်ထုဖြစ်၏" ဟူ၍ တွေ့ရပါသည်။

ထုပ်၊ လျှောက်စွန်းထားခြင်းနှင့်ပတ်သက်၍ အကျိုးအပြစ်ဝ ညွှန်ချက်တစ်ခုကိုလည်း မှတ်သားစရာအဖြစ် ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုပ်လျှောက်ကိုအစွန်းလက်တစ်သစ်ငင်ဘူးမှုကား (ဧကအင်္ဂုလိ) သားသေအံ့၊ လက်နှစ်သစ်ထားမှုကား (ဒွေအင်္ဂုလိ) သားရအံ့၊ လက်သုံးသစ်ထားမှုကား (တြိအင်္ဂုလိ) နွားလာဘ်လာဘရအံ့၊ လေးသစ်ထားမှုကား (စတုအင်္ဂုလိ) လာဘ်လာဘရအံ့၊ ငါးသစ်ထားမှုကား (ပဥ္စင်္ဂုလိ) ဥစ္စာပျက်စီးအံ့၊ ၆ သစ်ထားမှုကား (ဆဋ္ဌအင်္ဂုလိ) အဆွေခင်ပွန်းကောင်းရအံ့၊ ၇ သစ်ထားမှုကား (သတ္တအင်္ဂုလိ) သားသေအံ့၊ ရှစ်သစ်ထားမှုကား (အဋ္ဌအင်္ဂုလိ) အောင်မြင်အံ့၊ ၉ သစ်ထားမှုကား (နဝအင်္ဂုလိ) မင်းပူဇော်ခံရအံ့၊ ဆယ်သစ်ထားမှုကား (ဒသအင်္ဂုလိ) အောင်မြင်အံ့ ဟူ၍ ကျမ်းထွက်စကားရှိပါသည်။

## လက်တီးသစ်ဖြတ်စနစ်

ရနယ်အခြင်၊ အမလျှောက်၊ ခေါင်လျှောက်၊ လက်တီးလျှောက် (သုံး) ချက်သောလျှောက်ကိုအမှီတည်သောအဆောင်တို့၌ အသုံးပြုသည့် လက်တီးသစ်တိုင်းတာဖြတ်တောက်ရသော စံနစ်လည်း ရှေးကရှိခဲ့သည်။

ယင်းစံနစ်မှာ–

"ထုပ်ကိုလေးချိုးချိုး၍ တစ်ချိုးထားသောခေါင်တိုင်
ထုပ်ကိုသုံးချိုးချိုး၍ တစ်ချိုးထားသော ခေါင်တိုင်
ထုပ်ကိုတစ်ဝက်ချိုး၍ထားသော ခေါင်တိုင်မျိုး (၃) ပါး ရှိ၏

ထိုသို့သောခေါင်တိုင်တို့၌ လက်တီးသစ်ယူရာသော စံနစ်ကား လက်တီးသစ်ရပ်ကိုလိုတိုင်းတည်၊ လက်ဝဲလက်ယာသစ် (၂) ဘက်ကိုအညီထား၍ ကြိုးနှင့် သစ်ပုခုံးကိုတိုင်း၊ ခေါင်တိုင်၊ ထုပ် – ၄ ချိုးဖြစ်လျှင် လက်တီး သစ်နှစ်ဘက်အကြားကို (လေး)ချိုးချိုး ခေါင်တိုင်တစ်ချိုးကို ထိုကြိုးက ထောက်၍တိုင်း အတိုင်းကျရာ ခေါင်တိုင်ပခုံးဖြစ်၏။ ပခုံးကခေါင်တိုင် အတိုင်းနှုတ်၊ ခေါင်တိုင်အခြေကထုပ်ထုနှုတ်၊



ကျန်သမျှသည် အပဲသစ် ပခုံး ဖြစ်၏။ ထိုနည်းကိုထောက်၍ (သုံး) ချိုးတစ်ချိုး ခေါင်တိုင်၊ တစ်ဝက်ချိုး ခေါင်တိုင်တို့ကိုယူရ၏" ဟူ၍ဖြစ်ပါသည်။

အိမ်၏အပေါ်ပိုင်းကိုဆောက်လုပ်သည့်အခါ ထုပ်လျှောက်တင်ပြီးသည် နှင့် ယက်မတင်၊ ဆင့်တင်ပြုလုပ်ရပါသည်။ ပြီးမှ အိမ်ကိုအမိုးမိုးရန် ဒိုင်း၊ မြား စသည်တို့ဆင်ရပါသည်။

"ကွန်းတိုင်ပေါ်တွင် ဝါးကိုတင်၊ ဆင်ခြင်မပြုနှင့်"

"ခေါင်လျှောက်ခွတင်၊ မပြီးခင်၊ ကြမ်းတွင်မဖောက်နှင့်" ဟူသော လက်သမားကျမ်းထွက်စကားများကလည်း ရှိပါသေးသည်။ ကွန်းတိုင်ပေါ်တွင် ဝါးကိုမတင်ကောင်း ခေါင်လျှောက်ခွတင်မပြီးမီ ကြမ်းကို မဖောက်ကောင်း" ဟူ၍ဆိုလိုသည်။

အိမ်အမိုးအတွက်ရှေးဦးစွာဒိုင်းကိုခွေကြရပါသည်။ ဒိုင်းတင်ပြီးခါမှ ဒိုင်းပေါ်တွင်မြားတန်းများခေါင်လျှောက်များတွယ်ကပ်တည်လုပ်ကြပါသည်။ အမိုးမိုးမည့်ပစ္စည်းပေါ်တွင်မူတည်၍ မြားတန်းများကို အစိပ်အကျဲ ပြုလုပ်ရပါသည်။ "အုတ်ကြွပ်" မိုးပါက "မြားတန်း" ကို စိပ်စိပ်ပြုလုပ်ရပါသည်။ သွပ်မိုးပါက "အုတ်ကြွပ်မိုးသကဲ့သို့မြားတန်းကို စိပ်စိပ်ပြုလုပ်ရန် မလိုပါ။"

ဓနိ၊ သက်ကယ်စသော သက်ကယ်အမျိုးအစားဝင်ပစ္စည်းတို့ဖြင့် အမိုးမိုးပါက ဒိုင်းအပေါ်တွင် သစ်သား၊ မြားတန်းအစား ဝါးများတင်ကြပါသည်။ ယင်းဝါးများကို "ဆီဘူးဆွဲ" ဟုခေါ်ပါသည်။ ဆီဘူးဆွဲပေါ်တွင် အခြင်ဝါးများကို တစ်တောင်ခြားခန့်တင်ပြီး၊ ယိမ်းယိုင်ရွေ့လျားခြင်းမရှိရအောင် "ဆီဘူးဆွဲ" ဝါးများနှင့် ကပ်၍ထုပ်နှောင်တွယ်ကပ်ရပါသည်။

မြန်မာနိုင်ငံတွင် အမိုးအဖြစ်အသုံးပြုသော သက်ကယ်များမှာ ဓနိသက်ကယ်၊ အင်ဖက်သက်ကယ်၊ စလူသက်ကယ်၊ ကိုင်းသက်ကယ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ထန်းသက်ကယ် စသည်တို့ဖြစ်ပါသည်။ ဝါးနှင့်ပြုလုပ်သော ဝါးကပ် အမိုးမျိုးလည်း ရှိပါသေးသည်။

အမိုးသက်ကယ်တို့ကို အခြင်ဝါးတွင် နှီးဖြင့် ချည်နှောင်ပြီး တစ်ပျစ်ခြင်း၊ တံစက်မြိတ်မှသည် "ခေါင်ချုပ်" အထိ မိုးတင်ကြရပါသည်။ ဝါးကပ်၊ မိုးသည့်အခါ "နှီးအစား" အိမ်ရိုက်သံငယ်များကို အသုံးပြုကြပါသည်။ သစ်သားမျှားတန်းများပေါ်တွင် သံရိုက်တွယ်ကပ်ပြီး မိုးကြပါသည်။ ထို့ကြောင့် "ဝါးကပ်မိုး" သောအိမ်များတွင် "မျှားတန်း"များကို ခပ်စိပ်စိပ် ထားရှိပါသည်။

နှစ်ဖက်သောတံစက်မြိတ်များမှ စတင်၍ မိုးတက်လာသောအမိုးများသည် "ခေါင်လျှောက်" တွင် တွေ့ဆုံကာ လက်စသပ်ကြပါသည်။ ၎င်းတို့ တွေ့ဆုံရာဟွင် ကွာဟနေသဖြင့် မိုးမလုံပေ။ ထို့ကြောင့် "ခေါင်အုပ်" ထားရသည် "အုတ်ကြွပ်"မိုးသော အိမ်သည် "အုတ်ကြွပ်" ဖြင့်လည်းကောင်း၊ သွပ်မိုးသောအိမ်သည် သွပ်ဖြင့်လည်းကောင်း လွယ်ကူစွာပင် ခေါင်ကို ချုပ်ကြ၊ အုပ်ကြပါသည်။

သက်ကယ်အမျိုးအစားဝင်ပစ္စည်းများဖြင့်မိုးသော အိမ်များတွင်လည်း သွပ်ခေါင်ပြုလုပ်လေ့ရှိကြပါသည်။ သက်ကယ်ကို သက်ကယ်ဖြင့် ခေါင်အုပ်သည်များလည်းရှိပါသည်။ သက်ကယ်အမိုးများအတွက်အုပ်ရသော ခေါင်အုပ်များမြဲမြဲခိုင်ခံ့စေရန်အတွက် "ခေါင်ချုပ်တံ" (သို့မဟုတ်) "ကနော်တံ" ကိုအသုံးပြုရပါသည်။

ခေါင်အုပ်ပြီးပါက သက်ကယ်အမျိုးအစားဝင်ဖြစ်သော အင်ဖက်၊ ဓနိ၊ စလူ၊ တောင်ထန်းစသောအမိုးသက်ကယ်ပျစ်များ လေတိုက်သည့်အခါ မလွင့်ပျံနိုင်အောင်" "ခေါင်ဝါး"များဖြင့် ဖိပေးကြရပါသည်။ အချို့လည်း "ကျစ်နှင်း" ပြုလုပ်ပြီး ဖိပေးကြပါသည်။



အိမ်ခေါင်ပြုလုပ်ရာ၌ (၁) ခေါင်စောင် (၂) ခေါင်ပြန့် (၃) ခေါင်ပြား သုံးမျိုးပြုလုပ်ကြပါသည်။ များသောအားဖြင့် မိုးများသော အရပ်ဒေသများတွင် မိုးရေအဆင်းကောင်းရန် "ခေါင်စောက်" များ ပြုလုပ်လေ့ရှိကြပါသည်။ မိုးနည်းရေရှားရပ်ဝန်းဒေသများတွင်မူ "ခေါင်ပြန့်"သာပြုလုပ်ကြပါသည်။ "ခေါင်ပြန့်" သည်မျက်စိပသာဒအရ ကြည့်၍လှပစေသော်လည်း ရာသီဥတု၏ ဒဏ်ကိုခံရာ၌ "ခေါင်စောက်က ပို၍ခံနိုင်ရည်ရှိပေသည်။ ထို့ကြောင့်" တာရှည်ခိုင်ခံ့ရေးကို ဦးတည်ပြီး "ခေါင်စောက်" ကိုသာ များသောအားဖြင့် ဆောက်လုပ်လေ့ရှိကြပါသည်။

မိုးဒဏ်၊ နေဒဏ်၊ လေဒဏ်ကိုကာကွယ်ရန်အတွက် အိမ်အမိုးကို ပြုကြသော်လည်း အိမ်အမိုးကြောင့် အလင်းရောင်ရမှုလျော့တတ်သလို၊ အိမ်မအတွင်း မီးဖိုချောင်မှထွက်သော မီးခိုးများ၏ ထွက်ပေါက်ကို ပိတ်စေပါသည်။

ထို့ကြောင့်ရှေးအခါက မီးခိုးများထွက်စေရန် အလင်းရောင် သင့်တင့် မျှတစွာ ရရှိစေရန် အမိုးကြီးပေါ်တွင် အမိုးလေးများထပ်တင်ပြီး မိုးကြလေ့ ရှိပါသည်။ မိုးပုံမိုးနည်းအပေါ်မူတည်၍ "စပယ်ထပ်အမိုး" "လည်ပေါ်အမိုး" ဟူ၍ ကွဲပြားပါသည်။

မူလခေါင်မိုးပေါ်တွင် ဒိုင်းအစွန်းကိုထုတ်၍ အမိုးငယ်ကလေးတစ်ခု ထပ်မံမိုးထားခြင်းကို "စပယ်ထပ်" အမိုးဟုခေါ်ပါသည်။ ပုံစံတွင်ပြထားပါသည်။

လည်ပေါ်အမိုးမှာ အမိုး၏အလယ်ပိုင်းကိုမြှင့်ပြီး သီးခြားထားခြင်းကို ဆိုလိုပါသည်။ လည်ပေါ်အမိုးတွင် "တစ်ထပ်လည်ပေါ်" နှစ်ထပ်လည်ပေါ်"သုံးထပ်လည်ပေါ်" လေးထပ်လည်ပေါ် စသည်ဖြင့် ရှိပါသည်။ နန်းတော်နှင့် ဘုန်းကြီးကျောင်း၊ တန်ဆောင်းစသည်တို့တွင်သာ ဆောက်လုပ်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအမိုးများအပြင် အိမ်ခေါင် (၇) မျိုးရှိပါသည်။

၁။ တလိုင်းခေါင်
၂။ မဒရပ်ခေါင်
၃။ အိမ်တော်ရာခေါင်
၄။ တစ်ဖက်ရပ်ခေါင်
၅။ အုန်းလေးဖက်ခေါင်
၆။ ငှက်ကြီးတောင်ခေါင်
၇။ လိပ်ပြာတောင်ခေါင် တို့ဖြစ်ပါသည်။

(၁) တလိုင်းခေါင်မှာပုံတွင်ပြထားသည့်အတိုင်း နှစ်ဘက်ရေဆင်း အမိုးမျိုးကိုခေါ်ပါသည်။ လမ်းဘက်မျက်နှာစာပြုပြီး ရေမဆင်းဘဲ ကန့်လန့်ရေဆင်းအမိုးကိုမူ ခေါင်ကန့်လန့် သို့မဟုတ် တစို့ထိုးခေါင် ဟုခေါ်ပါသည်။ ရှေးခေတ်က ဤတစို့ထိုးခေါင်မျိုးကို အသုံးမပြုကောင်းဟု အယူရှိကြပါသည်။

(၂) မဒရပ်ခေါင်မှာ လေးဖက်ရေဆင်း မြင့်မိုရ်ပိတ် နှစ်ဖက်ပါသော ခေါင်မျိုးကိုခေါ်ပါသည်။ ပုံစံ (၃၄) ဖြင့် ပြထားပါသည်။

(၃) အိမ်တော်ရာခေါင်မှာ မြင့်မိုရ်ပိတ်မပါသော လေးဘက်ရေဆင်း အမိုးမျိုးကိုခေါ်ပါသည်။ ပုံစံ (၃၅) တွင် မြင်နိုင်ပါသည်။

(၄) တစ်ဖက်ရပ်ခေါင်မှာ ရေဆင်းတစ်ဖက်သာရှိသော ခေါင်မျိုးကို တဖက်ရပ်ခေါင်ဟု ခေါ်ပါသည်။ လမ်းလေး၊ ဈေးဆိုင်များ၊ တဲများတွင် မိုးလေ့ရှိပါသည်။

(၅) အုန်းလေးဘက်ခေါင်မှာ ခေါင်တည့်တည့်မှ လေးဖက် ရေဆင်းအမိုးမျိုးကို ခေါ်ပါသည်။ ယခုအခါအတွေ့ရ



အမြင်ရ နည်းပြီ ဖြစ်ပါသည်။ ဥယျာဉ်ပန်းခြံများတွင် နားခိုစရာအဖြစ် ဆောက်ထားသော တဲငယ်၊ ပန်းတင်အိမ်များတွင်သာ တွေ့ရတတ်ပါသည်။ ဇရပ်များ၊ ဘုန်းကြီးကျောင်းများ၏ အမိုးတွင် လည်ပေါ်ဆင့်ထားသော အမိုးဖြစ်၍ အုန်းလေးဖက်ခေါင်မိုး မျိုးကို တွေ့ရတတ်ပါသည်။

(၆) ငှက်ကြီးတောင်ခေါင်မှာ ငှက်ကြီးအတောင်ဖြန့်ပျံသကဲ့သို့ နှစ်ဖက်ရေဆင်းအမိုး (၂) ခုဆက် ခေါင်မိုးမျိုးကို ခေါ်ပါသည်။ ပုံ (၃၆) တွင် ပြထားပါသည်။

(၇) လိပ်ပြာတောင်ခေါင်မှာ ပုံ (၃၇) တွင် ပြထားသည့်အတိုင်း လိပ်ပြာ၏အတောင်ပံကဲ့သို့၊ အလယ်နိမ့်သော ခေါင်မျိုးကို ခေါ်ပါသည်။ အိမ်မကြီးနှင့်ဆက်နွယ်သော အဆောင်ငယ်များတွင်သာ တွေ့ရတတ်ပါသည်။

အိမ်ခေါင်အနေဖြင့် အမျိုးအမည်များကွဲပြားစွာရှိနေသော်လည်း၊ အိမ်ခေါင် (၂) မျိုး (၃) မျိုးပေါင်းစပ်ဖွဲ့စည်း ဆောက်လုပ်ထားသည့် အိမ်မျိုးကို မကြာခဏ တွေ့ရတတ်ပါသည်။ အိမ်မကြီးတွင် မဒရပ်ခေါင်မိုးထားသော်လည်း၊ မီးဖိုဆောင်ကို စပယ်ထပ် အဖြစ်တွေ့ရခြင်း၊ အိမ်မကြီးအမိုးကို မဒရပ်ခေါင်ပြုလုပ်ပြီး ဆင်ဝင်ဆောင်တွင် အိမ်တော်ရာခေါင်မျိုး ပြုလုပ်ထားသည်ကို တွေ့ရခြင်း၊ အိမ်မကြီးနှင့် စပ်သော အဆောင်ငယ်များသည် တစ်ဖက်ရပ်ခေါင်၊ လိပ်ပြာတောင်ခေါင် စသည်ဖြင့် ပြုလုပ်ထားခြင်းမျိုး ဖြစ်ပါသည်။


ရှေးခေတ်ကအဆောင်ငယ်များ သီးခြားထုတ်လေ့ရှိပါသည်။ အထူးသဖြင့် မီးဖိုချောင်ကိုအိမ်မကြီးနှင့် ခွဲ၍ထားတတ်ကြပါသည်။ ယင်းမီးဖိုဆောင်မှ မီးခိုးများ အိမ်မကြီးထဲ မဝင်နိုင်ရေးအတွက် စပယ်ထပ်အမိုးများ ပြုလုပ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အဆောင်သီးခြားထုတ်ခြင်းဖြင့် ရေဆင်းအမိုး (၂) ခု ဆုံသည့်နေရာတွင် ရေတံလျှောက်တပ်ဆင်ရခြင်း၊ ယင်းရေတံလျှောက်ကြောင့် (မပြုပြင်နိုင်သည့်အခါ မိုးရေယိုပြီး) အိမ်အပျက်အစီးများ ဖြစ်နိုင်ခြင်းကြောင့် ယခုအခါအဆောင်သီးခြားထုတ်လေ့မရှိတော့ပါ။ မီးဖိုဆောင်နှင့်အိမ်တွဲ၍သာ ထားတတ်ကြပါတော့သည်။

နေသွားရာလမ်းအတိုင်း ခေါင်လျှောက်ဆောက်ထားသော အိမ်မျိုးကို "နေလျှောက်" ဟုခေါ်ပြီး၊ နေသွားရာလမ်းနှင့် ကန့်လန့်ဆောက်ထားသောအိမ်ကိုမူ "နေကျော်" ဟုခေါ်ပါသည်။ နေလျှောက်ခေါင်အိမ်၊ နေကျော်ခေါင်အိမ် ဟူ၍ သိမှတ်ကြပါသည်။





တလိုင်းခေါင်






ပုံစံ (၃၄) မဒရပ်ခေါင်



ပုံစံ (၃၅) အိမ်တော်ရာခေါင်



ပုံစံ (၃၆) ငှက်ကြီးတောင်ခေါင်
(အပေါ်စီးမှမြင်ရပုံ)



ပုံစံ (၃၇) လိပ်ပြာတောင်ခေါင်

www.burmeseclassic.com

www.burmeseclassic.com

## အိမ်မအထည်ကိုယ်လုပ်ငန်း

အိမ်အမိုးမိုးခြင်းလုပ်ငန်း လုပ်ဆောင်ပြီးစီးသည့်အခါ ကြမ်းခင်းခြင်း၊ ထရံကာခြင်း၊ အခန်းဖွဲ့ခြင်းစသည့်လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

ကြမ်းခင်းရာ၌ တားမြစ်ချက်တစ်ခုရှိပါသည်။ ကြမ်းပေါ် မှို မပေါက်ရဟူသော စကားဖြစ်ပါသည်။ လက်သမားကျမ်းအရ "ကြမ်းထက် မောက်မို၊ တိုင်တိုထို၊ မိုလို့မထားနှင့်" ဟုဆိုထားပါသည်။ ကြမ်းပြင်ထက်ကျော်လွန်အစွန်းထွက်ပြီး တိုင်တိုတို အမိုမထားကောင်းဟု ရှောင်ခိုင်းခြင်းဖြစ်ပါသည်။ "ထောက်တိုဟို၊ ပိုမမောက်စေနှင့် ကြမ်းအောက်နေမှ" ဟူ၍ လောကဟိတရာသီကျမ်းက ပြထားပါသည်။ အကျိုးအပြစ်ကိုလည်း "ကြမ်းပေါ်မှာထောက်တိုမောက်လျှင်လ၊ မှိုပေါက်လို့ ခေါ်ပါ၊ သားမြေးမြစ်စဉ်ဆက်မှာ မတိုးတက်ရာ" ဟူ၍လည်း ပြထားသည်။

ကြမ်းခင်းပြီးနောက် ထရံကာဘို့ စနိုင်ပြီဖြစ်ပါသည်။ ထရံကာနိုင်ရေးအတွက် ရှေးဦးစွာ "ကျွဲနံ" အလျင်တပ်ဆင်ရပါမည်။ ရှေးအခါက ဤ "ကျွဲနံ" ခေါ် "ကြွက်လျှောက်"ကို တိုင်တွင်ထွင်း၍ ထည့်တပ်လေ့ရှိကြသည်။ မြန်မာသက္ကရာဇ် ၁၂၂၃–၁၂၂၆ ခုနှစ်က ဆောက်လုပ်ခဲ့သော အလုံဝန်ဦးကောင်းအိမ်တွင် ကျွဲနံကို (၈) လက်မ × ၁½ လက်မသစ်ကို အသုံးပြုထားပြီး၊ ခါးပန်းသစ်အဖြစ် (၁၀) လက်မ ၁½လက်မသစ်ကို အသုံးပြုထားကြောင်း တွေ့ရပါသည်။

အခန်းဖွဲ့စည်းပုံနှင့်ပတ်သက်၍ ရှေးရိုးမြန်မာအိမ်များတွင် ဧည့်ခန်းဆောင်၊ မီးဖိုဆောင်နှင့် အိမ်တို့ကိုခွဲခြားထားလေ့ရှိကြသည်။ ထို့ပြင်အမျိုးသမီးများအတွက် အထူးအရေးကြီးသော မီးနေခန်းကို သီးသန့်



ထားလေ့ရှိကြသည်။ မီးနေခန်းကို များသောအားဖြင့် အိမ်၏ နောက်ဘက်တွင်ထားတတ်ကြပြီး၊ ပြတင်းပေါက်လုံးဝ မထားတတ်ကြပါ။ ဝင်ပေါက်၊ ထွက်ပေါက်၊ တစ်ပေါက်သာထားလေ့ရှိကြပါသည်။ မီးနေခန်းအတွင်းသို့ ယောကျ်ားများအလွယ်တကူဝင်ရောက်ခွင့်လည်း မပြုကြပါချေ။

တစ်ခုထူးခြားသည်မှာ မြန်မာရှေးရိုးအိမ်များတွင် ဧည့်ခန်းဟူ၍ အတိအကျ မရှိပါချေ။ မိသားစုခန်းသဘောမျိုးသာရှိပါသည်။ ဧည့်ခန်းမရှိ၍ ရှေးမြန်မာများသည် "ဧည့်သည်ကို ဂရုမစိုက်တတ်" ဟုပြော၍တော့ မရပေ။ ရှေးမြန်မာများသည် ဧည့်သည်ကို အထူးဂရုစိုက်တတ်ကြပါသည်။ တစ်အိမ်လုံးတွင် အထွတ်အမြတ်ထားရာဖြစ်သော ဘုရားစင်ရှိရာ ဘုရားခန်းများတွင် ဧည့်ခန်းအဖြစ် သတ်မှတ်ထားရှိတတ်ကြသကဲ့သို့ ဧည့်သည်များအတွက် သီးသန့်တည်းခိုနိုင်သော တည်းခိုဆောင် တစ်ဆောင်လည်း ဆောက်လုပ်ထားတတ်ကြသည်။

ရှေးအခါက တတ်နိုင်လျှင်တတ်နိုင်သလောက် နေရာပမာဏ အကျယ်အဝန်းပေါ်မူတည်ပြီး ယောကျ်ားအိပ်ခန်း၊ မိန်းမအိပ်ခန်း၊ အိမ်သူအိမ်သားများအခန်း၊ မိန်းမများနားနေခန်း၊ မိန်းမမီးနေခန်း၊ ပစ္စည်းများသိုလှောင်ထားရှိရာအခန်း၊ ကပြင်၊ ပွဲကြည့်ဆောင်၊ လသာဆောင်၊ ဧည့်ခန်းဆောင်၊ မီးဖိုဆောင် စသည်ဖြင့်လိုသလို အခန်းဖွဲ့တတ်ကြပါသည်။


ဤတွင် – (၁) စို့မရိုက်စေနှင့်
(၂) လျှာမထွက်စေနှင့်
(၃) ရင်မခွဲစေနှင့် ဟူသော သတိပေးချက်ကလည်း ရှိနေပါသည်။

(၁) စို့မရိုက်စေနှင့် ဆိုသည်မှာ အခန်းများကာသည့်အခါ ခန်းဆီးပန်းများရိုက်ရန် ကြံတိုင်များလိုအပ်ပါသည်။ ထိုကြံတိုင်များသည် ကြမ်းပြင်


www.burmeseclassic.com

www.burmeseclassic.com







တံခါးများ





မုဆိုးတောင်တံခါးပုံ

ပုံစံ (၃၇)

ပုံစံ (၃၈) ပြူတင်းပေါက်




ကြက်ရုပ်နှင့်မှန်ကိုအပေါ်စီးမြင်ပုံ



တံခါးချက်နှစ်ခုတွေ့ထပ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကိုဖောက်ပြီး အောက်ဘက်သို့ ထွက်နေပါက "စိုရိုက်မိသည်" ဟု ခေါ်ပါသည်။ ထိုကဲ့သို့ မလုပ်ကောင်းဟု ဆိုလိုခြင်းဖြစ်ပါသည်။

(၂) လျှာမထွက်စေနှင့် ဆိုသည်မှာ ခန်းဆီးကာသည့် ကြံတိုင်များသည် ထုပ်လျှောက်တို့ထက် ပိုပြီးရှည်ထွက်နေပါက "လျှာထွက်သည်" ဟု ခေါ် ပါသည်။ ထိုကဲ့သို့လည်း မကောင်းဟုဆိုလိုခြင်းဖြစ်ပါသည်။

(၃) ရင်မခွဲစေနှင့် ဆိုသည်မှာ ခေါင်တစ်လျှောက်အခန်းကို တစ်ဝက်စီ ကာထားသည့်ခန်းဆီကို "ရင်ခွဲသည်" ဟုခေါ်ပါသည်။ ထိုကဲ့သို့ ရင်ခွဲသည့် ခန်းဆီးမျိုးလည်း မကာကောင်းဟု ဆိုလိုပါသည်။

## (၁၁) တံခါးပေါက်နှင့် ပြတင်းပေါက်များ

အိမ်တိုင်းအိမ်တိုင်းမှာ ပြတင်းပေါက်များရှိရပါသည်။ လေဝင်လေထွက်ကောင်းရေးနှင့် အလင်းရောင်ရရှိရေးဖြစ်ပါသည်။

ပြတင်းပေါက်များတွင် တစ်ထပ်ပြတင်းနှင့် နှစ်ထပ်ပြတင်း ဟူ၍ ရှိပါသည်။ တစ်ထပ်ပြတင်းများကို ကြမ်းပြင်မှ သုံးပေအကွာတွင် ဖောက်ကြပါသည်။ နှစ်ထပ်ပြတင်းကိုမူ ကြမ်းပြင်နှင့် တစ်ပြေးတည်း နေရာမှစ၍ ဖောက်ပါသည်။ ပြတင်းနှစ်ဆင့်ထားခြင်းမျိုးသာဖြစ်ပါသည်။ နှစ်ထပ် ပြတင်းများတွင် ကြမ်းနှင့်တစ်ပြေးတည်းရှိသော ပြတင်းသည် သုံးပေထက် ပို၍ မမြင့်ပါ။

ပြတင်းပေါက်တပ်ဆင်ရန်အတွက် ပြတင်းပေါက်၏လေးဘက် လေးတန်တွင် ကျည်းပေါင်များ တပ်ဆင်ရပါသည်။ ကျည်းပေါင် အတွက် သစ်ကို ယခုအခါ (၃) လက်မ × (၂) လက်မနှင့် (၃) လက်မ × ၁½ လက်မသစ်တို့ကိုသာ အသုံးများသော်လည်း ရှေးအခါက ၆ လက်မ × ၃ လက်မသစ်ကို အသုံးပြုကြပါသည်။

ပြတင်းပေါက်၏ အလျား၊ အနံထားပုံနှင့် ပတ်သက်၍ မြန်မာတို့၏ ရိုးရာလုပ်ရိုးစနစ်မှာ "ပြတင်းအဝကိုလိုရာတည်၊ ထိုအထက်



လေး ချိုးချိုး၊ တစ်ချိုးကိုအနံတွင်ဆက်၊ ပြတင်းအရပ်ဖြစ်၏" ဟူ၍ တွေ့ရပါသည်။

ယခုခေတ်တွင် ပြတင်းပေါက်ကို (၃) ပေ × (၄) ပေ ပုံသေထားပြီး ဖွင့်ဖောက်လေ့ရှိပါသည်။ နှစ်ထပ်ပြတင်းတွင် ကြမ်းပြင်မှစသော ပြတင်းပေါက်၌ သံတိုင်များ စိုက်တတ်ကြပါသည်။ အချို့မှာ ပြတင်းပေါက် (၂) ခုလုံးတွင်ပင် သံတိုင်များစိုက်တတ်ကြပါသည်။

ပြတင်းပေါက်သည် လုပ်ပုံလုပ်နည်းအပေါ်မူတည်ကာ (၁၃) မျိုးရှိပါသည်။

ယင်းတို့မှာ –

၁။ ကဲလား

၂။ ဘုရားရှိခိုး တစ်ပြားပိတ် (တစ်ချပ်တည်း)

၃။ ဘုရားရှိခိုး နှစ်ပြားပိတ် (နှစ်ချပ်)

၄။ သစ်သား မှန်သုံးခု (စရွေးကိုက်)

၅။ သစ်သားမှန်နှစ်ခုနှင့် သံတိုင်စိုက်၊

၆။ သစ်သားမှန်နှစ်ခုနှင့်တရုတ်ကပ်၊

၇။ သစ်သားမှန်တစ်ခုနှင့် စိန်ဖြတ်မှန်၊

၈။ သစ်သားမှန်နှစ်ခုနှင့် စိန်ဖြတ်မှန်၊

၉။ လျှာထိုးအထက်ဖွင့်

၁၀။ လျှာထိုးအောက်ဖွင့်

၁၁။ လျှာထိုးဘေးတိုက်

၁၂။ တစ်ဆင့်သံတိုင်စိုက်

၁၃။ နှစ်ဆင့်သံတိုင်စိုက် ဟူ၍ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးစု၏ "ဗိသုကာကျမ်း" ၌မူ

၁။ မှန်ပြတင်း

၂။ မှန်လည်ပြတင်း

၃။ တရုတ်ကပ်ပြတင်း

၄။ ပုစဉ်းတောင်ပြတင်းဟူ၍ လေးမျိုးလေးစားသာ တွေ့ရသည်။

အမှတ် (၁) (၂) (၃) တို့မှာ အိမ်ရှေ့ဆောင်မျက်နှာစာတို့၌ တပ်လေ့ရှိ၍ အမှတ် (၄) ပြတင်းမှာ နောက်ဖေးဆောင်တို့၌သာ သုံးကြလေ့ရှိသည်ဟူ၍လည်း ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ရှေးအခါက မြန်မာများ၏ အဓိကအိမ်ဆောက်ပစ္စည်းမှာ ကျွန်းသစ် ဖြစ်သည်နှင့်အညီ ပြတင်းပေါက်များကိုလည်း ကျွန်းသစ်ဖြင့်သာ ပြုလုပ်ကြပါသည်။ မှန်ပုံပြတင်း၊ ပုစဉ်းတောင်ပြတင်းဟူ၍ ပြုလုပ်သည့်ပုံစံသာ ကွာပါသည်။

စိန်ဖြတ်မှန်ခေါ် မှန်ပြတင်းများမှာမူ အနောက်တိုင်းဗိသုကာများ စိမ့်ဝင်ပျံ့နှံ့လာသည့်အခါကျမှသာ ပြုလုပ်တပ်ဆင်လာခြင်း ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၇၀) ကျော်ကာလက ဆောက်လုပ်သည့် ရှေးအိမ်များကို လေ့လာကြည့်သည့်အခါ ဖွင့်၍ပိတ်၍ရသော တရုတ်ကပ် (အရှင်)ပြတင်းနှစ်ဆင့်ကို အိမ်ရှေ့မျက်နှာစာတစ်ခုလုံး အပြည့်ပြုလုပ်တပ်ဆင်ထားကြောင်း ထူးခြားစွာလေ့လာတွေ့ရှိရပါသည်။ ပြတင်းနှစ်ဆင့်စလုံးမှာ ပင် သံတိုင်များကို စိုက်ကြပါသည်။

တရုတ်ကပ်ပြတင်းအပြင်၊ ပုစဉ်းတောင်ပြတင်းများကိုလည်း အိမ်ရှေ့မျက်နှာစာပိုင်း၌ တပ်ဆင်တတ်ကြောင်းလည်း လေ့လာတွေ့ရှိရဘူးပါသည်။ အိမ်နောက်ဖေးဆောင်တို့၌သာ သုံးလေ့ရှိသည်ဟုဆိုသော ဦးစု၏ ဗိသုကာကျမ်းအလိုနှင့်မူ ကွဲလွဲနေပါသည်။



ပြတင်းပေါက်တစ်ခုတွင် ကျည်းပေါင်၊ ပြတင်းပေါင်၊ တံခါးအထက်ထုပ်၊ အောက်ထုပ်၊ အလယ်ထုပ် စသည့်အစိတ်အပိုင်းများ ပါရှိပါသည်။ မှန်ပြတင်းများတပ်ဆင်ပါက ကြက်ရင်ပါရပါသည်။

ပြတင်းပေါက်တို့ကို ခွေသည့်အခါ "စရွေး" ဖြင့်သာ ခွေကြရပါသည်။ အလားတူ "ကျည်းဘောင်"ကိုလည်း "စရွေး"ဖြင့်သာ ခွေကြပါသည်။ ပြတင်းတံခါးရွက်တို့ကို အပြင်ဘက်သို့သာဖွင့်ရပါသည်။ အတွင်းဘက်သို့ ဖွင့်လေ့မရှိပါ။

ပြတင်းပေါက်ကို ပိတ်သည့်အခါ ထပ်သောအထပ်ကို ယခုအခါ စရွေးစောင်း (စောင်းထိုး) ဖြင့် ထပ်ကြသော်လည်း ရှေးအခါကမူ "နဘေထပ်" သာ ထပ်ကြပါသည်။ တံခါးရွက်ကိုလည်း တစ်ရွက်လုပ်ခဲပါသည်။ တံခါးရွက်နှစ်ရွက်သာ ပြုလုပ်တတ်ကြပါသည်။

အိမ်ထဲဝင်ရန် ထွက်ရန်အတွက် ဖွင့်ရဖောက်ရသော တံခါးတွင်မူ တံခါးရွက်တစ်ချပ်တံခါး၊ တံခါးရွက်နှစ်ချပ်တံခါး ဟူ၍ တွေ့ရပါသည်။ တံခါးရွက် တစ်ချပ်တံခါးကို အိမ်အတွင်းဘက်မှာ အသုံးပြုပါသည်။ အိမ်ရှေ့မျက်နှာစာ၊ ဘေးဘက်၊ နောက်ဘက်များတွင် ဖောက်သောတံခါးများ၌မူ တံခါးရွက် နှစ်ရွက်ဖွင့်တံခါးများကို သုံးပါသည်။

ပြတင်းပေါက်များ၌ ပြတင်းတံခါးရွက်များကို အပြင်ဘက်သို့သာ ဖွင့်ရသော်လည်း တံခါးများ၌မူ တံခါးရွက်များကို အတွင်းဘက်သို့ ဖွင့်ရန်သာ တပ်ဆင်ရပါသည်။ သို့သော် အိမ်ရှေ့ဝင်ပေါက်၊ ဘေးဘက်၊ နောက်ဘက် နှင့် တံခါးပေါက်တို့ဖွင့်ရာ နေရာ၌ အပြင်ဘက်တွင် ဝရံတာရှိပါက အပြင် ဘက်သို့ ဖွင့်ရန်တပ်ဆင်နိုင်ပါသည်။

တံခါးပေါက်များ၏ အရွယ်အစားမှာ အပြင်တံခါးများကို ၆ ပေ ၃ ပေထက် ကြီးအောင်သာဖောက်လုပ်ကြပါသည်။ ထို့ထက်ငယ်သော

www.burmeseclassic.com

www.burmeseclassic.com

တံခါးမျိုးကိုဖောက်လေ့မရှိပါချေ။ အိမ်တွင်းတံခါးအနံကိုမူ ၂½ ပေ ဖြက်သာ ပြုလုပ်တတ်ကြပါသည်။ ၃½ပေထိ ဖြက်ရှိသော်တံခါးတစ်ရွက်တည်း မပြုလုပ်ကြတော့ပေ။ တံခါးရွက်နှစ်ရွက် ပြုလုပ်ကြပါသည်။

ရှေးခေတ် မြန်မာ့ရိုးရာ ပျဉ်ထောင်ကဲလားတို့၌ဆောက်သော တံခါးလုပ်ရိုးစနစ်မှာ " တံခါးကို လိုရာတည်အဝနှစ်ပြန်၊ အရပ်ထား" ဟူ၍ ဆိုထားသည်။

တံခါးထားသင့်သောအရပ်၊ မထားသင့်သောအရပ်ဟူ၍လည်း ရှေးကသတ်မှတ်ချက်များရှိပါသည်။ "ထုပ်လယ်၌တံခါး၊ မပြုသောအိမ်ကို မနေရာ" ဟူသောစကားကိုသတိပြုသင့်ပါသည်။

သုတသန္ဒိစယကျမ်း၌ "အနောက်တောင်၊ အနောက်မြောက် အရပ် တို့တွင် တံခါးမထားရ တံခါးထားပါက ဘေးဒုက္ခမုချတွေ့မည်" ဟု ဆို ထားသည်။

အိမ်သစ်ပြီးမြောက် အနောက်တောင်ပါး၊ နောက်မြောက်ပါး တံခါးမပြုနှင့် တံခါးပြုပါကများဒုက္ခ၊ မုချဘေးဒဏ်သင့် ဟု လင်္ကာဖွဲ့ ဆိုသည်။

ရှေးဟောင်းလက်မှုပညာကျမ်းတွင်မူ မည်သည့်အရပ်၌တံခါး ထားပါက မည်ကဲ့သို့အကျိုးအပြစ်ဖြစ်သည်ကို ပိုင်းပိုင်းခြားခြား ဖော်ပြ ထားပါသည်။

"အရှေ့ထားမူ ဥစ္စာများအံ့၊
အရှေ့တောင်ထားမူ၊ မီးလောင်အံ့၊
တောင်ထားမူ သေအံ့၊
အနောက်တောင်ထောင့်ထားမူ အချည်းနှီးတည်း၊
အနောက်ထားမူ ဥစ္စာပျောက်အံ့၊
အနောက်မြောက်ထားမူ ချမ်းသာရအံ့၊



အရှေ့မြောက်ထားမူ လူတကာတို့ပူဇော်ခံရအံ့" ဟူ၍ တွေ့ရပါသည်။ မြောက်အရပ်၌ တံခါးထားလျှင်ရရှိမည့်အကျိုးအပြစ်ကိုတော့ ဖော်ပြမထားပါ။ ထို့ပြင် သုတသန္ဒိစယကျမ်းအလို၌ "အနောက်တောင်နှင့် အနောက်မြောက်" ကို တံခါးမထားအပ်သောအရပ်ဟု သတ်မှတ်သော်လည်း လက်မှုပညာပေါင်းချုပ်ကျမ်းကမူ " အနောက်မြောက်အရပ်တွင် ထားပါက ကောင်းကျိုးချမ်းသာ" ရကြောင်း ဖော်ပြထားရာ ကွဲလွဲသလို တော့ရှိနေပါသည်။ ကျမ်းနှစ်ကျမ်းညှိ၍ အပြစ်လွတ်ရာကို ရွေးချယ်၍ ထားသော် သင့်ပါမည်။

လောကဟိတာရာသီကျမ်းအလိုအရမူ အိမ်ရှေ့တံခါးထားသော် ဥစ္စာရတနာများအံ့၊ အရှေ့တောင်ကထားမူ လူတကာတို့ ပူဇော်ခံရအံ့၊ တောင်ကထားမူ ဘေးကြီးသင့်အံ့၊ သေအံ့လည်းဟူလို အနောက် ကသော် လည်းကောင်း၊ အနောက်မြောက်ကသော်လည်းကောင်းထားမူ ဆင်းရဲအံ့၊ သေအံ့လည်းဟူ၏။ အနောက်တောင် ထောင့်ကထားမူ မီးလောင်အံ့၊ ဥစ္စာပျောက်အံ့၊ မြောက်ကထားမူ ချမ်းသာ အံ့၊ အရှေ့မြောက်ကထားမူ လူတကာတို့ပူဇော်ခံရအံ့" ဟု ဆိုပါသည်။

တံခါးပြုလုပ်ရာ၌ ပြတင်းပေါက်ပြုလုပ်သကဲ့သို့ပင် တံခါးရွက် များတပ်ဆင်ရန် တံခါးကျည်းပေါင်များခွေရပါသည်။ တံခါးကျည်းပေါင်ကို သစ်သားဖြင့်သာ စရွေးထွင်း၍ ခွေကြရပါသည် ။တံခါးကျည်း ပေါင်ကို ခွေရာ၌ ပြတင်းပေါက်ကျည်းပေါင်ကဲ့သို့ အထက်အောက်နှင့် ဘေးနှစ်ဘက် သုံးခွေရန် နေရာတိုင်းမလိုအပ်ပါချေ။ အချို့တံခါးများ၌ ဘေးနှစ်ဘက်နှင့် အထက်ဘက်ကျည်းပေါင်သုံးခုကိုသာ ခွေကြရပါသည်။ အချို့တံခါး များတွင် အထက်အောက်ဘေးနှစ်ဘက် အပါအဝင် လေးဘက်လေးတန် ခွေရပါသည်။ အောက်ဘက်"ခြေကျော်" ထားခြင်း၊ မထားခြင်းအပေါ်မူ တည်သည်။

www.burmeseclassic.com

www.burmeseclassic.com


တံခါးဆံများအဖြစ် ရှေးအခါက "ကျွန်းသစ်" များကိုသာ အသုံးပြုကြပါသည်။ သစ်သားကို မှန်အုံပြုလုပ်ကြပါသည်။ နောက်ပိုင်းတွင် တရုတ်ကပ်တံခါး၊ ပုစဉ်းတောင်တံခါး၊ မှန်တံခါး၊ သစ်သားမှန်နှင့် စိန်ဖြတ်မှန် တံခါးစသည်ဖြင့် ပြုလုပ်လာကြပါသည်။

တံခါးတစ်ခုတွင်ပါဝင်သောအစိတ်အပိုင်းများမှာလည်း ပြတင်းပေါက်မှာကဲ့သို့ပင် ကျည်းဘောင်၊ တံခါးဘောင်၊ အထက်ထုပ်၊ အောက်ထုပ်၊ အလယ်အထက်ထုပ်၊ အလယ်အောက်ထုပ်၊ တံခါးဆံကြက်ရင် စသည် တို့ဖြစ်ပါသည်။

(၁၂) လှေကားတပ်ဆင်ခြင်း။

အိမ်တစ်အိမ်အတွက် လှေကားတပ်ဆင်ခြင်းလုပ်ငန်းသည်လည်း အလွန်အရေးကြီးလှပါသည်။ လှေကားမတပ်မီ ရှေ့ဦးစွာ လှေကားတပ်မည့်နေရာကို ရွေးချယ်ရပါသည်။

(ရှေးမြန်မာမင်းများလက်ထက်က မင်းမှုထမ်းအရာရှိဖြစ်မှ လှေကားဦးတိုက် ဆောက်လုပ်ခွင့် ရှိပါသည်။ သာမန်လူများသည် လှေကားဦးတိုက်ဆောက်ခွင့် မရှိပါချေ။) (ဖော်ပြပြီး)

လှေကားကို ရှေးက "ကျွန်းသစ်" ဖြင့်သာ ပြုလုပ်ကြပါသည်။ လှေကားတစ်ခုတွင် လှေကားဘောင်၊ လှေကားဆံ၊ ဒုပိတ်၊ လှေကားဆံတိုင်ကလေး၊ လက်ရန်း၊ လှေကားတိုင်ဦး သို့မဟုတ် လက်ရန်းတိုင်၊ လှေကားခုံစသည်တို့ ပါရပါသည်။

မြန်မာလူမျိုးများသည် လှေကားထစ်များ ပြုလုပ်သည့်အခါ "စုံ" ဂဏန်း မပြုလုပ်ကြပါ။ "မ" ဂဏန်းဖြင့်သာ ပြုလုပ်ကြပါသည်။ ၃ ထစ်၊ ၅ ထစ်၊ ၇ ထစ်၊ ၉ ထစ်စသည် မဂဏန်းအရေအတွက်သာ ထားတတ်ကြပါသည်။

အခြားအယူအဆတစ်ခုမှာ လှေကားထစ် အရေအတွက် မည်မျှရှိသည်ဖြစ်စေ၊ "ရာဇ" "မရဏ" "လာဘ" ဟူ၍ စိတ်ကမှတ်ပြီး လှေကားမှာ တက်လျှင် အိမ်ပေါ် သို့ခြေကျသည့်အခါ "မရဏ" ကျသည့်လှေကားမျိုးကို မလုပ်ကောင်းဟု ဆိုကြပါသည်။

လှေကားအရှည်နှင့် လှေကားအထစ်ပြုလုပ်ပုံနှင့် ပတ်သက်၍ အမြင့်မြို့နေ လက်သမားမောင်စိန်ညီကို ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း၌ -

"အထက်ခါးပန်းကကို မြေပေါ်ထိုင်၍ နှစ်ပြန်၊ လှေကားအရှည်၊ လှေကားထစ်ကား ယခုတွင်တိုင်သည် တစ်ပြန်ကိုယူ၍ လှေကားဘောင်စု၊ အစွန်းတွင် တွေ့၍တိုး၊ တစ်ပြန်အဆုံး မညီမချင်းဖွင့်၍ ထစ်လိုသည့်အတိုင်း မျဉ်းပစ်ပါလေ" ဟူ၍တွေ့ရပါသည်။

လှေကားလုပ်နည်း စနစ်တမျိုးမှာ -

"လှေကားပေါင်းဦးသုံ ၅ တောင်တစ်မိုက်၊ အောက်စွန်း ၇ သစ်၊ အထက်စွန်း ၉ သစ်၊ ခွင် ၄ မိုက်၊ ၅ ကျည်လုပ်နည်း၊ လှေကားပေါင်ဦးသုံ ၆ တောင် ၂ မိုက်၊ အောက်စွန်း ၉ သစ်၊ အထက်စွန်း ဆယ်သစ်၊ လှေကားခွင် ၇ မိုက်၊ ၇ ကျည်လုပ်နည်း၊ လှေကားပေါင်ဦး သုံ ၇ တောင် ၂ မိုက်၊ အောက်စွန်းတစ်ဆယ့်လေးသစ်၊ အထက်စွန်း ၁၆ သစ်၊ လှေကားဖွင့် ၉ မိုက်၊ ၉ ကျည်လုပ်နည်း၊ လှေကားဘောင်ဦးသုံ ၈ တောင် တစ်မိုက်၊ အောက်စွန်း တစ်ဆယ့်လေးသစ်၊ အထက်စွန်းတစ်ဆယ့်ခြောက်သစ်၊ လှေကားဖွင့် ၉ မိုက်၊ ၄ သစ်၊ ဆဲ့တစ်ကျည်လုပ်နည်း၊ လှေကားပေါင်ဦးသုံ ၉ တောင်၊ အောက်စွန်းနှစ်မိုက်၊ အထက်စွန်း ၂ မိုက်၊ ၄ သစ်၊ လှေကားဖွင့် ဆယ်မိုက်၊ တစ်ဆယ့်သုံးကျည်လုပ်နည်း၊ လှေကားပေါင်ဦးသုံဆယ်တောင်၊ အောက်စွန်း ၂ မိုက်၊ ၄ သစ်၊ အထက်စွန်း ၂ မိုက် ၆သစ်၊ လှေကားခွင် ဆယ့်လေးမိုက်၊ တစ်ဆယ့်လေးကျည်လုပ်နည်း" ဟူ၍ လှေကားထစ် ၅ ထစ်၊ ၇ ထစ်၊ ၉ ထစ် စသည်ဖြင့် ပြုလုပ်သည့် လှေကားခွင်အကျယ်၊ ဘောင်အရှည် စသည်တို့ကို တိကျစွာ သတ်မှတ်ချက်များနှင့် အတူ တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လှေကားတွင် သေနာပတိစစ်သူကြီး၏လှေကား၊ ယာယီနန်းလှေကား၊ ဘုရင်မင်းမြတ်နန်းလှေကား၊ ဆင်းရဲသားတို့၏လှေကားဟူ၍ လေးမျိုးကွဲကြောင်းသိရပါသည်။

စစ်သူကြီးတို့၏လှေကားမှာ လှေကားပေါင်ဦးသုံ ဆယ့်တစ်တောင် တစ်မိုက်၊ အောက်စွန်း ၃ မိုက် အထက်စွန်းသုံးမိုက်၊ လေးသစ် လှေကားခွင် တစ်ဆယ့်သုံးမိုက် လှေကားကျည် တစ်ဆယ့်ခြောက်ကျည် ဖြစ်ပါသည်။

ယာယီနန်းလှေကားမှာ လှေကားပေါင်ဦးသုံ တစ်ဆယ့်ငါးတောင် တစ်မိုက်၊ အောက်စွန်း ၃ မိုက် ၄ သစ်၊ အထက်စွန်း ၄ သစ် လှေကားခွင် တစ်ဆယ်လေးမိုက်၊ လှေကားတစ်ဆယ့်နှစ်ကျည် ဖြစ်ပါသည်။

ရေမြေ့သခင် ရှင်ဘုရင်မင်းတို့၏ နန်းလှေကားမှာ အထက် ဖော်ပြပါလှေကားတို့တွင် လှေကားဘောင်ကို ၃ ခုစု၍ တစ်စုကို လှေကားခွင် ပြုရသည် ဟုဆိုသည်။

ဆင်းရဲသားတို့လှေကားပေါင်မှာ လှေကားပေါင်ဆယ်တောင် မပြည့်သရွေ့ဆိုခဲ့ပြီးသည့်အတိုင်း စီရင်ရသည်။ လှေကားပေါင် ဆယ်တောင်ကျော်ပါက ပြည့်ရှင်မင်း၊ အမတ်စစ်သူကြီးဖြစ်မှ တောင်ရာသည် ဟူ၍ အရိမဏ္ဍနာပြည်ထွန်းသောကာလ၌ သမုဒ္ဒရာဇ်မင်း၏ပညာရှိဖြစ်သော ဒီသာပါမောက္ခပုဏ္ဏားနှင့် ရှင်ငမိကန်တို့သားအဖဟောကြသဖြင့် နန်းစဉ်ဆင်းသက်၍ သုံးဆောင်သည်ဟု ဆိုပါသည်။

လှေကားများပြုလုပ်ရန်အတွက် သစ်များတွင် အမျက်ပါ၍အားမရသော်၊ ဟစ်နည်းစိတ်တိုင်းမကျသော် စီရင်နိုင်သော အစီအရင် အစီအမံများလည်း ရှိပါသည်။ ယင်းတို့မှာ နေ့သားအလိုက် ကျောက်မြှုပ်ခြင်း ဖြစ်ပါသည်။ ကျောက်မြှုပ်ရန်မှာ—

၁—တနင်္ဂနွေသားတို့ ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရ သော် ပဋ္ဌမပိုင်း၌ ပတ္တမြားမြှုပ်ရာ၏။ တနင်္လာသားတို့ ကျောင်းအိမ်လှေ



ကားအမျက်ရှိ၍အားမရသော် ဒုတိယပိုင်း၌ကြောင်မြှုပ်ရာ၏။ အင်္ဂါသားတို့ ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရမူလေးပိုင်း၌ စိန်မြှုပ်ရာ၏။ ဗုဒ္ဓဟူးသားတို့ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရမူ ၆ မိုင်း၌ ဥဿဘယား၊ ပုလဲမြှုပ်ရာ၏။ ကြာသပတေးသားတို့ ကျောင်းအိမ် လှေကား အမျက်ရှိ၍ အားမရမူ ၇ မိုင်း၌ ပတ္တမြားမြှုပ်ရာ၏။ သောကြာ သားတို့ ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရမူ ၈ မိုင်း၌ ပြယိုးယား မြှုပ်ရာ၏။ စနေသားတို့ ကျောင်းအိမ်လှေကားအမျက်ရှိ၍အားမရမူ ဆယ်ဝိုင်း၌ သန္တာမြှုပ်ရာ၏။ ၇ ရက်သားတို့တွင် ကျောက်မြှုပ်သည်ကို ပိတ်ရမည်မှာ—တနင်္ဂနွေ၊ ထောက်ကြံ့နှင့်ပိတ်၍၊ တနင်္လာသားမှာ အောက်ချင်းစာနှင့် ပိတ်၊ အင်္ဂါသားတို့မှာ ခရမ်းနှင့်ပိတ်၊ ဗုဒ္ဓဟူးသားတို့မှာ ခင်ပွန်းနှင့်ပိတ်၊ ကြာသပတေးသားမှာကား ဖက်သန်းနှင့်ပိတ်၊ သောကြာသားမှာ ပိတောက်နှင့် ပိတ်၊ စနေသားမှာ သစ်အယ်နှင့် ပိတ်ရသည်ဟူ၍ မိသုကာကျမ်းတွင် ဖော်ပြထားသည်။

မြန်မာ့ကျေးလက်တောရွာများတွင် တွေ့ရသည့် ရှေးခေတ် မြန်မာလက်သမားကြီးများ၏လှေကားလုပ်နည်းမှာ အကျော်နှင့်အနင်းကို ပုံသေသဘောတွေ့ရသည်။ လက်သမားစကားနှင့်ဆိုပါက "ကိုးနင်း ကိုးကျော်" ဖြစ်သည်။ "ကိုးနင်း" ဆိုသည်မှာ အတက်အဆင်းပြုလုပ်သူ၏ ခြေဖဝါးဖြင့် အနင်းခံရသောလှေကားထစ်၏မျက်နှာပြင်သည် "ကိုးလက်မ" ရှိရမည် ဟုဆိုလိုခြင်းဖြစ်သည်။ "ကိုးကျော်" ဆိုသည်မှာ လှေကားခြေနင်းမျက်နှာပြင်နှစ်ခုအကြား အထက်အောက်တည့်မတ်စွာ ရှိသော အကွာအဝေးကို ကိုးလက်မရှိရမည်ဟုဆိုခြင်း ဖြစ်ပါသည်။

လှေကားပြုလုပ်ရာ၌ သတိထားရသော အယူအဆတစ်ခုရှိ သေးသည်။ ယင်းမှာ အိမ်ပေါ်ထပ်ကိုတက်သောလှေကားပြုလုပ်ရာ၌ အိမ်ရှေ့တံခါးမကြီးကိုကျောပေးပြီးတက်ရသောလှေကားမျိုးမလုပ်ကောင်း ဟုသောအယူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လှေကားများပြုလုပ်ပြီး၍ လှေကားထောင်ရာ၌လည်း ပြီးစလွယ် ထူခြင်းမရှိကြပေ၊ အိမ်တွင်အမြဲတမ်းနေထိုင်မည့်သူများ ကောင်းကျိုး ချမ်းသာရအောင်၊ အသက်ရှည်အောင်၊ အနာရောဂါကင်းအောင် ဆုမွန် ကောင်းများတောင်းပြီး ထူလှေ့ထောင်လေ့ရှိကြပါသည်။

လှေကားထူဆုတောင်းရာ၌ မိမိတို့နှစ်သက်သလို ရွတ်ဆို ဆုတောင်းခြင်းများရှိသလို ရှေးအစဉ်အလာအတိုင်း ရွတ်ဆိုဆုတောင်း ခြင်းမျိုးလည်း ရှိပါသည်။ ရှေးကမူ–

"အို– နှစ်ထောင်ရံဝန်း၊ လေးမည်ကျွန်းတွင် ထူးဆန်းလှစွာ မြကျွန်းသာ၊ တက်တေဇာတန်ခိုးဖြိုးဖြိုးမောက်မောက် ရှေ့နောက်ပတ်လည် ရပ်ဆယ်မည်တွင် မည်သည့်ရေမြေ မွေ့မွေ့ညက်ညက်၊ ညံ့သက်ကြွေ့ ရွှေရွှေဝင်းဝါ၊ နတ်ကလျာတူ မေတ္တာတိုးပွား၊ လူအများကို စီးပွားဆော်ဆော်၊ မကောင်း မြော်က၊ မပေါ်မလွှား၊ မစေသားဟု၊ လှေကားဦးမှာ နတ်ဒေဝါ ချမ်းသာ သုခ၊ နေ့တိုင်းရ၍၊ သောကကွာလန့်၊ မဆက်ဆန်သား ဘေးဒဏ်ရန်မက်၊ ပယ်ဖျက်စင်ကြယ် ပြည်မလယ်နှိုက် လန့်ယ် ပေါ်ထွန်း၊ နေ့တိုင်းသန်းလျက် ဘုန်းတန်းတေဇာ လန်းလန်း ဖြာ၍ ချမ်းသာရိပ်ငြိမ် စည်းစိမ်မြင့်မြတ်စေသတည်း" ဟူ၍ ရွတ်ဆိုဆုတောင်း လေ့ရှိကြောင်း မှတ်သားရ ပါသည်။

လှေကားထောင်ခြင်းနှင့်ပတ်သက်၍ မှတ်သားစရာတစ်ခုမှာ လှေကားလုပ်၍မပြီးသေးဘဲ၊ လှေကားကိုမထောင်သင့်ဟု ဆိုထားပါ သည်။ လှေကားကိုတစ်ခါတည်းတော်အောင်လုပ်ပြီးမှထောင်ရမည်။ လှေကားထောင်၍ ပြီးသည့်အခါ အောက်လူအထက်သို့မတက်ခင် အထက်လူအောက်သို့မဆင်းရန် သတိပြုရပါသည်။ လှေကားထောင်၍ သေချာလျှင် ပရိတ်ရေကိုအိုးသစ်နှင့်ထည့်၍အထက်သို့ပင့်သွင်းရ ပါသည်။ ထိုသို့ ပရိတ်ရေသွင်းသည့်အခါ ပရိတ်ရေထည့်သည့်အိုး မကွဲမပဲ့စေရပါ။ မြဲမြံစွာကိုင်၍ သွင်းစေရပါသည်။

အခန်း (၁၁)

# အိမ်သစ်တက် မင်္ဂလာ

အိမ်များနှင့်ပတ်သက်၍ ရှေးခေတ်မြန်မာတို့ကျင့်သုံးခဲ့သော ရိုးရာ ဓလေ့ထုံးစံများအနက် ယခုခေတ်တိုင်အောင် အစဉ်အဆက် ဆက်လက် ကျင့်သုံးနေသော ရိုးရာဓလေ့တစ်ခုကိုပြပါဆိုလျှင် "အိမ်သစ်တက်မင်္ဂလာ" ကိုသာ ပြရပါမည်။ အိမ်သစ်တက်မင်္ဂလာသည် မြန်မာတို့၏ ချစ်စရာ ရိုးရာဓလေ့ ထုံးစံတစ်ရပ် ဖြစ်သည်။

အိမ်သစ်တက်မင်္ဂလာကို ဗမာလူမျိုးများသာမက မွန်၊ ကရင်၊ ကယား၊ ကချင်၊ ချင်း၊ ရှမ်း စသော မြန်မာတိုင်းရင်းသားများကလည်း ယင်းတို့၏ ဓလေ့ထုံးစံရှိသည့်အတိုင်း ကျင်းပကြပါသည်။ ခမ်းနားခြင်း အကျဉ်းရုံး ဆောင်ရွက်ခြင်းမှာမူ ငွေကြေး အင်အားတတ်နိုင်မှု၊ မတတ် နိုင်မှုအပေါ် မူတည်ပါသည်။ ပစ္စည်းဥစ္စာမရှိဆင်းရဲသူများက အိမ်သစ်တက် မင်္ဂလာကို အဖြစ်သဘောလောက်သာလုပ်ကြ၍ ပစ္စည်းဥစ္စာတတ်နိုင်သူ များက တခမ်းတနားပြုလုပ်ကြပါသည်။

## ဘုရင်မင်းမြတ်များ၏ နန်းတော်တက်မင်္ဂလာ

မြန်မာမင်းများ၏လက်ထက်ကမူ သာမန်ပစ္စည်းဥစ္စာရှိသောသူဌေး သူကြွယ်ထက် ရှင်ဘုရင်များ၏ ချီးမြှင့်ခြင်းခံရသောသူဌေး၊ သူကြွယ် များကသာလွန်ရာ ယင်းသူဌေးသူကြွယ်များ၏ အိမ်သစ်တက်မင်္ဂလာ


www.burmeseclassic.com

www.burmeseclassic.com


ပို၍ သာလွန်ခမ်းနားပါသည်။ ထို့ထက် မှူးမတ်အရာရှိများ၏ အိမ်သစ်တက်မင်္ဂလာက ပို၍ခမ်းနားပါသည်။ ထို့ထက် မင်းညီမင်းသား၊ အိမ်ရှေ့မင်းများ၏ အိမ်တော်တက်မင်္ဂလာက ပို၍ခမ်းနားပါသည်။ အခမ်းနားဆုံးကမူ ရှင်ဘုရင်များ၏ နန်းတော်သစ်တက် (အိမ်တော်သစ်) မင်္ဂလာဖြစ်ပါသည်။

မြန်မာတို့၏ အိမ်သစ်တက်မင်္ဂလာသည် မည်မျှခမ်းနားထည်ဝါကြောင်း၊ စေ့စပ်သေချာကြောင်း ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ မည်သို့ ပြုထားရကြောင်းကို အပြည့်အစုံဆုံးနှင့် အကျယ်ပြန့်ဆုံး သိမြင်နိုင်ရန်အတွက် မြန်မာမင်းများလက်ထက်က စီရင်ခင်းကျင်းသော နန်းတော်သစ်တက် မင်္ဂလာအစီအရင်ကို တင်ပြဖို့ လိုအပ်မည်ဟု ယူဆပါသည်။ သို့မှသာ မြန်မာတို့၏ အိမ်သစ်တက်မင်္ဂလာဓလေ့ထုံးစံများ မည်သို့ရှိသည်ကို ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝ သိရှိနိုင်မည်ဖြစ်သည်။

## သာလွန်မင်းတရားကြီး၏ နန်းတော်တက်အစီအရင်

ယင်းအကြောင်းနှင့် ပတ်သက်၍ မှန်နန်းမဟာရာဇဝင်တော်ကြီး၏ တတိယတွဲ၊ စာမျက်နှာ (၂၂၉ – ၂၃၁) မှာ ပါရှိသည့်သက္ကရာဇ် ၉၉၇ ခုနှစ်၊ သာလွန်မင်းတရားကြီး နန်းတော်သစ်တက်သည့် အစီအရင်များကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။

ရွှေနန်းတော်သစ်တက်သောအစီအရင်အတွက် ရှေးဦးစွာ –

"သင့်သောအရပ်၌ သုံးဆောင်သော ပြာသာဒ်တို့ကို ဆန်းကြယ်စွာသောအပြောက်တို့ဖြင့် စီရင်ပြီးသော် နီသော၊ ရွှေသော၊ ဟင်္သပဒါးတို့ဖြင့် တန်ဆာဆင်၍ ပိတ်ပုဆိုးတို့ကို မျက်နှာကြက် ကြာယပ်စီရင်၍ ရွှေနန်း တော်မတက်မီ တစ်နေ့က ရွှေနန်းတော်ကို သန္နေးအံ့သော အစီအရင်ကား ကြာသွတ်ကိုး လေးဆယ့်နှစ်လုံးကို တစ်မျှင်စီသောချည်ဖြင့် မန္တန်ရွတ်၍ ခက်၏အိုးကိုလည်း ချည်ခုနစ်မျှင်စီရစ်၏။ ဘဲအောင်ရွက်၊ ညောင်ရွက်၊ သရက်ရွက်တို့ဖြင့် တန်ဆာဆင်၍ ထိုအိုးတို့ကို မန္တန်ရွတ်၍ ရေပြည့်လောင်း၏။ သင်ဖြူးခင်း၏။ သည်ထက် စပါးတောင်း၊ သည်ထက် ဆန်တောင်း သည်ထက်ယခင်ကြာသွတ်အိုးကို တည်၏။ ထိုအထက် အုန်းသီးပင် ပေါက်တည်၏။ အုန်းသီးကို ပုဆိုးဖြူအုပ်၏။ လင်ပန်း ဖလားနှင့် ထမင်း၊ နွားနို့၊ ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲသကာ၊ ကြံ၊ ငှက်ပျော အချိုအချဉ်၊ အဆိမ့်တို့ကို ပြည့်စွာထည့်၍တည်၏။ ဆီမီးနှင်တိုင် စိုက်၏။ အထုံမှာ ခွက်၌ နံ့သာကရမက်အကျော်၊ ဓမ္မာ၊ စန္ဒကူး ထင်းရှူး၊ သစ်ကြပိုး၊ ကဗျည်း။ ပွဲလျက်တို့ကိုတိုက်၍ ထည့်ပြီးမှ မီးထည့်၏။ ခေါင်းထိုး၍ မန္တန်ရွတ်၏။ သင်ဖြူးခင်းသည်မှစ၍ စီမံသမျှသည် မန္တန် အခြား အခြားရွတ်၍ စီရင်လေသည်။ မန္တန်မှာ ရာဇဘိသေကကျမ်း၌လာသော မန္တန်ကိုရွတ်ရ သည်။ သန္နေးသော အစီအရင်ကား နန်းမကွန်းစင်ကို ဂီရိမေခလာနတ်နှင့် ခြောက်ပါး တောင်လေသာကို သရစိုးနတ်နှင့် ရှစ်ပါး၊ အနောက်နန်းတော်ကို မဟာပရမေနတ်နှင့်တစ်ဆယ်၊ မြောက်နန်းတော်ကို သမုဒ္ဒရာ နတ်နှင့် ခုနစ်ပါး၊ လွှတ်တော်ကို သီရိနတ်နှင့်ကိုးပါး၊ ဥကင်သကို မဟေသူရနတ်နှင့် သုံးဆယ့်ခြောက်ပါး၊ စောင်းတန်းကို ဘုမ္မ ဒက္ခရက်နတ်နှင့် ငါးပါး၊ ဤနတ်များကို ကြာသွတ်အိုး တစ်လုံး စီထည့်၍ လင်ပန်းတွင် ထမင်း၊ နွားနို့၊ နောက်ကနည်းထည့်၍ ပုဏ္ဏားတစ်ယောက်စီ နဝဂ္ဂိ ကိုရွတ်၍ ပူဇော်စေ၏။ အရှေ့တံခါးကို နန္ဒနတ်၊ တောင်တံခါးကို ရိက္ခိုက်နတ်၊ မြောက်တံခါး သရစိုး မြို့လေးမျက်နှာ၌ အရှေ့တံခါးကို ဓတရဋ္ဌနတ်ကြီးနှင့် သုံးကျိပ်သော နတ်စောင့်၏။ တောင်တံခါးကို ဝိရူဠှကနတ်မင်းကြီးနှင့် သုံးကျိပ် သော နတ်စောင့်၏။ အနောက် တံခါးကို ဝိရူပက္ခနတ်မင်းကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com


နတ်သုံးကျိပ်၊ မြောက်တံခါးကို ကုဝေရနတ်မင်းကြီးနှင့် သုံးကျိပ်သော နတ်စောင့်၏။ ထိုနတ်တို့ကို လည်း ကြာသွတ်အိုး၊ အုန်းသီး၊ လင်ပန်း၊ ဖလား၌ အမြိန် အရသာ ထည့်၍ ပန်းနံ့သာတို့နှင့်တကွ ပုဏ္ဏားတို့ကို မန္တန်ရွတ်၍ ပူဇော် စေ၏။"

နန်းတော်သစ်ကို စင်ကြယ်အောင် ကြိုတင်ပြီး သန့်စင်သည့်အစီရင် ဖြစ်ပါသည်။ ယင်းသို့သန့်စင်ပြီးနောက် နန်းသစ်တက်မည့်ဘုရင်မင်းမြတ် သကြိန်တော်ခေါ် ရန် ရေခပ်အစီအရင်ကို ဆောင်ရွက်ကြရသည်။

ရေတော်ခပ်အစီအရင်တွင် ရှေ့မှများက "ကာနီ" စွဲသောသူရဲတို့ သွားရသည်။ သည့်နောက်ရွှေကာ၊ သည့်နောက် ရွှေလေး၊ သည့်နောက် ရွှေလှံ၊ သည့်နောက် ကချေသဘင်၊ သည့်နောက် အိုးစရည်းကြီးရှစ်လုံးကို ဆိုင်းနှင့်ထမ်း၍ သွားရသည်။ တစ်ဆယ့်ရှစ်လုံးသောမြူတာကို သူကောင်းသားတို့ ဝတ်စားတန်ဆာဆင်၍ ထမ်းလိုက်ရသည်။ ပုရောဟိတ်တို့က ထမ်းစင်စီး၍ လိုက်ရသည်။ ရွှေမြူတာလေးလုံး၊ ငွေမြူတာလေးလုံးလည်း သန့်ရှင်းစင်ကြယ်စွာသော သူတို့သမီးတို့ကို ဘယက်တန်ဆာ့ရတနာ ဆင်၍ ထမ်းစင်စီး၍ ရွှေမြူတာ၊ ငွေမြူတာတို့ကို ပိုက်၍လိုက်ရသည်။ မင်းသားမင်းမြေး၊ မှူးတော်၊ မတ်တော်၊ သူဌေးသူကြွယ်သင်းမှူး ကျေးစားရွာစားတို့လည်း ဆင်၊ မြင်း၊ ထမ်းစင်တို့နှင့် လိုက်ရသည်။ မြစ်ဆိပ်သို့ လိုက်လျှင် ရွှေလှေ၊ ရွှေလောင်း တို့ကို နှံ့တံ့ရှည်၊ ခရာ၊ ဗုံမောင်းတီးမှုတ်လျက် ခံလင့်ကုန်သည်။ ပုရောဟိတ်ရှစ်ပါးနှင့် သတို့သမီးတို့ မြစ်ဆုံသို့ရောက်လျှင် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာကို အစိုးရသော မဏိမေခလာနတ်မြတ်အား ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေခဲ၊ ငွေခဲ၊ နဝရတ် ကိုးပါးတို့ဖြင့် ဆုတောင်းပတ္တနာပြု ပူဇော်ပြီးမှ ရေကို သန့်ရှင်းစိမ့်သောငှာ ဗေဒင်ကျမ်း၌လာသော မန္တန်ရွတ်၍ ခပ်ရသည်။ ခပ်ပြီးသော် အစဉ်အတိုင်း ပြန်၍ သကြိန်ခေါ်မည့် မဏ္ဍပ်၌ ထားရသည်။ ဟု မှန်နန်းရာဇဝင်တွင် တွေ့ရသည်။

သည့်နောက် ဘုရင်မင်းမြတ်သည် သကြိန်တော်ခေါ်ရသည်။ သကြိန်ခေါ်တော်မူသော အဝတ်တန်ဆာတို့ကို ပြာသာဒ်၌ထားကာ ဖြူစင်စွာသော အဝတ်တို့ကို လဲတော်မူသည်။ တစ်ဆောင်သောပြာသာဒ်ကို ကူးတော်မူမှ မင်းဝတ် တန်ဆာကို ဆင်တော်မူရသည်။

ရွှေနန်းတော်၌လည်း "အရှေ့စူးစူး၌ မီးမယ်ဖျူးနှင့် ဆန်တောင်ထားသည်။ အရှေ့တောင်ထောင့်၌ ထီး၊ တံခွန်၊ ဆီမီး၊ ပေါက်ပေါက်ထားသည်။ တောင်စူးစူး၌ မဟာပိန္နဲ ကျောက်ပျဉ်ကျောက်သွားထားသည်။ အနောက်တောင်ထောင့်၌ ကမ္ဗလာနီထားသည်။ အနောက်စူးစူး၌ ရဟန်းရွှေ ငွေနှင့် သမီးကညာ ကြောင်ကို ပိုက်၍ နေရသည်။ အနောက်မြောက်ထောင့်၌ ဖြူစင်စွာသော ထမင်းဟင်း အမြိန်အရသာ အစုံထားသည်။ မြောက်စူးစူး၌ ရေအိုးကြီးငါးလုံး ရေပြည့်ထားသည်။ အလယ်၌ ဘုရားကျမ်းဦး ပိဋကတ်ထားသည်။ အောက်၌ မြင်းဖြူသားအမိ၊ နွားသားအမိထားသည်။"

ရွှေသလွန်အနီး၌ထားရသည်မှာ "အရှေ့စူးစူး၌ နန်းဦးသဏ္ဍာန်ထားရသည်။ အရှေ့တောင်ထောင့်၌ သားမြီးယပ်၊ တောင်၌ချွန်းတောင်၊ အနောက်တောင်ထောင့်၌ ငါးကြင်းပွတ်သဏ္ဍာန်ထားသည်။ အထက်မျက်နှာကြက်၌ ပါဒနက်သန်၊ အုံးတော်အောက်၌ ကုမုဒြာကြာအထပ်တစ်ရာ သဏ္ဍာန်ထားသည်။ ရွှေနန်းတော်ကို လက်ယာရစ်လည်၍ တက်တော်မူမည့် လမ်း၌ ကုက္ကား၊ တံခွန်၊ ဆီမီး၊ တန်ဆောင်၊ ရေချမ်းအိုးကြ၊ ငှက်ပျော၊ အုံးခိုင်တို့ဖြင့် တန်ဆာဆင်စေ၍ ရွှေနန်းတော် အနောက်တံခါး ပါပအရပ်၌ လက်ဝဲဘက်က ဆင်မကို လက်နက်ကိုရိယာနှင့် အင်္ဂါသား စီး၍နေစေသည်၊ ဆင်ပေါက်တို့ကိုလည်း စစ်ဝတ်တန်ဆာပြည့်စုံစွာနှင့် လက်ယာက ရာဟုသားစီး၍နေစေသည်။ မောက်တိုမိန်ညိုဝတ်[illegible] လက်နက်စွဲသူရဲ အမည်ရှိသော သူ့ရဲရှစ်ကျိပ်တို့ကို ဆင်[illegible]၍ နေစေသည်။"

www.burmeseclassic.com

ရွှေနန်းတော်အရှေ့တံခါး စူးစူး သူရဇ္ဇအရပ်၌ လက်ဝဲဘက်က ဆင်မကို စစ်၏ လက်နက်ကိုရိယာနှင့်တကွ တနင်္ဂနွေသားစီး၍နေစေသည်။ လက်ယာဘက်က ဆင်ပေါက်ကို စစ်အင်္ဂါကိုရိယာနှင့် စနေသားစီး၍ နေစေသည်။ မောက်တိုမိန်ညိုဝတ်လျက် နှစ်ကျိပ်သောသူရဲတို့ကို ဆင်၌ ရံ၍ နေစေသည်။ မြောက်တံခါး အမြိတ္တအရပ်၌ လက်ဝဲဘက်က ဆင်မကို စစ်၏ကိုရိယာနှင့် ဗုဒ္ဓဟူးသား စီး၍နေစေသည်။ လက်ယာဘက်က စစ်၏ ကိုရိယာနှင့် ဆင်ပေါက်ကို သောကြာသားစီး၍ နေစေသည်။ မောက်တို မိန်ညိုဝတ်လျက် လက်သစ်လက်ရွေး နှစ်ကျိပ်နှစ်ယောက်သော သူရဲတို့ကို ဆင်၌ရံ၍ နေစေသည်။ တောင်တံခါးကောလီအရပ်၌ လက်ဝဲက ဆင်မကို စစ်၏ကိုရိယာနှင့် တနင်္လာသားစီး၍ နေစေသည်။ လက်ယာက ဆင်ပေါက်ကို စစ်ကိုရိယာနှင့် ကြာသပတေးသား စီး၍ နေစေသည်။ မောက်တိုမိန်ညိုဝတ်လျက် ကောင်းမွန်ကျော် ရှစ်ကျိပ်ကိုးယောက်သော သူရဲတို့ကို ဆင်၌ရံ၍ နေစေသည်။

ထိုကဲ့သို့ အစီသင့်စီရင်ပြီး ဖြစ်စေရသည်။

ဘုရင်မင်းမြတ်လည်း သကြန်တော်ခေါ်ပြီးနောက် ဝတ်လဲတော် ပြာသာဒ်မှ နန်းတော်သို့တက်ရသည်။ ထိုသို့တက်ရာ၌ "ဆင်စီးမြင်းစီး လက်နက်ကိုရိယာတို့ဖြင့် ခြံရံလျက် မင်းမြောက်တန်ဆာငါးပါးနှင့် မြောက်စည်၊ စည်ဝန်း၊ စည်ဗြော၊ တူလောင်း၊ သပြေ၊ ခရုသင်း၊ တံရှည်၊ တံမှာ၊ တံကောက်၊ ခွက်ခွင်း၊ လက်ချုပ်၊ လင်းကွင်း စသည်တို့ကို တီးမှုတ်လျက် ရတနာအတိပြီးသော ယာဉ်ထက်စီးတော်မူ၍ လက်ယာရစ် အစဉ်အလာအတိုင်း လာတော်မူသည်။ ရွှေနန်းတော်စောင်းတန်းသို့ရောက်လျှင် ဗြဟ္မာတို့မျိုးနွယ်ဖြစ်သော ပုရောဟိတ်ရှစ်ယောက်နှင့် ဖောင်းကြီးညွန့်သွယ်ပေါင်းပြီး ဖြူသောအဝတ်ကို ဝတ်ထားသည့် ဗိသုကာအကြီးဆရာကြီးများက ရေနှင့် မြေကို အစိုးရတော်မူသော မဟာဓမ္မရာဇ်



ဘုန်းတော်ကြီး၍ သက်တော်တစ်ရာ့နှစ်ဆယ်ပတ်လုံး သာသနာတော်မြတ် စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်တို့စီးပွား၊ ပြည်သူ လူတကာတို့ စီးပွားကို ဆောင်တော်မူစိမ့်သောငှာ ဤရွှေနန်းတော်ကို လုပ်ဆောင်စီရင်တော်မူသည် တက်တော်မူတော့ ဟုခေါ်ရသည်။

ဘုရင်မင်းမြတ်လည်း ဝေါတော်ပေါ်မှဆင်းသည်။ ဘုရင်မင်းမြတ်ဆင်းတော်မူသည့် မြေအပြင်ပေါ် သင်ဖြူးခင်းပြီး ဖြူသော ပိတ်ပုဆိုးကို ခင်းပေးထားသည်။ ဝေါတော်ပေါ်မှဆင်းပြီး ကနက္ကဒါန်ထီးဖြူကိုဆောင်ကာ ဘုရင်မင်းမြတ်လည်း နန်းတော်ဆီလာသည်။ ရွှေနန်းတော်စောင်းတန်းသို့ရောက်သည့်အခါ ရတနာသုံးပါးအား ပူဇော်တော်မူပြီးမှ သိကြား ဗြဟ္မာ ဂြိုဟ်ကိုးပါး သမာဓိတည်သောနတ်၊ အရပ်ဆယ်မျက်နှာကို စောင့်သောနတ်၊ ကိုယ်တော်၌စောင့်သောနတ်၊ ရွှေနန်းတော်၌စောင့်သောနတ်တို့ကို ပူဇော်တော်မူသည်။ ပုရောဟိတ်ရှစ်ယောက်တို့ကိုလည်း ခရုသင်း၊ လက်ယာရစ်နှင့် ဘိသိက်ပေး၍တက်ပြီးမှ အမျိုးအနွယ်မြင့်မြတ်သော အမတ်ကြီးသည် ရွှေနန်းတော်ထက်ကနေရာ "ဘုန်းတော်ကြီးမြတ်တော်မူ၍ သက်တော်တစ်ရာ့နှစ်ဆယ်ပတ်လုံး သာသနာတော်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့်တို့စီးပွား၊ ပြည်သူလူတကာတို့၏ စီးပွားကို ရှည်မြင့်စွာ ဆောင်နိုင်စေသော" ဟူ၍ ဘိသိက်မင်္ဂလာစကားကို ဆိုပေသည်။

ထိုအခါမှ ဘုရင်မင်းမြတ်လည်း လက်ယာခြေတော်ကိုချ၍ တက်တော်မူရသည်။ ထိုမှ ဥကင်တံခါးကို ဝင်တော်မူပြီး ရတနာအတိပြီးသော ကျက်သရေတိုက်၌ နေတော်မူသည်။ ရတနာသုံးပါးနှင့်တကွ နတ်များကိုလည်း လက်တော်နှင့် ပူဇော်တော်မူသည်။ မုနောလင်ပန်း၌ အမြိန်အရသာ စားတော်ခေါ်ပြီးမှ ရွှေပလ္လင်ထက်တက်၍နေတော်မူသည်။ အထူးထူးသော

www.burmeseclassic.com

www.burmeseclassic.com

ကချေသည်တို့ဖြင့် ကြီးစွာသောသဘင်ကို ခံတော်မူပြီး မင်းသား မင်းမြေး မင်းဆွေ၊ စိုးမျိုး မှူးကြီးမတ်ရာ တို့ကို အထိုက်အလျောက် ထီး၊ စည်၊ စလွယ် စသော အဆောင်အယောင် မြို့ပြကျေးရွာတို့ကို ပေးသနားတော်မူသည်။ ဗိသုကာအကြီးမှစပြီး ဗိသုကာဆရာတို့ကိုလည်း ဆုလာဘ်များ ပေးသနားတော်မူသည်။

ယင်းအစီအစဉ်နှင့် အစီအရင်များကိုကြည့်ပါက မြန်မာမင်းများ လက်ထက် ရှင်ဘုရင် မင်းမြတ်များ၏ နန်းတော်သစ်တက် မင်္ဂလာအခမ်းအနားသည် မည်မျှခမ်းနားကြီးကျယ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ မြတ်နိုးစရာကောင်းသော ဂုဏ်ယူဖွယ်မြန်မာ့ရိုးရာဓလေ့ထုံးစံတစ်ရပ် ဟူ၍လည်း မြန်မာလူမျိုးတို့၏ နှလုံးသားဝယ် ကိန်းအောင်းစေနိုင်ပါသည်။

## ဗဒုံမင်း၏ နန်းတော်တက်အစီအရင်

မြန်မာမင်းများ၏ နန်းတော်သစ်တက်အစီအရင်များကို လေ့လာသည့်အခါ တစ်ပါးနှင့်တစ်ပါး၊ တစ်ဆက်နှင့်တစ်ဆက် အနည်းငယ် ကွဲလွဲချက်ရှိသည်ကိုတွေ့ရသည်။ ထိုသဘောကိုနှိုက်မိရန်အတွက် လက်ဝဲနော်ရထာ၏ မင်းခမ်းတော်မှတ်တမ်းပါ သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ ဘိုးတော်(ဗဒုံ)မင်းလက်ထက် နန်းတော်တက်အစီရင်ခံစာကို ဖော်ပြလိုပါသည်။ ဘိုးတော်(ဗဒုံ)မင်းနန်းတော်တက်မင်္ဂလာအတွက်ထားနှံရသောပစ္စည်းများမှာ ရွှေနန်းတော်နန်းမတော်အလယ်တွင် ဘုရားဆင်းတုတော်နှင့် ပိဋကတ်တော်ကို ရွှေအတင်နှင့်အရှေ့သို့မျက်နှာရည်၍ ထားရသည်။

အရှေ့မျက်နှာတွင် ဆန်ကောင်း၊ ဆန်ဖြူအပြည့်ထည့်ထားသော တောင်း ကို အတင်နှင့်ထားရသည်။ အရှေ့တောင်ထောင့်တွင် ဆင်စွယ်စုံနှစ်ချောင်း နှင့်ညောင်ရွက်သုံးဆင့်ရှိသော ထီးဖြူတစ်၊ ကျိုင်းရွှေချက်တစ် အတင်နှင့်တကွ ချွန်းတောင်းထားရသည်။ တောင်မျက်နှာတွင်



ကျောက်ပြည့် ကျောက်သားကို ဘဏ္ဍာဂိုင်နှင့်ကြေးကိုသွန်းသော မဟာပိန္နဲနတ်ရုပ်ထားရသည်။ အနောက်တောင်ထောင့်တွင် အဖိုးများသော ကမ္ဗလာနီကိုအတင် နှင့်ထားရသည်။

အနောက်မျက်နှာတွင် ရွှေခဲ၊ ငွေခဲကိုကြုတ်နှင့်သွတ်၍ အိတ်နှင့်တကွသောကြောင်နီကို သမီးကညာနှစ်ယောက် ပိုက်ချီ၍နေရသည်။ အနောက်မြောက်ထောင့်မှာ ငွေလင်ပန်းတွင် ဖြူသောထမင်းနှင့် ငါးခေါင်းမြီးစုံ၊ မုန့်စုံ၊ စားဖွယ်စုံဖြင့်ပြင်ထားရသည်။ မြောက်မျက်နှာမှာ နွားနို့ပြည့်သောခရုသင်းလက်ယာရစ်ကိုအတင်နှင့်ထားရသည်။ အရှေ့မြောက်ထောင့်မှာ စင်နှင့်ထားသောရေပြည့်အိုးထားရသည်။

ရွှေနန်းတော်ဆောင်မတော်အောက်မှာလည်း အမွှေးထုံသော မြင်းဖြူ မိသားနှစ်တို့ကိုချည်ထားရသည်။ ရွှေနန်းတော်အထွက်တွင်လည်း ကြငှန်းဖိုတိုင်တွင် ပုဆိုးဖြူစက်နားနှင့် ခါသာအကျီကိုရစ်၍ နားတောင်းဖြူနှစ်၊ ခါသာအုပ်တစ်အတင်ထားရသည်။ ကြငှန်းမတိုင်တွင်လည်း ထဘီစက်နားတစ်နှင့် တဘက်ကောင်းစုလျားပတ်၍ ရွှေဆံထိုး၊ ရွှေနားတောင်း ရွှေလက်စွပ်တို့ကို စုံအတင်နှင့်ထားရသည်။

မဟာဂီရိနတ်၊ ဥရုနတ်တို့ကို ပသတင်ရန်လည်း ငွေလင်ပန်းနှင့် ထမင်း ပွဲစုံနှစ်ကျင်းထားရသည်။ ဗိသုကာကြီးကိုကျွေးရန်လင်ပန်းနှင့် ပွဲစုံထားရသည်။ ပွဲတော်တည်ရန်လည်း ရတနာမှုံနောလင်ပန်းနှင့် ထမင်းပြင်ပြီး ရွှေသန္ဓေး ဆယ်လုံးတွင် မြတ်သောအရသာရှိသည့် မုန့်စမဲကို ရွှေကြက်၊ ငွေကြက်၊ ရွှေငါး၊ ငွေငါး၊ ရွှေပုစွန်ထုပ်၊ ငွေပုစွန်ထုပ်တို့နှင့် ပြင်ဆင်၍ အသင့်ထားရသည်။

ဘိုးတော်မင်းတရားကြီးက နန်းမတော် အသျှင်မိဖုရားခေါင်ကြီး ဘုရားကို လက်ယာတော်ကထားပြီး၊ ရွှေပန်းခက်ကိုစွဲကိုင်တော်မူ၍ မိဖုရားခေါင်ကြီးကလည်း ရွှေကြာခက်ကိုကိုင်တော်မူလျက် ရတနာထမ်းစင်ထက်သို့ တက်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းနှင့်မိဖုရားတို့သည် ရတနာထမ်းစင်ထက်တွင် အတူစီးတော်မူသည်။ ရတနာထမ်းစင်ဝေါတော်ရှေ့က မင်းမြှောက်တန်ဆာငါးပါးကို ကျွန်တော်ရင်း (၄၀)တော်၊ (၅၀)တော် မှူးသားမတ်သားတို့ကိုင်၍လိုက်ရသည်။ ထိုရှေ့တွင် ကြန်အင်လက္ခဏာနှင့်ပြည့်စုံသောသမီးကညာတို့က ကွမ်းဘူး၊ ကွမ်းလင်မုရားသပြေညွန့်၊ ပရိတ်ချည်တို့ကို စိုက်ဆောက်သော ရွှေမြူတာ၊ ငွေမြူတာတို့ကိုကိုင်၍ လိုက်ရသည်။ နန်းတော်ပတ်လည်ကိုလည်း စည်မျက်နှာကဲ့သို့ ညီညာအောင်မြေအပြင်ကိုသုတ်သင်ပြုပြင်ထားသည်။ ယင်းမြေပြင်ပေါ်၌ သဲဖြူခင်း၊ ရာဇမတ်ကာ၊ အုန်း၊ ကြံ၊ ငှက်ပျောတံခွန်၊ ပုဆိုးဆိုင်းပန်းဆိုင်းဆွဲထားသည်။ ယင်းလမ်းမြေအပြင်ဝယ် အထူးထူးသောလက်နက်စွဲ သူရဲတို့သည် အင်္ဂါပြည့်စုံစွာရှေ့နောက်ခင်းကျင်းသွားရသည်။

ရွှေနန်းတော်ကို အရှေ့မျက်နှာကသည် တောင်အရပ်သို့ ဝေါတော်လည်တော်မူသည်။ ထိုအခါ "ပုရတ္ထိမာယဒိသာယ" ဟူသောအရပ်(၁၀) မျက်နှာနှံ့သော မေတ္တာကိုရွတ်တော်မူသည်။ ရွှေနန်းတော်အရှေ့မြောက်ထောင့်ကသည် တောင်သို့ ရတနာထမ်းစင်တော်လက်ယာရစ် ရွှေနန်းတော်ကိုလည်ပြီး၊ အရှေ့စောင်းတန်းသို့ ရောက်တော်မူလျှင် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်စသော များစွာသောပူဇော်ဖွယ်များဖြင့် ပြင်၍ဆက်နှင့်သည်။ ပူဇော်ပွဲစုံတို့ဖြင့် ရတနာသုံးပါး ရွှေမိုးတော်စောင့်နတ်၊ ထီးချက်တော်စောင့်နတ်၊ ရွှေပြည်တော်စောင့်နတ်၊ ရွှေနန်းတော်စောင့်နတ်တို့ကို မင်းမိဖုရားနှစ်ပါးတို့ ပူဇော်တော်မူသည်။ လိုအပ်သောဆုကိုလည်း ယူတော်မူသည်။

"တံမေသဒိ ကောမံသူရေသောအပနာ" စသော ဘုရား (၂၈) ဆူရှိခိုးဂါထာကိုလည်း ရွတ်တော်မူ၏။ "မာရယက္ခဂဇ၊ စောရ" စသော



အောင်မြင်ခြင်းရှစ်ပါးဂါထာကိုလည်း ရွတ်တော်မူသည်။ ထိုအခါ ပုဆိုးစက်နား၊ အကျီလက်ကြီး၊ ဖောင်းကြီးညွန့် သွယ်နားတောင်ဆင်သော ဗိသုကာကြီးသည် ပုရောဟိတ်ပုဏ္ဏားနှင့် မင်္ဂလာစကားလျှောက်ကြားသည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်အဝရှင် မင်းတရားကြီးဘုရား ဘုန်းတော်အလွန်ကြီးမြတ်တော်မူ၍ သက်တော်(၁၂၀) ရှည်တော်မူလျက် သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွားသားတော်အစဉ်မြေးတော်အဆက်၊ မြစ်တော်အညွှန့် အဖွန့်ရှည်စွာ ပြည်သူလူတကာသတ္တဝါအပေါင်းတို့ စီးပွားကိုဆောင်ရွက်တော်မူစိမ့်သောငှါ နတ်ဗိမာန်နှင့် တူသော ရွှေနန်းတော်ကို ဘုရားကျွန်တော်စီရင်ပါသည်။ နတ်ဗိမာန်နှင့် တူသော ရွှေနန်းတော်ကိုထက် သိမ်းစံပယ်တော်မူပါ"ဟူ၍ ဗိသုကာကြီး လျှောက်သည်။

ပုရောဟိတ်ပုဏ္ဏားကြီးကလည်း ရွှေနန်းတော်သိမ်းကျမ်းလာသော ဂါထာဖြင့် ဘိသိက်လျှောက်သည်။ ထိုအခါ ရတနာထမ်းစင်တော်ကသည် ဝေါတော်ရှည်သို့၊ ဝေါတော်ရှည်ကသည် မြေနန်းတော်ရှေ့စောင်းတန်းသို့ လက်ယာခြေတော်ကို အရင်ချီလျက် "ဥဒ္ဓံယာ ဝဘဝဂ္ဂါ"စသော ကာမာဝစရ မေတ္တာသုံးဂါထာကိုရွတ်ဆင်ခြင်တော်မူလျက်၊ မြေနန်းတော် အရှေ့စောင်းတန်းကသည် မြေနန်းတော်လက်ယာမာရဆင်တံခါးကသည်၊ ဇေတဝန်ဆောင်တော်ကိုက ဓနုအောင်တော်၊ ထိုမှ မှန်စီရွှေနန်းမတော်တိုင်အောင်ဖျာ သင်ဖြူးပုဆိုးတို့ဖြင့် ဆန်းကြယ်စွာခင်းသောလမ်းတော်အစဉ်အတိုင်း နင်း တော်မူ၍ အဆောင်မတွင် အရှင်မိဖုရားကြီးနှင့်ပွဲတော်တည်တော်မူသည်။

ပွဲတော်မတည်မီ ပွဲတော်ဦးကို ရတနာသုံးပါးနှင့်နတ်များကို ကောင်းစွာပူဇော်တင်လှူတော်မူသည်။ ပြီးလျှင် ပွဲတော်ဦးကိုကြောင်နှစ်ကောင်အား ကျွေးတော်မူသည်။ တစ်နာရီခန့် ကြာလျှင် ပွဲတော်ဦးကို

www.burmeseclassic.com

www.burmeseclassic.com

လှူနှစ်ယောက်က ဝေရသည်။ တစ်နာရီခန့်ကြာလျှင် မင်းနှင့်မိဖုရားအတူ ပွဲတော် တည်သည်။ ထို့နောက်၊ မင်းညီမင်းသား၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ အနောက်ဝန်စသော ဝန်စုရအမတ်ကြီးတို့ကို သနားတော်မူ၍ ဝအောင် စားသောက်ကြရသည်။

## အိမ်ရှေ့အိမ်တော်တက်အစီအရင်

မြန်မာမင်းများလက်ထက် အိမ်ရှေ့မင်းများ၏ "အိမ်တော်တက်" အစီအရင်ကလည်းတစ်မျိုး စိတ်ဝင်စားစရာကောင်းပါသည်။ အိမ်ရှေ့မင်းများ၏ "အိမ်တော်တက်" အစီအရင်မှာ ဘုရင်များလောက်မခမ်းနား၊ မကြီးကျယ်သော်လည်း သူ့အဆင့်အတန်း၊ သူ့ရာထူးဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေ ခမ်းနားသည်ဟုဆိုနိုင်ပါသည်။

အိမ်ရှေ့မင်းသည် အိမ်တော်တက်မင်္ဂလာမကျင်းပမီ ရှေးဦးစွာ ဘုရင်မင်းမြတ်မှ အိမ်ရှေ့မင်းအရာဆောက်နှင်းခြင်းကို ခံယူရပါသည်။ ဘုရင်မင်းမြတ်မှ လက်ဖွဲ့ချီးမြှင့်သောအဆောင်အရွက်များကိုလည်း အမိန့်တော်မြတ်နှင့်အတူ ဦးစွာခံယူရပါသည်။ ပြီးမှ ဗေဒင်ပညာရှိ ဆရာတော်မှ ရှေ့တော်ဆောင်မှုသည် အိမ်ရှေ့အိမ်တော်တက်အစီအရင်ကို ကျင်းပရပါသည်။

အိမ်ရှေ့အိမ်တော်တက်ရန်အခါရသည်နှင့် "မင်းသားမင်းမြေးမှူးတော်မတ်တော်တို့မှစ၍ နေရာငါးသွယ်နေရာလွတ်နေ၊ နှီးခေါက်နေတို့ကို စေ့နှံ့အောင်ဆော်၍ လိုက်စေသည်။ မင်းသားမင်းမြေးမှူးတော်မတ်တော်နေရာငါးသွယ်နေ၊ နေရာလွတ်နေတို့မှာ အဆောင်အရွက်နှင့် ခမောက်ဆောင်း၍ မြင်းစီး၍လိုက်စေ၊ အမိန့်တော်ရှိသည့်အတိုင်း စေ့နှံ့အောင်ဆော်၍လိုက်စေသည်။

ရှေ့နန်းတော်အနောက်ဝင်းတံခါးကထွက်၍ အိမ်တော်တက်နောက်တော်လိုက် အစီအစဉ်မှာ-



ရှေ့ဖျားခိုင်းမှူးတို့တွင် မင်္ဂလာရှိခိုင်းမှူးနှစ်ယောက်နေသင့် နှံသင့်ဝတ်ကောင်းနားတောင်းနှင့်ရှေ့ဖျားလိုက်ရသည်။ သည့်နောက်အိမ်ရှေ့မြင်းတော်သည် ရွှေနန်းတော်ကမြင်းတော်သည်၊ သည့်နောက်အိမ်ရှေ့ကုလားပျိုရွှေနန်းတော်၊ နန်းရိုးကုလားမျိုး၊ သည့်နောက်အိမ်ရှေ့သွေးသောက်စု၊ သည့်နောက်အိမ်ရှေ့မြင်းစု သွေးသောက်စု၊ စာရေးစာချီရွှေနန်းတော်သွေးသောက်စုစာရေးစာချီ၊ သည့်နောက်အိမ်ရှေ့ တပ်မှူး၊ သူရဲမှူး၊ အမြောက်မှူး၊ ခိုင်းမှူး၊ သင်းမှူး၊ ရွှေနန်းတော်ကတပ်မှူး၊ သူရဲမှူး၊ အမြောက်မှူး၊ ခိုင်းမှူးသည်နောက်အိမ်ရှေ့သေနတ်သွေးသောက်ကြီး၊ ရွှေနန်းတော်သေနတ်သွေးသောက်ကြီး၊ သည့်နောက်အိမ်ရှေ့ မြင်းခေါင်း၊ ရွှေနန်းတော်ကမြင်းခေါင်း၊ သည့်နောက်အိမ်ရှေ့အမည်ရ ကျေးစားရွာစား၊ ရွှေနန်းတော်ကအမည်ရကျေးစား၊ ရွာစား၊ သည့်နောက်နှီးခေါက်နေစုနှင့် ရွှေနန်းတော်ကသံဆင့်၊ သံခံတိုတစ်စု၊ ဝတ်ကောင်းနားတောင်းနှင့် လမ်းခွင်ပြည့်လိုက်ရသည်။

သည့်နောက် (၂)စည်၊ အိမ်ရှေ့သံခံတလိုင်း(၁)၊ ရှမ်းသံခံ(၁)၊ ယွန်းသံဆင့်(၁)၊ ရှမ်းသံဆင်(၁)၊ဆင်သည် (၁၂)ယောက်၊ အိမ်ရှေ့နားခံ(၂)၊ အနောက်ဝန်(၁) အိမ်ရှေ့ဝန် (၂)တို့ (၂)စည်သွားရသည်။

သည့်နောက် လက်ဝဲကဓားလိုက် (၂)၊ ကျိုင်းတော် (၁) စင်း၊ လက်ယာက ဓားတော်လိုက် (၂)၊ ကျိုင်းတော်(၁) စင်း၊ သည့်နောက် ဓားတော်လိုက် (၂) ကျိုင်းတော် (၁) စင်း၊ သည့်နောက်ဓားတော်လိုက်(၂)၊ ကျိုင်းတော် (၁) စင်း ၂ (စည်) သွားရသည်။

ကျိုင်းတော်(၂) ဘက်အလယ်တွင် လက်သုံးတော်ဓား၊ ကွမ်းအိုပ်နှင့်အိတ်သွတ်၊ ထမ်းသူထမ်း၍လိုက်ရသည်။ သည့်နောက်ဝေါတော်၊ စားတော်၊ ကွမ်းရေကိုင်တို့နှင့် ကြိမ်ခွေသံထွေကိုင်၊ သည့်နောက်အခြင်းတော်မြဲ လူပျိုသည်နောက်အဆောင်နီ၊ အဆောင်နီမှာ လှံရှည်တော်ကိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါးထည် အိတ်သွတ်(၁)၊ လုံတို(၁၀)စင်းကို နီးပါးထည်အိတ်သွတ်(၁)၊ သောက်တော်ရေဆောင် (၁၀) မြူတာစလောင်းဖုံးနီပါးထည်ပဝါစည်း ၂ နေရာ သင်ဖြူးအနားမွမ်းလိပ်(၁)၊ သည့်နောက်မြင်းမှူး၊ မြင်းစာချီနှင့် မြင်းတော်တန်ဆာဆင်ကြိုးကနှင့် ၁၊ သည်နောက် ဆင်မှူး၊ ဆင်စာချီနှင့် စီးတော်ပလာဆင်တော်ကြိုးနီဆင်၍ နောက်ပဲ့နောက်ထိုင်စီးလျက် ဆင်တော် (၁)စီး၊၊ သည်နောက် ပေါင်းဝန်းတော်တင်ဆင်မ(၁)စီး၊ သည်နောက်ရဲကတော်တင်ဆင်ပေါက်(၁)စီး၊၊ ကိုဆင်ခြေဖုံးကောင်ဟန် စစ်ဝတ်နှင့်ဆင်၍ ရွှေလုံ့ကိုင်လျက် ဆင်စာစီးကိုကောင်ဟန်(၅၀)စီဆင်ခြေဖုံးလိုက်ရသည်။

သည့်နောက် အိမ်ရှေ့ကိုယ်ရံသူရဲလွှားကိုင် (၂၅) ရွှေနန်းတော်ရှေ့ဝင်းသူရဲ (၂၅)၊ လက်ဝဲဝင်းသူရဲ (၂၅)၊ နောက်ဝင်းသူရဲ (၂၅)၊ လွှားကိုင်သူရဲကောင်း (၁၂၅)၊ စစ်ဝတ်ဆင်၍ လိုက်ရသည်။

သည့်နောက်အိမ်ရှေ့ကိုယ်ရံရွှေဒိုင်း (၂၅)၊ ရွှေနန်းတော်ရှေ့ဝင်း (၂၅) ရွှေဒိုင်းစု (၂၅)၊ လက်ယာဝင်းကရွှေဒိုင်းစု (၂၅)လက်ဝဲဝင်းတော်ရွှေဒိုင်းစု(၂၅)၊ နောက်ဝင်းရွှေဒိုင်းစုက (၂၅)၊ ဒိုင်းကိုင်ပေါင်း(၁၂၅)၊ စစ်ဝတ်ဆင်၍ လိုက်ရသည်။ သည့်နောက် အိမ်ရှေ့ကိုယ်ရံရွှေကာကိုင် (၂၅)၊ ရှေ့ဝင်းတော်ကကာကိုင်(၂၅)၊ လက်ယာဝင်းကကာကိုင်(၂၅)၊ လက်ဝဲဝင်းကကာကိုင်(၂၅)၊ နောက်ဝင်းကကာ ကိုင် (၂၅)၊ ကာကိုင်ပေါင်း (၁၂၅) စစ်ဝတ်ဆင်၍ လိုက်ရသည်။

ကိုယ်ရံတော်တို့ရှေ့ဆင်နောက်တွင် အိမ်ရှေ့လျောင်းတော်ဦး အိမ်ရှေ့သေနတ်၊ ဝန်းကျင်သေနတ်(၁၀၀)၊ ရွှေနန်းတော်ကမြေနန်းတော်သေနတ်၊ ဗြဲတိုက်ဝန်းကျင်သေနတ်လုလင်(၁၀၀)ပေါင်းလူ(၂၀၀)စစ်ဝတ်ဆင်လျက် သေနတ်ထမ်း၍ လိုက်ရသည်။

ကိုယ်ရံတော်နောက် တတာ၊(၂)တာခြားကို မိဖုရားတို့တွင် မြင်သည့်မင်းသား၊ သည့်နောက် ကိုယ်လုပ်တော်တို့တွင် မြင်သည့်မင်းသား၊



သည့်နောက် မြင်းမှူး၊ သည့်နောက် နေရာငါးသွယ်နေ၊ ကွန်းစင်လက်တွင် နေရာလွှတ်နေစော်ဘွားတို့သားမြေး၊ ကွန်းစင်လက်ပြင်နေရာလွှတ် နေမြို့စုစားတို့သားမြေးတို့သနားတော်မူသည့် အဆောင်အရွက်နှင့် ခမောက်ဆောင်း၍ လိုက်ရသည်။

ရွှေနန်းတော်နောက်တံခါးမှနေပြီး အစီအစဉ်အတိုင်းသွား၍ အိမ်တော်ရှေ့သို့ရောက်သည့်အခါ ရှေ့ဖျားဝတ်ဖြူလိုက်မှစ၍ ဝေါတော်သည် သည့်နောက်ရှေ့တံခါးဝင်၍ လျောင်းတော်ဦးလက်ဝဲလက်ယာတွင် တုပ်ပျပ်ရသည်၊ ဝေါတော်လည်း လျောင်းတော်ဦးလှေကားရင်းတွင် ဝေါတော်သားတို့ထမ်းလျက် ရပ်၍နေရသည်။ ဝေါတော်နောက် ကွမ်းရေကိုင်တို့မှစ၍ မြင်းတော်ဆင်တော်တို့ အစဉ်အတိုင်းစင်၍ မြင်းတော်မှာ လက်ဝဲက၊ ဆင်တော်မှာလက်ယာကရပ်တင်၍နေရသည်။

ကိုယ်ရံတော်မှာ ဝင်းတော်ပြင်က တုပ်ပျပ်၍ ဝင်းတော်တံခါးပိတ်လျှင် ရွှေနန်းတော် ကိုယ်ရံတော်တို့ ပြန်ရသည်။ အိမ်ရှေ့ကိုယ်ရံတော်တို့မှာ နေတန်းသို့ချည်း၍ နေရသည်။ မင်းသား မင်းမြေး မှူးတော်၊ မတ်တော်တို့မှာ အိမ်ရှေ့ရုံးတော်သို့ တက်နေရသည်။ အခါတော်ဦးလျှင် ဝေါတော်သည် ရှေ့လိုက်သံခံသံဆင့်၊ နားခံတို့မှစ၍ ဝေါတော်၊ ဝေါတော်နောက်က ကွမ်းရေကိုင် အဆောင်နီနှင့် အိမ်တော်ကို လက်ယာရစ်လည်ပြီး ဝေါတော်ရပ်မြဲအရပ်မှာ ရပ်နေရသည်။

လျောင်းတော်ဦး လှေကားရင်းတွင် ဗိသုကာတစ်ယောက် ဝတ်တောင်နားတောင်းနှင့်မင်္ဂလာစာကိုကိုင်၍ နေရသည်။ မင်္ဂလာစာဖတ် မည့်ရှုနန်းတော်ကသံတော်ခံလည်း တုပ်ပျပ်၍နေရသည်။ လျောင်းတော်ဦး လှေကားထက်တွင် အိမ်ရှေ့အတွင်းဝန် ထမင်းပွဲနှင့်နေရသည်။ အခါတော်နီးလျှင်ဝေါတော်သည် လှေကားရင်းတွင်ယှဉ်ပြီး ရပ်၍နေတော်မူသည်။

ကြိမ်ခွေသံတွေကိုင်အတွင်းတော်မြဲ (၂) ယောက်သည်အခါတွင် တုပ်ပျပ်၍နေရသည်။ ကြိမ်ခွေသံတွေကိုင်မှာ အိမ်ရှေ့အတွင်းဝန်တော်မြဲ

www.burmeseclassic.com

www.burmeseclassic.com

ရန်သူတို့တွင် မိစုံဖစုံအမည်အရည်ကောင်းသူတို့ကို ရွေး၍ခန့်သည်။ အခါတော်ပြည့်စုံကြောင်း။ အခါတော်စောင့်တို့လျှောက်လျှင် ဗိသုကာထံမှ မင်္ဂလာစာကို သံတော်ခံယူ၍ဖတ်လျှောက်သည်။

"ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ဘုန်းကြီးသည့်အရှင်အိမ်တော်တက် မင်္ဂလာကြီး ဆောင်တော်မူသည်ကို သာသနာတော် အစီးအပွား၊ ဘုရင်ခမည်းတော် စီးအပွား၊ ကိုယ်တော်အစီးအပွား၊ ပြည်သူလူတကာတို့၏ အစီးအပွား၊ ကောင်းစွာကျင့်ဆောင်တော်မူနိုင်သည်ဖြစ်၍ သက်တော် ရာကျော်ပတ်လုံးရှည်တော်မူသည်ဖြစ်စေသော ခပ်သိမ်းသောရန်မာန်တို့လည်း ကင်းငြိမ်းစင်လွင့်သည်ဖြစ်စေသော"

ထန်းရွက်တွင်ရေးထားသည့်အတိုင်း-သံတော်ခံက ဖတ်ကြားလျှောက်ထားပြီးသည့်အခါ အိမ်ရှေ့မင်းလည်း အိမ်ရှေ့အိမ်တော်သို့ တက်တော်မူသည်။ ကြိမ်ခွေသံထွေကိုင်တို့လည်း နောက်ကလိုက်ရသည်။ လှေကားအတက်သို့ရောက်၍ လျောင်းတော်ဦးကြမ်းသို့ ရောက်တော်မူလျှင် အတွင်းဝန်သည် ထမင်းကိုကြဲ၍ ထမင်းမိုးရွာပြီ ဘုရား၊ ရတနာမိုးရွာပြီ ဘုရားဟူ၍ လျှောက်ပြီးလျှင် ပိတင်းကြီး လက်ယာတံခါးကို တံခါးဖွင့်တို့က ဖွင့်သည်နှင့် ဝင်တော်မူသည်။ တံခါးဖွင့်သူတို့မှာလည်း အိမ်ရှေ့တော် အတွင်းတော်မြဲတို့တွင် မိစုံဖစုံနှင့် အမည်အရည်ကောင်းသူကိုရွေး၍ တံခါးဖွင့်စေသည်။ ပရိတ်တော်အဆောင်သို့ရောက်တော်မူလျှင် ပရိတ်တော်ကို နာတော်မူ၍ ပရိတ်တော်အိုး၊ ပရိတ်တော်ပန်းတို့ကို ပြင်ရုံးသို့ထုတ်ပြီး မင်းသား၊ မင်းမြေး၊ မှူးတော်မတ်တော်တို့ကို ဝေပြီးမှ အိမ်သို့ပြန်ကြရသည်။

ဤတွင် အိမ်ရှေ့မင်းသား၏ "အိမ်တော်တက်မင်္ဂလာ" သည် ပြီးဆုံးခြင်းသို့ ရောက်ပါသည်။ သို့သော် အိမ်တော်တက်မင်္ဂလာကျင်းပပြီး တစ်ရက်ခြားတွင် အိမ်ရှေ့မင်းသား အိမ်တော်တက်လက်ဖွဲ့လက်ဆောင်တော်ဆက် အခမ်းအနားများ ကျင်းပကြရသေးသည်။



ယင်းအစီအစဉ်များကိုကြည့်ပါက မြန်မာမင်းများသည် အိမ်တော်သစ်တက်မင်္ဂလာကို လွန်စွာအလေးထားကြောင်း တွေ့မြင်နိုင်ပါသည်။ ဤသဘောကို ဆန့်၍မြင်ကြည့်ပါက မြန်မာလူမျိုးများသည် မိမိတို့နေထိုင်ရန်အတွက် ဆောက်လုပ်သော အဆောက်အအုံ (နေအိမ်) များကို စနစ်မကျ ဇယားမရှိ ဆောက်ချင်သလို ဆောက်လုပ်ကြခြင်းမဟုတ်သကဲ့သို့ ဆောက်လုပ်ပြီးသော အိမ်ပေါ်ကိုလည်း တက်ချင်သလိုတက်ပြီး နေချင်သလိုနေထိုင်ကြသည့် လူမျိုးများ မဟုတ်ကြကြောင်း သိမြင်နိုင်ပါသည်။

ယင်းသဘောကိုပို၍ ပေါ်လွင်ထင်ရှားလေးနက်စေရန်အတွက် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော သီပေါမင်းနှင့် ပတ်သက်သည့် အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်အထိ မြန်မာနိုင်ငံသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေလာရာမှ အင်္ဂလိပ်တို့၏လက်အောက်သို့ ကျရောက်ပြီး ကျွန်ဖြစ်ခဲ့ရသည်။ မြန်မာဘုရင်သီပေါမင်းကိုလည်း ဖမ်းဆီးပြီး အိန္ဒိယပြည် ရတနာဂီရိသို့ ခေါ်ဆောင်သွားသည်။ ရတနာဂီရိ၌ ပထမ စံတော်မူရသော အဆောက်အအုံမှာ မြန်မာဘုရင်မင်းမြတ်၏ ဂုဏ်ဒြပ်နှင့် မဟပ်စပ်သောကြောင့် ထိုခေတ်ကာလငွေ ခြောက်သိန်း အကုန်အကျခံ၍ အဆောက်အဦးသစ်ကြီးတစ်ခုကို အင်္ဂလိပ်အစိုးရက ဆောက်လုပ်ပေးသည်။ ထိုအဆောက်အအုံမှာ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားပြီး ပင်လယ်ဘက်သို့ မျက်နှာမူထားသဖြင့် ရှုခင်း၊ ရှုကွက်များ အလွန်ကောင်းပြီး စိတ်ကြည်နူးချမ်းမြေ့စရာ နေရာတစ်ခု ဖြစ်ပါသည်။

ထိုအဆောက်အအုံသို့ ပြောင်းရွှေ့နေထိုင်ရန် အင်္ဂလိပ်အစိုးရက သီပေါမင်းအား အကြိမ်ကြိမ်အကြောင်းကြားသည်။ သီပေါမင်းကလည်း သူ့ကျွန်ဘဝသို့ ရောက်ရသည့်တိုင်အောင် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံများကို လွန်စွာတန်ဖိုးထားလေးစားလိုက်နာသူဖြစ်သည်နှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးများပင့်ဖိတ်၍ ပရိတ်တရားတော်များ ရွတ်ဖတ်နာကြားပြီးမှသာ အိမ်သစ်သို့ပြောင်းရွှေ့နေထိုင်နိုင်မည်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရလည်း မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးများအား ပင့်ဖိတ်၍ မြန်မာတို့၏ဓလေ့ထုံးစံနှင့်အညီ အိမ်တက်မင်္ဂလာ ပြုလုပ်ပေးခဲ့ရ သည်ဟု မှတ်သားရပါသည်။

## ပြည်သူများ၏ အိမ်တက်မင်္ဂလာ

မင်းဧကရာဇ်များ၊ မင်းညီမင်းသားများ၊ အိမ်ရှေ့မင်းများသည် မိမိတို့၏ မြင့်မြတ်မှုဂုဏ်အင်္ဂါ၊ ရာထူးအဆင့်အတန်းနှင့် လိုက်လျောညီထွေစွာ အိမ်သစ်တက်မင်္ဂလာကို ဝင်းအခင်းအကျင်းများနှင့် ခမ်းခမ်းနားနား ကျင်းပကြသကဲ့သို့ ပြည်သူများကလည်း မိမိတို့လုပ်ခွင့်ဆောင်ရွက်ခွင့်အတိုင်းအတာအတွင်း အိမ်တက်မင်္ဂလာကျင်းပကြပါသည်။ အခြားသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သကဲ့သို့ အိမ်တက်မင်္ဂလာကိုလည်း စနစ်တကျ တလေးတစားဆောင်ရွက်တတ်ကြပါသည်။

အိမ်သစ်တက်ရန်အတွက် ရှေးဦးစွာ နေ့ကောင်းရက်သာ ရွေးကြသည်။

အိမ်သစ်တွင်တက်နေမည့် မိသားစုများသည် အစစအရာရာပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာလိုကြသည်။ ဘေးအန္တရာယ်ကွေ ကင်းရှင်းလိုကြသည်။ ဤဆန္ဒများဖြင့် ထိုနေ့ထိုရက်တွင် ရဟန်းသံဃာများကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးခြင်း၊ လှူဖွယ်ပစ္စည်း၊ ဝတ္ထုများကို လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ပြုသမျှသော ကုသိုလ်ဒါန အစုစုအတွက် (၃၁) ဘုံသား သတ္တဝါများကို အမျှဝေခြင်း၊ မေတ္တာပို့ခြင်း ပြုကြပါသည်။ ဆရာတော် သံဃာတော်များကလည်း အိမ်သစ်တွင် တက်နေမည့် မိသားရက်သားသမီးများ၊ အိမ်သစ်တွင်တက်နေသည့် နေ့မှစ၍ ဘေးအန္တရာယ်



ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ တိုးပွားရရှိစေရန် အန္တရာယ်ကင်းပရိတ်တရား တော်များကို ရွတ်ဖတ်ပေးကြသည်။

ထိုနေ့တွင် ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြား၍ ဧည့်ခံကျွေးမွေးခြင်း၊ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟများကလည်း အိမ်ရှင်တို့ ဒါနပြုဧည့်ခံကျွေးမွေးသည်ကို ဝမ်းမြောက်ပျော်ရွှင်စွာ စားသုံးကြပြီး အိမ်သစ်တွင်နေမည့် မိသားစုများအတွက် ဆုမွန်ကောင်းများ တောင်းပေးကြသည်။ ဤသို့ဖြင့် အိမ်တက်မင်္ဂလာပြီးမြောက်ကြသည်။

ဤတွင် အိမ်သစ်တက်သည့်အခါ အဆောင်များကို ဆောင်၍ တက်ရကြောင်း၊ "အိမ်သစ်တက်ကြား၊ သပြေသား၊ ဆောင်ထားတတ်အပ်စွာ၊ ကျောင်းသစ်တက်ကြား သနတ်သား ဆောင်ထား နိုင်နင်းလှ" ဟူ၍ လင်္ကာဖြင့် ဖွဲ့ဆိုမိန့်မှာချက်များရှိပါသည်။ ယင်းလင်္ကာအရဆိုပါက အိမ်သစ်တက်သည့်အခါ အိမ်မခိုက်အောင် "သပြေသား" ကို ဆောင်၍ တက်ရသည်။

အိမ်ဆောက်ပြီးသည့်နောက် ခြောက်လမြောက်သည့်တိုင်အောင် မတက်သော အိမ်၊ ကျောင်းတို့မှာ မနေအပ်ဟု ဆိုပါသည်။ ကျောင်းကန် အိမ်ရာတို့ကို ဆောက်သည့်နေ့မှစ၍ တစ်နေ့မချွတ်မတက်မချင်း စောင့်စည်းမစ၍ အိမ်ရာသည် ထိုသို့ မစောင့်ဘဲနှင့် ခြောက်လလွန်၍ ခုနစ်လ ရောက်သော် မတက်အပ်ပြီဟု ဆိုပါသည်။ ဤဆိုထားပါလျက်နှင့် နေမိပါက တန်ခိုးတေဇာယုတ်သည်ဖြစ်အံ့၊ အနာနှိပ်စက်များခြင်း၊ ဆင်းရဲကြီးခြင်း၊ နေ့တိုင်း နေ့တိုင်း အငြင်းအခုံများခြင်း ဖြစ်အံ့ဟုလည်း အပြစ်ကိုပြထားသည်။

ရိုးရာဓလေ့တစ်ရပ်အနေဖြင့် အိမ်သစ်တက်မင်္ဂလာ မပြုလုပ်မီ ကြိုတင်၍ ရေပြည့်အိုး တောင်းနှင့်ဆန်အပြည့်၊ ထီး၊ ကျောက်ပြင်၊ ကော်ဖော၊ သမီးကညာ၊ ထမင်းပွဲစုံ၊ ခရုသင်း၊ နွားနို့၊ ဥစ္စာရွှေငွေတို့ကို

www.burmeseclassic.com

www.burmeseclassic.com

သူ့နေရာနှင့်သူ စီစဉ်ထားရှိရပါသည်။ ရေပြည့်အိုးကို အရှေ့မြောက်ထောင့်တွင် ထားရပါသည်။ တောင်းနှင့်ဆန်အပြည့် မီးမယ်ဖျူးကို အရှေ့အရပ်တွင် ထားရပါမည်၊ အရှေ့တောင်ထောင့်တွင် ထီးနှင့် လေးမြားကို ထားရပါသည်။ တောင်အရပ်တွင် ကျောက်ပျဉ်၊ ကျောက်သားကိုထားပြီး အနောက်တောင်ထောင့်အရပ်တွင် ကော်ဇောကမ္ဗလာကို ထားရပါသည်၊ အနောက်အရပ်တွင် သမီးကညာကိုထားပြီး အနောက်မြောက်ထောင့်အရပ်တွင် ထမင်းပွဲစုံကို ထားရပါသည်။ မြောက်အရပ်တွင် ခရုသင်း၊ နွားနို့အိုးနှင့် အလယ်တွင် ဥစ္စာရွှေငွေကို ထားရပါသည်။

အိမ်တက်သည့်နေ့ကိုလိုက်၍ အိမ်ပေါ်ဦးစွာပို့ရသော ပစ္စည်းများလည်းရှိပါသေးသည်။

တနင်္ဂနွေနေ့အိမ်တက်ပါက ဘုရားကို အိမ်ပေါ်သို့ ဦးစွာပင့်ရပါသည်။ တနင်္လာနေ့ဖြစ်ပါက ဖျာ၊ ခေါင်းအုံးတို့ကို ဦးစွာပို့ရပါသည်။ အင်္ဂါနေ့ဖြစ်ပါက ရွှေငွေတို့ကို ဦးစွာ အိမ်ပေါ်တင်ရပါသည်။ ဗုဒ္ဓဟူးနေ့ ဖြစ်ပါက အစားအစာများယူငင်စားသောက်ပြီးမှ အိမ်ပေါ်တက်ရပါသည်။ ကြာသပတေးနေ့ ဖြစ်ပါက အမွှေးနံ့သာများ၊ ဖယောင်းတိုင်များကို မီးထွန်းညှိ၍ အိမ်ပေါ်သို့တက်ရပါသည်။ သောကြာနေ့ဖြစ်ပါက မိဘများက ဦးဆောင်၍ အိမ်ပေါ်တက်ရပြီး သားသမီးများက နောက်မှလိုက်ရသည်ဟူ၍ မှတ်သားဖူးပါသည်။

မှတ်သားဖွယ်ရာ မွန်လူမျိုးတို့၏ ဓလေ့ထုံးစံတစ်ရပ်မှာ အိမ်တက်မင်္ဂလာပြုရာ၌ အချို့က စရည်းအိုးကို စ၍ တင်ကြသည်။ ထိုနောက်မှ မျိုးစေ့၊ ခြင်ထောင်၊ အိပ်ယာ၊ ခေါင်းအုံး၊ ဓားသွေးကျောက်၊ ခရုသင်း၊ ဗိုင်းထိုးသော ကိရိယာများကို တင်ကြသည်။ အိမ်ပေါ်မတက်မီ လှေကား၌ နှီးသုံးဆင့်ချည်ရသည်။ အချို့ကလည်း ဘုရားကို အရင်ဆုံး အိမ်ပေါ်သို့ ပင့်တင်ကြသည်။ ထို့နောက်မှ လူကြီး၊ မိဘသက်ကြီး၊ ဝါကြီးများက လိုက်ပါပြီး ၎င်းတို့နောက်မှ ရစ်ဘီး၊ ချား၊ ထယ်၊ ထွန်၊ ဆေး ဆေးလိပ်တို့ကို တင်ကြသည်လည်းရှိသည်။



ထားရသောပစ္စည်းကိုလည်း အရှေ့အရပ်တွင် ဆန်စပါးကိုထားပြီး အရှေ့တောင်အရပ်တွင် ကြေးစည်ကို ထားကြပါသည်။ တောင်အရပ်တွင် ဓား၊ ပုဆိန်စသော လက်နက်ကိရိယာများကို ထားကြပါသည်။ [illegible] စဉ့်ခွက်တို့ကို အနောက်အရပ်တွင် ထားပါသည်။ အရှေ့မြောက်အရပ်တွင် ထမင်းပွဲထားပြီး မြောက်အရပ်တွင် ခရုသင်း၊ အနောက်မြောက်အရပ်တွင် ပန်း၊ မွှေးနံ့သာရည်တို့ကို ထားကြသည်။

စနေနေ့ကို အိမ်သစ်တက်ရန် မွန်တို့ရှောင်ကြပါသည်။ စနေနေ့တွင် အိမ်သစ်တက်မိပါက မိဘနှစ်ပါး ကွဲကွာခြင်း၊ ရန်စများခြင်း၊ အမှုပေါင်းစုံနှင့် တွေ့ကြုံရတတ်ခြင်း ဖြစ်တတ်သည်ဟု ယူဆပြီး စနေနေ့ကို ရှောင်ကြခြင်းဖြစ်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

# အိမ်နှင့်ပတ်သက်သောစကားပုံနှင့် ဆိုရိုးစကားများ

မြန်မာဘာသာစကားတွင် မြန်မာလူ့ဘောင်နှင့် မြန်မာလူမျိုးတို့၏ ဓလေ့ဘာသာအလျောက် ယုံကြည်မှုများ၊ လူမှုဆက်ဆံရေးအမြင်များ၊ ဖြစ်လေ့ဖြစ်ထရှိသည်များ၊ မှတ်သားဖွယ်ရာများ၊ ရှောင်ရန်ဆောင်ရန် အချက်များကို တိုတိုနှင့်ထိထိမိမိ ပြောလိုသည့်အခါ စကားပုံများ၊ ဆိုရိုးစကားများဖြင့် ပြောဆိုလေ့ရှိပါသည်။ အလျဉ်းသင့်သည့်အခါတိုင်းလည်း စာပေများတွင် ထည့်သွင်းရေးသားလေ့ ရှိပါသည်။

ထိုစကားရပ်နှစ်မျိုးတွင် စကားပုံမှာ မိမိဆိုလိုရင်းကို အနှိုင်းခံတရပ်နှင့် ပုံခိုင်းပြောဆိုသည့်စကားဖြစ်ပြီး ဆိုရိုးစကားမှာ ပုံခိုင်းမှုမပါသည့်စကား၊ ပုံခိုင်းမှုသက်သက်သာမက ဆိုလိုရင်းကိုပါ ဖော်ပြထားသည့် စကားမျိုးကို ဆိုလိုပါသည်။

မြန်မာစကားပုံနှင့် မြန်မာ့ဆိုရိုးစကားများတွင် အိမ်ကို အနှိုင်းခံထားပြီး ပုံခိုင်းပြောဆိုမှုများလည်း ရှိသည်။ ယင်းအိမ်နှင့် ပတ်သက်သော စကားပုံနှင့် ဆိုရိုးစကားများကို တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် တင်ပြပါသည်။

အိမ်ခြေတစ်ရာမျှရှိသောရွာတွင် ပြည်စိုးက အစိုးတ်မျှရှိနေသည် ဆိုသကဲ့သို့ ငယ်သားဦးရေနှင့်မလိုက်အောင် ခေါင်းဆောင်သူက များနေ





သည့်အခါ တိုတိုနှင့် ထိထိမိမိ ပြောဆိုလေ့ရှိသောစကားမှာ "အိမ်ခြေတစ်ရာ ပြည်စိုးအစိတ်" ဟူ၍ ဖြစ်ပါသည်။ ပြည်စိုးမှာ ရှေးမြန်မာမင်းများလက်ထက်က မြို့ရွာကို ကွပ်ကဲအုပ်ချုပ်ရသူကို ခေါ်ခြင်း ဖြစ်ပါသည်။

အိမ်ရှေ့ခန်းဌာရှိသူများ ပူပန်သောကဖြစ်နေကြစဉ် အိမ်နောက်ခန်းဌာရှိသူများလည်း သာယာချမ်းမြေ့ခြင်းမရှိနိုင်သကဲ့သို့ ဦးဆောင်ဦးရွက်ပြုသူများ မှုပင်သောက ဖြစ်နေကြလျှင် မှီခိုအားထား နေရသူများလည်း သာယာပျော်ရွှင်ခြင်း မရှိနိုင်ကြောင်း ပြောလိုသည့်အခါ "အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ" ဟူ၍ ပြောဆိုသုံးနှုန်းလေ့ရှိပါသည်။

လူနေအိမ်များတိုးချဲ့လာသည်နှင့်အမျှ ယာမြေများလျော့ပါး ဆုတ်ယုတ်သကဲ့သို့ တဖက်ကတိုးချဲ့နေရာယူလာသည်နှင့်အမျှ တဖက်က ဆုတ်ယုတ်ကွယ်ပျောက်သည်ကို ပြောလိုသည့်အခါ "အိမ်လာယာခုတ်" ဟူ၍ ပြောဆိုကြသည်။

အိမ်၏အခြေအနေ သာယာကောင်းမွန်သဖြင့် ဧည့်သည်အရောက်အပေါက်များသကဲ့သို့ တိုင်းပြည်မြို့ရွာအေးချမ်းသာယာလျှင် အရပ်လေးမျက်နှာမှ ဧည့်လူအများ ဝင်ထွက်သွားလာမှုများသည်။ ထိုအခြေအနေမျိုးကို "အိမ်သာလို့ဧည့်လာ" သည်ဟူ၍ ဆိုပြောလေ့ရှိကြသည်။

အိမ်ကြက်အချင်းချင်း တစ်ကောင်နှင့်တစ်ကောင် ခွပ်ကြသကဲ့သို့ ဘဝတူအချင်းချင်း ပဋိပက္ခဖြစ်ကြ၊ ခိုက်ရန်ဒေါသဖြစ်ကြသည့်အခါ "အိမ်ကြက်ချင်းခွပ်" သည်ဟု ပြောတတ်ကြပါသည်။

အတူနေအချင်းချင်း ယောင်မှားပြီး ရန်များအောင် သွေးခွဲ ရန်တိုက်ပေးသည်ကိုလည်း "အိမ်ကြက်ချင်းအိုးမဲသုတ်" ဟူ၍ ပြောကြပါသည်။ အိမ်ကြက်အချင်းချင်း ခေါင်းကို အိုးမဲသုတ်ပေးပြီး ရန်တိုက်သောအခါ က အချင်းချင်းဟု မထင်တော့ဘဲ တစိမ်းကြက်ဟု အထင်မှားပြီး ခွပ်တတ်ကြသည်ကို ပုံနှိုင်းခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘောင်လူ့လောကတွင် တစ်ခါတစ်ရံ မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်အပျက်မျိုး ဖြစ်လေ့၊ ကြုံလေ့ရှိပါသည်။ နေရာဌာနတစ်ခု၌ မူလရှိနှင့်ပြီးသူကို နောက်မှ ရောက်လာသူက လွှမ်းမိုးကြီးစိုးသည့် အဖြစ်မျိုးဖြစ်ပါသည်။ အိမ်ရှင်ကို ဧည့်သည်ကမောင်းထုတ်သည့်အဖြစ်မျိုးဟု ဆိုနိုင်ပါသည်။ ထိုအခါမျိုးကြုံသည့်အခါတိုင်း "အိမ်သူကိုဧည့်မောင်း" ဟူ၍ ပြောဆိုလေ့ရှိကြပါသည်။

တစ်ခါတစ်ရံအရွယ်လွန်မှ အလုပြင်ဆင်တတ်သူမျိုးကို တွေ့ရတတ်ပါသည်။ ထိုသို့ အရွယ်လွန်မှ အလှပြင်ခြင်းဖြင့် ပြန်လည် နုပျိုမလာနိုင်သည်ကိုလည်း လူများ ဂရုပြုမိတတ်ကြပါသည်။ ထိုအဖြစ်မျိုးသည် အိမ်အိုသည့်အခါမှ စားဖိုဆောင်ထုတ်သည့်အဖြစ်မျိုးနှင့် တူနေပါသည်။ အိမ်အိုသည့်အခါမှ စားဖိုဆောင်ထုတ်ခြင်းဖြင့် အိမ်အတွင်း၌ စွဲနေသော ကျပ်ခိုးများက မပျောက်နိုင်သည့်သဘောမျိုး၊ ဆင်ခြင်မိကြဟန် ရှိပါသည်။ ထို့ကြောင့် အရွယ်လွန်မှ အလှပြင်ဆင်တတ်သူမျိုးကို တွေ့သည့်အခါ "အိမ်အိုမှစားဖိုထုတ်" သည်ဟူ၍ ခိုင်းနှိုင်းပြောဆိုလေ့ရှိသည်။

လူ့လောကတွင် မဖြစ်နိုင်သော ကိစ္စများရှိပါသည်။ မဖြစ်နိုင်သော ကိစ္စများကို လုပ်ခိုင်းခြင်းမျိုးလည်းမကြာခဏကြုံရတတ်ပါသည်။ ထိုကဲ့သို့ ကြုံသည့်အခါ "အိမ်ရှေ့ကရေတွင်း အိမ်နောက်ဖေးရွှေ့" ခိုင်းသည်ဟု ပြောဆိုလေ့ရှိကြပါသည်။

ခွင့်လွှတ်ထားသည်ကို အခွင့်ကောင်းယူကာစော်ကား မောကား ပြုမူတတ်သူမျိုးကိုလည်း မြန်မာ့လူ့ဘောင်၌ မြန်မာ့လူ့အဖွဲ့အစည်း၌ မကြာခဏတွေ့ရတတ်ပါသည်။ ထိုကဲ့သို့ တွေ့ရသည့်အခါ စော်ကား မော်ကား အပြုခံရသူက နာနာကြည်းကြည်း ပြောတတ် ဆိုတတ်သော စကားတစ်ခုရှိပါသည်။ ယင်းမှာ "အရူး အရူးနှင့် အိမ်ဦးချေးပါ" ဟူသော စကား ဖြစ်ပါသည်။ စိတ်မနှံ့သူဖြစ်၍ ခွင့်လွှတ်ထားသည်ကို အခွင့်ကောင်းယူကာ



အိမ်ဦးတွင် စော်စော်ကားကား မစင်စွန့်သကဲ့သို့ ပြုမူစော်ကားသည်ဟု ဆိုလိုရင်း ဖြစ်သည်။

"အိမ်အိုတော့ကျားကန်၊ လူအိုတော့ပန်းပန်" ဟု ဆိုသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ အိမ်အိုသောအခါ ပြိုလဲမကျစေရန် တောင့်တင်းခိုင်ခံ့စေရန် ကျားကန်ရသကဲ့သို့ လူအိုသောအခါ စိတ်ပျိုကိုယ်နုစေရန် ပန်းပန်ရသည်ဟု ဆိုလိုပါသည်။

ရှေးခေတ်မြန်မာကြီးများသည် အိမ်ဝင်းခြံအတွင်းတွင် မာလကာပင်တစ်ပင်စ နှစ်ပင်စ စိုက်လေ့ရှိကြသည်။ "အိမ်ရှိလျှင် မာလကာပင်ရှိရမည်" ဟူ၍လည်း ပြောလေ့ပြောထရှိသည်။ အသီးကို လူကြိုက်များပြီး အပင်သည် ဆေးဖက်ဝင်ကာ ဒေသမရွေး စိုက်ပျိုးနိုင်သဖြင့် အိမ်တိုင်း၌ မာလကာပင်စိုက်သင့်ကြောင်း ဆော်ဩခြင်းလည်း ဖြစ်ပါသည်။

အလားတူဆိုရိုးစကားတစ်ခုမှာ "အိမ်နောက်ဖေးဈေးဆိုင်တည်" ဖြစ်ပါသည်။ အိမ်နောက်ဖေးတွင် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပါဟု ဆိုလိုသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ လူသားများအား သတိသံဝေဂပေးသော ဆိုရိုးစကားတစ်ခုမှာ "အိမ်ကြီးတော့လောင်စာ၊ ကျောင်းကြီးတော့သံသရာ" ဖြစ်ပါသည်။ အိမ်ကြီးကြီးဆောက်ခြင်းသည် လောင်စာအတွက် အထောက်အပံ့ ဖြစ်သည်။ ဘုန်းကြီးကျောင်းကြီးကြီးဆောက်ခြင်းသည် သံသရာမှ လွတ်မြောက်ကြောင်း အထောက်အပံ့ဖြစ်သည်ဟု ဆိုလိုပါသည်။

တစ်ရပ်ကွက်တည်းနေ အိမ်နီးနားချင်းတို့သည် သာရေး၊ နာရေး ကိစ္စများတွင် အပြန်အလှန် ရိုင်းပင်းကူညီတတ်ကြသည်ကို ပြောလိုသည့်အခါ "အိမ်နီးချင်းဆက်၊ ရပ်ကွက်တူနေ၊ သူသေငါပို့" ဟူ၍ ဆိုရိုးပြုကြပါသည်။

အိမ်နှင့်ပတ်သက်သောဆိုရိုးစကားများတွင် "တောစကားကိုအိမ်သို့ မရောက်စေရာ၊ အိမ်စကားကို ကျောင်းသို့ မရောက်စေရာ" ဟူသော

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စကားမှာ တော၌သာပြောသင့်သောစကားကို အိမ်၌မပြောသင့်၊ အိမ်၌သာ ပြောသင့်သောစကားကို ဘုန်းကြီးကျောင်း၌ မပြောသင့် ဟုဆိုလိုပါသည်။

"လီမွှာမှ အိမ်ပါသည်" မှာ စီးပွားရှာသည့်အခါ အသုံးအစွဲကျစ်လျစ် လီမွှာမှ ဥစ္စာပစ္စည်းသည် အိမ်သို့ပါမည်ဟု ဆိုလိုပါသည်။

"အိုင်မည်ကာကြာမပေါက်၊ ပေါက်တဲ့ကြာလည်း ကြာကတောက်၊ အိမ်မည်ကာညော်မရောက်၊ ရောက်ပြန်တော့လည်း ညော်ပြောက်သောတ်" မှာ မည်ကာမတ္တဖြစ်သော အိုင်မျိုး၌ ကြာပင်မပေါက်၊ ပေါက်ပြန်လျှင်လည်း ကတောက်မျိုးသာဖြစ်မည်၊ မည်ကာမတ္တဖြစ်သော အိမ်မျိုးသို့ ညော်ကောင်းစောင်ကောင်းမလာ၊ လာပြန်လျှင်လည်း ညော်ပြောက်သောက်သာဖြစ်မည်ဟု ဆိုလိုပါသည်။

"တောင်ကြိုတောင်ကြား၊ ပေါက်သည့်ဝါး အဖုဒုးခပ်သွယ်သွယ်၊ အိမ်ကြိုအိမ်ကြားပေါက်သည့်သား စကားခပ်ကျယ်ကျယ်" မှာ တောင်ကြို တောင်ကြားမှာ ပေါက်သော ဝါးသည် အဖျားသွယ်တတ်သည်၊ အိမ်ကြို အိမ်ကြားမှာ ခိုကပ်ကြီးပြင်းရသော ကလေးသည် စကားကို ကျယ်ကျယ် လောင်လောင် ပြောတတ်သည် ဟု ဆိုလိုပါသည်။

ခွေးမရောက်နိုင်သည့် နေရာသည် အိမ်ခေါင်မိုးဖြစ်သည်။ လူမရောက်နိုင်သောနေရာမှာ မြင်းမိုရ်တောင် ဖြစ်သည်ဟု ပြောလိုသည့်အခါ "လူမရောက်မြင့်မိုရ်တောင်၊ ခွေးမရောက် အိမ်မိုးခေါင်" ဟု ဆိုရိုးပြုကြပါသည်။

"မောင်ကောင်းစား နှမ မီးဖိုချောင်၊ နှမ ကောင်းစား မောင် အိမ်ဦးခန်း" မှာ မောင်ကောင်းစားလျှင် နှစ်မဖြစ်သူသည် မီးဖိုချောင် လုပ်ငန်းများကိုသာ လုပ်နေရတတ်သည်၊ နှမကောင်းစားလျှင်မူကား မောင်ဖြစ်သူသည် အိမ်ဦးခန်းတွင် အခန့်သား နေရတတ်သည်ကို ရည်ရွယ်၍ ပြောခြင်း ဖြစ်ပါသည်။



မြန်မာတို့၏ နွားလောကတွင် "ချိုတည်လူး" နွားမျိုးရှိပါသည်။ ချိုတည်လူးမှာ ချိုတစ်ချောင်းကုပ်နေသော နွားကို ဆိုလိုပါသည်။ ထိုနွားမျိုးကို အိမ်ဦးတိုင်၌ချည်၍မွေးထားလျှင် ဥစ္စာပစ္စည်း ခိုင်မြဲတတ်သည်ဟု ဆိုပါသည်။ ယင်းအယူအစွဲကို နွားချစ်သောမြန်မာများက "ချိုတည်လူး အိမ်ဦးမှာချည်၊ ဥစ္စာတည်" ဟူ၍ ဆိုရိုးပြုထားကြပါသည်။

အိမ်နှင့်တိုက်ရိုက်မပတ်သက်သော်လည်း "အိမ်" ဟူသော ဝေါဟာရနှင့် တွဲဖက်သုံးသော စကားများလည်း ရှိပါသည်။ ဥပမာ - အိမ်သူ အိမ်ထောင်၊ အိမ်နီးချင်း စသည့် ဝေါဟာရများ ဖြစ်ပါသည်။ ယင်းဝေါဟာရများနှင့်ပတ်သက်၍ "အသွင်မတူ၊ အိမ်သူမဖြစ်" "အိမ်ထောင်မှုဘုရားဟည် ဆေးမင်ရည်စုတ်ထိုး" "အိမ်နီးချင်းကောင်းမှ လင်ကောင်းရ" "မမွှာသောက အင်းဝရာဇာ၊ အိမ်ထောင်ဖက် အသက်မရှည်ရာ" ဟူသော ဆိုရိုး စကားများရှိပါသေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

"မြန်မာ့ရိုးရာအိမ်" အကြောင်းကို "အိမ်ဆိုသည်မှာ" စ၍ အိမ်ဆောက်ရန် နေကောင်းရက်သာရွေးခြင်း၊ မြေခံရွေးခြင်း၊ အိမ်ဆောက်ပြီး၍ အိမ်သစ်တက်မင်္ဂလာ ကျင်းပသည်အထိ အခန်းစဉ်များခွဲ၍ ရေးသားခဲ့ပါသည်။ လိုအပ်သော ပုံစံအထောက်အထားများကိုလည်း တင်ပြပြီးဖြစ်ပါ၏။

ဤမျှ "မြန်မာရိုးရာအိမ်" အကြောင်းကို အထိုက်အလျောက် နားလည်သိရှိသွားပြီဟု ယုံကြည်ယူဆမိပါသည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော ရှေးမြန်မာတို့၏ အိမ်ဆောက်ဓလေ့ရိုးရာအယူအဆများ၊ အစွဲအလန်းများကိုလည်း အတော်ပြည့်ပြည့်စုံစုံ သိရှိသွားကြမည်ဟု နားလည်ပါသည်။ အနုမညာလက်ရာမြောက် ဖော်ဆောင်တတ်သည့် ရှေးခေတ်မြန်မာ့ဗိသုကာ၏ လက်စွမ်းလက်စကိုလည်း ခန့်မှန်းနိုင်လောက်သည်ဟု သဘောပေါက်မိပါသည်။

စနစ်ဇယားနှင့် တင်းကျပ်သောသတ်မှတ်ချက်၊ ပညက်ချက်၊ စည်းဘောင်အတွင်းက ခိုင်ခံ့လှပသောအိမ်ကြီး၊ အိမ်ကောင်းများကို ဆောက်လုပ်ရာမှာ မည်မျှခက်ခဲမှုရှိမည်ကိုလည်း သဘောပေါက်ကြမည်ဟု မြင်ပါသည်။

ဤစာအုပ်တစ်နေရာတွင် ရှေးခေတ်က ဆောက်လုပ်ကြသော အိမ်ခေါင်ပုံစံအမျိုးမျိုးကို ပုံစံနှင့်တကွ တင်ပြခဲ့ပါသည်။ ယခုအခါ ယင်းပုံစံများပါ အိမ်ခေါင်မျိုးကို ပြည့်စုံစွာ တွေ့မြင်ရမည် မဟုတ်တော့ပါ။ နှစ်ဖက်ရေဆင်းအမိုးများကိုသာ "နေလျှောက်" ဆောက်လိုက် "နေကျော်" ဆောက်လိုက် တွေ့မြင်ကြရမည် ဖြစ်ပါသည်။ တစ်ဘက်ရပ်ခေါင်လိပ်ပြာ





တောင်ခေါင်များကိုသာ လမ်းဘေးဈေးဆိုင်များ၊ အိမ်မကြီး၏ အဖီများတွင်သာ ရံခါ တွေ့ကြရမည် ဖြစ်ပါသည်။

မဒရပ်ခေါင်၊ စပယ်ထပ်ခေါင် စသည်တို့မှာ မတွေ့မမြင်ရသလောက် ရှားပါးသွားပါသည်။ လုပ်ဆောင်ရန်ခက်ခဲခြင်း၊ အချိန်ယူရခြင်းကြောင့် ဖြစ်ပါသည်။ ခေတ်စကားနှင့်သုံးရပါက "လက်ဝင်" သောကြောင့် ဖြစ်ပါသည်။ ယင်းကဲ့သို့သော "လက်ဝင်" သည်ဆိုသည့် ခေါင်မျိုးကို ရှေးခေတ်ကာလက အဆောက်အလုပ်များခဲ့ပါသည်။ ယင်းအချက်ကိုထောက်ဆပြီး ရှေးမြန်မာတို့၏ နေအိမ်အပေါ် တွင်ထားရှိသည့် လေးနက်မှု၊ စိတ်ရှည်မှု၊ မြန်မာမှုကို ချစ်မြတ်နိုးတတ်မှု၊ အနုပညာဆန်တတ်မှုကို အကဲခတ်နိုင်မည်ဟု ယူဆပါသည်။

ဤသို့ဆိုလိုက်၍ ရှေးခေတ်လူများကသာ ဗိသုကာပညာအရာ တော်ကြသည်၊ ယခုခေတ်လူများက "မတော်" ရှေးခေတ်လူများကသာ အနုပညာမြောက်သည်၊ ယခုခေတ်လူများက "မမြောက်" ဟု ဆိုလိုခြင်း မဟုတ်ပါ။ ရှေးခေတ်ကထက် ယခုခေတ်လူများက ပို၍ အနုပညာမြောက်ချင်မြောက်ပါမည်။ ဗိသုကာပညာအစွမ်းပို၍ ထက်ချင်ထက်ပါမည်၊ ထက်လည်းထက်ကြပါသည်။ ဘုန်းတော်ကြီးကျောင်းများ၊ တန်ဆောင်းများ၊ မုခ်ဝတီကဲများ စသည့် သာသနိက အဆောက်အအုံသစ်များတွင် တွေ့မြင်ရသော ယနေ့မြန်မာများ၏ ဗိသုကာလက်ရာများသည် ရှေးခေတ်ကထက် မည့်ကြောင်း၊ အဆင့်အတန်းမနိမ့်ကြောင်း တွေ့မြင်သတိထားမိနိုင်ပါသည်။

သို့သော်လည်း ယနေ့လူနေအိမ်များဆောက်လုပ်ကြရာ၌ အစဉ်အဆက် လိုက်နာကျင့်သုံးခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပစ်ပယ်ပြီး ဆောက်လုပ်နေကြကြောင်း သတိထားပါက တွေ့မြင်ကြပါလိမ့်မည်။ ရှေးမှု ရှေးဟန်များပျောက်ပြီး အနောက်တိုင်းဟန်များက လွှမ်းမိုးလာသည်ကို သတိထားမိကြပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့၏ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို ခံယူကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အစဉ်အဆက် ကျင့်သုံးလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများတွင်လည်း ဗုဒ္ဓ၏အဆုံးအမများ သက်ဝင်နေမည်သာဖြစ်ပါသည်။

ဗုဒ္ဓ၏ အဆုံးအမများ ပြည့်ဝသော မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို "မြန်မာမှု" ဟူ၍ မြတ်မြတ်နိုးနိုး လက်ဆင့်ကမ်း ထိန်းသိမ်းရမည့် တာဝန်မှာ မြန်မာလူမျိုးတိုင်းမှာ ရှိပါသည်။

ဤတွင် ဆိုရန်ရှိသည်မှာ "အဟောင်း" တိုင်းကို "ကောင်း" သည်ဟုချည်း မဆိုလိုပါ။ အဟောင်းတိုင်းကို "ကောင်း" သည်ဟုချည်း သတ်မှတ်ပြီး ပြန်လည်ဖော်ထုတ်ရမည်ဟူ၍လည်း ဆန္ဒမပြုချင်ပါ။ အခြေအနေအကြောင်း အမျိုးမျိုးကြောင့် ပြန်လည်ဖော်ထုတ်နိုင်ချင်မှ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ "ဟောင်း" တိုင်းလည်း "ကောင်း" ချင်မှကောင်းမည်ဖြစ်သည့်အတွက် "သင့်" သည်ကို ယူပြီး "ပယ်" သင့်သည်ကို ပယ်ရမည်ဟုလည်း ခံယူပါသည်။

မည်သို့ဆိုစေ မြန်မာလူမျိုးတို့အတွက် မြန်မာ့ရေမြေနှင့် မြန်မာမှု မြန်မာဟန်သည်သာ အကောင်းဆုံးဟုလည်း ခံယူပါသည်။ မြန်မာတို့၏ ဓလေ့စရိုက်၊ မြန်မာမှု မြန်မာ့ဟန်များ မပျောက်ပျက်စေလို၍လည်း ဤ "မြန်မာရိုးရာအိမ်" ကို ရေးသားရခြင်း ဖြစ်ပါသည်။

သို့သော် စာရေးသူမှာ ဗိသုကာပညာရှင်တစ်ယောက်မဟုတ်ပါ။ မြန်မာမှုကို စိတ်ဝင်စားမှုသက်သက်မျှသာ ဖြစ်ပါသည်။ ဗိသုကာပညာရှင်တစ်ယောက်မဟုတ်သည့်အတွက် ဗိသုကာဆိုင်ရာလုပ်ငန်းရပ်များကို ရေးသားတင်ပြရာ၌ ချို့ယွင်းချက်၊ လိုအပ်ချက်များ ရှိကောင်းရှိနိုင်ပါသည်။ ရှိမည်ဟုလည်း ယုံကြည်ပါသည်။



စာရေးသူ၏ အခြေအနေနှင့် စေတနာအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် ပြုပြင်ဖြည့်စွက် ပေးကြမည်ဆိုပါက ဤ "မြန်မာ့ရိုးရာအိမ်" သည် ယခင်က မြန်မာ့စာပေနယ်တွင် ကျမ်းတစ်စောင်တစ်ဖွဲ့အနေဖြင့် မရှိခဲ့ဘူးသေးသော ကွက်လပ်ကို အတော်အတန် ပြီးပြည့်စုံသော ကျမ်းကောင်းတစ်ဆူအဖြစ် ရပ်တည်ဖြည့်စွက်ပေးနိုင်လိမ့်မည်ဟု အလေးအနက် ယုံကြည်မျှော်လင့်မိပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ကိုးကားသည့် စာအုပ်စာတမ်းများ


၁။ ကောသလ္လထေရ်၊ ဘဒ္ဒန္တ၏ "ကန်ဦးမူ၊ သဗ္ဗမင်္ဂလာ အခါပေးကျမ်း" ဒုတိယအကြိမ် ခေတ်စာပုံနှိပ်လုပ်ငန်း၊ ရန်ကုန်မြို့၊ ၁၉၈၅ –ခုနှစ်။

၂။ ကိုကိုနိုင်၊ သုတေသီ ရာမည၏ "အမွေခံထိုက်သော မြန်မာ့ ပန်းပု ပညာ" စာပေဗိမာန် ရန်ကုန်မြို့၊ ၁၉၈၇ –ခုနှစ်။

၃။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ "စွယ်စုံကျော်ထင်ကျမ်း" ဒုတိယတွဲ၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၁၄– ခုနှစ်။

၄။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသဝေဒ မဂ္ဂဇင်း အမှတ် (၄) ဇန်နဝါရီလ၊ ၁၉၈၄–ခုနှစ်။

၅။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသဝေဒ မဂ္ဂဇင်း အမှတ် (၆) ဖေဖော်ဝါရီလ၊ ၁၉၈၅–ခုနှစ်။

၆။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသ မဂ္ဂဇင်း အမှတ် (၇) မတ်လ၊ ၁၉၈၅–ခုနှစ်။

၇။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသဝေဒ မဂ္ဂဇင်း အမှတ် (၈) ဧပြီလ၊ ၁၉၈၅–ခုနှစ်။

၈။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသဝေဒ မဂ္ဂဇင်း အမှတ် (၉) မေလ၊ ၁၉၈၅–ခုနှစ်။

၉။ ကျော်မင်း၊ ဗိသုကာ၏ "ဘူမိနက်သန် နေရာမှန်" ဆောင်းပါး ဇောတိသဝေဒ မဂ္ဂဇင်း အမှတ် (၁၀) ဇွန်လ၊ ၁၉၈၅–ခုနှစ်။

၁၀။ ကျော်အောင်၏ "နေဝင်ဘုရင်များ" ရာပြည့်စာအုပ်တိုက် ရန်ကုန်မြို့၊ ၁၉၉၈ ခုနှစ်။







၁၁။ ခင်ခင်စု၊ ဒေါ်တည်းဖြတ် "ဗိသုကာကျမ်း" မြန်မာနိုင်ငံသုတေသန အသင်း၊ ရန်ကုန်မြို့၊ ၁၉၆၆ – ခုနှစ်။

၁၂။ စု၊ ဦး၏ "မြန်မာရိုးရာဗိသုကာအစွမ်း" စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၁၉၈၆– ခုနှစ်။

၁၃။ စု၊ ဦး၏ "မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဗိသုကာကျမ်း" စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၁၉၆၆– ခုနှစ်။

၁၄။ စေတနာ၊ မောင်၏ "ဟံသာဝတီနိဒါန်း" ဥဿမဂ္ဂဇင်း၊ ၁၉၉၅ ခုနှစ်၊ စာဆိုတော်နေ့ အထိမ်းအမှတ်၊ ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့။

၁၅။ စန်းသဲမိန်၏ "ဘုံသာဝေယံမော်ကွန်း" ဆောင်းပါးလုပ်သား ပြည်သူ့ နေ့စဉ်သတင်းစာ (၁၄–၁၀–၉၀)။

၁၆။ ဇေတဝန်ဆရာတော် မုံရွေး၏ "မုံရွေးမှတ်စု" ဟံသာဝတီပုံနှိပ် တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၅ –ခုနှစ်။

၁၇။ ဇေယသင်္ခယာ၏ "ရွှေဘုံနိဒါန်း"ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ၁၉၆၃ ခုနှစ်။

၁၈။ တော်စိန်ခို၏ "လွှတ်တော်မှတ်တမ်း ကောက်နုတ်ချက်" ဟံသာ ဝတီ စာအုပ်တိုက်၊ ရန်ကုန်မြို့ ၁၉၇၁ –ခုနှစ်။

၁၉။ တင်လှ၊ ဦး (တည်းဖြတ်) "ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း" သုတေသနစာစဉ်သစ် (၃) မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်မြို့၊ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ။

၂၀။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ မွန်ပုံနှိပ်ရေးနှင့် စာအုပ်လုပ်ငန်းဝေရေးကော်ပိုရေးရှင်း ရန်ကုန်မြို့ ၁၉၇၇ ခုနှစ်။

၂၁။ ထိပ်တင်ထွေး၊ နဂါးဗိုလ်၏ "ရတနာသိခ ကုန်းဘောင်မဟာ[illegible] အကျဉ်း" ပုညစာအုပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၇ ခုနှစ်။


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၂။ ထွန်းညိုဦး တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ "မဟာရာဇဝင်သစ် (တောင်ငူဆက်)" ဒုတိယတွဲ (ဦးကျော်ဝင်းပါမောက္ခ၊ သမိုင်းဌာန ရန်ကုန်တက္ကသိုလ်တည်းဖြတ်သည်) ရန်ကုန်မြို့၊ ၁၉၉၈ ခုနှစ်။

၂၃။ ထွန်းညိုဦး တွင်းသင်းတိုက်ဝန်မဟာစည်သူ၏ "မဟာရာဇဝင်သစ်" (ညောင်ရမ်းဆက်) တတိယတွဲ (ဦးသိန်းလှိုင်၊ ဒုညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ၊ သမိုင်းသုတေသနဌာန တည်းဖြတ်သည်) ရန်ကုန်မြို့၊ ၁၉၉၇ ခုနှစ်။

၂၄။ နေညွန့်၊ မောင်၏ "ကုန်းဘောင်ခေတ်မြန်မာပြည်" သဇင်စာပေ၊ ရန်ကုန်မြို့ ၁၉၇၀။

၂၅။ နိုင်ပန်းလှ၏ "ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း" မြဝတီစာပေတိုက်၊ ရန်ကုန်မြို့ ၁၉၉၇။

၂၆။ နိုင်မောင်တိုး၏ "မွန်ဓလေ့နှင့်မွန်မှု" ကွန်ချမ်းစာပေ၊ ရန်ကုန်မြို့ ၁၉၈၉ ခုနှစ်။

၂၇။ ပျိုင်၊ ဦး၊ ဝံသာနု၏ "လောကီမှတ်ပုံနည်းမျိုးစုံ"

၂၈။ ဘိုးမြစ်၊ ဦး၊ ဆရာကြီး၏ "လောကဟိတရာသီကျမ်း" ပိဋကတ်တော် ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၉၃ ခုနှစ်။

၂၉။ ဘုန်းတော်ကြီး၊ ဆရာ၏ "သုတသန္ဓိစယကျမ်း" ရန်ကုန်မြို့၊ ၁၃၁၃ ခုနှစ်။

၃၀။ မင်းနိုင်၊ ဦး၏ "မြနန်းစံကျော်၊ ရွှေနန်းတော်" ဆောင်ပါး မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၁၉၉၅ ခုနှစ်။

၃၁။ မောင်မောင်တင်၊ ဦး K.S.M. A.T.M ၏ "ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်" ပထမတွဲ သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက် ရန်ကုန်မြို့ ၁၉၇၅။

၃၂။ မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ)၏ "မြန်မာမင်းလက်ထက်တော် စာတမ်းများ" ပုဂံစာအုပ်တိုက်၊ ရန်ကုန်မြို့ ၁၉၆၇ ခုနှစ်။



၃၃။ မျိုးမြင့်စိန်၊ ဦးနှင့်အဖွဲ့၏ "ကုန်းဘောင်ခေတ်နှောင်း ဘုန်းကြီး ကျောင်းများ" တက္ကသိုလ်ပညာပဒေသာ စာစောင် အတွဲ ၅၊ အပိုင်း ၃၊ ၁၉၇၀ ခုနှစ်။

၃၄။ မျိုးမြင့်စိန်၊ ဦးနှင့်အဖွဲ့၏ "ရှေးမြန်မာအိမ်များ" တက္ကသိုလ်ပညာ ပဒေသာစာစောင် အတွဲ ၅၊ အပိုင်း ၄၊ ၁၉၇၀ ခုနှစ်။

၃၅။ မြန်မာစကားပုံ၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ရန်ကုန်မြို့ ၁၉၉၁ ခုနှစ်။

၃၆။ မြန်မာဆိုရိုးစကား မြန်မာစာအဖွဲ့ဦးစီးဌာန၊ ရန်ကုန်မြို့ ၁၉၉၆ ခုနှစ်။

၃၇။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ပဌမပိုင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ရန်ကုန်မြို့၊ ၁၉၈၃ ခုနှစ်။

၃၈။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ဒုတိယပိုင်း၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန၊ ရန်ကုန်မြို့၊ ၁၉၈၅ ခုနှစ်။

၃၉။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီး ဌာန၊ ရန်ကုန်မြို့၊ ၁၉၇၀ ခုနှစ်။

၄၀။ မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၉၁ ခုနှစ်။

၄၁။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၁) ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၇၈ ခုနှစ်။

၄၂။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၂) ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၇၉ ခုနှစ်။

၄၃။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၃) ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊

၄၄။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၄) ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၈၀ ပြည့်နှစ်။

၄၅။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ (၅) ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၈၀ ပြည့်နှစ်။

www.burmeseclassic.com

www.burmeseclassic.com



၄၆။ မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ်၊ သတင်းနှင့် စာနယ်ဇင်းဌာန၊ ရန်ကုန်မြို့၊ ၁၉၉၂ ခုနှစ်။

၄၇။ မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးပညာပြန့်ပွားရေးလှုံ့ဆော်ရေးစာစဉ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၉၃ ခုနှစ်။

၄၈။ ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ "မြန်မာရှေးခေတ် မြို့နန်းတည်ပုံစံနစ်၊ အတွဲ ၁" မြန်မာမှုဗိမာန်၊ စာပေဘဏ်၊ လက်ရေးမူ။

၄၉။ ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ "လက်ဝဲနော်ရထာ၏ ဗုဒ္ဓဘိသိက်ခံ အခမ်းအနားနှင့် ပုရပိုက်ပုံများ" မြန်မာမှုဗိမာန်စာပေဘဏ်။ လက်နှိပ်စက်မူ။

၅၀။ ရွှေကိုင်းသား၏ "အနှစ် ၁၀၀ ပြည့် မန္တလေး" စီးပွားရေးပုံနှိပ်တိုက်၊ ၈၄ လမ်း၊ လက်ဆည်ကန်၊ မန္တလေးမြို့၊ ၁၃၂၁ ခုနှစ်။

၅၁။ ရွှေကိုင်းသား၏ "ကျွန်ုပ်ပြောလိုသည့် အင်းဝမြို့ဟောင်း (၁)" ဆောင်းပါး ၂၉-၁-၆၅ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ။

၅၂။ ရွှေကိုင်းသား၏ "ကျွန်ုပ်ပြောလိုသည့် အင်းဝမြို့ဟောင်း (၂)" ဆောင်းပါး ၃၁-၁-၆၅ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ။

၅၃။ ဝင်းမြင့်၏ "အိမ်ဆောက်နည်းလမ်းညွှန်" ပထမတွဲ၊ ရွှေဟင်္သာစာပေ၊ ပဲခူးမြို့၊ ၁၉၉၅ ခုနှစ်။

၅၄။ သာဂရ ဦး၊ ဆရာကြီး၏ "သုတသန္တိစယမှုကျယ်ကျမ်း" ဇမ္ဗူဒီပပိဋကတ်စာပေ၊ ရန်ကုန်မြို့။

၅၅။ သီရိဥဇနာ၊ ဝန်ကြီး၊ အင်ရုံရွာစား၏ "လောကဗျူဟာကျမ်း" (အင်ရုံစာတမ်း) ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုဌာနစိတ်မှ ထုတ်ဝေသည်။ ၁၉၅၈ ခုနှစ်။

၅၆။ သုတ၊ ဆရာ၏ "အိမ်ဆောက်မင်္ဂလာ" ဆောင်းပါး၊ ဓာတုသဝေဒမဂ္ဂဇင်း အမှတ် ၇၊ မတ်လ ၁၉၈၅ ခုနှစ်။

၅၇။ သန်းထွန်း၊ ဒေါက်တာ၏ "ပုဂံခေတ်အိမ်" ဆောင်းပါး၊ စပယ်ဖြူမဂ္ဂဇင်း အမှတ် ၇၂၊ ဇူလိုင်လ၊ ၁၉၉၂ ခုနှစ်။

၅၈။ အောင်မြင့်သန်း၏ "ရှေးပုရပိုက်တစ်ဆူမှ သစ်အကြောင်း" ဆောင်းပါး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ် ၁၅၄၊ မေလ၊ ၁၉၉၉ ခုနှစ်။

၅၉။ အောင်သော်၊ ဦးနှင့်အဖွဲ့ "ရှေးဟောင်းမြန်မာမြို့တော်များ" မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပညာပြန့်ပွားရေး၊ လှုံ့ဆော်ရေးစာစဉ် ၁၉၉၃ ခုနှစ်။


www.burmeseclassic.com